

EXTRAORDINAR
KU LUNG



# မိုးကောင် သ

-- ? ကြွယ်မလေး၏ဖူးစာရှင်


အမှတ် ၁၃၇၊ ဗထမီး
လှိုင်ရုံအနီး - တောင်ငူမြို့

# တရက်လျှင် (-/ ၉ါး)

ရက်ပိုလျှင်ငွေ ါးခရက်တိုးအပြည့်ပေးရမည်။

အရုဏ်ဦး

စာစဥ် ၇/၂၇/၇၆

အရုဏ်ဦး
စာပေဖြန့်ချိရေး
အမှတ် ၂၂၁၊ ၃၂ လမ်း၊ ရန်ကုန်မြို့
ဖုန်း-၁၇၄၅၇

[ တန်ဖိုး–ဘဆယ့်ရှစ်ကျပ် ]

ထုတ်ဝေသူ

ဦးကျော်ဝမ်း
မိုးကျော်သူစာပေ၊
မြဲ (၀၁၆၁၁)
၁၈၀ A၊ ဘောင်ဒရီ
လမ်း ဗဟန်း
ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးကျော်ညွန့်
ရွှေဟသာ-ပုံနှိပ်တိုက်၊
(မြဲ-၀၁၀၀)
အမှတ် ၉၂၊ ၉၃-လမ်း
ကန်တော်ကလေး
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း

ပထမ အကြိမ်
၁၉၇၉ - ဇူလိုင်လ
အုပ်ရေ - (၁၅၀၀)
အဖုံးရိုက်- ချင်းတွင်း

ကြီးကြပ်စီစဉ်သူ

တက္ကသိုလ်—ရန်နောင်စိုး



လွင်စာပေ
စာစဉ်(၃၂)
အမှတ် ၁၃၈၊ ဖြေလမ်း
ဆိုင်ရှိအနီး-ဆောင်ရှ


မိုးကျော်သူ စာစဉ်

# မိုးကျော်သူ

## သန်းကြွယ်မလေး၏ပူးစာချုပ်


လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြေလမ်း
(ဘာသာပြန် သိုင်းဝတ္ထု၅) တာခငွ မြို့
ဖုန်း ၂၁၇၄၄

စာအုပ်၊ စာတမ်း၊ စာနယ်ဇင်း

စာမူကြိုတင်ခွင့်ပြုအမှတ် ( ၃၉ )

မျက်နှာဖုံးခွင့်ပြုအမှတ် ( ၄၂၃ )

အချက်ဦး၏အစီအစဉ်....

၁။ တက္ကသိုလ်နေလင်းအောင် - အကောင်းဆုံးသိုင်းသမား ၏ အစွန်းဆုံးမေတ္တာ (၂၈၇)

၂။ ပန်းချီ-အေးကျော်စွာ - ယမင်းနေခြည် ( ရုပ်ပြ ) (၀၃၂၆) ဝတ္ထု (စိမ်း)

၃။ အထူးအစီအစဉ်
ကမ္ဘာ့ ကလေးများနှစ်ကို ကြိုဆိုသော အားဖြင့် ထုတ်ဝေမည့် ဂီတစာဆို ရန်ကင်း-ကိုကိုလေး၏ ရွှေဝါထွန်း.... ကလေး ကဗျာများ။

ကြိုင်စာပေ
အမှတ် ၁၅/၁၃၈၊ မြလမ်း
[illegible]မြို့
ဖုန်း ၂၀၄၅၅ နံပါန်း

ကျန်းနန်မြို့။

ကျန်းနန်မြို့သည်အလွန်လှပ၍ပန်းမာလ်များဝေဝေဆာဆာ ဖူးပွင့်သောမြို့ဖြစ်သည်။

ထို့ကြောင့် ကဗျာဆရာ များသည် ယင်း မြို့တော်အား ပန်းပေါင်းစုံမြို့တော်ဟု တင်စား၍ ခေါ်ကြသည်။

သို့သော် ကျန်းနန်မြို့နှင့်အနီးတဝိုက်မှာရှိသော ဒေသတို့သည် ပန်းမျိုးစုံ ဝေဝေဆာဆာ ဖူးပွင့်သည်သာမက ပုဝါနီကလေး များဖြင့် လွှမ်းမိုးနေသည်ကို တွေ့ရလေသည်။

ထိုခေတ် ထိုအခါ ကျန်းနန်နယ်မှ လူငယ်လူရွယ်များသည် ပုဝါနီများ ဆောင်ကြလေ့ရှိလေသည်။

သို့သော် သူတို့သည် ပုဝါနီအားလက်မောင်း ပေါ်တွင်၊ ခါး ရိုးပေါ်တွင် လက်ကောက်ဝတ်နှင့် အခြားနေရာများ၌ ချည် ထားလေ့ရှိသည်။

မည်သူကမှ လည်ပင်းတွင် စည်းမထားကြပါချေ။

အကြောင်းမှာ လည်ပင်းတွင် ပုဝါနီ စည်း ထား သော ပုဂ္ဂိုလ်မှာ တယောက်တည်းသာ ရှိနေသောကြောင့် ဖြစ်သည်။

သူ့နာမည်ကား 'ချင်းကိုး' ဖြစ်ပါသည်။

အချက်ဦးစာပေ

လူငယ်လူရွယ်များသည် 'ချင်းကိုး'၏ အတုယူ၍ ပုဝါနီအား အဆောင်အယောင်တခုအဖြစ်ဆောင်ထားကြခြင်းဖြစ်ပါသည်။

လူငယ်လူရွယ်များသည် အဘယ်ကြောင့် ပုဝါနီအား စည်းထားကြသနည်း။

× × ×

အကြောင်းရှိပါသည်။

ပုဝါနီသည် 'သတ္တိ' ဟု အဓိပ္ပါယ်ရသည်ဟု သူတို့က ယူဆကြသည်။

တနည်းအားဖြင့်ဆိုလျှင် ပုဝါနီ စည်းထားသော လူသည် သတ္တိရှိသည်ဟူသော အသွင် ဆောင်နေ၏။

ထိုခေတ် ထိုအခါ လူငယ်လူရွယ်များသည် ပုဝါနီမပါလျှင် လမ်းပင် မထွက်ဝံ့အောင် ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျန်းနန်နယ်မှ ဆေးဆိုးပန်းရိုက်လုပ်ငန်းများသည် ပုဝါနီဆိုးသည့် လုပ်ငန်းကြောင့် အတော်ကြီးပွားလာကြလေသည်။

အထူးသဖြင့် 'ကျားတောင်ကုန်း' ပေါ်မှ နောက်ဆုံးတိုက်ပွဲ ဖြစ်ပွားပြီးနောက် လူငယ်လူရွယ်ပါမက သက်လတ်ပိုင်းရှိနေသော ယောကျ်ားများတို့လည်း ပုဝါနီများ အသုံးပြုလာကြလေတော့သည်။

'ကျားတောင်ကုန်း' တိုက်ပွဲ တွင် ပုဝါနီ တထည်ဖြင့် လည်ပင်း၌ စည်းထားသော 'ချင်းကိုး' သည် တမုဟုတ်ခြင်း ကျော်ကြားသော ပုဂ္ဂိုလ်တဦး ဖြစ်လာသည်။





လူငယ်လူရွယ်များသည် သူ့ကို အားကျသည်။ သူ့ရဲ့ သတ္တိကို ချီးကျူးလေးစားလာသည်။ လူစွမ်းကောင်း တယောက်ဟု ကြည်ညိုလာသည်။

မိန်းကလေးများမှာလည်း 'ချင်းကိုး'အား မိမိ၏ အသဲနှလုံးထဲမှ 'သူရဲကောင်း'အဖြစ် အသိအမှတ် ပြုထားကြသည်။

မိန်းကလေးတိုင်းသည် သူ၏ ချစ်သူမှာ 'ချင်းကိုး' ကဲ့သို့ သူရဲကောင်း တယောက် ဖြစ်လာရန် မျှော်လင့်ကြသည်။

ဤသို့ဆိုလျှင် ချင်းကိုးက မည်သူနည်း။

ချင်းကိုး အကြောင်း ပြောလျှင် 'ကျားတောင်ကုန်း' အကြောင်းကို မပြော၍ မဖြစ်ပါ။

ထို့ကြောင့် 'ကျားတောင်ကုန်း' အကြောင်းက စတင် ပြောရမည်သာ ဖြစ်ပါသည်။

●

## ကျားတောင်ကုန်းတိုက်ပွဲ

သာယာသော ရာသီဥတု တခု ဖြစ်သည်။

စုစုသည် ရွှေချည်များဖြင့် ပန်းထိုးထားသော ကော်ဇော ပေါ်တွင် ခပ်ခွေခွေကလေး ထိုင်နေသည်။

လေနုနုသည် အနီးရှိ ရေကန်မှ ကြာပန်းများ၏ အနံ့များအား သယ်ဆောင်လာသည်။

သူမ ရှေ့တွင် ရေခဲစိမ် ကြာစေ့များ ထည့်ထားသော ပန်းကန် တလုံး ရှိသည်။

ရေခဲများသည် တခြားမြို့က အလွန် ခြေမြန်သော မြင်းဖြင့် သယ်ဆောင် လာခြင်း ဖြစ်သည်။

သူမ နေထိုင်သော မြို့တွင် ရေခဲ မရှိ၍လော။

မဟုတ်ပါ၊ ရှိပါသည်။

သို့သော် စုစုက အခြား မြို့က ဝယ်လာသော ရေခဲသည် ပို၍ အေးသည်ဟု ထင်၍ ဖြစ်ပါသည်။

သူမကသာ လစန္ဒာသည် လေးထောင့်ဖြစ်သည်ဟုပြောလျှင် မည်သူမှ ဝိုင်းသည်ဟု ကန့်ကွက် ပြောဆိုမည် မဟုတ်ပါ။

စုစုက သဘောကျ နှစ်သက်လျှင် သူမ လုပ်သမျှကို မည်သူမှ ကန့်ကွက် ပြောဆိုမည် မဟုတ်ပါ။

အကြောင်းမှာ စုစုသည် မြို့စားကြီးဟောင်း 'ပေစု'၏ တဦးတည်းသော သမီးဖြစ်သောကြောင့် ဖြစ်သည်။

မြို့စားကြီး 'ပေစု'သည် မြို့စားရာထူး စွန့်လွှတ်ပြီးနောက် ဟန်ယန်းမြို့သို့ ပြောင်းရွှေ့လာကာ အေးအေး ချမ်းချမ်း နေထိုင်ခဲ့သည်။ ရာထူး စွန့်လွှတ်လိုက်သော်လည်း အလွန်ချမ်းသာ ကြွယ်ဝသည်။

ဟန်ယန်းနယ်တွင် သူ၏ လယ်များသည် ရေတွက်၍ မကုန်နိုင်ပါ။ သူ၏ ဆိုင်များ၊ အဆောက်အဦများ၊ ကျွန်္ဘားများ၊ သိုးများ၊ မြင်းများတို့မှာလည်း များပြားလှသည်။

ထို့ကြောင့် စုစုသည် သန်းကြွယ် သူဌေးမလေးတယောက် ဖြစ်နေသည် မဟုတ်ပါလော။

စုစုသည် ချမ်းသာ ကြွယ်ဝသည်ပင် မကပါ၊ ရုပ်သွင်မှာလည်း အလွန်ချောမောသောမိန်းကလေးတယောက် ဖြစ်သည်။





အထူးသဖြင့် သူမသည် ရယ်မောလိုက်သောအခါပို၍ လှပ၍ နေလေသည်။

တခုတော့ရှိသည် ထိုလှပ ချောမောပြီး ချမ်းသာ ကြွယ်ဝသော စုစုအား တွေ့မြင်နိုင်ရန်မှာ အလွန့်ခက်ခဲခြင်းဖြစ်သည်။

စုစုသည် မည်သည့် အခါမှ လမ်းမထွက်ပါ၊

နှစ်စဉ်နှစ်တိုင်း နှစ်သစ်ကူး မီးထွန်းပွဲတော်နေ့တွင် စုစုက ထွက်၍ မီးထွန်းပွဲ ကျင်းပသည့် အချိန်မှာသာလျှင် သူမ၏ အလှအား တွေ့မြင်နိုင်ခွင့် ရှိလေသည်။

သူမ၏ ဖခင် 'ပေစု' သည် အလွန် သဘောကောင်းသည်။ ငွေရေး ကြေးရေးလည်း ရက်ရောသူ တဦးဖြစ်သည်။

မည်သူမဆို သူ့ထံ သွားရောက် အကူအညီတောင်းလျှင် တွန့်တိုခြင်း လုံးဝ မရှိဘဲ ပေးကမ်း စွန့်ကြဲတတ်သည်။

သို့သော် သမီးစုစုအား သူသည် ရှိရှိသမျှသော စည်းစိမ် ဥစ္စာများထက်ပင် ချစ်မြတ်နိုးသဖြင့် စုစု အချိန်တန် အရွယ် ရောက်လာသည့် တိုင်အောင် နေရာချထားရန်ပင်စိတ်ကူးခြင်း မပြုပါချေ။

\+ +

ရေခဲသည် မအေးတော့ပါ၊

စုစုသည် ရေခဲစိမ် ကြာစေ့ရည်များအား တငုံသောက်လိုက်ပြီးနောက် စင်းစင်းအား လှမ်းပေးလိုက်သည်။

စင်းစင်းသည် စုစု၏ အပျိုဖော်ဖြစ်သည်၊ အခိုင်းအစေလည်း ဖြစ်သည်။

"စင်းစင်း ငါ့ကို ပုံပြောပြစမ်းပါ"

စင်းစင်းသည် ပန်းထိုးနေရာမှ ရပ်တန့်လိုက်သည်၊ သူမသည် ရေခဲစိမ်ကြာစေ့ရည်အား တငုံသောက်လိုက်ပြီး ပန်းကန်ကိုချထားလိုက်သည်။

"ကျမ ပြောရလွန်းလို့ ပုံတွေလဲ ကုန်သွားပါပြီ၊ ဘာထပ်ပြောရမှာလဲ"

"ဒါဖြင့် 'ကျွားတောင်ကုန်း' အကြောင်း ပြန်ပြောပြပါလား"

စင်းစင်းက နှုတ်ခမ်းစူလိုက်သည်။

"ကျွားတောင်ကုန်းအကြောင်း ကျမ ပြောပြရတာ အကြိမ်ပေါင်း တရာ မကတော့ဘူး၊ သခင်မလေးက မေ့နေပြီလား"

"ဘယ်မေ့မလဲ မှတ်မိပါတယ်"

"မှတ်မိရင် ဘာဖြစ်လို့ ထပ်ပြောရမှာလဲလို့"

စုစုသည် မျက်နှာတခုလုံး နီရဲလာပြီး အပ်ကို ကောက်ကိုင်လိုက်ပြီး၊

"ကြည့်စမ်း ငါ နင့်ပါးစပ်ကို အပ်နဲ့ထိုးရမလား"

စင်းစင်း သည် ရယ်မောရင်း ရှောင်တိမ်းကာ၊

"အမလေး မလုပ်ပါနဲ့ သခင်မလေးရယ် ပြောဆို ပြောပါ့မယ်"

"ကဲ....ဒါဖြင့် ပြော"

စင်းစင်းသည် ချောင်းတချက် ဟန့်လိုက်ပြီး 'ချင်းကိုး' နာမည် ကြီးခဲ့သော 'ကျွားတောင်ကုန်း'မှ ဖြစ်ပွားသော တိုက်ပွဲ အကြောင်းများ ပြောပြလေတော့သည်။





သူမသည် ယင်းအကြောင်းကို အကြိမ်ကြိမ် ဈိုးသည် ဖြစ်၍ ယခုတဖန် တလုံးမကျန် ပြန်လည်ပြောပြလေတော့သ

သူမသည် ယင်းအကြောင်း ပြောလျှင် (၅)လ(၅)ရက်၌ ဖြစ်ပွားသော အကြောင်းများကို စတင်၍ ပြောရမည် ဖြစ်ပါသည်။

●

## (၅) လ(၅) ရက်

(၅)လ(၅)ရက်၊

ထိုနေ့သည် လှေပြိုင်ပွဲ ကျင်းပသော နေ့ကြီး အခါကြီး ဖြစ်သည်။

ဤနေ့ ဤအချိန်ရောက်တိုင်း ကျန်းနန်မှ ကျွားညီနောင် (၇)ယောက်တို့သည် ကျွားတောင်ကုန်းတွင် စုဝေးကြစမြဲ ဖြစ်သည်။

ထိုနေ့၊ ကျွားညီနောင် ၇-ယောက်တို့သည် ခါတိုင်းကဲ့သို့ ကျွားတောင်ကုန်းသို့ တက်ကြသည်။

သူတို့သည် တောင်ကလပ်သို့ ရောက်လာသောအခါ အလွန်လှပသော မိန်းကလေး တယောက်အား တွေ့ရှိလေသည်။

“ညီနောင် ၇-ယောက်တို့သည် ထိုမိန်းကလေးအား တွေ့ ုက်သည်နှင့် သူတို့သည် အတင်းအဓမ္မဖြင့် မိန်းကလေးအား တောင်ပေါ်သို့ ဆွဲခေါ်သွားလေတော့သည်။

သို့သော် ထိုမိန်းကလေး၏ ချစ်သူမှာ ‘ချင်းကိုး’ ပင် ဖြစ်ပါသည်။

‘ချင်းကိုး’ သည် သူ၏ ချစ်သူအား ကျားညီနောင်တို့ လုယူသွားသည်ကို သိရှိလိုက်ရသည်နှင့် သူသည် ကျားတောင်ကုန်းပေါ်တက်ပြီး ကျားကို သွားပစ်သတ်မည် ကြုံးဝါးလေသည်။

အားလုံးက သူ့အား ရယ်ကြသည်။ ပြက်ရယ်ပြုကြသည်။ လှောင်ကြသည်။

သို့သော် သူက မမှုပါ။

သူသည် တယောက်တည်း ကျားတောင်ကုန်းပေါ်သို့ တက်သွားသည်။

ထိုအချိန်တွင် ‘ချင်းကိုး’ သည် နာမည် မကြီးသေးပါ။

အညတြ တယောက်သာ ဖြစ်၍ မည်သူကမှ သူ့အား အထင်မကြီးကြပါ။

သူသည် တောင်ပေါ်ရောက်သွားသောအခါ ကျားညီနောင် ၇-ယောက်နှင့် တိုက်ပွဲ ပြင်းပြင်းထန်ထန် ဖြစ်ခဲ့သည်။ သူသည် ကျားညီနောင် ၇-ယောက် အနက် ကျားညီနောင် ၂-ယောက်အား သတ်ခဲ့သည်။

သူ့ကိုယ်မှာလည်း ဓားဒဏ်ရာများ မရေမတွက် နိုင်လောက်အောင် ရရှိခဲ့လေသည်။

အရက်ဦးစာပေ



သူသည် စိတ်မကျေနပ်သေးပါ။ နောက်နှစ်၊ ချင်းကိုးသည် ကျားတောင်ကုန်းပေါ်သို့ ထပ်မံတက်သွားသည်။

ဤတကြိမ် သူသည် ကျားညီနောင် ၄-ယောက် အား ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိအောင် တိုက်ခိုက်နိုင်ခဲ့သည်။

သူ့မှာလည်း တကိုယ်လုံး သွေးအလူးလူး ဒဏ်ရာနေရာလပ်မရှိအောင် ရခဲ့လေသည်။

တတိယနှစ်။

သူသည် ကျားတောင်ကုန်းသို့ တဖန် ရောက်သွားပြန်သည်။

ဤတကြိမ် သူ၏ ဒဏ်ရာများသည် ပို၍ ပြင်းထန်စွာ ရခဲ့သည်။

ကျားညီနောင်(၇)ယောက်အနက် (၅)ယောက်မှာလည်း ကြီးမားသော ဒဏ်ရာများ ရရှိသွားလေသည်။

စတုတ္ထနှစ်၊

ထိုနှစ်သည် ‘ချင်းကိုး’ဟူသောအမည် တွင်ခဲ့သော နှစ်ဖြစ်ပါသည်။

ထိုနေ့တွင် ချင်းကိုးနှင့် ကျားညီနောင်၏ နောက်ဆုံးတိုက်ပွဲလည်း ဆိုနိုင်သည်။

ချင်းကိုးအား လေးစား ကြည်ညိုသော လူများသည် ကျားတောင်ကုန်းပေါ်သို့ ရောက်ရှိလာကြပြီး သူတို့၏ တိုက်ပွဲအား လာရောက် ကြည့်ကြလေသည်။

ထိုတိုက်ပွဲသည် အပြင်းထန်ဆုံးနှင့် အရက်စက်ဆုံး ဖြစ်သည်။

အရက်ဦးစာပေ

ချင်းကိုး၏ ခန္ဓာကိုယ်မှ စီးဆင်းကျလာသော သွေးများသည် ကျားတောင်ကုန်း တခုလုံးအား ခြင်းခြင်းနီရဲ သွားစေလေတော့သည်။

ချင်းကိုးသည် နောက်ဆုံး ဓားဖြင့် ကျားညီနောင်၏ နောက်ဆုံးလူ၏ ခန္ဓာကိုယ်ထဲသို့ ထိုးဝင်သွားသောအခါ၊ ပွဲကြည့်ပရိသတ်၏ ဝမ်းသာအားရသော အသံသည် တောင်ကုန်းတခုလုံး ဟိန်းထွက် သွားလေတော့သည်။

'ချင်းကိုး'၏ နာမည်သည် ထိုတိုက်ပွဲမှ စ၍ လျှမ်းလျှမ်းတောက် ကျော်ကြား လာလေတော့သည်။

× × ×

စုစု၏ လှပသော မျက်ဝန်းအစုံသည်၊ တလွန့်လွန့် တလူးလူး ထွက်ပေါ်နေသော အမွှေးတိုင်မှ ထွက်လာသော မီးခိုးများအား ငေး၍ ကြည့်နေ၏။

တောင်ကုန်းပေါ်တွင် လည်ပင်း၌ ပုဝါနီတထည် စည်းထားသော လုလင်တယောက်သည် အများ၏ ဩဘာ ချီးကျူးခြင်းကို ခံယူနေသည်ကို သူမ၏ မျက်ဝန်းအစုံ၌ မြင်ယောင်လာလေတော့သည်။

စင်းစင်းသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"အင်း....သူက နံမယ်ကြီးလာတဲ့အခါမှာ သူ့ရဲ့ ချစ်သူဟာ ဆုံးသွားရှာပါတယ် ကွယ်"

စုစုသည် စင်းစင်း၏ ပုံပြင် နားထောင်ပြီးနောက် သက်ပြင်းတချက် ချလိုက်ပြီး၊





"အင်း....ချင်းကိုးဟာတကယ့်သတ္တိခဲ အာဇာနည်တယောက်ပါဘဲ နော်"

စင်းစင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူ့လိုချစ်သူအပေါ် သစ္စာရှိတဲ့လူ၊ ဒါလောက်သတ္တိရှိတဲ့ လူကို လောကကြီးမှာ နောက်တယောက်ရှာလို့ တွေ့မှာ မဟုတ်ဘူး"

စုစုသည် ထိုင်ရာမှ ထခုန်လိုက်သည်။ သူသည် စင်းစင်း၏ လက်ကလေးအား ဆွဲလိုက်သည်။

"ဒါကြောင့် ငါက သူ့ကို ယူမယ်လို့ ပြောနေတာ"

စင်းစင်းသည် ခိကနဲ ရယ်မောလိုက်သည်။

"ဟော လုပ်ပြန်ပြီ၊ သခင်မလေးက သူ့ကို လိုချင်ပြန်ပြီ၊ နေပါအုံး....သခင်မလေးက လင်ယောကျ်ား ဘယ်နှစ်ယောက်တောင် ယူမှာလဲလို့"

"အို....ကြံကြံဖန်ဖန် မေးရော့မယ် တယောက်ထဲဘဲပေါ့"

"ဒါနဲ့ ဟိုတနေ့က သခင်မလေးက ပြောခဲ့သေးတယ်လေ"

"ဘယ်လိုများပါလိမ့်"

စင်းစင်းက ပြုံးလိုက်ပြီး လက်ချောင်းများ ချိုးကာ၊

"ပထမ သခင်မလေးက 'ယိုခွမ်စန်း' ကို ယူမယ်လို့ ပြောတယ်၊ နောက်တော့ 'လျူဖုံးကု' ကို ယူမယ် ပြောပြန်တယ်၊ ဟောအခု 'ချင်းကိုး' ကို ယူမယ်လို့ ပြောတယ်"

ဟု တွက်ပြလေသည်။

စုစုက ပခုံးတချက် တွန့်လိုက်ပြီး၊

"သူတို့သုံးယောက်ထဲမှာ အတော်ဆုံး လူကို ယူမှာပေါ့ဟ"

သူမသည် ပြောရင်း မျက်နှာတခုလုံး ရှက်သွေး လွှမ်းသွားသည်။

သူမသည် စင်းစင်းအား ကြည့်လိုက်ပြီး၊

"နင် ပြောစမ်းပါဟ သူတို့(၃)ယောက်ထဲမှာ ဘယ်သူက အတော်ဆုံးလဲ"

စင်းစင်းက ရယ်မောလိုက်သည်။

"ဒါတော့ ကျမ ဘယ်သိမလဲ သခင်မလေးရဲ့၊ သူတို့ဟာ အားလုံးက နံမည်ကြီးတဲ့ ပုဂ္ဂိုလ်တွေဘဲ၊ဒါပေမယ့် ကျမ တခါမှ သူတို့ကို မတွေ့ဖူးဘူး"

သူမသည် အနည်းငယ် စဉ်းစားလိုက်ပြီး၊

"သူတို့(၃)ယောက်ထဲမှာ 'ချင်းကိုး'ဟာ အသက်လဲ ငယ်တယ်၊ သတ္တိလဲ ကောင်းတယ်၊ ချစ်သူအပေါ် သစ္စာလဲ ရှိတယ်၊ ယိုခွမ်စုန်းကတော့ နှလုံးရည်သာတယ်၊ လျူဖုံးကု ကျပြန်တော့ ရုပ်ချောတယ်"

စင်းစင်းသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"သူတို့ သုံးယောက်ဟာ တယောက် တမျိုးစီ သာနေတယ်၊ ကျမက ဘယ်သူ အတော်ဆုံးလဲလို့ ဆုံးဖြတ်လို့ မရဘူး"

စုစုသည် နှုတ်ခမ်းစူလိုက်ပြီး၊

"နင်ပြောပုံက ငါကဘဲ သုံးယောက်စလုံး ယူထားရမယ့် အတိုင်းဘဲ"

သူမသည် ဤသို့ပြောပြီး ခိကနဲ ရယ်မောလိုက်သည်။

စင်းစင်းကလည်းအားရပါးရရယ်မောလိုက်လေတော့သည်။

\+ \+ \+





ရုတ်တရက်၊

စုစုသည် ရယ်မောရာမှ ရပ်တန့်လိုက်ပြီး တွေဝေနေ၏။

စင်းစင်းသည် သူမ၏ သခင်မလေးအကြောင်း သိပြီးသားဖြစ်သည်။

သခင်မလေးစုစုသည် ယခုကဲ့သို့ တိတ်တိတ်ကလေး တွေဝေနေလျှင် တစုံတခုသောအတွေးများ ဝင်နေခြင်း ဖြစ်သည်ဟု အတပ်သိသည်။

သူမ ထင်သည့်အတိုင်း စုစုသည် စကားပြောလာလေသည်။

"ဟော့....စင်းစင်း"

"ရှိပါတယ် သခင်မလေး"

"အင်္ကျီအဝတ်စား သွားဝယ်စမ်း"

"ရှင်"

စင်းစင်းသည်စုစု၏ စကားကြောင့် အံ့အားသင့်သွားသည်။

"ဘာကြောင်နေတာလဲ၊ အင်္ကျီအဝတ်အစား သွားဝယ်ပါလို့ ပြောနေတာ မကြားဘူးလား"

"ကြား ကြားပါတယ် သခင်မလေး၊ အင်္ကျီအဝတ်အစား အိမ်မှာလဲ တော်တော် များနေလို့"

"အော် ဒီအဝတ်အစားပြောနေတာမဟုတ်ဘူး၊ ယောကျာ်း အဝတ်အစား၊ နောက်ပြီး ငါ့ကိုယ်နဲ့ တန်အောင်လဲ ဝယ်ခဲ့"

"ရှင်"

စင်းစင်း၏ မျက်ဝန်း အစုံသည် ပြူးကျယ်သွားသည်။

"ယောကျာ်း အင်္ကျီက ဘာလုပ်ဖို့လဲ"

"ငါဝတ်မလို့ပေါ့၊ အော်နင့်အတွက်လဲ သုံးလေးစုံဝယ်ခဲ့"

ခက်ချေပြီ။ စင်းစင်းသည် သခင်မလေး၏ သဘောအား မျက်စေ့လည်သွားလေပြီ၊ သူမသည် ခေါင်းအား တွင်တွင် ကုတ်လိုက်ပြီး။

"သခင်မလေးက ယောက်ျားအင်္ကျီကို ဝယ်မလို့ ဟုတ်လား"

"ဟုတ်တယ်၊ ငါက ယောက်ျားလို ဝတ်မလို့လေ"

"ကျ....ကျမမှ မဝတ်ချင်ဘဲ"

"မရဘူး နင်လဲ ဝတ်ရမယ်၊ ဒို့ယောက်ျားဟန် ဆောင်ပြီး ကျန်းနန်သွားမယ်"

"ကျန်းနန်း ဟုတ်လား။ဘာသွားလုပ်မလို့လဲ"

"ချင်းကိုးတို့ ကျန်းနန်မှာ မဟုတ်လား၊ ငါက သူတို့ကို သွားတွေ့မလို့"

"ရှင်"

စင်းစင်းသည် ဒုတိယအကြိမ် မျက်လုံး ပြူးကျယ်သွားပြန်သည်။

"ဟုတ်တယ် စင်းစင်း။ ဒို့ တချိန်လုံး အိမ်မှာဘဲ အောင်းနေရတယ်၊ ကျန်းနန်မြို့ဟာ ဘယ်လောက် သာယာတယ်လို့တယ်ဆိုတာ စာမှာဘဲ တွေ့တယ်၊ လူများပြောတာဘဲ ကြားခဲ့တယ်၊ အခုငါက ကိုယ်တွေ့သွားကြည့်ချင်တယ်၊ ချန်းကိုးလို သူ့ရဲကောင်းကိုလဲ သွားတွေ့ချင်တယ်၊ နင်လဲ လိုက်ခဲ့ရမယ်"

စုစုက ရှင်းပြလိုက်တော့မှ စင်းစင်းကဝမ်းသာသွားသည်။

"တကယ်ပြောတာလား သခင်မလေး"





"တကယ် ပြောတာပေါ့၊ ကဲပါ အင်္ကျီသာ မြန်မြန်သွားဝယ်ပါ"

စင်းစင်းသည် အခန်းမှကပျာကယာထွက်ခွာသွားလေသည်။

× × ×

ကြေးမုံပြင် ရှေ့တွင် စုစုသည် အပြာရောင် အင်္ကျီရှည် တထည်ဝတ်၍ ကိုယ့်ကိုယ်ကို ကြည့်နေသည်။ စာပေသမား ဦးထုပ်၊ အပြာရောင် ပိုးအင်္ကျီရှည်၊ ခုန်မြင့်သော ဘိနပ်၊ ကြေးမုံပြင်မှ သူ၏ အရိပ်သည် တကယ်ပင် ချောမော လှပသော လုလင်တယောက် အသွင်အဖြစ် ပြောင်းလဲလာသည်။ စင်းစင်းမှာလည်း အိမ်ဖော် လုလင် တယောက်အသွင်သို့ ကူးပြောင်းနေ၏။

သူတို့သည် ကြေးမုံပြင်အား ကြည့်၍ သဘောကျနေစဉ် မှာပင် စင်းစင်းသည် တစုံတခု သတိရလာသည်။

"အော်....ဒါနဲ့ ကျမ သတင်းတခု ရလာတယ်"

"ဘာများလဲ စင်းစင်း"

"မနက်က ဖေဖေကြီးက သခင်မလေးကို 'ယန်းဝှာ' ဆိုတဲ့ လူနဲ့ ပေးစားမလို့ ပြောနေတာကို ကြားခဲ့တယ်"

စုစုက မျက်မှောင် ကုတ်သွားသည်။

"ဘယ်က 'ယန်းဝှာ'လဲ"

"အထူး အာဏာရ မြို့စား 'ယန်းစန်းရယ်' ရဲ့သား ယန်းဝှာ ပေါ့"

စုစုသည် နှုတ်ခမ်းမဲ့လိုက်သည်။

"ဒီလိုဆို ဒို့ ဒီညကစပြီး ထွက်ပြေးကြမယ်"

"ဘာဖြစ်လို့လဲ"

"နင်က ဘာသိလဲ 'ယန်းဝှာ'ဆိုတဲ့ လူက ရှုးပေါပေါလို့ ပြောသံကြားတယ်၊ ငါတော့ မြန်မြန်ပြေးမှ ဖြစ်မယ်"

သူမသည် စင်းစင်းအား လက်တားပြလိုက်ပြီး၊

"ကဲ နင်က ဒါတွေ မလုပ်နဲ့၊ မြင်းလှည်း တစီး သွားငှား၊ လှည်းကြီးကြီးသာ ငှားခဲ့"

"မြင်းလှည်းကြီး ဘာလုပ်ဖို့လဲ မြင်းစီးရင် ပိုမမြန်ဘူးလား"

"နင် ဘာသိလို့လဲ၊ ငါ့မှာ အဝတ်အစားသေတ္တာ လေးငါး လုံးပါ သယ်ရမယ်၊ မြင်းလှည်း မငှားရင် ဘယ်ရမလဲ"

စင်းစင်းက မျက်လုံးပြူးသွားသည်။

"သေတ္တာ လေးငါးလုံးပါ သယ်သွားမယ် ဟုတ်လား၊ သခင်မလေးက ဘာပစ္စည်းထည့်မှာမို့လဲ"

"ပစ္စည်းကတော့ အများကြီးပေါ့၊ ဥပမာ ကြေးမုံရယ်၊ ပေါင်ဒါဗူးရယ်၊ မျက်နှာသစ်ဖို့ ဇလုံရယ်၊ ငါ ထမင်းစားတဲ့ အခါမှာ အသုံးပြုတဲ့ ပန်းကန်လုံးရယ်၊ တူရယ်၊ နောက်ပြီး.... စစ်တုရင်ရယ်၊ အို အများကြီးပါဘဲ"

"ဒါတွေ မယူဘဲ လမ်းမှာ ဝယ်လို့ ရပါတယ်"

"အို ဒါ ငါ့ပစ္စည်းတွေ၊ ငါ ဘာဖြစ်လို့ အသစ်ဝယ်ရမှာလဲ"

စင်းစင်းသည် စကား မပြောတော့ဘဲ နှုတ်ခမ်းကလေး စူထားလိုက်လေတော့သည်။



လွင်စာပေ
အမှတ် ၁၃၀၊ ၆လမ်း၊ ကြက်တူရွေးနှင့် ကြောင်တစု
လှိုင်ရှိအနီး

စုစု။

သူမသည် ထင်ရာ လုပ်တတ်သော မိန်းကလေး တယောက် ဖြစ်သည်။

သူမ လုပ်ချင်သော အလုပ်ဆိုလျှင် မည်သည့် သဘာဝ ကျသည် မကျသည်ကို သူမ ဂရုမစိုက်ပါ။

ထို့ကြောင့် သခင်မလေး စုစုသည် မျက်နှာသစ် ဇလုံ၊ ကြေးမုံ၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ ပန်းကန်များ ခွက် များ၊ စစ်တုရင်များ သယ်ဆောင်ကာ ခရီး ထွက်လာခဲ့လေ တော့သည်။

ဤသည် သူမ၏ ပထမဆုံးအကြိမ် အိမ်မှ ထွက်လာခြင်း ဖြစ် သည်။

သူမ၏ သွားလိုသော ဒေသမှာ ကျန်းနန်ပင် ဖြစ်ပါသည်။

အကြောင်းမှာ သူမ လေးစားကြည်ညိုသော သူရဲကောင်း သုံးယောက်တို့သည် ကျန်းနန်မှာ ရှိနေသောကြောင့် ဖြစ်ပါ သည်။

သို့သော် ကျန်းနန်သည် မည်သို့သောနေရာ ဖြစ်ပါသနည်း။

သူမ၏ နေအိမ်နှင့် မည်မျှ ဝေးပါသနည်း။

လမ်းခရီးတွင် မည်သို့သော နေရာမှ ဖြတ်ကျော်ရမည်နည်း။

မည်သို့သော လူမျိုးနှင့် ရင်ဆိုင် တွေ့ရှိမည်နည်း။

သူမ တွေ့ဆုံရမည့် လူများသည် လူဆိုးလော၊ လူကောင်းလော....။

သူမသည် ကျန်းနန်မြို့သို့ ချောချောမောမော ရောက်နိုင်ပါမည်လော။

ကျန်းနန်မြို့သို့ ချောချောမောမော ရောက် ရှိ နိုင် သည် ထားဦး၊ သူမသည် သူမ တွေ့လိုသော ပုဂ္ဂိုလ်ကျော် ၃-ဦးအား တွေ့ခွင့်ရနိုင်ပါမည်လော။

အထက် ဖော်ပြပါ စသည်စသည် အကြောင်းများကို စုစုက ဂရုမစိုက်ပါ။ စဉ်းစားမနေပါ။

သူမသည် မြင်းလှည်းပေါ် တက်လိုက်သည်နှင့် ချောချောမောမောပင် **ကျန်းနန်မြို့သို့** ရောက်ရှိနေမည်ဟု ထင်နေလေသည်။

သူမသည် ဘေးမသီ ရန်မခပဲ ကျန်းနန်မြို့သို့ ရောက်နိုင်ပါမည်လော။

× + ×

လဝန်း၊ ကြယ်ကလေးများ၊ ညမှ တိုက်ခတ်လာသော လေနုသည် ခြောက်သွေ့ပြီး နွေးနွေးထွေးထွေး ရှိသည်။

မြေလပ်ပိုင်း၏ ပုံမှန်သော ရာသီ ဖြစ်ပါသည်။

မြင်းလှည်း၏ ပြတင်းပေါက်သည် ဖွင့်ထားသဖြင့် ဝဲယာ တဘက်တချက်မှ သစ်ပင်များသည် နောက်သို့ ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့သည်။





စုစုသည် လှောင်အိမ် ထဲမှ ကြက်တူရွေး တကောင် ပမာ အပြောကျယ်လှသော လောကကြီးထဲသို့ ခြေစုံပစ်ကာ ဝင်ရောက်လာနေလေတော့သည်။

သူမသည် ဝဲယာသို့ ကြည့်ကာ ပျော်မြူးနေ၏။

"ဟော့....စင်းစင်း"

"ဘာလဲ သခင်မလေး"

"အို.... ဟိုး ဟိုး၊ မြင်းလှည်းမောင်းသမား ကြားသွားမယ်၊ အခု ဒို့က ယောကျ်ားလို ဝတ်လာတယ် မဟုတ်လား"

"ဟုတ်တယ်"

"အဲဒီတော့ နင်က ငါ့ကို သခင်မလေးလို့ မခေါ်ရဘူး"

"ဒါဖြင့် ဘယ်လို ခေါ်ရမှာလဲ"

စုစုသည် အနည်းငယ် စဉ်းစားလိုက်ပြီး၊

"နင်က ငါ့ကို သခင်လေးလို့ ခေါ်၊ ငါက နင့်ကို...."

စုစုသည် မည်သို့ ခေါ်ရမှန်းမသိအောင် ဖြစ်သွားပြန်သည်။

စင်းစင်းက ရယ်မောလိုက်ပြီး၊

"ကျမကို သခင်ကြီးလို့ ခေါ်ပေါ့ ဟုတ်လား၊ ဟား ဟား ဟား...."

"သေတော့မှာဘဲ၊ ဟာ အခုမှ ဒုက္ခဘဲ"

စုစုသည် သူ၏ ဗိုက်ကလေးအား နှိပ်လိုက်ပြီး ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ သခင်မလေး၊ အဲ သခင်လေး"

"ကနေ့ ငါ့ရေမျှားမျှား သောက်လာလို့"

စင်းစင်းက ခေါင်းညိတ်လိုက်သည်။

"သိပြီ သိပြီ၊ အင်း လှည်းပေါ်မှာ ပေါက်လို့တော့ မဖြစ်ဘူး ထင်တယ်"

စုစုက မျက်နှာ တခုလုံး နီရဲသွားသည်။

"ငါ အိမ်သာအိုး မေ့ပြီး ယူမလာတာ ခက်တာဘဲ"

စင်းစင်းသည် တဟားဟား ရယ်မောနေလေတော့သည်။

"နင်က ဘာရယ်တာလဲ"

"အော် လွယ်ပါတယ်ရှင် အိမ်သာအိုးလဲ ယူလာစရာ မလိုပါဘူး၊ အခုလို ညမှောင်မှောင်ထဲမှာ လှည်းကို ရပ်ခိုင်းပြီး လမ်းဘေးမှာ သွားပေါက်ရင် ပြီးတာဘဲ မဟုတ်လား"

စုစုက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ ရှက်စရာကြီး"

"ဒါဖြင့် မြို့ရောက်အောင် စောင့်ပေါ့"

"ဟိုအထိရောက်အောင် ငါ မစောင့်နိုင်ဘူး"

"ဒါဖြင့် မြင်းလှည်း ရပ်ခိုင်းပြီး လမ်းဘေးမှာဘဲ...."

စင်းစင်းသည် ပြတင်းပေါက်မှ ခေါင်းပြူလိုက်ပြီး လှည်းမောင်းသမားအား၊

"ဒီမှာ ခဏ ရပ်ပေးပါ"

ဟု အော်လိုက်ရာ မြင်းလှည်းသည် တုံ့ကနဲ ရပ်တန့်သွားလေတော့သည်။

သူတို့သည် မြင်းလှည်း ပေါ်မှ ဆင်းလာသည်။ စုစုသည် မြင်းလှည်း မောင်းသမားအား၊

"ဒီမှာ ခင်ဗျား အောက်ကို ခဏ ဆင်းပါအုံး"





မြင်းလှည်း မောင်းသမားသည် မြင်းလှည်း ပေါ်မှ အေးဆေးစွာ ဆင်းလာသည်။ စင်းစင်းသည် စုစုအား ကြည့်လိုက်သည်။

"ဘာလို့ သူ့ကို ခေါ်ရတာလဲ၊ သခင် သခင်လေး"

"နင်က ဘာသိလို့လဲ တိတ်တိတ်နေစမ်း"

စုစုသည် စင်းစင်းအား မျက်စောင်း တချက် ထိုးလိုက်ပြီး မြင်းလှည်းမောင်းသမားအား၊

"ကျုပ်တို့ကို သိသလား"

မြင်းလှည်းသမားသည် သူမအား စေ့စေ့ကြည့်လိုက်ပြီး ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

"ကျုပ်တို့ ဘယ်ကလာတယ်ဆိုတာ သိသလား"

"ကျုပ်က လူအမှ မဟုတ်ဘဲ သိတာပေါ့"

"ဒါဖြင့် ကျုပ်တို့ ဘယ်က လာတာလဲ"

"အိမ်ထဲက ထွက်လာတာပေါ့"

"ဘယ်သူ့ အိမ်ကလဲ ဆိုတာကော သိသလား"

"ဒါတော့ ကျုပ်က အိမ်ရှင်မှ မဟုတ်ဘဲ၊ ဘယ်သိပါ့မလဲ"

စုစုသည် မြင်းလှည်းမောင်းသမားက သူမတို့အား မသိမှန်း သိလိုက်ရသဖြင့် စိတ်ထဲတွင် ပေါ့ပါးသွားသည်။

သူမသည် စကားဆက်လိုက်ပြန်သည်။

"ကျုပ်တို့ ဘယ်သွားမလဲ ဆိုတာကော သိသလား"

"ဒါလဲ ဘယ်သိမလဲ"

"ကျုပ်တို့က ယောကျ်ားလား မိန်းမလား"

"ခင်ဗျားတို့ ယောကျ်ား အင်္ကျီတွေ ဝတ်ထားတော့ ယောကျ်ားဘဲ ဖြစ်ရမှာပေါ့"

စုစုက ကျေနပ်သွားသည်။

"ကဲ....အခု ကျုပ်က ညောင်းလို့ ခဏ လမ်းလျှောက်ချင်တယ်၊ ဘယ်မှ ထွက်မသွားရဘူး ဟုတ်လား"

မြင်းလှည်း မောင်းသမားသည် သူ၏ ဝါကျင့်ကျင့် သွားများအား ပေါ်အောင် ရယ်မောလိုက်ပြီး....။

"ခင်ဗျားတို့ မြင်းလှည်းခမှ မပေးသေးဘဲ၊ ကျုပ်က လူအမှ မဟုတ်ဘဲ၊ ဘာလုပ် ထွက်သွားရမှာလဲ"

"ဟုတ်ပြီ၊ ခင်ဗျားက မြင်းလှည်းမောင်းပြီး ထွက်သွားရင် မြင်းလှည်းခ ရမှာ မဟုတ်ဘူး"

မြင်းလှည်း မောင်းသမားသည် ခေါင်းညိတ်လိုက်ပြီးနောက် မြေပေါ်သို့ ထိုင်ချကာ ဆေးတံယူ၍ ဆေးဖွာနေလေတော့သည်။

စုစုသည် စိတ်ချသွားသည်။ သူမသည် စင်းစင်းလက်အားဆွဲပြီး လမ်းဘေးသို့ ဆင်းသွားကြသည်။

"ကဲ....ကဲ....သိပ်ဝေးဝေး မသွားနဲ့တော့ ဒီမှာဘဲ"

"အို....မြင်းလှည်းသမားက 'လူအ'ပါ၊ စိတ်မပူပါနဲ့ ဟိုဝေးဝေးသွားမှ စိတ်ချရတယ်"

သူမသည် ပြောရင်း ချုံတွေရှိသော နေရာသို့ လျှောက်သွားလေသည်။ သူမတို့သည် မြင်းလှည်းနှင့် ဝါးသုံးရိုက်ခန့် အကွာသို့ ရောက်ရှိလာလေသည်။





"ကဲ့ ညလဲ မှောင်နေပါတယ်၊ ဘယ်သူမှလဲ မရှိတော့ပါဘူး ဒီမှာဘဲ"

စင်းစင်းက ပြောလိုက်တော့မှ စုစုသည် ခြေလှမ်း ရပ်သွားတော့သည်။

× × ×

သူတို့သည် မြင်းလှည်းရပ်နေသောနေရာသို့ပြန်လည် ရောက်ရှိလာသောအခါ မြင်းလှည်းမောင်းသမား လူအနဲ့ မြင်းလှည်းမှာမူ အရိပ်ပင် မတွေ့ရပါတော့ချေ။

စုစုသည် ကြက်သေသေ ဖြစ်သွားသည်။ စင်းစင်းမှာလည်း ငိုင်သွားသည်။ သူတို့သည် တယောက်မျက်နှာတယောက်ကြည့်နေကြသည်။

အတန်ကြာမှ စင်းစင်းက သက်ပြင်းရှည် တချက် ချလိုက်သည်။

"ကျမတို့က သူ့ကို 'လူပေါ'လို့ မှတ်နေတာ အမှန်တော့ သူက ကျမတို့ကို လူပေါ လူအလို့ ထင်နေတာရှင့်"

စုစုသည် ဒေါသ ထွက်လွန်း၍ စကားတခွန်းမှပင် မပြောနိုင်တော့ပါ။

"ကဲ....အခု ကျမတို့ ဘယ်လိုလုပ်မလဲ"

စင်းစင်းက ပခုံးတချက် တွန့်လိုက်ပြီး မေးလိုက်သည်။

စုစုက သက်ပြင်းတချက် ချလိုက်ပြီး။

"ဘာဘဲဖြစ်ဖြစ် ငါတော့ အိမ်မပြန်ချင်ဘူး"

သူမသည် ရုတ်တရက် တစုံတခု သတိရလာပြီး။

"နေပါအုံး ဒီ့အိမ်က ထွက်လာတုံးက ငါ့ရဲ့ လက်ဝတ်လက်စားများ ပါလာသေးလား"

စင်းစင်းက ခေါင်းညိတ်လိုက်သည်။

စုစုသည် ခြေဆောင့်လိုက်ပြီး၊

"အဲဒါမှ ဒုက္ခဘဲ၊ ဒီ့လှည်းပေါ်က ဆင်းလာတဲ့ အခါမှာ လက်ဝတ်လက်စား အထုပ်ယူလိုက်ရင် ကောင်းသား"

စင်းစင်းသည် အထုပ်ကလေးတခု ထုတ်ပြလိုက်ပြီး၊

"ဟောဒီမှာ ကျမ ယူလာတယ်"

စုစုသည် ဝမ်းသာသွားသည်။

"ကြည့်စမ်း နင်က ယူလာမိလို့ပေါ့၊ နို့မဟုတ်ရင်ဒုက္ခဘဲ"

စင်းစင်းသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"အင်း ကလေးဟာ ကလေးဘဲ လူကြီးလောက် ဘယ်စေ့စပ်မလဲဟ"

"ဟုတ်ပါတယ်၊ အဖွားကြီးရယ်"

စုစုသည် ပြုံး၍ ပြောချလိုက်လေတော့သည်။

\+ + +

ည။ ကြယ်ကလေးများ၏ အလင်းရောင် ရှိသည်။

လရောင်လည်း အလွှန်သာနေသည်။

ထို့ကြောင့် လမ်းသွား၍ ကောင်းနေသည်။

ယောကျ်ားအဝတ်များ ဝတ်ဆင်ကာ ကန္တကယဖြင့် လမ်းလျှောက်နေသော မိန်းကလေး နှစ်ယောက်သည် စိတ်ညစ်စရာ





များ တမုဟုတ်ခြင်း ပျောက်သွားကာ ပျော် ရွှင်နေကြသည်ကိုပင် တွေ့ရလေသည်။

"ဟဲ ဟဲ ပစ္စည်းများ ပျောက်ဆုံးသွားတာလဲ ဝန်တာ ပေါ့သွားသလိုဘဲ"

စုစုက ပြုံး၍ ပြောသည်။ စင်းစင်းက သူမအား လှည့်ကြည့်သည်။

"ဒီလိုဆိုရင် ဘာဖြစ်လို့ ဒါလောက် များများ သယ်လာရတာလဲ"

"အို လမ်းမထွက်ဖူးတော့လဲ ဒီလိုဘဲ လမ်းမှာ အသုံး လိုနေမှာ စိုးရိမ်လို့ပေါ့ဟ"

"အင် သခင်မ၊ အဲလေ သခင်လေးက အခြေအနေ သုံးသပ်လာတတ်ပြီဘဲ"

စုစုသည် မျက်မှောင် ကုတ်သွားသည်။

"တခုတော့ ငါ အံ့သြ နေတယ်"

"ဘာများလဲ"

"လှည်းမောင်းသမားက လှည်းခလဲ မယူဘဲ ဘာဖြစ်လို့ ထွက်သွားသလဲ ဆိုတာလေ"

စင်းစင်းသည် ထိုစကားကြောင့် ငိုင်သွားပြန်သည်။

"အင်း ဟုတ်တယ်၊ စဉ်းစားစရာပဲ"

စုစုက ပြုံး၍ စင်းစင်း၏ ကျောအား တချက် ပုတ်ရိုက်လိုက်ပြီး၊

"နင် တော်တော် အသေးတာဘဲ၊ ဒို့လှည်းပေါ်မှာ ပါတဲ့ ပစ္စည်းတွေဟာ သူ့လှည်းမျိုး ၂-စီးတောင် ဝယ်နိုင်တယ်ဆိုတာ သူသိလို့ ယူ့က်သွားတာ ဖြစ်မှာပေါ့ဟဲ့"

စင်းစင်းသည် ပါးစပ် ဟောင်းလောင်း ဖြစ်သွားသည်။

အတန်ကြာမှ၊

"အင် သခင်မ၊ အဲလေ သခင်လေးက သိပ်ပြီး ဉာဏ် ကောင်းတယ်၊ ဒါလောက် ရှုပ်ထွေးတဲ့ ပြဿနာ တခုတောင်မှ လွယ်လွယ် အဖြေရှာရတဲ့အတွက် ကျမတော့ ဂုဏ်ယူပါတယ်ရှင်၊ အဲ....ဗျာ"

မိုးစင်စင်လင်းလာပြီ ဖြစ်သည်၊

တညလုံး လမ်းလျှောက်လာရသောကြောင့် သူတို့သည် ဗိုက်အလွန်ဆာလာပြီ ဖြစ်ပါသည်။

"ဟဲ့ ဗိုက်ဆာပြီ ထမင်းစားရအောင်"

စုစုက စင်းစင်းအား ပြောလိုက်သည်။

"ဒီအချိန်မှာ ထမင်းဆိုင်ဖွင့်မှာ မဟုတ်သေးဘူး၊ ဟိုရှေ့မှာ တော့ မြို့ကလေးတွေ့ပြီ၊ ဟိုရောက်တော့ တခုခုဝယ်စားတာပေါ့"

စင်းစင်းသည် သူတို့ရှေ့ မနီးမဝေးမှာ မြို့ကလေးတမြို့တွေ့ လိုက်သဖြင့် ညွှန်ပြ၍ပြောလိုက်သည်၊

"ဟုတ်ပြီ....ဘာဘဲဖြစ်ဖြစ် ဟိုရောက်ရင်တော့ တွေ့တာစား မှာဘဲ"

သူတို့သည် ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားကြလေ သည်၊





မြို့ကလေးတမြို့။ ဤမြို့သည် မည်သည့်မြို့ဖြစ်သည်ဟု သူတို့ မသိပါ၊သိရန်လည်း စိတ်မဝင်စားပါ၊ မြို့ရှိလျှင် ဈေးရှိရမည်။

ဈေးရှိလျှင် စားသောက်ဖွယ်ရာ ဝယ်၍ ရမည်ဟုသာ သူတို့ စိတ်ဝင်စားနေ၏။

မကြာမီ သူတို့သည် ခေါက်ဆွဲဆိုင်တဆိုင် တွေ့ရသဖြင့်လှမ်း ဝင်သွားကြလေတော့သည်။

ဆိုင်သည် မကြီးလှသော်လည်း မငယ်လှပါ။

လူအတော်စည်ကားသည်။

သူမတို့သည် လွတ်နေသော စားပွဲတခုသို့ ဝင်ရောက်ပြီး ခေါက်ဆွဲ မှာလိုက်လေတော့သည်။

ဗိုက် ဆာလောင်လွန်းသဖြင့် သူတို့သည် ခေါက်ဆွဲ နှစ်ပန်း ကန် ကုန်သွားမှ တူအား ချလိုက်လေတော့သည်၊

တူချလိုက်သောအခါ အနီးရှိ လူများသည် သူတို့အား လူထူးလူဆန်းသဖွယ် ကြည့်နေကြသည်ကို စုစုက သတိပြုမိလေ တော့သည်။

သူမသည် တတောင်ဆစ်ဖြင့် စင်းစင်းအား အသာအယာ တွက်လိုက်ပြီး၊

"ဟဲ့ ငါ့မျက်နှာမှာ တော်တော် ညစ်ပတ်နေသလား"

စင်းစင်းသည် သူမ၏ မျက်နှာအား သေသေချာချာကြည့် လိုက်ပြီး၊

"ဟင်အင်း မညစ်ပတ်ပါဘူး"

"ဒါနဲ့ သူတို့က ငါ့ကို ဘာလို့စိုက်ကြည့် နေကြတာလဲ"

"အော်....သခင် သခင်လေးက ရုပ်ချောလှလို့ သူတို့ သမီး အတွက် သားမက်ရှာနေတာလားမှမသိဘဲ"

စင်းစင်းသည် ပြုံး၍ပြန်ပြောသည်။

စုစုသည် စင်းစင်းလက်တဖက်မှာ အထုပ်ကလေးအားမြဲမြဲ ဆုပ်ကိုင်ထားသည်ကို တွေ့လိုက်ရသဖြင့်၊

"ဟော အထုပ်ကို လက်လွှတ်လိုက်စမ်း"

"ဘာဖြစ်လို့လဲ"

"လမ်းထွက်တဲ့ အခါမှာ ကိုယ့်ငွေဘယ်မှာ ရှိတယ်ဆိုတာ လူများမသိအောင် နေတတ်ရမယ်၊ အခု နင့်လက်က အထုပ်ကို မြဲမြဲဆုပ်ကိုင်ထားတော့ သူများက ဒီအထုပ်မှာ တန်ဖိုးရှိတဲ့ ပစ္စည်း ရှိတယ်ဆိုတာ ရိပ်မိသွားမှာပေါ့"

စင်းစင်းက ခိကနဲ ရယ်လိုက်သည်။

"အောင်မယ်၊ သခင် သခင်လေးကလဲ ဒါလောက် ဝါရင့် လာပြီဘဲ"

သူမသည် အထုပ်ကလေးအား စားပွဲပေါ်သို့ ချထားလိုက် သောအခါ လူတယောက်သည် သူတို့ထံ လျှောက်လာသည်ကို တွေ့လိုက်ရလေသည်။

"မင်္ဂလာပါ"

ထိုလူသည် သူတို့အား လက်နှစ်ဘက်ကို မြှောက်၍ နှုတ် ဆက်လိုက်သည်။ ထိုလူ၏ရုပ်သွင်သည် စုတ်ချွန်းချွန်း ဖြစ်နေ၍ လူကောင်း တယောက် မဟုတ်ဟု စုစုက ရိပ်စား မိလိုက်သော် လည်း မိမိမှာ ဝါရင့်သော လူတယောက်ဟူသော ဟန်မျိုးပြရန် လိုအပ်သည်ဟု ထင်၍ သူမသည် လက်နှစ်ဘက်ဆုပ်ကာ၊





ထိုလူသည် အရပ်ထောင်ထောင် မောင်းမောင်း ရှိသည်။ သူ၏ မျက်နှာပေါ်တွင် ဒါးဒဏ်ရာ အမာရွတ်တခုရှိသည်။ ထိုလူသည် သံလက်သီးအား ပါးတချက် ရိုက်လိုက်ပြီး၊

"မင်းတော်တော် အသုံးမကျတဲ့ကောင်၊သွားစမ်း သူများ ပစ္စည်း မြန်မြန် ပြန်ပေးလိုက်"

ဟု ကြိမ်းမောင်းလိုက်လေသည်။

သံလက်သီး ဆိုသူသည် ခေါင်းငုံ့ခါ ပါးကို ပွတ်ရင်း လက် ထဲမှ အထုပ်ကလေးအား စုစုထံသို့ လာရောက် ပြန်ပေးရလေ သည်။

ထိုလူသည် သံလက်သီး နောက်မှ လိုက်လာသည်။

သူသည် လက်နှစ်ဘက်ဆုပ်ခါ၊

"ကျုပ် နံမယ်က ချိုပါ၊ အားလုံးက အကိုချိုလို့ ခေါ်ကြ ပါတယ်၊ သူက ကျုပ်ရဲ့ လူပါ၊ ဒီတလောမှာ သူက ဖဲရှုံးလို့ အခုလို မလုပ်သင့် မလုပ်ထိုက်တဲ့ အလုပ်မျိုး လုပ်မိတာ ဝမ်း နည်းပါတယ်၊ ခင်ဗျားတို့ သူ့ကို ကြိုက်သလို အပြစ်ပေးနိုင် ပါတယ်"

စုစုသည် ထိုသူ၏ ပြောပုံဆိုပုံမှာ လူကြီး လူကောင်းဆန်ဆန် ရှိနေသည်ကို တွေ့ရသောအခါ သူမသည် ပြုံးလိုက်ပြီး၊

"ကိစ္စ မရှိပါဘူးဗျာ၊ ပစ္စည်းပြန်ရမှာဘဲ အရေးမယူတော့ ပါဘူး၊ ကျေးဇူးတင်ပါတယ်"

ထိုလူသည် သံလက်သီးအား မျက်လုံးတချက် ပြူး၍ ကြည့် လိုက်ပြီး၊

"ကဲ ညွှန်သည်ကို တောင်းပန်လိုက်အုံးကွ"

ဟု ပြောလိုက်ရာ၊

သံလက်သီးသည် ဦးညွှတ်ခါ တောင်းပန်လိုက်လေသည်။

စုစုသည် တစုံတခု သတိရလာကာ၊

"ဒါနဲ့ ခင်ဗျားက အကိုကြီး ချို ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီလိုဆို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကဲ ထိုင်ပါအုံး"

ထိုလူသည် ထိုင်ချလိုက်ပြီး၊

"ကျုပ်လဲ ဝမ်းသာပါတယ်၊ ကျုပ်ဘဲ ကျေးပါရစေ"

"အို၊ မဟုတ်တာ ကျနော်တို့ ကျွေးပါရစေ"

စုစုသည် အထုပ်ကလေးအားယူ၍ ဖြေလိုက်သည်။

သူမသည် ငွေတုံးကလေး နှိုက်ယူရန် ဖြစ်သည်။

သို့သော် သူမ နှိုက်ယူလိုက်သော အရာများမှာ ငွေတုံးကလေး မဟုတ်ပါ၊ ပုလဲများ ပတ္တမြားများသာ ဖြစ်ပါသည်။

ယင်း အထုပ်ကလေးတွင် ငွေတုံး ဟူ၍ လုံးဝ မရှိပါ။

အကိုကြီး ချိုဆိုသူ၏ မျက်လုံးအစုံသည် ပြူးကျယ် သွားလေသည်။

သူသည် ရုတ်တရက် အသံတိုးတိုးဖြင့်၊

"ဒီလို အဖိုးတန်လှန်းတဲ့ ပစ္စည်းနဲ့ ထမင်းဖိုး မပေးရဘူး၊ ငွေတုံးနှင့် သွားလဲရတယ်"

သူသည် သူ၏ ရင်ပတ်အား ပုတ်လိုက်ပြီး၊





"ကျုပ် ကြွားပြောတယ်လို့ မထင်ပါနဲ့၊ ကျုပ်က လိုက်ပြီး လဲပေးရင် ဘယ်သူကမှ ပိုမယူရဲဘူး၊ ဈေးနှုန်းကို တရားသဖြင့် ပေးကြမှာပါ"

စုစုသည် အနည်းငယ် စဉ်းစားလိုက်ပြီး၊

"ကောင်းသားဘဲ"

သူမ၏ စကား မဆုံးပါ။ လူတယောက်သည် သူတို့ထံ လျှောက်လာပြီး အကိုကြီး ချိုဆိုသူအား မျက်လုံးပြူးကာ၊

"ဟေ့ အမာရွတ်၊ မင်းက ငါ့ နာမည်ကို အလွဲသုံးစား လုပ်နေပြန်ပြီ ထင်တယ်"

ဟု ကြိမ်းမောင်းလိုက်လေသည်။

အကိုကြီး ချိုဆိုသူသည် ထိုလူအား တွေ့လိုက်ရသောအခါ မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

ထိုင်ရာမှ ကပျာကယာ ထလိုက်သည်။ သူသည် ဦးညွှတ်ခါ၊

"မ....မဟုတ်ပါဘူးဗျာ၊ အကိုကြီးချို နေကောင်းပါတယ်နော်...."

သူသည် ဤသို့ ပြောပြီးသည်နှင့် တချိုးထဲ ပြေးထွက်သွားလေတော့သည်။

စုစုသည် ထိုအချင်းအရာအား တွေ့လိုက်ရသဖြင့် ခေါင်းထဲ၌ ချာချာလည် သွားသည်။

သူမသည် မည်သို့ ဖြစ်ပျက်နေသည်ကို သဘောပေါက် နားလည်ခြင်း မရှိသေးမီမှာပင်....။

ထိုလူသည် သူမအား လက်နှစ်ဘက် ဆ[illegible]

"ကျုပ် နာမည်က 'ချိုလိုကာ' ပါ၊ မြို့ထဲက မိတ်ဆွေများကတော့ 'ကိုကြီးချို'လို့ဘဲ ခေါ်ကြပါတယ်"

ဟု ရှင်းပြတော့မှ၊

စုစုသည် ယခုလူသည် 'အကိုကြီးချို' အစစ်ဖြစ်မှန်း သဘောပေါက် နားလည် လာလေတော့သည်။

အကိုကြီးချိုသည် ဆက်၍ ရှင်းပြသည်။

"အမာရွတ်ဆိုတဲ့ လူဟာ လူလိမ် တယောက်ပါ၊ ကျုပ်နာမည်ကို မကြာခဏ အလွဲသုံးစား လုပ်နေတာဗျ"

စုစုက မျက်မှောင် ကုပ်သွားသည်။

"ဒါပေမယ့် ခုနက သူက သံလက်သီးဆိုသူဆီက ကျနော်တို့ အထုပ်ကလေးကို ပြန်လုပေးတာဗျ"

အကိုကြီးချိုက ရယ်မောလိုက်သည်။

"ဟား....ဟား....ဟား၊ သံလက်သီးက သူနဲ့ ပေါင်းပြီး ခင်ဗျားတို့ကို လိမ်နေတာဗျ၊ သူက ခင်ဗျားတို့ကို အယုံ သွင်းပြီးမှ လိမ်လို့ ကောင်းမယ် မဟုတ်လား၊ နောက်ပြီး...."

သူသည် ရယ်မောရာမှ ရပ်တန့်သွားပြီး စကားဆက်လိုက်သည်။

"ခင်ဗျားဟာ သိုင်းပညာတတ်တဲ့ ပုဂ္ဂိုလ်ဆိုတာသိလို့ အခုလို ပေါင်းပြီး လိမ်ရတာပေါ့ဗျာ"

စုစုက ဝမ်းသာသွားသည်။

"ဗျာ....ကျနော် သိုင်းတတ်တယ်ဆိုတာ သူတို့ကဘယ်လိုလုပ် သိသလဲ"





"သိတာပေါ့ဗျာ၊ ကျုပ်လဲ အကဲခတ်မိလို့ အခုလို မိတ်ဆွေဖွဲ့ချင်လို့ ဒီကိစ္စ ဝင်လိုက်ရတာပါ၊ တခြားလူ ဆိုရင် ကျုပ်က ဝင်ရှင်းဖို့တော့ အပျင်းသား"

စုစုသည် အလွန် ဝမ်းသာ သွားသည်။ ယခုကဲ့သို့ အချိန်မျိုး၌ ပုဂ္ဂိုလ်ကျော် တယောက်နှင့် မိတ်ဖွဲ့မိရသည်မှာ ဝမ်းသာဖွယ်ရာကောင်းသည် မဟုတ်ပါလော။

သူမသည် လက်နှစ်ဘက် ဆုပ်လိုက်ပြီး၊

"ထိုင်ပါ....ထိုင်ပါ၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

အကိုကြီးချိုက လက်ကာပြလိုက်ပြီး၊

"ဒီမှာ လူရှုပ်တယ်၊ ကျုပ်ကို မိတ်ဆွေ တယောက်လို အသိအမှတ်ပြုရင် အိမ်ကို ကြွခဲ့ပါ၊ ကျုပ် ဧည့်ဝတ်ပြုပါရစေဗျား"

+ + +

အကိုကြီးချို၏ အိမ်သည် မကြီးပါ။

ခြံဝင်း တခုလုံး ရှိသော အိမ်တန်းများမှ အခန်း ၂-ခန်းမျှသာ ဖြစ်သည်။

ဧည့်ခန်းတွင်၊

ကုလားထိုင်သုံးလေးလုံးနှင့် ဟောင်းနွမ်းသော စားပွဲတလုံးသာ ရှိသည်။

သူနေသော အိမ်နှင့် သူဝတ်ဆင်ထားသော အဝတ်အစားများမှာ တခြားစီ ဖြစ်နေ၏။

စုစုသည် အံ့သြခြင်း မရှိပါ။

အကြောင်းမှာ သိုင်းလောက သားတို့သည် များသော အားဖြင့် ဆင်းရဲကြသည်။

ဒုက္ခရောက်နေသော သွေးသောက်များအားစွန့်ကြဲပေးကမ်း ကြတတ်သည် မဟုတ်ပါလော။

သူတို့သည် ကုလားထိုင်ပေါ်တွင် ထိုင်ချပြီးနောက် အကိုကြီး ချိုသည် ပြုံးလိုက်ပြီး၊

"ခင်ဗျားတို့က အရေးကြီးတဲ့ ကိစ္စ မရှိရင်တော့ တရက် နှစ်ရက် နေပါအုံး၊ ကျုပ်က ဒေသခံရဲ့ ဧည့်ဝတ်များ ပြုပါရ စေအုံးဗျာ၊ နောက်ပြီး ကျုပ်တို့မြို့ထဲမှာရှိတဲ့ သွေးသောက်တွေနဲ့ မိတ်ဆက်ပေးပါရစေ"

စုစုသည် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်၊ ဒီတခါကျနော် ခရီး ထွက်လာရခြင်း မှာလဲ မိတ်ဆွေတွေ ဖွဲ့ချင်လို့ပါဘဲ"

စင်းစင်းသည် မနေနိုင်တော့ဘဲ ကြားဖြတ် ပြောလိုက်သည်။

"အို ဘယ်ဖြစ်မလဲ ရှင်၊ အဲဗျာ အကိုကြီး ချိုကို ဒုက္ခပေးရာ ကျနေတာပေါ့"

စုစုက သူမအား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး၊

"အကိုကြီး ချိုလိုလူမျိုးကို အားနာစရာ မလိုပါဘူး"

အကိုကြီး ချိုက ရယ်မောလိုက်ပြီး၊

"ဟုတ်တာပေါ့ဗျာ၊ခင်ဗျားက တော်တော် ဘွင်းဘွင်း ရှင်း ရှင်း ရှိတဲ့ ယောကျ်ားကောင်း တယောက် ပါဘဲဗျား"

"ဟဲ....ဟဲ....ဟဲ"

စုစုက ကျေနပ်စွာ ရယ်မော လိုက်သည်။





သူမအား ယောကျ်ားဟန် ဆောင်နေသော မိန်းကလေး တယောက်မှန်း ကိုကြီးချို မသိနိုင်လျှင် အခြား မည်သူကမှ သိ နိုင်မည် မဟုတ်ဟု သူမ စိတ်ချသွားလေ တော့သည်။

ကိုကြီး ချိုသည် တစုံတခု သတိရလာကာ၊

"အော်....ငါ့ညီအတွက် သုံးဘို့ ငွေနည်းနည်း သွားယူရအုံး မယ်၊ ကဲငါ့ညီတို့ အားမနာနဲ့ သဘောကျ နေကြပါ"

သူသည် ပြောပြီး ချာကနဲ လှည့်ထွက်သွားသည်။

သို့သော် သူသည် အခန်းဝသို့ ရောက်သည်နှင့် ပြန်လှည့်လာ သည်။

သူ၏ အိတ်ထဲ၌ သော့တချောင်း ယူလိုက်ပြီး အခန်းထောင့် နံရံတွင် ကပ်လျက်ရှိသော သံသေတ္တာ တလုံးအား ဖွင့်လိုက် သည်။

"ငါ့ညီတို့ အထုပ် ကလေး ဒီမှာ သိမ်းထား၊ တော်ကြာ ပျောက်သွားရင် ကျုပ်လဲ မကောင်းဘူး"

သူသည်ဤသို့ပြောပြီး စုစုလက်မှ အထုပ်ကလေးကို ယူလိုက် ပြီး သံသေတ္တာထဲသို့ ထည့်လိုက်သည်။

ထို့နောက်သေတ္တာအားသော့ဖြင့် ခတ်ထားလိုက်လေသည်။

သူသည် သော့အား စင်းစင်း လက်သို့ အပ်လိုက်သည်။

"ရော့ ဒီညီလေးက စေ့စေ့ စပ်စပ် ရှိတယ်၊ သော့ကို သေ သေ ချာ ချာ သိမ်းထား"

စင်းစင်းသည် ၎င်းသော့အား သေချာစွာ သိမ်းဆည်းထား လိုက်လေသည်။

သူမသည် ကိုကြီးချို ထွက်သွား တော့မှ အသံ တိုးတိုးဖြင့်
"ဒီအကိုကြီးချို ကြည့်ရတာ သိပ်မဟန်ဘူး၊ ဘာတွေလိမ်အုံးမလဲ မသိဘူး၊ သတိထားမှ ဖြစ်မယ်"

စုစုက ပြုံးလိုက်သည်။

"နင်ကလဲ တော်တော် စိတ်များတတ်တယ်၊ ကြည့်စမ်း သူများက သော့လဲ ပေးထားတယ်၊ အိမ်လဲ ပေးထားတယ်၊ ဘာများ စိတ်မချရတာလဲ"

စင်းစင်းသည် နှုတ်ခမ်းကလေး စူထားလိုက်ပြီးစကားမပြောတော့ပါချေ။

× × ×

အချိန်ကား၊

မွန်းတည့်ချိန် ရောက်ပြီဖြစ်သည်။

ကိုကြီးချိုသည် ပြန်မရောက်သေးပါ။

စုစုသည် ပျင်းပျင်း ရှိနေသဖြင့် အခန်းပြင်သို့ လှမ်းထွက်လိုက်သည်။

ယခုမှ သူမသည် ခြံဝင်းတခုလုံးအား သေသေချာချာ သတိထားမိလေသည်။

ဤခြံဝင်းတွင် အိမ်ထောင်စု အတော်များများ ရှိနေသည်။

နေထိုင်သော လူများသည် နေ့လုပ် နေ့စားသမား အလွှာများသာ ဖြစ်ကြသည်။

အဝတ်များ ညစ်ပတ်ပြီး စုတ်ပြတ်နေသော ကလေးများသည် အော်ဟစ် ပြေးလွှား ကစားနေကြသည်။





သူတို့သည် စုစုအား တွေ့လိုက်ရသည်နှင့် နှာခေါင်းဝမှ ကျလုဆဲဆဲ နှာရေများအား ပြန်လည် ရှုံ့သွင်းလိုက်ပြီး ငေး၍ ကြည့်နေကြ၏။

စုစုသည် တချက်ပြုံးလိုက်ပြီး ဟိုဟိုဒီဒီ ကြည့်ကာ အခန်းထဲသို့ ပြန်လျှောက်လာသည်။

ကိုကြီးချိုသည် ပြန်မလာသေးပါချေ။

သူမသည် မျက်မှောင်ကုတ်လိုက်သည်။

"ကိုကြီးချို ပြန်မရောက်သေးဘူးလား"

စင်းစင်းက ခေါင်းခါပြလိုက်သည်။

"ပြန်မလာသေးဘူး၊ ကျမတို့ မြန်မြန်ထွက်သွားရင် ကောင်းမယ်လို့ ထင်တယ်"

"နင်က ဘာကြောင့်နေတာလဲ သူပြန်လာမှာပေါ့၊ သူငွေသွားရှာနေတယ်ဆိုတာ နည်းနည်းတော့ ကြာမှာပေါ့ဟ"

စင်းစင်းသည် နှုတ်ခမ်းကလေး စူသွားပြန်လေတော့သည်။

သူမသည် ဘဝင်မကျပါ၊

သို့သော်သူမသည် ပြန်၍ပြောလျှင် စုစုက နားထောင်မည် မဟုတ်ဟု သူမသိသဖြင့် ယခုကဲ့သို့ စကားမပြောဘဲ ပါးစပ်ပိတ်ထားလိုက်ခြင်း ဖြစ်ပါသည်။

× × ×

ဟိုဘက် ဒီဘက် အခန်းများတွင် မီးဖိုချောင်မှ မီးခိုးများသည် တလူးလူး တလွန့်လွန့် တက်လာနေကြသည်။

ညနေ ထမင်းချက်ချိန်ပင် ရောက်လာချေပြီ၊ ကိုကြီးချို၏ အရိပ်ပင် မတွေ့ရပါသေးချေ။

စုစုသည် စိတ်မရှည်နိုင်ပါတော့ချေ။

"ကဲ စင်းစင်း အထုပ်ကလေး သွားယူစမ်း၊ ဆိုင်တဆိုင်မှာ ငွေသွားလဲရအောင်"

စင်းစင်းသည် နှုတ်ခမ်းကလေးစူပြီး သံသေတ္တာအား သော့ဖြင့် ဖွင့်လိုက်သည်။

သေတ္တာဖွင့်လိုက်သောအခါ စင်းစင်း၏ နှုတ်ခမ်းသည် မစူတော့ပါ။ ဟောင်းလောင်းဖြစ်သွားသည်။ သူမ၏ မျက်လုံးအစုံမှာလည်း ခါတိုင်းထက် နှစ်ဆ ပို၍ ပြူးကျယ်သွားသည်။

တခဏမျှ ကြက်သေသေဖြစ်သွားပြီးနောက်၊ သူမ၏ စူးရှသော အသံများ ထွက်ပေါ်လာလေတော့သည်။

"ဟောတော့ ကုန်ပါပြီ"

စုစုက မျက်မှောင်ကုတ်သွားသည်။

"ဘာတွေ အော်နေတာလဲ"

"လာကြည့်ပါ သခင်မ အဲ....သခင်လေး"

"နင် ဘာဖြစ်နေတာလဲဟ စင်းစင်းရဲ့"

စုစုသည် ပြောရင်း သေတ္တာရှိရာသို့ လျှောက်လာသည်။

သူမသည် သံသေတ္တာထဲသို့ လှမ်းကြည့်လိုက်ရာ၊ သူမ၏ ပါးစပ်သည် ဟောင်းလောင်း ဖြစ်သွားလေတော့သည်။

"ဟင် ကုန်ပါပြီ"

ဟု အော်ဟစ်လိုက်လေတော့သည်၊ ဟုတ်ပါ၏၊

သံသေတ္တာထဲမှ အထုပ်ကလေးသည် မရှိတော့ပါချေ၊

---

အရှက်ဦးစာမူပေ



အကြောင်းမှာ သံသေတ္တာသည် သုံးဘက်ဘဲရှိသည်၊နံရံကပ်နေသော ဘက်တွင် ဘာမှ မရှိပါ။

နံရံတွင် အပေါက်ကလေးရှိနေသည်။

ကိုကြီးချိုသည် ထိုနံရံပေါက်မှနေပြီး အထုပ်ကလေးအား နှိုက်ယူသွားသည်မှာ ထင်ရှားလှပေသည်။

စုစုသည် ခြေကလေး ဆောင့်လိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။

ထိုစဉ် လူတယောက်သည် ရေတွင်း၌ ရေငှဲ့နေသည်။

"ဒီမှာ ဒီမှာ ကိုကြီးချို ဘယ်သွားသလဲဆိုတာ သိသလား"

စုစုသည် အလောတကြီး မေးလိုက်သည်။

ထိုလူသည် သူမအား ကြောင်၍ ကြည့်ပြီးမှ၊

"ကိုကြီးချိုဆိုတာ ဘယ်သူလဲ ကျုပ် မသိဘူး"

စင်းစင်းသည် နောက်မှ လိုက်လာပြီးဖြစ်ရာ သူမသည် အခန်းအား ညွှန်ပြလိုက်ပြီး၊

"ဟိုအခန်းမှာ နေတဲ့ လူပေါ့၊ ခင်ဗျားတို့ရဲ့ အိမ်နီးချင်းလေဗျာ"

ထိုလူသည် ခေါင်းခါယမ်းလိုက်သည်။

"ဟိုအခန်းက လူမနေတာ လေးလလောက်ရှိသွားပြီ၊ ကနေ့မနက်မှ လူတယောက်လာပြီး ဆယ့်ငါးရက်အတွက် ငွေပေးပြီး ငှားသွားတာဗျ၊ ကျုပ်တို့ ဘယ်သိမလဲ"

စုစုသည် ထိုစကား ကြားလိုက်ရသဖြင့် မလှုပ်မယှက် ငေးငိုင်သွားသည်။

စင်းစင်းကလည်း ငေး၍ နေလေတော့သည်။

---

အရှက်ဦးစာပေ

ထိုစဉ် လူတယောက် ဝင်လာလေသည်။ သူ၏ လက်ထဲတွင် ကြိမ်လုံးတချောင်း ကိုင်ထားသည်။

သူ၏ ပုံပန်မှာ မြင်းလှည်းမောင်းသမား တယောက်နှင့် တူလှသည်။

"ဘာဖြစ် နေကြတာလဲ"

သူက ဝင်ရောက်မေးလိုက်သဖြင့်စုစုသည်အကျိုးအကြောင်း ရှင်းပြလေတော့သည်။

ထိုလူသည် ခေါင်းညိတ်လိုက်လေသည်။

"ကိုကြီးချိုကို ကျုပ်သိပါတယ်ဗျာ၊ ဒီမြို့က လူဆိုရင် လူတဝက်လောက်ကတော့ သူ့ကို သိပါတယ်"

စုစု ဝမ်းသာသွားသည်။

"ကျနော်တို့ကို လိုက်ပို့ပါလားဟင်"

ထိုလူသည်သူတို့အား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်ပြီး၊

"ခင်ဗျားတို့ ကိုကြီးချိုနဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

"ကျနော်တို့နဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေပါ"

ထိုလူသည် ပြုံးလိုက်သည်။

"ကိုကြီးချို့ရဲ့ မိတ်ဆွေဆိုရင်ကျုပ်ပို့ရမှာပေါ့ဗျာ၊ ကဲ....ကဲ ကျုပ်လဲ မြင်းလှည်းမောင်း ထွက်ရမှာနဲ့ အတော်ဘဲ၊ လိုက်ခဲ့ပေါ့ဗျာ"

\+ + +

မြင်းလှည်းသည် ဟောင်းနွမ်းသော အိမ်တအိမ်ရှေ့တွင် ရပ်တန့်သွားသည်။





မြင်းလှည်းမောင်းသမားသည် မြင်းလှည်းတံခါး ဖွင့်ပေးလိုက်ပြီး၊

"ကဲ....ဒါ ကိုကြီးချို့ရဲ့ အိမ်ဘဲ၊ ခင်ဗျားတို့ ဝင်တွေ့ပေတော့ ကျုပ်ကတော့ ငွေရအောင် သွားရှာရအုံးမယ်"

သူသည် ဤသို့ပြောပြီး မြင်းလှည်းမောင်းကာ ထွက်သွားလေတော့သည်။

စုစုသည် တကြိမ်မှ ဤမျှ ဒေါသ မဖြစ်ခဲ့ဘူးပါချေ။

ယခု သူသည် ကိုကြီးချိုအား တွေ့လျှင် အနည်းဆုံး ပါးနှစ်ဘက်အား နာနာ ရိုက်ပစ်မည်ဟု ဆုံးဖြတ်ထားသည်။

ထို့ကြောင့် သူမသည် တံခါးအား မခေါက်တော့ဘဲ ဆောင့်တွန်းဖွင့်လိုက်လေတော့သည်။

"ဝုံး...."

တံခါးပွင့်သွားသည်နှင့် အခန်းတွင်း၌ လူနှစ်ယောက်သည် ထိုင်၍ အရက်သောက်နေကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူ နှစ်ယောက်မှာ ကိုကြီးချို မဟုတ်ပါ။

တယောက်ကမျက်နှာဖြူဖတ်ဖြူလျော်ဖြစ်ပြီး ကျန်တယောက်မှာမူ မုတ်ဆိတ်ဗလပျစ် ရှိသော လူသန်ကြီးဖြစ်သည်။

စုစုသည် အခန်းတွင်းသို့ လှမ်းဝင်လိုက်ပြီး မျက်လုံးတချက် ဝေ့ရမ်းလိုက်သည်။

"ကိုကြီးချိုက ဘယ်မလဲ သွားခေါ်စမ်း"

စုစုသည် ခါးထောက်၍ လူနှစ်ယောက်အား ကြည့်၍ ပြောလိုက်သည်။

ထိုသူ မျက်နှာဖြူဖတ်ဖြူလျော်ရှိသောလူက သူမအားတချက်
ဝေ့ကြည့်လိုက်ပြီး။

"ခင်ဗျားက ကိုကြီးချိုကို ဘာကိစ္စ တွေ့ချင်တာလဲ"

"ကိစ္စရှိလို့ပေါ့ဗျ"

ထိုလူသည် အရက်ခွက်ကို ယူ၍ တကျိုက် မော့ချလိုက်ပြီး၊

"ကိစ္စရှိရင် ပြောပါ ကျုပ်က ကိုကြီးချိုဘဲ"

စုစုသည် အံ့အားသင့်သွားသည်။

"ခင်....ခင်ဗျားက ကိုကြီးချို ဟုတ်လား"

မုတ်ဆိတ် ဗလပျစ် ရှိသောလူက ရယ်မောလိုက်ပြီး၊

"ဟား....ဟား....ဟား ကိုကြီးချိုဆိုတာ တယောက်ထဲဘဲ ရှိတယ်၊ ဒီမြို့နယ် တဝိုက်မှာ ဒုတိယ ကိုကြီးချိုဆိုတာ မရှိဘူးဗျ"

စုစု၏ မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။

"ကျနော်ရှာတဲ့ ကိုကြီးချိုဟာ ခင်ဗျားမှ မဟုတ်ဘဲ"

"ဒါဖြင့် ဘယ်သူလဲ"

"ကျနော် တွေ့ခဲ့ရတဲ့ ကိုကြီးက အစိမ်းရောင် အင်္ကျီရှည်နဲ့ ခါးမှာ ဓားရှည်တလက် ချိတ်ထားတယ်ဗျ"

မျက်နှာ ဖြူဖတ်ဖြူလျော် ရှိသော လူသည် အေးဆေးစွာဖြင့် အရက်တခွက် ထပ်မံ မော့ချလိုက်ပြီး။

"အင်း....ဒီမိတ်ဆွေက 'အဝတ်တစုံ'နဲ့ တွေ့ခဲ့ပြီနဲ့ တူတယ်၊ လွန်ခဲ့တဲ့ နှစ်လလောက်က ဒီလူဟာ ကျုပ်နာမည်ကို အလွဲသုံးစား လုပ်ပြီး လျှောက်လိမ်နေတယ်လို့ သတင်းကြားတယ်၊ သူ့ကို ဆုံးမဖို့ လိုက်ရှာတော့ ဒီလူကို တခါမှ မတွေ့ခဲ့ဘူး"





စုစုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် သူဘဲ"

မျက်နှာ ဖြူဖတ်ဖြူလျော်ရှိသော လူက ပြုံးလိုက်ပြီး၊

"သူ့ နံမယ်အရင်း ဘယ်လို ခေါ်တယ် ဆိုတာ ကျုပ်လဲ မသိဘူး၊ သူက ဒီအဝတ်တစုံနဲ့ ကျုပ်နံမယ်ကို အလွဲသုံးပြီး လျှောက်လိမ်နေလို့ ကျုပ် မိတ်ဆွေတွေက သူ့ကို 'အဝတ်တစုံ' လို့ ခေါ်ကြတယ်၊ သူ့မှာ ဒီအဝတ်တစုံဘဲ ချမ်းသာတယ် ဆိုပါတော့ဗျာ"

မုတ်ဆိတ်ဗလပျစ်ရှိသော လူက ရယ်မောလိုက်ပြီး၊

"ခင်ဗျားတို့ အလိမ်ခံလိုက်ရပြီနဲ့ တူတယ်၊ ဘာများ ပါသွားသလဲ"

စင်းစင်းက သူတို့အား တိတ်ဆိတ်စွာ ကြည့်နေရာမှ ကြားဖြတ်လိုက်ပြီး၊

"လက်ဝတ်လက်စားတွေ အထုပ်တထုပ် ပါသွားတယ်"

မုတ်ဆိတ်နှင့် လူက သူမအား ကြည့်လိုက်ပြီး မျက်မှောင်ကုတ်သွားသည်။

"လက်ဝတ် လက်စားတွေ ဟုတ်လား"

စုစုသည် ကပျာကယာ ကြားဖြတ်မေးလိုက်သည်။

"ဟုတ်ပါတယ် ကျနော့်နှမရဲ့ လက်ဝတ် လက်စားတွေပါ"

မုတ်ဆိတ်နှင့် လူက မျက်နှာ ဖြူဖတ်ဖြူလျော်ရှိသော လူအား ညွှန်ပြလိုက်ပြီး၊

"သူက ကိုကြီးချို အစစ်ပါ၊ ခင်ဗျားတို့ အကူအညီလိုရင် ပြောနိုင်ပါတယ်"

စုစုသည် အံ့ကို တင်းတင်းကြိတ်လိုက်ပြီး၊

"ကျနော် သူ့ကို တွေ့ချင်ပါတယ်၊ သူ့ကို တွေ့ရအောင် ကူပြီး ရှာပေးနိုင်ရင် ကျေးဇူးအများကြီး တင်ပါတယ်"

ကိုကြီးချိုက ပြုံးလိုက်ပြီး၊

"ဒီလူက သိပ်ပြီး ကောက်ကျစ်တယ်၊ ကလိမ်ကျတယ်၊ အခု ဆို သူ့ကို ဘယ်ရှာလို့ တွေ့နိုင်တော့မလဲ၊ သူတိမ်းရှောင်နေတော့ မှာပေါ့"

စုစုသည် မျက်နှာတခုလုံး ရှုံ့မဲ့သွားသည်။

"ဒါဖြင့် သူ့ကို မတွေ့နိုင်တော့ဘူးပေါ့"

ကိုကြီးချိုက ပြုံးလျက်၊

"ခင်ဗျားတို့ လမ်းစရိတ်တွေ အားလုံး ပါသွားတယ်.... ဟုတ်လား"

စုစုက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားတို့ ဒီမြို့ကို ပထမဆုံးအကြိမ် ရောက်ဘူးတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ခင်ဗျားတို့ နေထိုင်ဖို့ ပထမဆုံး စီစဉ်ရလိမ့်မယ်၊ သုံးလေး ရက်လောက် နေလိုက်ရင် ဒီလူကိုရအောင် ကျုပ် ရှာ ပေးဖို့ တာဝန်ယူပါတယ်"

စုစုသည် မျက်နှာတခုလုံး မဲမှောင်သွားသည်။

"အား....အားနာစရာ ဖြစ်နေပါ့မယ်"

ကိုကြီးချိုက ရယ်မောလိုက်သည်။





"ကျုပ်က ဆင်းရဲပေမယ့် မိတ်ဆွေတယောက် နှစ်ယောက် လောက်တော့ တာဝန်ယူနိုင်ပါတယ်ဗျာ အားမနာပါနဲ့"

စုစုသည် ခေါင်းညိတ်လိုက်လေသည်။

"ဒီလိုဆို ကျေးဇူး တင်ပါတယ်ဗျာ"

မုတ်ဆိတ်ဗလပျစ်ရှိသော လူသည် စုစုနှင့် စင်းစင်းအား ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်ပြီး ကိုကြီးချို ဘက်သို့ လှည့်ခါ၊

"သူတို့ကို အစ်မကြီး 'ဝမ်' ဆီ ပို့လိုက်ရင် ကောင်းမယ် ထင်တယ်၊ ဟိုမှာက မိန်းမဖော်တွေရှိတယ်"

စုစုသည် ထိုလူ၏ စကားကြောင့် ငိုင်သွားလေသည်။

"ဟိုမှာ မိန်းမဖော်တွေဆိုရင် ဖြစ်ပါ့မလား"

ကိုကြီးချိုက ပြုံးလိုက်ပြီး၊

"မိတ်ဆွေတို့ ဒီမှာ နေဖို့မဖြစ်လို့ပါ၊ ဒီမှာက ယောကျ်ား တွေ နေကြတာမို့ မသင့်တော်လို့ပါ"

စုစုသည် ပါးစပ် ပိတ်သွားလေသည်။

အတန်ကြာမှ၊

"ကျုပ်တို့ ယောကျ်ားအချင်းချင်း"

သူမ၏ စကားမဆုံးမီ မုတ်ဆိတ်နှင့် လူက လက်ကာ၍ ဟန့်တားလိုက်သည်။

"ခင်ဗျားတို့ဟာ မိန်းကလေးတွေပါ၊ ကျုပ် ကြည့်ရင် သိပါတယ်"

စုစုသည် စင်းစင်းအား ကြည့်လိုက်သည်။

စင်းစင်းသည် ပခုံးတချက် တွန့်ပြလိုက်သည်။

စုစုသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"ကိုကြီးချိုက တော်တော်ကို အကဲခတ် ကောင်းတယ်"

ကိုကြီးချိုက ပြုံးလိုက်ပြီး၊

"ကျုပ် အကဲခတ်ကောင်းတာ မဟုတ်ပါဘူး၊ ဘယ်သူမဆို ခင်ဗျားတို့ကို ကြည့်လိုက်တာနဲ့ မိန်းကလေးက ယောကျ်ားအဝတ် ဝတ်ထားတာကို သိကြမှာဘဲဗျာ"

စုစုသည် ကြက်သေသေ ဖြစ်သွားလေတော့သည်။

အတန်ကြာမှ ခေါင်းပေါ်၌ ပေါင်းထားသော ခေါင်းပေါင်းအား ချွတ်၍ မြေပေါ်သို့ လွှင့်ပစ်လိုက်ပြီး၊

"မိန်းမဆိုရင် မိန်းမဘဲဖြစ်တာကောင်းပါတယ်၊ ဒါပေမယ့် မိန်းမကို လွယ်လွယ်နဲ့ စော်ကားလို့ မရဘူးဆိုတာ 'အဝတ်တစုံ' တွေ့ရင် အကြောင်းကောင်းကောင်း ပြလိုက်ရအုံးမယ်ဗျာ.... အဲ....ရှင်"

●

## အစ်မကြီး-ဝမ်

ယခု စုစုနှင့် စင်းစင်းတို့သည် မိန်းကလေးအသွင်သို့ပြန်လည် ကူးပြောင်းသွားပြီ ဖြစ်လေသည်။

ထို့ကြောင့်၊

သူမ ရင်ဆိုင်ရမည့် ဒုက္ခများသည် ပို၍ပို၍ များပြားလာလေတော့သည်။

---





အစ်မကြီး 'ဝမ်'မှာလည်း မိန်းမဖြစ်သည်။

မိန်းမဟူသည် အမျိုးမျိုးရှိသည် မဟုတ်ပါလော။ အစ်မကြီးဝမ်သည် အထူးခြားဆုံးသော မိန်းမတယောက်ဟု ဆိုနိုင်ပေသည်။

သူမက မည်သို့ ထူးခြား ပါသနည်းဟူမူ သင်သည် အိပ်မက်ပင် မမက်ဘူးသည့် တိုင်အောင် ထူးခြားသည်ဟု ဆိုရမည်လားမသိ။ အလွန် ထူးခြားသော မိန်းမတမျိုး ဖြစ်နေလေသည်။

\+ \+ \+

အစ်မကြီးဝမ်၏အိမ်သည် အလွန်ဆိတ်ငြိမ်သော လမ်းကြားတခုတွင် ရှိသည်။ မြင့်မားသော အုတ်နံရံများသည် နေရောင်ထိုးမဝင်အောင် ကာထားသည်။

အုတ်နံရံထဲမှ သရဲသီးပင်များသည် အုတ်နံရံ၏ အပြင်ဘက်သို့ ကိုင်း၍ ထွက်နေ၏။

မှန်းတည့်ချိန်ပင် လွန်သွားပြီ ဖြစ်သော်လည်း အနီရောင်ခြယ်သထားသော တံခါးသည် ပိတ်လျက်ရှိသည်။ အိမ်ထဲတွင် လူသံသူသံပင် လုံးဝ မကြားရပါချေ။

ယင်း အဆောက်အဦ၊ ယင်း တံခါးများအား တွေ့မိလိုက်သည်နှင့် အစ်မကြီးဝမ်သည် နယ်နယ်ရရ ပုဂ္ဂိုလ်ကြီးတယောက် မဟုတ်ဟု ခန့်မှန်း၍ ရနိုင်သည်။

စုစုသည် ယင်းအဆောက်အဦကို တွေ့မြင်လိုက်ရသည်နှင့် မမြင်ဘူး၊ မတွေ့ဘူးသော အစ်မကြီးဝမ်အား အလိုလို ကြည်ညိုလေးစားလာလေတော့သည်။

---

သူမသည် တံခါးရှေ့တွင် ရပ်ကာ ကိုကြီးချိုအား၊

"အစ်မကြီးဝမ်က ကျမတို့ကိုမသိဘဲနဲ့ လက်ခံပါ့မလားဗျာ၊ အဲ....ရှင်"

ကိုကြီးချိုက ပြုံးလိုက်သည်။

"စိတ်ချပါ၊ အစ်မကြီးဝမ်ကကျုပ်ရဲ့မိတ်ဆွေရင်းတယောက်ပါ၊ ကျုပ်ရဲ့ မိတ်ဆွေဆိုရင် သူ့မိတ်ဆွေရင်းလိုမခြား စောင့်ရှောက်မှာပါ"

စုစုသည် အနည်းငယ် စိတ်အေး သွားသည်။ သူမသည် ထပ်မံ မေးလိုက်သည်။

"အစ်မကြီးဝမ်က သဘောကောင်းသလား ဟင်"

ကိုကြီးချိုက ပြုံးလိုက်ပြီး၊

"သဘော ကောင်းပါတယ်၊ တခုတော့ရှိတယ်၊ သူ့စကားနားထောင်ရင် သူ့ဘာမဆို လုပ်ပေးတယ်၊ ကူညီတယ်၊ ဒါပေမယ့် သူ့အပေါ် ကလိမ်ကျမယ် ဒုက္ခပေးမယ် ဆိုရင်တော့ သူက သည်းခံမှာ မဟုတ်ဘူး"

စုစုက ပြုံးလိုက်သည်။

"ဟုတ်တာပေါ့၊ ကျမလဲ ဒီလိုဘဲ၊ ကျမကို ကောင်းကောင်းမွန်မွန်ပြောရင် ဘာမဆို ကျမကူညီတတ်ပါတယ်၊ အဲ....ကလိမ်ကျရင်တော့ ကျမလဲ ဘယ်ခံနိုင်မလဲ"

"အင်း ဒီလိုဆိုရင် ခင်ဗျားနဲ့သူနဲ့ ပေါင်းလို့ရပါတယ်လေ၊ ကဲ....ခဏစောင့်ပါအုံး၊ ကျုပ် သွားတိုင်ပင်လိုက်အုံးမယ်"

ခါတိုင်းဆိုလျှင် စုစုအား ယခုကဲ့သို့ သူများအိမ် တံခါးရှေ့တွင် ရပ်၍စောင့်ရမည်ဟုသာပြောလျှင်၊ သူမသည် ဒေါသ





ချောင်းချောင်း ထွက်မည်သာ ဖြစ်သည်။

ယခု သူမသည် လူပေါင်းစုံနှင့် တွေ့ကြုံလာခဲ့ရသောကြောင့် စိတ်နေ သဘောထားများ အတော်အတန် ပြောင်းသွားပြီဖြစ်၍ သူမသည် ခေါင်းညိတ်ကာ လက်ခံလိုက်လေသည်။

× × ×

ထမင်းတခါချက် အချိန်ကြာမှ ကိုကြီးချိုသည် အိမ်ထဲမှ ထွက်လာသည်။ သူ၏မျက်နှာ တခုလုံးသည် ပြုံးရွှင်၍ နေ၏။

"ကဲ....ကဲ၊ အမကြီးဝမ်က ခင်ဗျားတို့ကို လက်ခံဖို့ သဘောတူပါပြီ ဝင်ကြပေတော့"

သူ့နောက်တွင် အမျိုးသမီးတယောက် ပါလာသည်။

ယင်းအမျိုးသမီးသည် အသက် သုံးဆယ်ကျော် လေးဆယ်နီးပါး ရှိပြီဖြစ်သည်။

သို့သော် အလှမပျက်သေးပါချေ။

သူမသည် စုစုတို့အား မြေဆုံးခေါင်းဆုံး အကဲခတ်ပြီး ပြုံးလိုက်သည်။

"အင်း၊ မိန်းကလေးက တော်တော် ချောသားဘဲ၊ အထက်တန်းလွှာက မိကောင်းဖခင် သားသမီး ဖြစ်ရမယ်"

ကိုကြီးချိုက ပြုံးလိုက်သည်။

"စိတ်ချပါ အစ်မကြီး၊ ကျုပ်က မဟုတ်က ဟုတ်က မိန်းကလေးတွေကို ခေါ်လာပါ့မလားဗျာ"

အမျိုးသမီးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျမ လက်ခံလိုက်မယ်၊ ကဲ ရှင်တို့ စိတ်ချ သွားနိုင်ပါပြီ"

ကိုကြီးချိုသည် မျက်နှာ တခုလုံး ပြုံးရွှင်သွားသည်။

သူသည် ဦးညွှတ်လိုက်ပြီး၊

"ဟုတ်ကဲ့၊ ကျုပ် စိတ်ချပါပြီ၊ သွားခွင့်ပြုပါအုံး"

သူသည် ပြောပြီး မုတ်ဆိတ်နှင့် လူအား ခေါ်၍ ထွက်ခွာသွားလေတော့သည်။ စုစုသည် သူတို့အား ဟန့်တားရန်ပင် မမှီလိုက်တော့ပါချေ။

\+ \+

စုစုသည် စင်းစင်း၏ လက်အား ဆွဲလိုက်ပြီး အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် တံခါးသည် ပိတ်သွားပြန်လေတော့သည်။

အမျိုးသမီးသည် သူမတို့အား ချိုသာစွာ ပြုံးပြပြီး၊

"မင်းတို့ ဒီနေရာကို ရောက်ကာစတော့ နေတတ်မှာ မဟုတ်ဘူး၊ ဒါပေမယ့် ကြာကြာနေသွားရင်တော့ ဒီနေရာကို တဖြေးဖြေး ပျော်လာမှာပါ"

စင်းစင်းက ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျမတို့ လေး ငါးရက်ဘဲ နေမှာပါ"

အမျိုးသမီးသည် စင်းစင်း၏ စကားကို မကြားရသည်လားမသိ သူမ ပြောလိုရာကိုသာ ဆက်၍ ပြောနေသည်။

"ဒို့ဒီနေရာမှာ မိန်းကလေးနှစ်ဆယ်လောက်ရှိတယ်၊ အားလုံးဟာ ညီအစ်မတွေလို နေကြတယ်၊ မမ နာမည်က 'မေ'ပါ၊





အားလုံးက ငါ့ကို 'မမမေ'လို့ ခေါ်ကြပါတယ်၊ မင်းတို့ ဘယ်လိုကိစ္စမျိုးမဆို လိုအပ်ရင် 'မမမေ'ဆီ လာပေါ့ ဟုတ်လား"

စင်းစင်းက တစုံတခု ပြောရန် ဟန်ပြင်လိုက်ရာ စုစုက ကြားဖြတ် ပြောလိုက်လေသည်။

"ဟုတ်ကဲ့၊ ဒီနေရာကို ကျမတို့ သဘောကျပါတယ်၊ ကျေးဇူးတင်ပါတယ်"

သူမသည် ပတ်ဝန်းကျင်အား တချက် ကြည့်လိုက်ပြီး၊

"ဒီနေရာက အားလုံး ကောင်းပါတယ်၊ ဒါပေမယ့် သိပ်ပြီး တိတ်ဆိတ်တယ်လို့ထင်တာဘဲ"

မမမေက ပြုံးလိုက်သည်။

"ဘာလဲ တိတ်ဆိတ်တာ မကြိုက်ဘူးလား"

"ကြိုက်တော့ ကြိုက်ပါတယ်၊ ဒါပေမယ့် သိပ်ပြီး တိတ်ဆိတ်တော့လဲ ပျင်းစရာကြီး"

မမမေက ရယ်မောလိုက်သည်။

"ညနေကျရင်တော့ စည်စည်ကားကား ဖြစ် လာ တော့မှာပါ"

မမမေသည် ပြောရင်း သူမတို့အား ခေါ်ဆောင်သွားရာ ဉယျာဉ် တခုသို့ ဖြတ်ကျော် လိုက်ပြီး အဆောင် တခု ရှိရာသို့ ရောက်ရှိလာကြလေတော့သည်။

သူမသည် စုစုအား ပြုံးလိုက်ပြီး၊

"ကဲ ညီမတို့ ဒီမှာ ခဏ စောင့်နေကြနော်၊ မမက မမဝမ်ကို သွားပြီး အကြောင်းကြားလိုက်အုံးမယ်"

သူမသည် ဤသို့ ပြောပြီး ခါးကလေးနွဲ့ကာ အဆောင်တံခါး တွန်းဖွင့်ကာ ဝင်သွားလေတော့သည်။

စင်းစင်းသည် နှုတ်ခမ်း တချက် ကိုက်လိုက်ပြီး၊

"သခင်မလေး၊ ကျမတို့ မြန်မြန် ပြန်သွားရင် ကောင်းမယ်"

ဟု ရုတ်တရက် ပြောလိုက်လေသည်။

စုစု အံ့သြသွားသည်။

"ထွက်သွားမယ် ဟုတ်လား၊ ဘယ်ကိုလဲ"

စင်းစင်းက သူမအား ကြည့်လိုက်ပြီး၊

"ဘယ်ကိုဘဲဖြစ်ဖြစ် ဒီနေရာမှာ နေလို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျမလဲ မပြောတတ်ဘူး၊ ဒါပေမယ့် ဒီနေရာကို ကျမ အလိုလို မကြိုက်ဘူး"

"ဘယ်လို မကြိုက်တာလဲ"

"ဒီနေရာက တမျိုးကြီးဘဲ၊ အခု အချိန်ထိ လူတွေ အိပ်လို့ ကောင်းတုံး၊ ဘယ်လို မှန်းလဲ ကျမ မပြောတတ်ဘူး"

စုစုက ရယ်မောလိုက်သည်။

"နင်ကလဲဟာ ခဏ ခဏ အလိမ်ခံရလို့ အခုဆို ဘယ်သူ ကိုမှ မယုံကြည်တော့ဘူး ဟုတ်လား"

စင်းစင်းသည် နှုတ်ခမ်း စူထားလိုက်ပြီး ပါးစပ် ပိတ်ထားလိုက်လေတော့သည်။

❋ × ×





မမမေသည် သူမတို့အား မမဝမ်ထံသို့ ခေါ်ဆောင်သွားသောအခါ မမဝမ်သည် နံနက်စာ စားနေသည်ကို တွေ့ရလေသည်။ မမဝမ်သည် အလွန် ချောမော လှပသော မိန်းမ တယောက်ဖြစ်သည်။ သူမ၏ မျက်နှာ၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ် စသည်တို့သည် လက်ရာ အမြောက်ဆုံးသော ပန်းပုဆရာတယောက်ပင် လက်မြောက် အရှုံး ပေးရလောက်အောင် လှပ၍ နေသည်။

စုစုသည် မမဝမ်အား တွေ့မြင်လိုက်သည်နှင့် သူမ၏ အလှကို ငေးမောခါ ကြည့်မိလေတော့သည်။

"ထိုင်လေ"

မမဝမ်သည် လွတ်နေသော ထိုင်ခုံတခုအား ညွှန်ပြလိုက်သည်။ စုစုသည် ဝင်ရောက် ထိုင်ချလိုက်သည်။

"ညီမ နံမယ်က"

"စုစုပါ"

"အသက်"

"၁၈-နှစ်ပါ"

မမဝမ်က သဘောကျစွာ ရယ်မောလိုက်သည်။

"အင်း... လူကလဲ လှတယ်၊ အသက်ကလဲ အရွယ်ကောင်း"

သူမသည် စုစုအား စေ့စေ့ကြည့်လိုက်ပြီး၊

"မမအသက် ဘယ်လောက်ရှိပြီလို့ ထင်သလဲ"

စုစုက ခေါင်းခါ ရမ်းလိုက်သည်။

"ကျမ မကြည့်တတ်ဘူး"

"ညီမ စိတ်ထင်သလောက် ပြောစမ်းပါ"

စုစုသည် သူမအား ထပ်မံ စေ့စေ့စပ်စပ် ကြည့်လိုက်ပြီး၊

"အသက် ၂၀ ကျော်ဘဲ ရှိမယ်လို့ထင်တယ်"

မမဝမ်က ရယ်မောလိုက်သည်။

"အသက် ၂၀ ကျော်ဆိုတာ လွန်ခဲ့တဲ့နှစ် ၂၀ လောက်က ဆိုရင် မှန်လိမ့်မယ် ဟား....ဟား....ဟား"

စုစုသည် အံ့အားသင့်သွားသည်။

"တကယ်ပြောတာလား မမ"

"ဟုတ်ပါတယ်၊ မမ အခု ၄၃-နှစ်ရှိပါပြီ"

စုစုက ခေါင်းခါ ရမ်းလိုက်သည်။

"ဘာဘဲဖြစ်ဖြစ် ကျမတော့ မယုံဘူး"

မမဝမ်သည် သက်ပြင်းတချက် ချလိုက်ပြီး၊

"ငါ့ညီမ မယုံပေမယ့် မမကိုယ်တိုင်တော့ မယုံလို့ မဖြစ်ဘူး၊ မမက လူများကို လိမ်နိုင်ပေမယ့် ကိုယ့်ကိုယ်ကို လိမ်လို့ ဘယ်ရမလဲ"

စုံစုံသည် ခေါင်းငုံ့ခါ သက်ပြင်း မျှင်းမျှင်း ချလိုက်သည်။

သူမသည် ပထမဆုံးအကြိမ် နှုပျိုခြင်းကို တန် ဖိုး ထား ကောင်းရမှန်း သိလာလေသည်။

မမဝမ်သည် စင်းစင်း ဘက်သို့ လှည့်လိုက်ပြီး၊

"သူက ညီမနဲ့ ဘယ်လို တော်စပ်သလဲ"

စုံစုံက ပြုံးလိုက်ပြီး၊

"သူက ကျမနဲ့ငယ်ငယ်ကထဲကအတူနေလာတာ ညီအစ်မလို ဖြစ်နေတယ်လေ"

မမဝမ်က ပြုံးလိုက်သည်။





"အခုတော့ သူ့ကို မမက တခြားနေရာ ပို့ရလိမ့်မယ်၊ ညီမက စိတ်ဆိုးသလားဟင်"

စင်းစင်းသည် နှုတ်ခမ်း စူထားလိုက်ပြန်လေသည်။

စုစုသည် မည်သို့ ပြန်ပြောရမှန်း စဉ်းစားနေတုံးမှာပင် မမဝမ်သည် ထပ်မံ ပြုံးလိုက်ပြီး၊

"ကဲ ကနေ့က စပြီး ညီမက မမနဲ့ ဒီအခန်းမှာ နေရမယ်"

သူမသည် စင်းစင်းအား ညွှန်ပြလိုက်ပြီး၊

"သူကတော့ ညီမမေ အခန်းမှာဘဲ နေပေါ့ ဟုတ်လား"

ထိုစဉ်မှာပင်၊

အေးစက်သော အသံတခုက ထွက်ပေါ်လာသည်။

"မဟုတ်ဘူး"

× × ×

စုစုသည် အသံလာရာသို့ လှည့်ကြည့်လိုက်သည်။

ယခုမှ သူမသည် လူတယောက် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် ထိုင်ခုံ တခုပေါ်၌ မလှုပ်မယှက် ထိုင်နေသည်။

အကယ်၍ သူက အသံမပြုလိုက်လျှင် မည်သူကမှ သူ့အား သက်ရှိသတ္တဝါ တယောက်ဟုပင် ထင်မှတ်မည် မဟုတ်ပါ။

ထိုလူ၏ မျက်နှာတခုလုံးသည် သွေးများ မရှိသည့်အလား ဖြူဖတ်ဖြူလျော် ဖြစ်နေသည်။

သူ၏ရုပ်သွင်သည် သုဿန်မှ ထလာသော လူသေအလောင်းနှင့် တူလှပေသည်။

မည်သူမဆို သူ့အား မြင်တွေ့လိုက်ရသည်နှင့် ကျောချမ်းသွားမည်မှာ မလွဲချေ။

သို့သော် မမဝမ်က သူ့အား ပြုံး၍ မေးနေသည်။

"ဘာတွေ မဟုတ်တာလဲ"

"ကနေ့ မင်းအဖို့တော့ ပျော်စရာကောင်းတဲ့ နေ့ပေါ့၊ ဒါပေမဲ့"

သူ၏ စူးရှသော မျက်လုံးအစုံသည် စုစုအား တချက် စိုက်ကြည့်လိုက်ပြီး၊

"သူ့အဖို့ကတော့ ကံဆိုးတဲ့ နေ့ဘဲ"

"ဟား....ဟား....ဟား"

မမဝမ်သည် ချိုလွင်စွာ ရယ်မောလိုက်လေတော့သည်။

သူမသည် စုစုအား၊

"သူက မမရဲ့ မိတ်ဆွေပါ၊ မမက သူ့ကို 'ဆရာကိုး'လို့ ခေါ်ပါတယ်၊သူ့ကို ဖြုံးကနဲ မြင်တွေ့လိုက်ရင်တော့ ကြောက်ရွံ့သွားလိမ့်မယ်၊ ဒါပေမယ့် သူနဲ့ ကြာကြာ ဆက်ဆံလာတဲ့အခါ 'ဆရာကိုး'ဟာ အလွန် ပျော်တတ်တဲ့ လူ တယောက် ဆိုတာ သိလာမှာပါ"

"ဟင်....ဒီလူကို ဆက်ဆံဖို့ မပြောနဲ့ စကား ပြောဖို့တောင် ကြောက်တယ်"

စုစုက မပြောဖြစ်ပါ။ ရင်ထဲက ထွက်ပေါ်လာသော စကားများသာ ဖြစ်ပါသည်။

ညနေဆည်းဆာ၏ ရောင်ခြည်သည် ပြတင်းပေါက်မှ ထိုးဝင်လာပြီ ဖြစ်သည်။





စုစုသည် ခုတင်ပေါ်တွင် လဲလျောင်းကာ အနားယူနေ၏။ စင်းစင်းမှာလည်း မမမေ နောက်သို့ လိုက်သွားပြီဖြစ်သည်။

အခန်း တခုလုံးတွင် စုစု တယောက်ထဲသာ ကျန်တော့သည်။

မမစမ် တယောက် အခန်းထဲသို့ ပြန်မရောက်သေးပါ။

အမှန်မှာ မမဝမ်၏ လုပ်ငန်းသည် ယခုမှ စတင်လာခြင်း ဖြစ်လေတော့သည်။

●

**မမဝမ်၏ ပင်ကိုယ်ရုပ်သွင်**

ည၊

မှောင်စပြုလာပြီဖြစ်သည်။

ခြံဝင်းထဲမှ အဆောင်များသည် အဆောင်တိုင်းမှ မီးများ ထိန်ထိန်လင်းနေသည်။

မိန်းကလေးများ၏ ရယ်မောသံများ၊ ယောကျ်ားများ၏ ပြောဆိုသံများ၊ သွားလာ လှုပ်ရှားသော အသံဗလံများသည် နေ့ဘက်၌ တိတ်ဆိတ်နေသော မမဝမ်၏ ခြံဝင်းသည် ယခု ဆူဆူညံညံဖြင့် အလွန်စည်ကားနေလေတော့သည်။

စုစုသည် မှေးကနဲ အိပ်ပျော်ရာက နိုးလာသောအခါ အခန်းထဲ၌ မီးအိမ်များ ထွန်းထားသည်ကို တွေ့လိုက်ရလေတော့သည်။

သူမသည် ခုတင်ပေါ်မှ ဆင်းလိုက်ပြီး ပြတင်းပေါက်အား ဖွင့်ကြည့်လိုက်သည်။

မြို့ဝင်းတခုလုံးသည် ညော့သည်များ သွားလာ လှုပ်ရှားပြီး စည်စည်ကားကား ဖြစ်နေသည်ကို တွေ့ရသောအခါ အံ့သြသွားလေတော့သည်။

ထိုအချိန်မှာပင် အခန်းတံခါး တွန်းဖွင့်သံ ကြား၍ လှည့်ကြည့်လိုက်ရာ မမဝမ်သည်ပြုံး၍ အခန်းဝတွင် ရပ်နေသည်ကို တွေ့လိုက်ရသည်။

မမဝမ်သည် သူမထံသို့ လျှောက်လာပြီး လက်နှစ်ဖြင့် ပခုံးအား အသာအယာ ကိုင်ထားလိုက်ပြီး၊

"ညီမက ဘာတွေ တွေးနေတာလဲ ဟင်"

ဟု မေးလိုက်လေသည်။

"အော်...စင်းစင်း တယောက် မတွေ့လို့ စဉ်းစားနေတာပါ..."

မမဝမ်က ပြုံးလိုက်သည်။

"သူ့အတွက် မပူပါနဲ့၊ အခုလောက်ဆို အိပ်ပျော် သွားရောပေါ့"

စုစုသည် ပြတင်းပေါက် အပြင်ဘက်သို့ တချက်လှမ်းကြည့်လိုက်ပြီး၊

"ကနေ့ည ညော့သည်တွေ များလှချည်လား"

မမဝမ်က ပခုံးတချက် တွန့်လိုက်ပြီး၊

"မများပါဘူး နှစ်ဆယ်လောက်ဘဲ ရှိပါတယ်"





"ညော့သည် နှစ်ဆယ် ဟုတ်လား၊ ခါတိုင်းလဲ ညော့သည် ရှိတယ် ဟုတ်လား"

"ဟုတ်တာပေါ့၊ ညော့သည်မလာရင် မမတို့ ဘာနဲ့ထမင်းစားရမှာလဲ"

စုစုက မျက်မှောင် ကုတ်သွားသည်။ မမဝမ်၏ စကားကို နားမရှင်းပါ။

"ညော့သည်က ငွေလာ ပေးတယ် ဟုတ်လား"

"သိပ် ဟုတ်တာပေါ့၊ မမဝမ်ဆီလာတဲ့ ညော့သည်မှန်သမျှ ငွေပေးရတာချည်းဘဲ"

မမဝမ်သည် ပြောရင်း စုစု၏ပခုံးအား အသာအယာ ဆုပ်ကိုင်လိုက်ပြီး၊

"ကဲ...ညဉ့်နက်ပါပြီ အိပ်ကြပါစို့"

စုစုက မျက်မှောင် ကုတ်သွားသည်။

"ကျမ ဒီမှာ အိပ်ရမယ် ဟုတ်လား"

"ဟုတ်တယ်လေ မမနဲ့တူတူ အိပ်ရမှာပေါ့"

စုစုက ခေါင်းခါယမ်းလိုက်သည်။

"ကျမ တခြားလူနဲ့ အတူတူ မအိပ်တတ်ဘူးရှင့်"

"အို...ဒီ အခန်း ထဲမှာ ခုတင်တလုံးဘဲ ရှိတယ်၊ အတူတူ မအိပ်ရင် ဘယ်မှာ အိပ်မှာလဲ"

မမဝမ်သည် ပြောပြီး စုစုအား သိုင်းဖက် လိုက်လေတော့သည်။

မည်သို့ကြောင့် မသိ၊

စုစု၏ တကိုယ်လုံးသည် ပူထူလာလေတော့သည်။

လွင်စာပေ
အမှတ် ၁၃၈၊ ၆လမ်း

"ကျမ....ကျမ၊ ကြမ်းပေါ်မှာဘဲအိပ်"

သူမသည် အသက်ရှူ ကြပ်လာသဖြင့် မမဝမ်အား တွန်းဖယ်လိုက်သည်။

သူမ၏လက်သည် အမှတ်မထင် မမဝမ်၏ ရင်ပတ်သို့ တွန်းမိသွားသည်။

သူမသည် စကားဆက်မပြောနိုင်တော့ဘဲ နောက်သို့ ကပျာကယာ ဆုတ်သွားပြီး မမဝမ်အား အံ့အားသင့်စွာဖြင့် ငေး၍ကြည့်နေ၏။

သူမသည် လက်ဖြင့်တွန်းလိုက်သောအခါ မမဝမ်၏ ရင်ပတ်သည် တပြေးတည်းဖြစ်နေသည်ကို တွေ့ရှိသဖြင့်၊

"ရှင်....ရှင်.... မိန်းမလား ယောကျာ်းလား"

တုန်တုန်ရီရီဖြင့် မေးလိုက်လေသည်။

မမဝမ်က ပြုံးလိုက်သည်။

"ညီမက မသိသေးဘူးလား"

"ရှင်....ရှင်....ယောကျာ်းဘဲ"

မမဝမ်သည် ကောက်ကျစ် စဉ်းလဲစွာ ပြုံးလိုက်ပြီး၊

"ကဲ ညီမ သိထားရင် ပိုကောင်းတာပေါ့၊ဟဲ....ဟဲ....ဟဲ"

စုစုသည် အခန်း တံခါးရှိရာသို့ ပြေးသွားသည်။

သို့သော် အလွန်လျင်သောမမဝမ်သည် လမ်းကိုပိတ်ဆို့ထားလိုက်လေသည်။

"နင် မသွားရဘူး"

စုစုသည် အသံ ကျယ်လောင်စွာ ဖြင့်၊





"ကျမက ရှင့်ကို ရောင်းစားတာမှ မဟုတ်ဘဲ၊ ဘာဖြစ်လို့ မသွားရမှာလဲ"

မမဝမ်က မဲ့ပြုံး ပြုံးလိုက်ပြီး၊

"နင့်ကို ငါငွေနဲ့ ဝယ်ထားတယ် ဆိုတာ နင် နားလည်ထားစမ်းပါ"

စုစုက ကြောင်အအ ဖြစ်သွားသည်။

"ဘယ်လို ကျမကို ငွေနဲ့ ဝယ်ထားတယ် ဟုတ်လား ဘယ်မှာလဲငွေ"

မမဝမ်က ပြုံးလိုက်သည်။

"ငွေဟုတ်လား ကိုကြီးချိုကို(ခုနှစ်ရာ) ပေးလိုက် ပြီလေ"

စုစုသည် ဒေါသ ထွက်လွန်း၍ မျက်နှာ တခုလုံး ဖြူဖတ်ဖြူလျော် ဖြစ်လာလေတော့သည်။

"သူက ဘာကောင်မို့ ကျမကို ရောင်းရတာလဲ"

မမဝမ်က ရယ်မောလိုက်သည်။

"နင်တို့ ဒီမြို့ကို ခြေချလိုက်တဲ့ အချိန်ကစပြီး သူတို့က နင်တို့ကို လိမ်ရောင်း စားဖို့ ကြံစည် နေကြတယ်ဆိုတာ နင်တို့ နည်းနည်းမှ မရိပ်မိ ဘဲကိုး၊ ဟဲ ဟဲ ဟဲ မမဖြင့် အံ့သြလို့ မဆုံးဘူး"

"သူတို့ ဆိုတာ ဘယ်သူတွေလဲ"

"သူတို့ဆိုတာ သံလက်သီး အမာရွတ်၊ အဝတ်တစုံ မုတ်ဆိတ်နဲ့ ကိုကြီးချိုဆိုတဲ့ လူတွေပေါ့"

စုစုသည် ပါးစပ် ပိတ်ထားလိုက်လေတော့သည်။

မိမိသည် အလွန် ဉာဏ်ကောင်းသည်ဟု ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့သည်။

ယခုမှာမူ၊

လူများရောင်းစားလိုက်သည်ကိုပင် လုံးဝ မသိလိုက်ရသဖြင့် ရင်နာမိလေသည်။

မမဝမ်က ပြုံးလိုက်ပြီး၊

"ကဲလေ၊ ဒါတွေ ထားလိုက်ပါလေ၊ နင်က ငါ့ စကား နားထောင်ရင် နင့်ကို ငါ ဩ့သည် မကြို ခိုင်းတော့ဘူး ဟုတ်လား"

စုစုသည် မျက်မှောင် ကုပ်သွားသည်။

"ဩ့သည်၊ ဩ့သည် ကြိုတယ်ဆိုတာ ဘာသဘောလဲ"

မမဝမ်သည် သဘောကျစွာ ရယ်မောလိုက်ပြီး၊

"နင်လေ ကလေးကျနေတာပဲ၊ ဩ့သည် ကြိုတယ်ဆိုတာ တောင် နားမလည်ပါလား၊ အေးလေ မမက ဖြေးဖြေးနားလည် အောင် သင်ပေးမှာပေါ့"

သူမသည် ပြောရင်း စုစုထံသို့ ချဉ်းကပ် လာပြန်လေတော့ သည်။

"ရပ်လိုက်"

စုစုသည် ဒေါသ ချောင်းချောင်း ထွက်လာလေတော့သည်။

သူမသည် သိုင်းကွက်တခု ဟန်ပြင်လိုက်ပြီး အော်လိုက်သည်။

မမဝမ်၏ မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ ခုန်တက်သွား သည်။

"အမယ်၊ ညီမက သိုင်းလဲ တတ်တာကိုး"

စုစုသည် မဲ့ပြုံး ပြုံးလိုက်ပြီး၊

---

အရှက်ဦးစာပေ



"ကျမကို မိန်းမသားဆိုပြီး စော်ကားမယ် မကြံနဲ့၊ သေ သွားမယ်"

မမဝမ်သည် ခြေလှမ်းရပ်တန့်မသွားပါ။ ဆက်၍ ချဉ်းကပ် လာရင်း၊

"ဟဲ....ဟဲ....ဟဲ၊ ညီမကလဲ ဒေါသကြီးတဲ့"

စုစုသည် မနေသာတော့ပါ။ သူမ သင်ကြားခဲ့သော သိုင်း ပညာရပ်များသည် ဤနေရာတွင် အသုံးချရမည် ဖြစ်သည်။

ထို့ကြောင့်၊

"ယား"

သူမသည် ယင်းသို့ ညာသံပေးပြီး မမဝမ်အား ခုန်၍ တိုက် ခိုက်လိုက်လေတော့သည်။

"ဝုန်း...."

ဖင်ထိုင်ကျသွားသည်။

မမဝမ်မဟုတ်ပါ။ သူမသာဖင်ထိုင်ကျသွားခြင်းဖြစ်ပါသည်။

စုစုသည် ကိုယ့်ကိုယ် မယုံနိုင်အောင် ဖြစ်လာသည်။

သူမ၏ အိမ်တော်တွင် သိုင်းဆရာ များစွာရှိသည်။ မည်သူမှ သူမအား မနိုင်ခဲ့ပါ။

ယခု သူမသည် မိန်းမရှာ မမဝမ်နှင့် တွေ့လိုက်ရသောအခါ မမဝမ်က မည်သို့ လုပ်လိုက်မှန်းပင် မသွေ့လိုက်ရဘဲ ဖင်ထိုင် ကျသွားခြင်းမှာ အံ့သြစရာ ကောင်းနေ၏။

သူမသည် စိတ်ခာတ်မကျသေးပါ။

သူမ၏ အကောင်းဆုံး သိုင်းကွက်ဖြင့် တိုက်ခိုက်ရန် လူးလိမ့် ထလာပြန်သည်။

---

မမဝမ်မှာမူ သူမအား အေးဆေးစွာ ကြည့်နေ၏။

"ယား...."

ဤတကြိမ် စုစု၏ ညာသံသည် ပို၍ ကျယ်လောင်လာသည်။

သူမ၏ ခန္ဓာကိုယ်သည် လေထဲသို့ ခုန်တက်ပြီး သူမ၏ ခြေထောက် နှစ်ချောင်းသည် လေထဲမှာပင် မမဝမ်၏ ရင်ဝသို့ နှစ်ဆင့်ဖြင့် ကန်ထည့်လိုက်သည်။

မမဝမ်သည် မဲ့ပြုံး ပြုံးလိုက်ပြီး သူ၏ ဖြူဖွေးသော လက်ချောင်းကလေးများသည် လျှပ်တပြက် စုစု၏ ခြေနှစ်ဘက်အား ဖမ်းဆုပ်လိုက်ပြီး အပေါ်သို့ မြှောက်လိုက်ရာ....၊

"ဝုန်း...."

စုစု၏ ခန္ဓာကိုယ်သည် လွင့်ထွက်သွားပြီး နံရံနှင့် ဆောင့်ပြီး ကြမ်းပေါ်သို့ ကျသွား ကာ သတိမေ့သွားလေတော့သည်။

●

## သူမအား မည်သူက ကယ်တင်လိုက်သနည်း

စုစု သတိရလာသောအခါ တကိုယ်လုံးသည် နာကျင်သော ဝေဒနာများ ခံစားလိုက်ရလေသည်။

သူမ လဲလျောင်းသော နေရာသည် မွေးကြိုင်ပြီး ပျော့အိသော ခုတင်ပေါ် မဟုတ်တော့ပါ။





အေးစက်၍ မာကျောသော ကျောက် တုံးကြီး ပေါ်၌ လဲလျောင်းနေခြင်း ဖြစ်သည်။

နံရံပေါ်တွင် မီးတုတ် တခု စိုက်ထားသည်။

မီးတောက်များသည် ငြိမ်းလုဆဲဆဲဖြစ်၍ မီးရောင်များသည် စိမ်းဖန့်ဖန့် ဖြစ်နေ၏။

နံရံများသည် ကျောက်တုံးများဖြင့် တည်ဆောက်ထားသည်။ သူမသည် တံခါးရှာကြည့်သည်။ တံခါးမတွေ့ရပါ။ သေးငယ်သော ပြတင်းပေါက် တခုသာ တွေ့ရသည်။

ယင်း ပြတင်းပေါက်သည် မြေပေါ်နှင့် လူ နှစ်ရပ်ခန့် မြင့်နေသည်။

စုစုသည် ပြတင်းပေါက်အထိ ခုန်နိုင်မည် မဟုတ်မှန်း သိသည်။ သို့သော် သူမသည် ကြိုးစားကြည့်လိုက်သေးသည်။

သူမသည် ခုန်ကြည့်သည်၊ မရောက်ပါ။

ကျောက်တုံး ကြားသို့ လက်ဖြင့် ကုတ်ကာ ကပ်ကပ်သပ်သပ် တက်ကြည့်သည်။

"စုံး"

သူမသည် လိမ့်ကျလာသည်။ ထပ်မံကြိုးစားသည်။ ထပ်မံ လိမ့်ကျသည်။

သူမသည် အံကို သွေးထွက်မတတ် ကိုက်ထားသည်။ ဆက်၍ ကြိုးစားသည်။

သူမသည် မျက်ရည်များ ကျမလာပါ။

လူတယောက်သည် သွေးထွက်လာသောအခါ မျက်ရည် ကျမည် မဟုတ်တော့ပါ။

သူမသည် လက်ချောင်းထိပ်များမှာလည်း သွေးများ ထွက်နေ၏။

သူမသည် ဂရုမစိုက်ပါ၊ စိတ်မပျက်ပါ၊ ထက်တလဲလဲ ကြိုးစားနေသည်။

ထိုစဉ်မှာပင် ပြတင်းပေါက်မှ ကြိုးတချောင်း ချလာသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။

တစုံတယောက်က သူမအား ကယ်တင်နေသည်။

မည်သူနည်း၊

အဘယ်ကြောင့် သူမအား ကယ်တင်ရသနည်း၊

သူမ စဉ်းစားချိန် မရပါ၊ သူမသည် ကြိုးအား လက်နှစ်ဘက်ဖြင့် ဆွဲထားပြီး နံရံအား ခြေထောက်ဖြင့် ထောက်ကာ အပေါ်သို့ တက်သွားသည်။

သူမ၏ သေးသွယ်သော ခန္ဓာကိုယ်သည် ချောမောစွာဖြင့် ပြတင်းပေါက်မှ လျှိုထွက်နိုင်ခဲ့သည်။

သူမသည် ဝန်းကျင်ကို တချက် ကြည့်လိုက်သည်။ တစုံတယောက်မှ မတွေ့ရပါ။

ပြတင်းပေါက်မှ ချလာသော ကြိုး၏ တဘက်သည် သစ်ပင်တပင်၌ ချည်နှောင်ထားသည်ကို တွေ့ရလေသည်။

သူမသည် ကြိုးအား တွဲလောင်းခို၍သစ်ပင်ရှိရာသို့ ကူးသွားပြီး၊ သစ်ပင်ပေါ်မှ တဆင့် မြေပေါ်သို့ ဆင်းလိုက်သည်။

ဝန်းကျင် တခုလုံးသည် မှောင်အတိ ကျနေသည်။

သူမသည် မည်သည့်ဘက်က ထွက်ပြေးရမှန်း ဝေခွဲ၍မရပါ။





သူမရှေ့ တည့်တည့်တွင် ပန်းရုံများသည် လူတရပ်ခန့် မြင့်သည်ကို တွေ့ရသဖြင့် သူမသည် ပန်းရုံဘက်သို့ပြေးသွားသည်။ ပန်းရုံကြားမှ တိုးထွက်လာသောအခါ သူမ၏ ခြေလှမ်းသည် ရုတ်တရက် ရပ်တန့်သွားသည်။

အဆောင်တခုမှ မီးရောင်များ ဖြာထွက်လာသည်။ ချိုလွင်သော မမဝမ် အသံသည် လွင်လွင်ကလေးထွက်ပေါ်လာသည်။

အဆောင်၏ တံခါး ပွင့်သွားပြီး လူတယောက် ထွက်လာသည်။

စုစုသည် ရင်ထိတ်သွားသည်။

နောက်ဆုတ်ရမည်လော၊ သို့မဟုတ် ထိုအဆောင်၏ နောက်ဘက်မှ ပတ်သွားရမည်လော။

သူမသည် ဤသို့ ချီတုံချတုံ ဖြစ်နေချိန်မှာပင် သူမ၏ မျက်လုံး အစုံသည် ထိုလူအား တွေ့လိုက်ရသည်နှင့် ပြူးကျယ်သွားပြီး အသက်ရှုခြင်းပင် ရပ်တန့်သွားသည်ဟု ထင်လိုက်ရလေသည်။

သူမသည် ဝမ်းသာလွန်း၍ လွတ်ကနဲ အော်မိမတတ် ဖြစ်သွားသည်။

ဤကဲ့သို့ နေရာမျိုး၊ ဤကဲ့သို့ အချိန်မျိုးတွင် သူမ၏ ဖခင်အား တွေ့ရလိမ့်မည်ဟု သူမ အိပ်မက်ပင် မမက်ခဲ့ပါ။

သို့သော်၊

သူမ အော်၍ မခေါ်မိပါချေ။

\+ + +

အကြောင်းမှာ၊

သူမ၏ ဖခင်နောက်မှ လူနှစ်ယောက် ထွက်လာနေသော ကြောင့် ဖြစ်ပါသည်။

ထိုလူ နှစ်ယောက်မှာ တယောက်က အသက်ကြီးပြီး၊ တယောက်က လူငယ်ဖြစ်သည်။ အသက်ကြီးသော လူမှာ အရပ်ပုပုဝဝ၊ မျက်နှာ ဝိုင်းဝိုင်း၊ ထိပ်ပြောင်ပြောင် ဖြစ်သည်။

သူ၏ ခါးတွင် ချိတ်ထားသော ဓားသည် သူ့ အရပ်ထက် ရှည်မည်ဟု ထင်ရလေသည်။

အသက်ငယ်ရွယ်သူသည် ပို၍ ရယ်ဘွယ်ရာ ကောင်းသည်။

မျက်နှာဝိုင်းဝိုင်း၊ ဝဝ၊ တုတ်တုတ်၊ မျက်လုံးအစုံသည် ခပ်ကျဥ်းကျဥ်းဖြင့် သူ့ အား တွေ့လိုက်သည်နှင့် 'ဝက်' တကောင် အား ချက်ခြင်း သတိရလာတတ်လေသည်။

စုစုသည် ထိုအသက်ကြီးသူအား သိကျွမ်းသည်။

ထိုလူသည် သူမ ဖခင်၏ အရင်းနှီးဆုံး သူငယ်ချင်း၊ အထူး အာဏာရ မြို့စား 'ယန်စန်းရယ်' ပင် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် သူနှင့် ပါလာသော လူငယ်သည်မည်သူနည်း၊

"အင်.... ယန်စန်းရယ်ရဲ့သား ယန်းဝှာများ ဖြစ်နေမည် လား"

စုစုသည် ရင်ထဲ၌ ကြိတ်၍ တွေးနေ၏။

သူမသည် တွေးရင်း တွေးရင်း ဒေါသ ထွက်လာသည်။

"ဖေဖေကလဲ သမီးကို ဒီလို ဝက်နဲ့တူတဲ့ လူနဲ့မှ ဘာလုပ် ပေးစား ချင်ရတာလဲ"

သူမသည် ဖခင်ထံသို့ ပြေးပြီးတွေ့ရန်ပင် စိတ်မရှိတော့ပါ။





ထိုစဉ် မမဝမ်၏ ချိုလွင်သော အသံက ထွက်ပေါ်လာပြန် သည်။

"မြို့စားကြီးကလဲ လောလိုက်တာ၊ ဒီမှာဘဲ ညအိပ်ရော ပေါ့"

မြို့စားကြီး စုပေသည် ခေါင်းခါ၍ ပြုံးလိုက်သည်။

"မဖြစ်ဘူး၊ ကျုပ်က လူတယောက် လိုက်ရှာ နေတာပါ၊ ဒါပေမယ့် ဒီနေရာကို ရောက်လာမှာ မဟုတ်ပါဘူး၊ ဒါကြောင့် အချိန်ရှိတုန်း တခြားနေရာ သွားရှာရအုံးမယ်".

သူသည် ပြောရင်း သက်ပြင်းတချက် ချလိုက်သည်။

"ကျုပ်လဲ သူ့ကို ဘယ်နေရာ လိုက်ရှာရမှန်း မသိဘူး၊ ဒါ ပေမယ့် သူ့ကိုတော့ မြေလှန်ပြီး တွေ့အောင် ရှာရမှာဘဲ"

ပန်းရုံထဲ၌ ပုန်းနေသော စုစုသည် သူမ ဖခင်၏ စကား ကြားလိုက်ရသော အခါ လည်ချောင်းတွင် ဆို့နစ်သွားသည်။

လောကပေါ်မှ သူမ၏ ဖခင်သာလျှင် သူမအား အချစ် ဆုံးဟု သူမ သဘောပေါက် လာလေသည်။

သူမသည် သူမ၏ဖခင်နှင့် တွေ့ရန် ပြေးထွက်မည်အပြုတွင် သူမ၏ လှမ်းနေသော ခြေလှမ်းသည် ရုတ်တရက် ရပ်တန့် သွား ပြန်သည်။

အကြောင်းမှာ သူမ တွေဝေ နေစဉ် မှာပင် မြို့စားစုပေတို့ သုံးယောက်သည် ခြံဝင်းထဲမှ ထွက်သွားပြီး မမဝမ်က တံခါး ပိတ်တားလိုက်သည်ကို တွေ့လိုက်ရ သောကြောင့် ဖြစ်ပါသည်။

## ကျမကတိပေးပါတယ်

စုစုသည် မည်မျှ ကြာသည်အထိ ငိုင်နေသည်မသိ။

သူမနောက်မှ ချိုလွင်သော အသံတခု ကြားလိုက်မှ သူမသည် ထိတ်လန့်ကာ သတိပြုမိလေတော့သည်။

"ပြန်သွားပါစုစု၊ ဧည့်သည်တွေလဲ ပြန်ကုန်ကြပါပြီ၊ မမဝမ်က ညီမကို စောင့်နေတယ်"

မမဝမ်ဟူသောအသံ ကြားလိုက်သည်နှင့် စုစုသည် ခန္ဓာကိုယ်တချက် တုန်လှုပ်သွားသည်။

သူမသည် ချာကနဲ လှည့်ကြည့်လိုက်သည်။

မမမေသည် သူမအား ပြုံးစိစိဖြင့် ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

"ကျမ မပြန်ဘူး"

စုစုသည် မသိမသာ နောက်သို့ ဆုတ်လိုက်သည်။

"ဘယ်ဖြစ်မလဲ စုစုရယ်၊ ဘာလဲ မမက ညီမကို ပွေ့ချီပြီး ပို့ရမှာလား"

"တောင်းပန်ပါတယ် မမမေရယ်....၊ ကျမ သွားပါရစေ၊ ကျမကို သနားပါအုံး"

စုစုသည် တောင်းပန်၍ နေသည်။

မမမေက ခေါင်းခါယမ်းလိုက်သည်။





"ဒီနေရာကို ရောက်လာတဲ့ လူတွေဟာ ဘယ်သူမှ ပြန်ထွက်သွားလို့ မရဘူး"

ထိုစဉ် သူမနောက်မှ အသံတခု ထွက်လာသည်။

"ဟဲ....ဟဲ၊ ညီမက သွားချင်ရင် ကျုပ် ကူညီနိုင်တယ်"

သူမနောက်သို့ လှည့်ကြည့်လိုက်ရာ၊

ဆရာကိုးသည် မည်သည့်အချိန်က ရောက် လာ မှန်း မသိ။ မလှုပ်မယှက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

စုစုက ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

"ဟုတ်လား၊ ရှင်က ဘယ်လိုကူညီမှာလဲ"

"ကျုပ်ကို ကတိတခု ပေးရင် ညီမသွားချင်တဲ့ နေရာကို သွားနိုင်စေရမယ်"

"ဘယ်လို ကတိလဲ"

"ကျုပ်ကို လက်ထပ်ပါ့မယ်လို့"

"ဟား....ဟား....ဟား"

မမမေက အားရပါးရ ရယ်မောလိုက်ပြီး၊

"ဆရာကိုးက ရယ်စရာ ပြောနေပြန်ပါပြီ"

ဆရာကိုးက အေးတိအေးစက်ဖြင့်၊

"ကျုပ်က ရယ်စရာပြောနေတာ မဟုတ်ဘူး"

မမမေသည် ဆက်၍ မရယ်နိုင်တော့ပါ။

"ဆရာကိုးက သဘောတူလဲ ကျမက သဘောမတူနိုင်ဘူး"

ဆရာကိုးသည် မလှုပ်မယှက်ဖြင့်၊

"ဒါဖြင့် ကျုပ်က မင်းကို သတ်ပစ်ရမှာပေါ့"

မမမေ၏ မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။

"ဒါပေမယ့် မမဝမ်က လက်ပိုက် ကြည့်နေမလား"

စုစုသည် မမဝမ်၏ နှာမည်ကြားလိုက်သည်နှင့် တကိုယ်လုံး တုန်ခါသွားပြန်သည်။

သူမသည် အံကို တင်းတင်းကြိတ်လိုက်ပြီး၊

"ကျ ...ကျမ ကတိပေးပါတယ်"

ဟု ဖျစ်ညှစ်ပြီး ပြောချလိုက်လေတော့သည်။

× + ×

မမမေ မြေပေါ်သို့ လဲကျသွားသောအခါ ဆရာကိုးလည်း ပျောက်ကွယ်သွားသည်။

စုစုသည် ခြံတံခါးရှိရာသို့ ပြေးသွားသည်။

ကံကောင်း ထောက်မ၍လား မသိ၊ တံခါးသည် စေ့ရုံသာ စေ့ထားသည်မို့ တွန်းဖွင့်လိုက်သည်နှင့် ပွင့်သွားသည်။

စုစုသည် တအား ပြေးထွက်သွားသည်။

ယခု သူမသည် ဘာကိုမှ မတွေးပါ၊ ဘာကိုမှ မကြည့်ပါ။

ရှေ့ကိုသာ မရပ်မနား ပြေးလွှား သွားနေလေတော့သည်။

× × ×

ညဉ့်နက်လှပြီ ဖြစ်သည်။

ဝန်းကျင်တခုလုံးသည် မှောင်အတိကျနေ၏။

သူမသည် မည်သည့် အရာမှ မမြင်ရပါ။

သို့သော် သူမက ရပ်တန့်လိုက်လျှင် ၄-ဘက် ၄-တန်တွင် ဆရာကိုး၏ သွေးမရှိသော မျက်နှာအား တွေ့လိုက်ရသည့် အလား မြင်ယောင်မိလာလေသည်။

ထို့ကြောင့် သူမသည် မရပ်မနားဘဲ ပြေးလွှားနေသည်။





သူမသည် လမ်းမသိပါ၊ အရပ် ၄-မျက်နှာလည်း မမှတ်မိပါ။

ရှေ့ကိုသာ တူရူပြေးနေရသည်။

သူမသည် ခြေကုန်လက်ပန်းကျသည်အထိ ပြေးနေရပေအုံးမည် မဟုတ်ပါလော။

× × ×

သူမသည် မဟန်နိုင်တော့ပါ။

မြေပေါ်သို့ မှောက်ရက်စွာ ပစ်လဲကျသွားသည်။

သူမလဲကျသွားသော နေရာသည် အုတ်ဂူတခုရှိသည်။

အုတ်ဂူပေါ်တွင် လူတယောက်သည် မည်သည့် အချိန်က ထိုင်နေသည် မသိ၊ သူမအား စေ့စေ့ကြည့်လိုက်ပြီး၊

"ညီမ ရောက်လာပြီလား၊ အကို စောင့်နေတယ်လေ"

ဆရာကိုး၏ အသံပင် ဖြစ်ပါသည်။

စုစုသည် ရင်ထိတ်သွားသည်။

"ရှင်....ရှင်က ကျမကို စောင့်နေတယ် ဟုတ်လား၊ ဘာဖြစ်လို့ စောင့်နေတာလဲ"

"အကိုက စကားတခွန်း မေးချင်လို့ပါ"

"ဘာ ဘာစကားလဲ"

"ညီမက အကိုနဲ့ ဘယ်တော့ လက်ထပ်မှာလဲဆိုတာလေ"

စုစုသည် အသံကျယ်လောင်စွာဖြင့်....

"ဘယ်သူက ရှင့်ကို လက်ထပ်မယ် ပြောလို့လဲ"

"ညီမကိုယ်တိုင် ပြောခဲ့တာလေ မမှတ်မိတော့ဘူးလား"

"ကျမ မပြောဘူး၊ ကျမ ရှင့်ကို လက်မထပ်နိုင်ဘူး"

စုစုသည် ဤသို့ ဗူးရှစ္စာ အော်ဟစ်ပြီး လူးလိမ့်ထခါ ဆက်၍ ပြေးသွားပြန်လေတော့သည်။

သူမသည် အတန်ဝေးဝေးသို့ ပြေးသွားပြီးမှ ပြန်လှည့်ကြည့်ဝံ့သည်။

ဆရာကိုး လိုက်လာသည်ကို မတွေ့ရသဖြင့်၊ သူမသည် စိတ်အေးသွားသည်။

သူမ၏ ခန္ဓာကိုယ်သည် လုံးဝ မဟန်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျကာ တဘက် ဆင်ခြေလျှော ကုန်းနိမ့်ဘက်သို့ လိမ့်ကျသွားလေတော့သည်။

သူမ လိမ့်ကျသွားသော နေရာသည် ကြီးမားသော တွင်းတခုဖြစ်သည်။ တွင်းက သိပ်မနက်၍ တော်သေးသည်။

ဤတွင်းကြီးသည် တိရစ္ဆာန်ပုန်းအောင်းနေသော တွင်းတခု ဖြစ်နေသည်လော၊

သို့မဟုတ် မြွေဆိုးများ၏ တွင်းပေလော၊ မြွေတွင်းဖြစ်စေ၊ တောရိုင်းတိရစ္ဆာန်များ၏ တွင်းပင် ဖြစ်ပါစေ၊ ဆရာကိုးထက်ပင် ကြောက်ဘွယ်ရာ ကောင်းလိမ့်မည်ဟု သူမ မထင်တော့ပါ။

ဆရာကိုးသည် ဝံပုလွေထက် ကောက်ကျစ်ပြီး မြွေဆိုးထက်ပင် ကြောက်မက်ဘွယ်ရာကောင်းသည် မဟုတ်ပါလော။

သူမသည် ဆရာကိုး လိုက်မလာပါစေနှင့်ဟုသာ ဆုတောင်းနေရလေတော့သည်။

●





## လူ့ဘဝဟူသည်

စုစုသည် ဆုတောင်းပြည့်သွား၍လားမသိ၊

အတန်ကြာသွားသည့်တိုင်အောင် ဆရာကိုး၏အရိပ်အယောင်သည် ပေါ်လာခြင်း မရှိတော့ပါ။

ကောင်းကင်မှ ကြယ်ကလေးများသည် တဖြည်းဖြည်း ကျိုးတိုးကျဲတဲ ဖြစ်နေ၏။

တညတာသည် ကုန်လွန်တော့မည် ဖြစ်ပါလေသည်။

စုစုသည် သက်ပြင်းရှည် တချက် ချလိုက်သည်။

သူမသည် တကိုယ်လုံး ခွန်အား ကုန်ခမ်းသွားသည်ဟု ခံစားလိုက်ရလေသည်။

ကနေ့တနေ့၊

ဤတနေ့သည် သူမ ယခင်တုံးက ကျော်လွန်လာခဲ့သော ဆယ်နှစ်ထက်ပင် ရှည်လျားနေသည်ဟု သူမ ခံစားလိုက်ရလေသည်။

သူမသည် ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းများ ခံစားခဲ့ရသည်။

ဤသည် လူ့ဘဝပင်လော။

လူတယောက်သည် ဤကဲ့သို့ ဒုက္ခဆင်းရဲ ခံရမည်လော။

သူမသည် သံသယ ဖြစ်လာသည်။ နားမလည်နိုင်ပါသည်။

လူ့ဘဝသည် ဒုက္ခ သုခတို့ဖြင့် ရောယှက် တည်ဆောက်ထားသည်ဟု သူမ နားမလည်နိုင်ပါ။

လူတယောက်သည် ဒုက္ခဆင်းရဲ၏ဒဏ်အား ခံနိုင်ရည်ရှိရမည်။ ခံနိုင်ရည်ရှိခြင်း၏ အဓိပ္ပာယ်တမျိုးပါ။

ရှန်းကန် ကြိုးစားခြင်းပင် ဖြစ်သည် မဟုတ်ပါလော။

လူ့ဘဝသည် ဒုက္ခဆင်းရဲခြင်းမှ ရှင်သန်လာရခြင်းဖြစ်သည် မဟုတ်ပါလော။

× × ×

ကြယ်ကလေးများသည် ပို၍ နည်းပါးသွားသည်။

အရှေ့ဘက်တွင် အနီရောင်များ သန်းစပြုလာလေသည်။

စုစုသည် ကိုယ့်ကိုယ်ကို များစွာ ရင့်ကျက် လာသည်ကို သတိပြုမိသည်။ ဆင်းရဲဒုက္ခ၏ ဒဏ်ကိုလည်း ခံနိုင်ရည်ရှိသည်ဟုလည်း ကိုယ့်ကိုယ်ကို အံ့ဩမိနေ၏။

သူမသည် ကလေးငယ် တယောက် မဟုတ်တော့ပါ။ အရွယ်ရောက်နေသော မိန်းမ တယောက် ဖြစ်ပါပြီ မဟုတ်ပါလော။ ဟုတ်ပါ၏။ သူမသည် မိန်းမတယောက် ဖြစ်သည်။ လောကပေါ်မှ မရှိမဖြစ်သော မိန်းမတယောက် ဖြစ်နေသည် မဟုတ်ပါလော။

သူမသည် နှစ်ပေါင်း ဆယ့်ရှစ်နှစ် အသက်ရှင်သန်လာသည်။ ကနေ့မှ သူမသည် ကိုယ့်ကိုယ်ကို တန်ဖိုးရှိရှိ တွေးခေါ်လာတတ်လေတော့သည်။

ဤလောကတွင် ဖြစ်ပျက်ခဲ့သော ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ သုခ၊ ဒုက္ခ အဖုံဖုံတို့သည် သူမလည်း ပါဝင်နေပြီ မဟုတ်ပါလော။

× ÷ ×





## မြင်းလှည်းသမားအဖိုးအို

အရုဏ်ဦး၏ ရောင်ခြည်သည် တစထက်တစ ပေါ်ထွက်လာပြီဖြစ်သည်။

စုစုသည် မျက်ခွံများ လေးလံလွန်း၍ ဖွင့်မရပါ။

သူမသည် အလွန်ပင် ပင်ပန်းနွမ်းနယ်ပြီး ဖြစ်နေ၏။ သူမသည် ဤနေရာတွင် အိပ်၍ မဖြစ်မှန်း သိသည်။

သို့သော် သူမ၏ မျက်လုံးများသည် မည်သို့မှ ဖွင့်မရပါ။

ရုတ်တရက် မြင်းဟီသံနှင့် ဘီးလိမ့်သံများ ကြားလိုက်ရသည်။ သူမသည် ခေါင်း ပြူကြည့်လိုက်သည်။

နို့နှစ်ရောင် နံနက်၏ နှင်းမှုံများသည် တလူးလူးဖြင့် မြေပေါ်မှ တက်လာပြီး လွင့်ပျံသွားသည်။

နှင်းမှုံကြားမှ မြင်းလှည်းတစီးသည် သူမထံသို့ ဦးတည်လာနေသည်ကို တွေ့လိုက်ရလေသည်။

မြင်းလှည်းမောင်းသူ အဖိုးအိုသည် တေးသံများပင် ညီးဆိုနေသေးသည်။ သူမသည် ကပျာကယာ တွင်းမှ ထွက်လာသည်။

လမ်းမပေါ်သို့ ပြေးတက်လာကာ လက်နှစ်ဘက် မြှောက်၍ လှုပ်ရှားပြီး ဟန့်တားလိုက်လေသည်။

"အို....ကျွတ်....ကျွတ်....ကျွတ်"

အဖိုးအိုသည် မြင်းအား ဆွဲ၍ ရပ်လိုက်လေသည်။

"ဘဘ၊ ကျမ လိုက်ပါရစေ"

စုံစုံက တောင်းပန်၍ ပြောဆိုလိုက်သည်။
အဖိုးအိုသည် စုံစုံအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး၊
“ကလေးမက ဘယ်သွားမလို့လဲ”
ဟု ဖြေးညှင်းစွာ မေးလိုက်လေသည်။
“ဘယ်သွားမလို့လဲ”
ဤစကားကြောင့် စုစုသည် ရုတ်တရက် ကြက်သေသေ ဖြစ်သွားသည်။
ဟုတ်ပါ၏။
သူမသည် မည်သည့်နေရာသို့ သွားမည်နည်း။ အိမ်ပြန်မည်လော။
မဖြစ်ပါ။ ဤပုံအတိုင်းသာ အိမ်ပြန်ပါက ဖခင်က အပြစ်မယူသည့် တိုင်အောင် လူအများက ဝိုင်း၍ ကဲ့ရဲ့ရှုတ်ချမည် မဟုတ်ပါလော။ ထို့ပြင် စင်းစင်းသည်လည်း ပျောက်နေသည်။
စင်းစင်းဟူ၍ သူမသည် စင်းစင်းအား သတိရလာလေသည်။
စင်းစင်းသည် မည်သည့်နေရာ ရောက်နေပါလိမ့်။
စုစုသည် လမ်းဘေး၌ရပ်ကာ မည်သို့ ပြန်ပြောရမှန်း မသိဘဲ ငေးမောနေ၏။
အဖိုးအိုသည် သူမအား ထပ်မံ အကဲခတ် ကြည့်ပြန်သည်။
“အင်.... တန်တော့ ကလေးမက သူခိုးလူဆိုးနဲ့ တွေ့လာတယ်နဲ့တူတယ်”
စုစုက ခေါင်းညိတ်လိုက်သည်။ သူမ တွေ့ခဲ့ရသော လူများသည် သူခိုးလူဆိုး များထက်ပင် ကြောက်မက်ဖွယ်ရာ ကောင်းသည် မဟုတ်ပါလော။





အဖိုးအိုသည် သက်ပြင်းတချက် ချလိုက်ပြီး၊
“မိန်းကလေး တယောက်ထဲ ဘာလုပ် လမ်းထွက်လာရတာလဲကွယ်၊ လမ်းမှာ မသမာသူတွေဟာ အများကြီး၊ ကဲလေ လှည်းပေါ်တက်ပါ၊ ကျုပ်အိမ် ပြန်ပို့ပေးပါမယ်”
စုစုသည် ခေါင်းငုံ့သွားသည်။
“ကျ....ကျမ အိမ်က သိပ်ဝေးပါတယ် ဘဘ”
“ဘယ်လောက် ဝေးလို့လဲ”
“ကျန်းနန်ပါ”
စုစုက လိမ်ပြောလိုက်ခြင်း ဖြစ်သည်။
အဖိုးအိုသည် ပခုံးတချက် တွန့်လိုက်သည်။
“အင်....ဒါလောက် ဝေးတော့လဲ ကျုပ်ပို့လို့ မဖြစ်ဘူး”
စုစုသည်မျက်တောင် တချက် ခတ်လိုက်ပြီး၊
“ဘဘက ဘယ်သွားမလို့လဲ”
အဖိုးအို၏ ပါးရေ တွန့်နေသော မျက်နှာတွင် ပြုံးယောင် သမ်းလာသည်။
“ကျုပ်ရဲ့ ဆွေမျိုးတယောက် ကနေ့ မင်္ဂလာ လက်ထပ်ပွဲ ရှိတာနဲ့ ခရီးသည် မတင်ဘဲ သွားမလို့ပါ”
စုစုသည် အနည်းငယ် စဉ်းစားလိုက်ပြီး၊
“ဒါဖြင့် ဒီလိုပါ ဘဘရယ်၊ ဘဘသွားတဲ့ နေရာကို ကျမ လိုက်မယ်၊ ဟို....ရောက်တော့မှ ထပ်ပြီး ကြံဖန်မယ်လေ”
အဖိုးအိုက ခေါင်းညိတ်လိုက်သည်။
“ကောင်းပြီလေ၊ ဒါဖြင့် တက်ခဲ့ပါ၊ ဘဘက အလကား ပို့ပေးပါမယ်”

စုစုသည် ဝမ်းသာသွားသည်။ လောကပေါ်မှာ လူကောင်းရှိပါသေးသည်ဟုလည်း မှတ်ချက်ချလိုက် လေတော့သည်။

× × ×

မြင်းလှည်းသည် အတန်ကြာ သွားနေသည်။

စုစုသည် ပခက်တွင် အိပ်နေရ သကဲ့သို့ တလှုပ်လှုပ်ဖြင့် အိပ်ပျော်သွားသည်။

အဖိုးအိုသည် တေးသီချင်းများ ညည်းလျက်နေ၏။

စုစုသည် တဖြည်းဖြည်း အိပ်ပျော်သွားရာမှ လန့်နိုးလာလေသည်။

"ဒိုင်း....ဒိုင်း....ဒိုင်း"

မီးအိုးများ ဖောက်သော အသံများ ဖြစ်သည်။

သူမသည် အိပ်ရာနိုးလာသောအခါ မြင်းလှည်းရပ်တန့်ပြီး အဖိုးအိုသည် သူမအား မြင်းလှည်း ပြတင်းပေါက်မှ ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

အဖိုးအိုသည် စုစုနိုးလာသည်ကို တွေ့လိုက်ရသောအခါ ပြုံးလိုက်ပြီး၊

"ကဲ.... ဘဘတော့ အမျိုးအိမ် ရောက်နေပြီ၊ ကလေးမ ဆင်းပါတော့"

စုစုသည် မျက်လုံးများပွတ်ကာ ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။

သူမ၏ မြင်ကွင်းသည် မကြီးမငယ်သော တိုက်အိမ်တလုံး ဖြစ်သည်။

တိုက်အိမ်ရှေ့တွင်စပါးများနေလှန်းရန်ကွက်လပ်တခုရှိသည်။





အိမ်၏ ပတ်ပတ်လည်တွင် ဂျုံများ စိုက်ထားသော လယ်ယာများ ဖြစ်နေသည်။

ဂျုံစေ့များသည် မှည့်နေပြီ ဖြစ်ရာ၊

နေရောင်ခြည်အောက်ဝယ် ရွှေဝါရောင် သမ်းနေလေသည်။

အိမ်ရှေ့တွင် အနီရောင် စက္ကူများ ကပ်ထားသည်။

လူ ၁၄-၅-ယောက်သည် ရပ်၍ ကြည့်နေသည်။

ထိုလူများသည် အင်္ကျီများ သစ်သစ်လွင်လွင် ဝတ်ဆင်ထားသည်။

သူတို့၏ မျက်နှာများသည် ဝမ်းသာပီတိ ဖြစ်နေသော အရိပ်အယောင်များ ပေါ်လွင်နေ၏။

စုစုသည် မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဘဘ"

သူမသည် ခေါင်းကလေး ငုံ့ကာ ပြောလိုက်သည်။ သူမသည် ထိုမြင်ကွင်းကြောင့် အိမ်ကို လွမ်းဆွတ် သတိရလာခြင်း ဖြစ်သည်။

အဖိုးအိုသည် သူမအား ဂရုဏာ သက်စွာဖြင့် ကြည့်လိုက်ပြီး၊

"မိန်းကလေးက ဘယ်ကို ဆက်သွားချင်တာလဲ"

စုစု၏ ခေါင်းသည် ပို၍ နိမ့်စွာ ငုံ့သွားသည်။

"ကျမ သွားစရာ ရှိပါတယ်၊ ကျမအတွက် မပူပါနဲ့ရှင်"

အဖိုးအိုသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"ကဲ....ဒီလိုလုပ်၊ မိန်းကလေးက အရေးကြီးတဲ့ ကိစ္စရှိရင် ဒီမင်္ဂလာ ပွဲမှာဘဲ စားသောက်သွားပါအုံး ဟုတ်လား"

ထိုအချိန်မှာပင်လူတယောက်သည် သူတို့ထံချဉ်းကပ်လာပြီး၊

"ဟုတ်သားဘဲ၊ ကြုံကြိုက်တုံး ဘယ်လိုဖြစ်ဖြစ် ဝင်ရမှာဘဲဗျာ"

တခြားတယောက်လည်း ရောက်လာပြန်သည်။

"ဟုတ်တယ်၊ ဒို့မှာ ဧည့်သည် နည်းနေတာနဲ့ အတော်ဘဲ၊ အမလေးက ဝင်ပါအုံးဗျာ၊ သတို့သား ကိုယ်စား ကျနော် ဖိတ်ပါရစေ"

သူတို့သည် ဤသို့ ပြောဆို နေစဉ်မှာပင် အမျိုးသမီး သုံးလေး ယောက်သည် သူတို့ထံ လျှောက်လာပြန်သည်။

အမျိုးသမီး နှစ်ယောက်သည် စုစု၏လက်အား ဆွဲကာ....

"ကြွပါရှင်....ကြွပါ၊ ကျမတို့ ကျေးရွာမှာ အခုလို မြို့က ညီမလေးကို ဖိတ်ခေါ်ခွင့် ကြုံတာကို ဂုဏ်ယူပါတယ်ရှင်"

စုစုသည် ရင်ထဲ၌ ထွေးထွေးနွေးနွေး ဖြစ်လာသည်။

"အို....အားနာစရာကြီး"

ဟု နှုတ်မှ ပြောနေသော်လည်း သူမ၏ ခြေထောက်သည် ရွာသူရွာသားများ ဆွဲခေါ်ရာသို့ ပါသွားလေတော့သည်။

သူမသည် အိမ်ခန်းထဲသို့ ရောက်ရှိလာသောအခါ၊

"ဒိုင်း....ဒိုင်း....ဒိုင်း....ဒိုင်း"

အပြင်ဘက်၌ မီးအိုး ဖောက်သံများသည် ဆူညံစွာ ပေါ် ထွက်လာပြန်လေတော့သည်။





## သတို့သမီး မည်သူနည်း

အခန်းတွင် အနီရောင် ဖယောင်းတိုင် မီးများသည် အခန်းတခုလုံးအား အနီရောင် အလင်းများ ဟပ်နေ၏။

လေးထောင့် စားပွဲ နှစ်ခုပေါ်တွင် ကြက်သား၊ ဘဲသား၊ ဝက်သားများ၊ ငါးများ စသည် ဟင်းလျာများသည် ပန်းကန်ကြီးငယ်များဖြင့် ပြည့်လျက်နေ၏။

ဧည့်သည်များသည် စားပွဲနှစ်ခုတွင် ဝိုင်းဖွဲ့ထိုင်နေကြသည်။

စုစုသည် အမျိုးသမီး တစုက အမျိုးသမီးချည်း ဝိုင်းနေသော စားပွဲ တခုသို့ ဆွဲခေါ်သွားကာ နေရာထိုင်ခင်း ပေးလိုက်လေသည်။

အဖိုးအိုသည် သူမနှင့်ကပ်လျက်ရှိသောစာပွဲတွင် ထိုင်နေ၏။

အခန်းမှ ဧည့်သည်များသည် သူမအား စူးစူးစမ်းစမ်း ကြည့်နေကြသဖြင့် သူမသည် မျက်နှာပင် ပူထူလာသည်။

"ဟင်....ကျမ လာတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် မင်္ဂလာလက်ဖွဲ့တောင် မပေးနိုင်လို့ အားနာစရာကြီး"

သူမသည် အဖိုးအိုအား အသံတိုးတိုးဖြင့် ပြောလိုက်သည်။

"အို....ကိစ္စမရှိပါဘူး၊ ဒီမင်္ဂလာပွဲဟာ ကမန်းကတန်း လုပ်လိုက်ရလို့ ဘယ်သူကမှ လက်ဖွဲ့ပစ္စည်းများ ပါမလာကြပါဘူး"

"နေပါအုံး၊ ရွာသူရွာသားများက မင်္ဂလာဆောင် ကိစ္စနဲ့ ပတ်သက်လာရင် အချိန်ကြာကြာ စုဆောင်း စီစဉ်နေကြတယ်လို့ ပြောတယ်"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီမင်္ဂလာပွဲဟာ ထူးခြားတဲ့ မင်္ဂလာပွဲ တခုမို့ အခုလို ကမန်းကတန်း စီစဉ်ရတာပါ"

"ဘယ်လို ထူးခြားနေလို့လဲ"

"သတို့သားကလဲထူးခြားတယ်၊သတို့သမီးကလဲ ထူးခြားတဲ့ ပုဂ္ဂိုလ်မို့ပါ"

စုစုက မျက်မှောင် ကုတ်သွားသည်။

"နေပါအုံး သတို့သားနဲ့ သတို့သမီးလဲ မတွေ့ပါလား"

အဖိုးအိုက ပြုံးလိုက်ပြီး၊

"သတို့သား ထွက်လာပါတော့မယ်လေ"

သူ၏ စကားမဆုံးမီ စုစုသည် အခန်းထဲမှ သစ်လွင်သော ဘိနပ် စီးထားသော ခြေထောက်များ ထွက်လာသည်ကို တွေ့လိုက်ရလေတော့သည်။

\+ \+ \+

သတို့သား ထွက်လာပြီ ဖြစ်သည်။

သို့သော် သတို့သားသည် မည်သို့သော ရုပ်သွင် ရှိပါသနည်း။

သူမသည် ခေါင်းမော့ ကြည့်လိုသော ဆန္ဒက ပြင်းပြသည်။

သူမသည် လူစိမ်းတယောက် ဖြစ်သည်ဟု သတိရပြီး မော့မကြည့်ဖြစ်ပါ။

သို့သော် သတို့သား၏ခြေထောက်သည် သူမထံသို့ လျှောက်လာပြီးနောက် ရပ်တန့်သွားသည်ကို တွေ့လိုက်ရသည်။

သူမသည် အံ့အားသင့်သွားသည်။

အရှက်ဦးစာပေ



ထိုစဉ်မှာပင် အခန်းတခုလုံးသည် လက်ခုပ်သံများ ဆူညံသွားသည်။

"သတို့သမီးက တော်တော်လှတယ်"

စုစုသည် သတို့သား၏ ခြေထောက်သာ တွေ့ရသဖြင့် သူမ၏ မျက်လုံးအစုံသည် သတို့သမီး၏ ခြေထောက်အား ဝေ့၍ ရှာကြည့်သည်။

ထူးခြားသည်မှာ သတို့သမီး၏ ခြေထောက်အား မတွေ့ရပါ။

"ဘာ သတို့သမီးကော"

သူမသည် အဖိုးအို၏ အင်္ကျီစကိုဆွဲကာ မေးလိုက်သည်။

အဖိုးအိုသည် ရယ်မောလိုက်သည်။

"သတို့သမီးက မိန်းကလေးဘဲပေါ့ဟာ"

ဟု တလုံးချင်း ပြောချလိုက်လေတော့သည်။

\+ \+

စုစုသည် ရယ်မောမိသည်။

အဖိုးအိုက ရယ်စရာ ပြောတယ်ဟု စိတ်ထဲ၌ ထင်မိသည်။

သို့သော် ယခုကဲ့သို့ အချိန်မျိုးတွင် ဤကဲ့သို့ ကျီဆယ် ပြောဆိုသည်မှာ မသင့်ဟု သူမ ယူဆမိပြန်သည်။

သူမသည် မနေနိုင်တော့ပါ။ ခေါင်းမော့၍ ကြည့်လိုက်သည်။ သူမ ခေါင်းမော့ ကြည့်လိုက်သည်နှင့် သူမ၏ တကိုယ်လုံးသည် သွေးများခဲသွားသည်ဟု ထင်ရလောက်အောင် ကြက်သေသေ ဖြစ်သွားလေတော့သည်။

သူမ၏ နှလုံးသည် တဒိတ်ဒိတ် ခုန်လာလေသည်။

အရှက်ဦးစာပေ

"ဆရာကိုး"

သတို့သားသည် ဆရာကိုးပင် ဖြစ်နေချေပြီ။

စုစု၏ တကိုယ်လုံးသည် ပျော့ခွေသွားသည်။ သူမ၏ ခန္ဓာကိုယ်သည် ကုလားထိုင်ပေါ်မှ မြေပေါ်သို့ ရှောကနဲ ကျသွားလေတော့သည်။

သူမသည် မြေပေါ်၌ ထိုင်ကာ မျက်လုံးပြူးကြည့်နေသည်မှအပ ငိုလည်း မငိုနိုင်ပါ။ စကားလဲ မပြောနိုင်ဘဲ ကြောင်တောင်တောင် ဖြစ်နေလေတော့သည်။

ဆရာကိုးသည် သူမအား ငြိမ်သက်စွာ ကြည့်လိုက်ပြီး၊

"ကျုပ်က ညီမကို ဘယ်တော့ လက်ထပ်မလဲ မေးတယ်၊ ညီမက ရက်ချိန်းမပေးနိုင်လို့ ကျုပ်ကဘဲ နေ့ကောင်း ရက်သာ ရွေးလိုက်ရတယ်လေ"

စုစုသည် သူ့အား ကြောင်၍သာ ကြည့်နေသည်။ စကားတလုံးမှ မပြောနိုင်ပါ။

ဆရာကိုးသည် စကားဆက်လိုက်သည်။

"ဒီတခါ ကျုပ်တို့ လက်ထပ်တာဟာ လူကြီးစုံရာ ရှေ့မှာ လက်ထပ်တယ်ဆိုတော့ ဘယ်သူကမှ ကန့်ကွက်မှာ မဟုတ်ဘူး၊ ညီမက ဘာပြောချင်သေးသလဲ"

စုစုသည် မည်သို့မှ ပြန်ပြောနိုင်စွမ်း မရှိပါ။

ဆရာကိုးသည် ထိုလူများအား ခေါ်ယူပြီး သူမအား ထောင်ချောက်ဆင်၍ မျှားခေါ်လာသည်ဟု သူမ နားလည် လိုက်လေသည်။





သူမသည် ကန့်ကွက် ပြောဆိုချင်သော်လည်း စကားလုံးများသည် လည်ချောင်းထဲ၌ တစ်ဆို့နေသည်။

ထိုစဉ် လူတယောက်၏ အသံ ထွက်ပေါ်လာသည်။

"ဒီမင်္ဂလာပွဲကို ဘယ်သူမှ မကန့်ကွက်ပေမယ့် ကျုပ်က ပြောစရာ ရှိသေးတယ်"

စကားပြောသူသည် ဝဝပုပုရှိသော လူငယ်တယောက် ဖြစ်သည်။ သူ၏ မျက်လုံးအစုံသည် အလွန်ကျဉ်းသည်။

နဖူးကျယ်ပြီး မျက်ခုံးမွေး အစုံသည် အခြား လူထက် တဆပို၍ ထူထပ်သည်။

သူ၏ ပါးစပ်သည် အလွန်ကျယ်သည်။ သို့သော် သူ၏ ဦးခေါင်းမှာ ပို၍ ကြီးသည်။

သူ၏ ရုပ်သွင်သည် ထူးထူးဆန်းဆန်း နိုင်လှပေသည်။

သူသည် အေးဆေးစွာဖြင့် စားပွဲတခုတွင် ထိုင်နေသည်။

လက်ထဲမှာလည်း အရက်ခွက်ကိုင်ထားသည်။

အခန်းတွင်းမှ လူများသည် သူ့အား တအံ့တသြ ကြည့်နေကြသည်။

ထိုလူသည် မည်သည့်အချိန်က အခန်းထဲသို့ ရောက်နေမှန်း မည်သူမှ မသိလိုက်ရပါချေ။

ဆရာကိုးသည် သူ့ထံသို့ လှည့်ကြည့်လိုက်သည်။

"ခင်ဗျားက ပြောစရာရှိတယ် ဟုတ်လား"

ထိုလူငယ်သည် သက်ပြင်းတချက် ချလိုက်သည်။

"ကျုပ်ကတော့ မပြောချင်ပါဘူး၊ ဒါပေမယ့် မပြောလို့ မဖြစ်လို့ပါ"

"ဒါဖြင့် ပြောပါ"

"ဒီမင်္ဂလာပွဲမှာ အားလုံး မှန်ကန်ပါတယ်၊ တရားလဲဝင်ပါတယ်၊ ဒါပေမယ့် တခုတဲ မမှန်ဘူး"

"ဘယ်ဟာ မမှန်တာလဲဗျ"

"သူက သတို့သမီး ဆိုရင် ခင်ဗျားက သတို့သား မဟုတ်ရဘူးဗျ"

"ကျုပ်က သတို့သား မဟုတ်ရဘူးဆိုရင် ဘယ်သူက သတို့သားလဲ"

လူငယ်သည် သူ၏ နှာခေါင်းအား လက်ညှိုးဖြင့် ညွှန်ပြလိုက်ပြီး၊

"ကျုပ်ဘဲ ဖြစ်သင့်တာပေါ့ဗျာ"

## သတို့သားက မည်သူနည်း

စုစုသည် ကြောင်တောင်တောင် ဖြစ်နေရာမှ ထိုစကားကြားလိုက်ရသောအခါ ရင်ထဲတွင် တချက် လှုပ်ရှားသွားသည်။

သတိလည်း ပြန်ရလာသည်။ သူမသည် စကား ပြောဆိုနေသော လူငယ်အား ကြည့်လိုက်သည်။

ထို ပုပု ဝဝ လူငယ်ကလည်း မျက်လုံးကျဉ်းကျဉ်းကလေးဖြင့် သူမအား ကြည့်နေသည်။





စုစုသည် ထိုလူငယ်အား မသိပါ။ သို့သော် တွေ့ဘူး မြင်ဘူးသည်ဟု စိတ်ထဲ၌ ထင်မိလာသည်။

"မင်းက ဘယ်သူလဲ"

ဆရာကိုး၏ အသံသည် အေးစက်လွန်းလှသည်။ လူငယ်သည် ပြုံးလိုက်ပြီး၊

"ကျုပ် နာမည်က ယန်းဝှာပါ"

ယန်းဝှာ၊ ဤနာမည် ကြားလိုက်ရသည်နှင့် စုစုသည် ရင်ထိတ်သွားသည်။ သူမသည် ထိုလူငယ်အား သတိရလာလေတော့သည်။

တနေ့ညက မမဝမ် အိမ်၌ သူ့ဖခင်နှင့် အတူပါလာသည်ကို တွေ့ခဲ့ရသော သူသည် ဤလူဖြစ်သည်။

မြို့စားကြီး ယန်းစန်းရယ်၏ သားဖြစ်သည်။

သူမသည် ဖခင်က သူမအား ဤကဲ့သို့ ဝက်နှင့်တူသော လူငယ်အား ပေးစားရန် စီစဉ်ထားသဖြင့် အိမ်က ထွက်လာခြင်းဖြစ်သည်။

ယခု သူမ မတွေ့လိုသော ယန်းဝှာသည် အဘယ်ကြောင့် ဤနေရာတွင် တိုက်တိုက်ဆိုင်ဆိုင်လာရောက်ဆုံတွေ့ရပါသနည်း။

ဆရာကိုးသည် သူ့အား စေ့စေ့ ကြည့်နေသည်။ အတန်ကြာမှ သူသည် ပြုံးလိုက်သည်။

"မင်းက သတို့သား လုပ်ချင်လို့ လာတာကိုး"

ယန်းဝှာက အေးဆေးစွာဖြင့်၊

"ကျုပ်က သတို့သား လုပ်ချင်လို့ လာတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မလာရင် မဖြစ်လို့ပါ"

"မလာရင် မဖြစ်ဘူး ဟုတ်လား၊ ဘယ်သူက မင်း နောက်ကနေ ဓားနဲ့ ခြိမ်းခြောက်နေလို့လဲ"

ယန်းဝှာသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"လူတယောက်ဟာ ကိုယ့်မိန်းမကို တခြားလူက သတို့သမီးအဖြစ် လက်ထပ်နေတာကို လက်ပိုက်ကြည့်နေလို့ ဖြစ်ပါ့မလားဗျာ...."

ဆရာကိုးက မျက်မှောင် ကုတ်သွားသည်။

"ဘာလဲ သူက မင်းမိန်းမ ဟုတ်လား"

"အခုတော့ မဟုတ်သေးဘူးပေါ့၊ ဒါပေမယ့် ဘာထူးလို့လဲဗျ"

"ဒါတော့ ကျုပ်မသိဘူး၊ သူက ကျုပ်နဲ့ လက်ထပ်ပါ့မယ်လို့ ကတိပေးထားတာဘဲ သိတယ်"

"သူက ကတိပေးလဲ တရားမဝင်နိုင်ပါဘူး"

"ဘာဖြစ်လို့"

"သူ့အဖေက ကျုပ်နဲ့ လက်ထပ်ဖို့ ပြောပြီးပြီဗျ"

ဆရာကိုးသည် ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

× × ×

တခန်းလုံးတွင် တိတ်ဆိတ်၍ နေသည်။ ဧည့်သည်အားလုံး စုစုအပါအဝင် သူတို့၏ စကားစစ်ထိုးပွဲထံသို့ အာရုံရောက်နေကြသည်။

အတန်ကြာမှ ဆရာကိုးက သက်ပြင်းတချက် ချလိုက်သည်။

"အင်....မင်းကို သူနဲ့ လက်မထပ် နိုင်အောင် နည်းတခုဘဲ ရှိတယ်လို့ ကျုပ်ထင်တယ်ဗျ"





"ဘယ်လို နည်းလဲ"

"သေတဲ့လူ တယောက်ဟာ မိန်းမယူလို့ မရဘူးဟုတ်လား"

ယန်းဝှာသည် ရယ်မောလိုက်လေတော့သည်။

သူပြုံးလိုက်သောအခါ သိပ်ပြီး ရုပ်ဆိုးသည်ဟုပင် မထင်ရတော့သည်။

ယခု စုစုသည် ယန်းဝှာအား ဤအခန်းမှ အမြန်ဆုံး ထွက်ပြေးသွားရန်သာ ဆုတောင်းနေမိသည်။

ဆရာကိုး အကြောင်းသည် သူမ သိထားပြီး ဖြစ်သည်။ ဆရာကိုးသည် အလွန် ရက်စက် ကြမ်းကြုတ်သော လူတယောက်ဖြစ်သည်။ စုစုသည် ယန်းဝှာက မိမိကြောင့် မသေစေလိုပါ။ ဆရာကိုးသည် မလှုပ်မယှက် ရပ်နေသေးသည်။

ယန်းဝှာမှာမူ ရုတ်တရက် သူ၏အရက်ခွက်ဖြင့် နဖူးပေါ်သို့ တင်ထားလိုက်သည်။

"ချမ်း,..."

အရက်ခွက်ထဲသို့ တစုံတခု ကျသွားသော အသံဖြစ်သည်။

ဆရာကိုး၏ မျက်နှာသည် ကွက်ကနဲ ပျက် သွား သည်။ ယန်းဝှာသည် နဖူးပေါ်မှ အရက်ခွက်အား ဖြေးညှင်းစွာ ချလိုက်ပြီး အရက်ခွက်ထဲသို့ သေချာစွာ ကြည့်လိုက်သည်။

သူသည် ခေါင်းခါ ရမ်းလိုက်ပြီး သက်ပြင်းရှည် တချက် ချလိုက်သည်။

"အင်း....တော်တော် အဆိပ်ပြင်းတဲ့ လက်နက်ပါလားဗျို့"

စုစု၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

ဆရာကိုး ဆိုသူသည် လက်ပင် လှုပ်ရှားသည်ကို မတွေ့လိုက်

ရတဲ လက်နက်ပုန်းဖြင့် တိုက်ခိုက်နိုင်ခြင်းကို သူမ အံ့ဩမိသည်။

ပို၍ အံ့ဩသည်မှာ ထို ၀၀ တုတ်တုတ် ရှိသော လူငယ်က အရက်ခွက်နှင့် ဆရာကိုး၏ လက်နက်အား ခံထားနိုင်ခြင်း ဖြစ်သည်။

စုစုသည် ထို ၀၀ တုတ်တုတ် ကိုယ်ခန္ဓာရှိသော ယန်းဝှာသည် ဤမျှ သိုင်းပညာတော်လိမ့်မည်ဟု မယုံကြည်နိုင်အောင် ဖြစ်နေ၏။

သူမသည် ဤသို့ တွေးတောနေစဉ်မှာပင် ယန်းဝှာ၏ အသံအား ကြားလိုက်ပြန်သည်။

"ခင်ဗျားက ဘာဖြစ်လို့ ဒီလို အဆိပ်ပြင်းတဲ့ လက်နက်ပုန်းကို သုံးရတာလဲဗျာ၊ အဆိပ်ပြင်းတဲ့ လက်နက်ပုန်းကို အသုံးပြုတဲ့ လူဟာ ကိုယ့်ကိုယ်ကို အဆိပ်တွေသင့်ပြီး သက်တန်း တိုတတ်တယ်ဗျာ"

ဆရာကိုးသည် အတန်ကြာ ဆိတ်ငြိမ်နေရာမှ၊

"မင်းအရင်တုံးက ဒီလို လက်နက်ပုန်းမျိုး တွေ့ဘူးသလား"

ယန်းဝှာသည် ခေါင်းခါ ရမ်းလိုက်သည်။

"ဒီလို လက်နက်ပုန်းမျိုးကို ဒီတကြိမ် ကျုပ် ပထမဆုံး မြင်ဘူးတယ်"

"ငါ့ လက်နက်ပုန်းကို ဖမ်းနိုင်တဲ့ လူဟာ ခင်ဗျားက ပထမဆုံးလူဘဲ"

"အေး၊ ပထမဆုံး လူရှိလာရင် ဒုတိယလူ တတိယ လူတွေလဲ ရှိလာတော့မှာဘဲ၊ အဲဒီတော့ ခင်ဗျားက ဒီလို လက်နက်မျိုး မသုံးတာဘဲ ကောင်းတယ်"





"ခင်ဗျားက ဒီလို လက်နက်မျိုးကို တခါမှ မမြင်ဘူးဖူးဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါနဲ့ခင်ဗျားက လက်နက်ပုန်းကိုတော့ဖမ်းထားနိုင်တယ်"

"ကျုပ်က ဖမ်းမထားနိုင်ရင် ကျုပ် နဖူးမှာ အပေါက်ကလေး ဖြစ်သွားမှာပေါ့ဗျ"

ဆရာကိုးသည် သူ့အား အတန်ကြာ စေ့စေ့ ကြည့်လိုက်ပြီး သက်ပြင်းရှည်တချက် ချလိုက်သည်။

"ဒီလက်နက်ပုန်းကို မင်း ဘယ်နည်းနဲ့ ဖမ်းထားတယ်ဆိုတာ ပြောပြ နိုင်ပါ့မလား"

"မပြောနိုင်ဘူး"

"ဒါဖြင့် ဖမ်းထားတဲ့ လက်နက်ပုန်း ကျုပ်ကို ပြန်ပေးနိုင်ပါ့မလား"

"မပေးနိုင်ဘူး"

"ဒါဖြင့် ကျုပ်ထွက်သွားဖို့ကော ခွင့်ပြုမလား"

"မပြုနိုင်ဘူး"

သူသည် တချက်ပြုံးလိုက်ပြီး၊

"တခုတော့ ရှိတယ်၊ ခင်ဗျားက လေးဘက်ထောက်ပြီး ထွက်ချင်တယ် ဆိုရင်တော့ ကျုပ်က ခွင့်ပြုနိုင်တယ်"

ဆရာကိုးသည် စကားထပ်မံ မပြောတော့ပါ။

သူသည် မြေပေါ်သို့ လေးဘက်ထောက်ကာ အခန်းမှ ထွက်ခွာသွားလေတော့သည်။

●

## ကျေးဇူးတင်ပါတယ်ရှင်

စုစုသည် မလှုပ်မယှက်ဖြင့် ငေး၍ ကြည့်နေသည်။ အံ့ဩခြင်းမက အံ့ဩနေသော အကြည့်မျိုး ဖြစ်သည်။

မည်သူမဆို ဆရာကိုးအား တွေ့မြင်လိုက်ရပါမူ ဆရာကိုးဆိုသူသည် ရေခဲထက် အေးစက်သည်။ ကျောက်တုံးထက် မာကျောသည်။ မြေထက် ဆိုးသည်ဟု ထင်ကြမည်မှာ မလွဲပေ။

သူ၏ မျက်နှာသည် လူသေအလောင်းပမာဟန်မူရာ လုံးဝမရှိခဲ့ပါ။

သို့သော် သူသည် လူဝကလေးနှင့် တွေ့လိုက်ရသောအခါ သူ၏ မျက်နှာသည် ဟန်မူရာမျိုးစုံ ပေါ်ထွက်လာလေသည်။

ပြုံးလာသည်၊ မျက်နှာ ကွက်ကနဲ ပျက်သွားသည်။ နောက်ဆုံး မြေပေါ်၌ လေးဘက်ထောက်ပြီးပင် ထွက်သွားရသည်။ ဤလူဝကလေးသည် ပညာကတော့ မဆိုးသည်မှာ အမှန်ပင်။

စုစုသည် သူ့အား အံ့ဩစွာဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်၍ အကဲခတ် ကြည့်သည်။

မည်သို့ပင် ကြည့်ကြည့် လူဝကလေးသည် ဤမျှပညာတတ်လိမ့်မည်ဟု ယုံနိုင်ဘွယ် မရှိပါ။

အခန်းမှလူများသည် သူမကဲ့သို့ပင် မယုံကြည်စွာဖြင့် ကြည့်နေကြသည်။

ယန်းဝှာသည် ပြုံးလိုက်ပြန်သည်။



လှိုင်စာပေ
ဆက် ၁၃၀ ဖြထစီ



"ခင်ဗျားတို့ ဘာဖြစ်လို့ မထိုင်ကြတော့လဲဗျ၊ ထိုင်နိုင်တဲ့အခါမှာ ဘာလုပ် ရပ်နေကြတာလဲ၊ အဲ....ဟင်းတွေ ထမင်းတွေလဲ စုံစုံလင်လင်ရှိတုံး အားမနာတမ်း စားကြပါဗျာ"

အကယ်၍သာ ဆရာကိုးနှင့် အချင်းမဖြစ်ပွားမီက သူကဤသို့ပြောလျှင် မည်သူကမှ နားထောင်လိမ့်မည် မဟုတ်ပါ။

ယခု သူ၏ စကားသည် အမိန့်ပေးသကဲ့သို့ ဩဇာ ညောင်းလာသည်။

သူ၏စကား ဆုံးသွားသည်နှင့် အခန်းတခုလုံးတွင် မတ်ရပ်နေသောလူ တယောက်မှ မရှိတော့ပါချေ။

စုစုသည် မြေပေါ်မှ ထလာသည်။ သူမသည် စကားတခွန်းမှ မပြောဘဲ အခန်းဝသို့ လှမ်းထွက်သွားသည်။

ယန်းဝှာသည် သူမအား လှည့်ပင် မကြည့်ဘဲ၊

"ဆရာကိုးက သိပ်ဝေးဝေးသွားမှာ မဟုတ်သေးဘူး၊ အခုလိုက်သွားရင်တော့ လမ်းမှာ သူနဲ့ တွေ့နိုင်သေးတယ်"

ဟု ပြောလိုက်လေသည်။

စုစု လှမ်းနေသော ခြေလှမ်းသည် တုံ့ကနဲ ရပ်သွားသည်။

သူမသည် ချာကနဲ လှည့်ကာ လူဝကလေးအား ဒေါသကြီးစွာဖြင့် စိုက်ကြည့်လိုက်သည်။

ယန်းဝှာသည် သူမအား ကြည့်ပင် မကြည့်ပါ။ သူသည် အရက်ခွက်အား မြှောက်လိုက်ပြီး၊

"ကဲ....အားလုံးဘဲ အရက် သောက်ကြပါဗျား၊ အားမနာပါနဲ့...."

ဟု ပြောလိုက်ပြီး တချက် မော့လိုက်ရာ အရက်ခွက်ထဲမှ

အရက်များသည် တကျိုက်မော့ရုံနှင့် ကုန်ခမ်းသွားလေသည်။ စုစုသည် သူ့ထံသို့ လျှောက်သွားသည်။

"ရှင်က ကျမကို ကူညီရတယ်ဆိုပြီး မကြီးကျယ်စမ်းပါနဲ့"

ယန်းဝှာ၏ ထူထပ်သော မျက်ခုံးမွေး အစုံသည် နဖူးပေါ်သို့ တက်သွားသည်။

"ကျုပ်က ခင်ဗျားကို ကူညီတယ်ဆိုတာ ခင်ဗျားက အသိအမှတ် ပြုတယ် ဟုတ်လား"

စုစုသည် နှုတ်ခမ်းစူထားလိုက်ပြီး နှာခေါင်းရှုံ့မဲ့လိုက်ပြီး၊

"ဟင်"

"ဒါဖြင့် ခင်ဗျားက ကျုပ်ကို ကျေးဇူး တင်ရမှာပေါ့ ဟုတ်လား"

"ဒါက ရှင့်ဟာရှင် အကူအညီပေးတာဘဲ၊ ကျမက ဘာလို့ ကျေးဇူးတင်ရမှာလဲ"

ယန်းဝှာသည် ရယ်မောလိုက်သည်။

"ဟုတ်တယ်.... ဟုတ်တယ်၊ ကျုပ်က ထမင်းဝပြီး အလုပ်မရှိတဲ့ လူဆိုတော့ ကိစ္စမရှိပါဘူးလေ"

စုစုသည် နှုတ်ခမ်းကလေးကိုက်ကာ၊

"ဘာဘဲဖြစ်ဖြစ် ကျမက ရှင့်ကို ယူလိမ့်မယ်လို့ မမျှော်နဲ့"

ယန်းဝှာက သူမအား စေ့စေ့ကြည့်လိုက်ပြီး၊

"ခင်ဗျားက တကယ် ကျုပ်ကို မယူဘူး ဟုတ်လား"

"ဟုတ်တယ်၊ သိပ်ဟုတ်တယ်"

"ခင်ဗျား စိတ်ပြောင်းအုံးမှာလား"





"မယူဘူးဆို မယူဘူး၊ စကားတခွန်းဘဲ ပြောမယ်၊ စိတ်ပြောင်းစရာလဲ မလိုဘူး"

ယန်းဝှာသည် ရုတ်တရက် မတ်ရပ်လိုက်သည်။

သူသည် လေးလေးစားစားဖြင့် စုစုအား ဦးညွှတ်လိုက်ပြီး၊

"ကျေးဇူးကြီးလှပါတယ် ခင်ဗျား"

စုစုက ကြောင်အအ ဖြစ်သွားသည်။

"ရှင်က ဘာလို့ ကျမကို ကျေးဇူး တင်နေရတာလဲ"

"ခင်ဗျားကို ကျေးဇူးတင်လို့မပြီးသေးဘူး၊ ဘုရားသခင်လဲ ကျေးဇူးတင်ရအုံးမယ်"

"ရှင်က ဘာရောဂါတွေ ထနေတာလဲ"

"ကျုပ်က ဘာရောဂါမှ မရှိဘူး၊ အဲ....သံသယစိတ်ကလေး နည်းနည်းရှိနေတာတော့ အမှန်ဘဲ"

"ဘာတွေ သံသယ ဖြစ်နေတာလဲ ရှင်"

"ခင်ဗျားက ကျုပ်ကို ယူလိမ့်မယ်လို့ ကျုပ်က သံသယဖြစ်နေတယ်၊ ခင်ဗျားကို ယူရမှာလဲ အသေအလဲ ကြောက်နေတယ်၊ အခုတော့ ခင်ဗျား စကား ကြားလိုက်ရတော့ ကျုပ်က ကျေးဇူးတင်တယ်လို့ ပြောတာပါ"

"ရှင်....ရှင် ရူးနေသလား၊ ကျမက ရှင့်ကို ယူလိမ့်မယ် ထင်ရအောင်...."

"ကျုပ်က ရူးလဲမရူးဘူး . အဲ....ကြောက်လဲ မကြောက်တော့ဘူး၊ ခင်ဗျားကသာ ကျုပ်ကို မယူဘူးဆိုရင် ဘာမဆို ကျုပ်တို့ ဆွေးနွေးလို့ ရပါတယ်"

"အောင်မယ်၊ လာလာသေးတယ်၊ ရှင်နဲ့ ကျမနဲ့ ဘာများ ဆွေးနွေးစရာ ရှိသေးလို့လဲ"

"ရှိတာပေါ့ဗျ၊ ခင်ဗျား ဖခင်က ကျုပ်ကို အတင်း ပေးစားရင်ကော ဘယ့်နှယ်လုပ်မလဲ"

စုစုက အနည်းငယ် စဉ်းစားလိုက်ပြီး၊

"စိတ်ချ၊ ကျမ အိမ် မပြန်ဘူး"

"ဒါပေမယ့် တနေ့နေ့တော့ အိမ်ပြန်မှာဘဲ မဟုတ်လား"

"ကျမ အိမ်ထောင်ကျပြီးမှ ပြန်မယ်၊ ဘယ့်နှယ်လဲ"

"ဟ၊ သိပ်ကောင်းတာပေါ့ဗျာ၊ သိပ်ကောင်းတယ်"

သူသည် စကား ဆက်လိုက်ပြန်သည်။

"ခင်ဗျားက ဘယ်သူ့ကို ယူမလို့လဲ"

"ဒါ ရှင်နဲ့ မဆိုင်ပါဘူးရှင့်"

"ဟုတ်ပါတယ် မဆိုင်ပါဘူး၊ ဒါပေမယ့် တော်ကြာ ခင်ဗျားကို ဘယ်သူကမှ မယူမှာကို ကျုပ်က စိုးရိမ်နေလို့ပါ"

စုစုသည် ဒေါသချောင်းချောင်း ထွက်လာလေသည်။

"ဘာလဲ၊ ကျမကို ဘယ်သူမှ မယူဘူးလို့ ရှင်ထင်ရအောင် ကျမက ဒါလောက်ဘဲ ရုပ်ဆိုးနေလို့လား"

"ခင်ဗျား ရုပ်မဆိုးပါဘူး လှပါတယ်၊ ချောပါတယ်၊ ဒါပေမယ့် သူဌေးသမီးဆိုတော့ မာနကြီးတာ ဘယ်သူက သည်းခံနိုင်မှာလဲဗျာ"

စုစုသည် နှုတ်ခမ်းမဲ့ လိုက်သည်။

"သည်းခံနိုင်မယ့် လူတော့ ရှိမှာပေါ့၊ ရှင့်အပူ မဟုတ်ပါဘူး...."





"သည်းခံနိုင်မယ့်လူတော့ ရှိပါတယ်၊ ခင်ဗျားက မယူရဲမှာ စိုးရတယ်၊ ဥပမာ ဆရာကိုး"

ဆရာကိုးဟူသော အသံကို ကြားလိုက် ရသည်နှင့် စုစု၏ မျက်နှာသည် ဖြူဖတ်ဖြူလျော် ဖြစ်သွားလေတော့သည်။

\+ + +

ယန်းဝှာသည် အေးတိအေးစက်ဖြင့် စကားဆက်လိုက်သည်။

"အမှန် ပြောရရင် သူက ခင်ဗျားကို တကယ်လိုချင်တာ မဟုတ်ဘဲ အကြံအစည် တခုခုတော့ ရှိလိမ့်မယ်လို့ ကျုပ်ထင်တယ်"

"ဘာ အကြံအစည်လဲ သူက ဘာတွေ ကြံစည်မလို့လဲ"

ယန်းဝှာက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လဲ သေသေချာချာ မသိသေးဘူး၊ ကျုပ် စိုးရိမ်တာက အကြံအစည်လဲ အောင်ရော ခင်ဗျားကိုလဲ ပစ်သွားမှဖြင့် ကျုပ်က အချောင် နာမည်ပျက်နေအုံးမယ်"

စုစုသည် ဒေါသထွက်လွန်း၍ မျက်နှာတခုလုံး နီရဲနေလေသည်။

"စိတ်ချပါရှင်၊ ကျမက မယ်သီလရှင် ဝတ်ချင် ဝတ်သွားမယ်၊ ရှင့်ကိုတော့ ဘယ်နည်းနဲ့မှ မယူပါဘူးတဲ့ရှင်"

ယန်းဝှာက ခေါင်းခါယမ်းနေတုန်းပင်။

"ဘာဘဲဖြစ်ဖြစ်၊ ကျုပ် စိတ်မချနိုင်ဘူးဗျာ၊ လောကမှာ အပြောရခက်သား၊ အပြောင်းအလဲဟာ မြန်ကမြန်နဲ့"

စုစုက မဲ့ပြုံး ပြုံးလိုက်သည်။ ဒေါသထွက်လွန်းသော အပြုံး ဖြစ်သည်။

"ရှင့်ကိုယ်ရှင် ဘာများ ထင်နေသလဲ၊ ရုပ်ချောတဲ့ မင်းသားလေး ဟုတ်လား၊ ကျမကရှင့်ကို ယူရအောင် ဘာမက်စရာတကွက် ရှိလို့လဲ ပြောစမ်း"

ယန်းဝှာက အေးတိအေးစက်ပင်။

"ကျုပ်က မင်းသားလေးဘဲ ဖြစ်ဖြစ်၊ ရုပ်ဆိုးတဲ့လူဘဲ ဖြစ်ဖြစ်၊ အရေးမကြီးပါဘူးလေ၊ အကောင်းဆုံးကတော့ ခင်ဗျားယောကျ်ား တယောက်ယောက် ယူလိုက်မှ ကျုပ် စိတ်ချနိုင်မယ်ဗျ"

"ကောင်းပြီလေ၊ ကျမ ယောကျ်ား အမြန်ဆုံး ယူပါ့မယ်၊ ယူပြီးရင်လဲ ရှင့်ကို အမြန်ဆုံး အကြောင်း ကြားပါမယ်ရှင်"

သူမသည် ဤသို့ပြောပြီး ချာကနဲ လှည့်ထွက်ကာ သွားလေသည်။

"ခဏနေပါအုံး"

ယန်းဝှာက ဟန့်တားလိုက်သည်။

စုစုသည် ခြေလှမ်း ရပ်လိုက်သည်။

"ဘာဖြစ်လို့ နေရအုံးမှာလဲ ရှင်က စိတ်မချသေးဘူးလို့ ပြောချင်သေးလို့လား"

"ဟုတ်တယ်၊ ကျုပ်က စိတ်မချနိုင်သေးဘူးဗျာ၊ ခင်ဗျားက ယောကျ်ားမရခင် သေသွားရင်ကော ဘယ်နှယ့်လုပ်မလဲ"

စုစုသည် ဒေါသထွက်လွန်း၍ ရင်များပင် ပွင့်သွားမလားဟု ခံစားရသည်။

"ကျမဟာ ကျမ သေသေ ရှင် ရှင်....ရှင်နဲ့ ဘာဆိုင်လဲ...."

"ဆိုင်တာပေါ့ဗျာ၊ ခင်ဗျားကို ကျုပ်နဲ့ ပေးစားမယ်ဆိုတာ





လူသိရှင်ကြား ဖြစ်နေပြီ မဟုတ်လား၊ အဲဒီတော့ ခင်ဗျားမှာ အခက်အခဲရှိရင် ကျုပ် လက်ပိုက်ကြည့်လို့ မရဘူး၊ ခင်ဗျားက သေသွားရင် ကျုပ်မှာ တာဝန်ရှိလာမယ်၊ ကဲ....စဉ်းစားကြည့်စမ်း၊ ကျုပ်ဘယ်လို စိတ်ချနိုင်မှာလဲဗျ"

စုစုသည် မဲ့ပြုံး ပြုံးလိုက်သည်။

"စိတ်ချ ကျမ မသေရပါဘူး"

ယန်းဝှာသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"ဒါတော့ ဘယ်ပြောနိုင်မလဲ၊ အဲ-ခင်ဗျားကလဲ ယောကျ်ားရှာလို့ မရသေးဘူး၊ ခင်ဗျားအဖေက ခင်ဗျားကို တွေ့သွားလို့ ပြန်ခေါ်သွားရင် ကျုပ်ဘဲ ယူရမယ်မဟုတ်လား၊ အဲဒီတော့"

"ကဲပါရှင်၊ တိုတိုပြောစမ်းပါ၊ ရှင်စိတ်ချရအောင် ကျမ ဘာလုပ်ပေးရမလဲ"

"ကျုပ်မှာ နည်းလမ်းတခု စဉ်းစားမိတယ်"

"ပြောစမ်းပါ၊ ဘယ်လိုနည်းလမ်းလဲ"

"ဒီလိုပါ၊ ခင်ဗျားက ဘယ်သူ့ကို ယူချင်သလဲဆိုတာ ပြောပါ၊ ကျုပ်ကိုယ်တိုင် အဲဒီလူဆီ လိုက်ပို့ပေးမယ်၊ ခင်ဗျားက သူနဲ့ လက်ထပ်ပြီးတာနဲ့ ကျုပ်နဲ့ ဘယ်လိုမှ မပတ်သက်တော့လို့ ကျုပ် စိတ်ချရမှာဘဲဗျ"

စုစုက မဲ့ပြုံး ပြုံးလိုက်သည်။

"အင်း....ရှင်က တော်တော့်ကို စေ့စေ့စပ်စပ် ရှိနေပါလား"

"ဟဲ....ဟဲ....ဟဲ၊ အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်၊ အမှန်ပြောရရှင် တခြားကိစ္စဆိုရင် ကျုပ်က ဒါလောက်အရေး မထားပါဘူးဗျာ၊ ဒါပေမယ့်ဒီကိစ္စမျိုးတော့ သေချာမှ ဖြစ်မယ်၊

မိန်းမ အယူမှားရင် တသက်လုံး ဒုက္ခရောက်မယ်ဗျ''

စုစုသည် မဲ့ပြုံးပြုံး၍သာ ပြုံးနေသည်။ သူမသည် ဒေါသ ထွက်လွန်း၍ စကားပင် မပြောနိုင်တော့ပါ။

ယန်းဝှာသည် စုစု၏ဟန်မူရာအား အကဲမခတ်၍လားမသိ၊ သူ ပြောလိုသော စကားကိုသာ ဆက်၍ ပြောနေသည်။

''အဲဒီတော့ ခင်ဗျားက ဘယ်သူ့ကို ယူချင်သလဲ ဆိုတာ ပြောပါ၊ အားမနာပါနဲ့ ကျုပ်က ရောက်အောင် ပို့ပေးပါမယ်''

စုစုသည် နှုတ်ခမ်းအား တင်းတင်းကိုက်ထားလိုက်ပြီး၊

''ကျမက ချင်းကိုးကို ယူချင်ပါတယ် ရှင်''

ယန်းဝှာက မျက်မှောင် ကုတ်သွားသည်။

''ချင်းကိုး....ချင်းကိုး ဆိုတာ ဘယ်သူလဲ''

စုစုသည် မဲ့ပြုံးပြုံးလိုက်သည်။

''ပုဝါနီ သူရဲကောင်း ချင်းကိုး ဆိုတာ မကြားဘူးလား''

ယန်းဝှာက ခေါင်းခါ ရမ်းလိုက်သည်။

''ကျုပ် တခါမှ မကြားဘူးဘူး''

စုစုက ပြုံးလိုက်သည်။

''ရှင်က တောသားဘဲ ထမင်းစားတတ်တဲ့အပြင် ဘာများ သိသလဲ''

''ကျုပ်က အရက်လဲ သောက်တတ်သေးတယ်ဗျ''

သူသည် ပြောပြီး အရက်ခွက်အား မော့ချလိုက်ပြီး၊

''ကောင်းပြီလေ....ခင်ဗျားက ချင်းကိုးကို ယူချင်ရင် ကျုပ် လိုက်ရှာပေးမယ်၊ အဲ-သူက ခင်ဗျားကို မယူနိုင်ဘူးဆိုရင်ကော''

''ဒါက ကျမ အလုပ်ပါ ကျမ နားလည်ပါတယ်''





''ကောင်းပြီ ကျုပ်က ခင်ဗျားကို သူ့ဆီရောက်အောင် လိုက်ပို့မယ်၊ ဒါပေမယ့် စည်းကမ်းကလေး ၃-ချက်တော့ သဘောတူရမယ် ဘယ့်နှယ်လဲ''

''စည်းကမ်းချက် ၃-ချက် ဟုတ်လား''

''ဟုတ်တယ်''

''ပြောပါအုံး ရှင့်''

''ပထမ ဒို့နှစ်ယောက်ဟာ ကတိပေးကြရမယ်၊ ကျုပ်က ခင်ဗျားကို မယူဘူး၊ ခင်ဗျားကလဲ ကျုပ်ကို အတင်းမယူရဘူး''

''ကောင်းပါပြီတဲ့ရှင် သဘောတူပါတယ်''

''ဒုတိယ အချက်က ဒို့အတူတူ သွားကြပေမယ့် ခင်ဗျား ဖာသာ ခင်ဗျား သွားရမယ်၊ ကျုပ်ဖာသာကျုပ် သွားလိမ့်မယ် ခင်ဗျားက ဘာဘဲလုပ်လုပ် ကျုပ်က ဝင်မစွက်ဘူး၊ အဲ ကျုပ်က ဘာဘဲလုပ်လုပ် ခင်ဗျားကလဲ ဝင်မစွက်ရဘူး''

''သိပ် သဘောတူပါတယ်ရှင်''

''အဲ....တတိယအချက် နည်းနည်း အရေးကြီးတယ်''

''ပြောစမ်းပါရှင်''

''ခင်ဗျားက ကြိုက်တဲ့လူ တွေ့ရင် အချိန်မရွေး ယူနိုင်တယ် ကျုပ်ကလဲ ကြိုက်မယ့်လူ ရှိရင် ကျုပ်လဲယူမယ်၊ ဘယ်သူကမှ မနှောက်ယှက်ရဘူး''

စုစုက မဲ့ပြုံး ပြုံးလိုက်ပြီး၊

''ကောင်းပါပြီတဲ့ရှင်၊ ရှင့်ကိုလဲ အများကြီး ကျေးဇူးတင်ပါတယ်ရှင့်''

နွတ်ခမ်းစူတတ်သော စင်းစင်းတယောက်
ဘယ်ရောက်နေပါလိမ့်

အခန်းထဲမှ လူများသည် မည်သည့် အချိန်က ထွက်သွားကြမှန်း မသိပါ။

အခန်းတခုလုံးတွင် လူသူဟူ၍ တယောက်မှ မရှိပါ။

ယန်းဝှာသည် အရက်ခွက်ဖြင့် အရက်ငှဲ့သောက်လိုက်ပြီး၊

"ဘာဘဲ ပြောပြော အခုလို အရက်ဝဝ သောက်ရတာ ခင်ဗျားကို ကျေးဇူးတင်ရအုံးမယ်"

စုံစုသည် သူ့အား စေ့စေ့ ကြည့်လိုက်ပြီး၊

"ရှင်က ဘယ်လိုလုပ်ဒီရောက်လာတာလဲ ကျမဖေဖေကော"

ယန်းဝှာက ရယ်မောလိုက်ပြီး၊

"တချို့ကိစ္စကို ပြောမပြချင်ဘူး၊ စည်းကမ်း အပိုဒ် သုံးအရ ကျုပ်ကိစ္စကို ဝင်မစွက်ပါနဲ့"

စုစုံသည် အံကို တင်းတင်း ကြိတ်လိုက်ပြီး၊

"ရှင်ကလဲ ဒီလူတွေနဲ့ ပေါင်းပြီး ကျမကို ဒုက္ခပေးနေတာကော မဖြစ်နိုင်ဘူးလား"

ယန်းဝှာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ချင်လဲ ဟုတ်မယ်၊ လောကကြီးမှာ ဘာမဆို ဖြစ်ချင်ဖြစ်နေတာ"

"သူတို့ လူတွေကော"

"ဘယ်သူတွေလဲ"





"အိမ်ထဲမှာရှိတဲ့ လူတွေပေါ့"

"သူတို့ သွားကြပြီလေ"

"ရှင်က သူတို့ကို ဘာလုပ် လွှတ်လိုက်ရတာလဲ"

"ဆရာကိုးတောင်မှ လွှတ်လိုက်သေးတာဘဲ၊ သူတို့ကို လွှတ်ရမှာပေါ့"

"ရှင်က ဘာလို့ ဆရာကိုးကို လွှတ်လိုက်ရတာလဲ"

"သူက ခင်ဗျားကို လက်ထပ်ချင်တာကလွဲလို့ ဘာအပြစ်များ ရှိနေလို့လဲ"

"သူက လူသတ်သွားသေးတယ်ရှင့်"

"သူက ဘယ်သူ့ကို သတ်သွားသလဲ"

"မမမေပေါ့"

"မမမေလို လူမျိုး သေသွားတာတောင် နောက်ကျတယ်၊ သူဟာ စောစောထဲက သေသွားရင် မိကောင်းဖခင် သားသမီးတွေ အပျက်အစီး နည်းသွားမှာပါ"

စုစုသည် ခြေထောက် ဆောင့်လိုက်ပြီး၊

"ရှင်နဲ့ စကား ပြောရတာ တော်တော် လက်ဝင်တယ်၊ ကဲ သွားကြပါစို့"

"ခင်ဗျား လောလှချည်လား၊ ဘာများ ဒါလောက် အရေးကြီးနေတာလဲ"

"အရေးကြီးတယ်ရှင့်၊ ကျမက မြန်မြန် ယောကျ်ားယူချင်လို့ပြီ၊ ကဲ နားလည်လား"

ယန်းဝှာသည် အရက်တခွက် ငှဲ့လိုက်ပြန်သည်။

"ခင်ဗျား အရေးကြီးပေမယ့် ကျုပ်က အရေးမကြီးဘူး၊

အရက်သောက်ရအုံးမယ်၊ ခင်ဗျား မစောင့်နိုင်ရင် အရင်သွားပေါ့၊ တခုတော့ စိတ်ချပါ၊ ဒီတခါ ဘယ်သူကမှ ခင်ဗျားကို ရောင်းမစားဝံ့တော့ပါဘူးဗျာ"

စုစုသည် ဒေါသ ချောင်းချောင်း ထွက်လာသည်။

သူမသည် စားပွဲပေါ်မှ အရက်အိုး ယူလိုက်ပြီး မြေပေါ်သို့ ဆောင့်၍ ပစ်ချလိုက်ရာ၊

အရက်အိုးသည် ကြေမွသွားကာ အရက်ရည်များသည် မြေပေါ်သို့ စိုထိုင်းသွားလေတော့သည်။

သူမသည် အရက်အိုး ရိုက်ခွဲပြီးနောက် ချာကနဲ လှည့်ကာ ထွက်သွားသည်။

ယန်းဝှာသည် သက်ပြင်း တချက် ချလိုက်ပြီး၊

"ဟိုဘက်မှာ အရက်အိုးတလုံး ရှိနေတာကို မတွေ့သွားတာ တော်သေးတာပေါ့"

ဟု တိုးတိုးပြောလိုက်ရာ စုစုသည် ကြားသွားသဖြင့် ပြန်လှည့်လာပြီး အခြားစားပွဲပေါ်မှ အရက်အိုးတလုံးအား ယူလိုက်ပြီး ရိုက်ခွဲလိုက်ပြန်လေတော့သည်။

အခုမှ စုစုသည် ဒေါသ နည်းနည်း ပြေသွားသည်။

သူမသည် မဲ့ပြုံး ပြုံးကာ ယန်းဝှာအား လှည့်ကြည့်လိုက်ရာ ယန်းဝှာသည် အရက်ခရားတလုံးအား ရင်ခွင်ထဲ ပိုက်ထားပြီး၊

"အရက်အိုးတော့ ရိုက်ခွဲချင်သလောက်ရိုက်ခွဲပါ၊ ဒါပေမယ့် ကျုပ်ရဲ့ အရက် ခရားကိုတော့ လာမထိနဲ့"

ဟု ပြောချလိုက်လေတော့သည်။

× × ×





"ဝတုတ်ကလေး ဝေးလေးလေး၊ အရက်သမား ခွေးချီးစား၊ ခေါင်းကြီးဥာဏ်ကျယ်၊ ဝက်နဲ့တူတဲ့လူ ကျုပ်ရဲ့ရန်သူ"

စုစုသည် လမ်း တလျှောက်လုံး ယင်းသို့ ယန်းဝှာအား ကျိန်တွယ် ပြောဆိုနေလေသည်။

သူမသည် ဤသို့ ပြောဆိုနေစဉ်မှာပင် စင်းစင်းအား ရုတ်တရက် သတိ ရလာလေသည်။

စင်းစင်း တယောက် မည်သည့် နေရာသို့ ရောက်ရှိနေပါသနည်း။

ခေါင်းကြီးဥာဏ်ကျယ်

မှုန်းတည့်။ နေဝန်းသည် ကောင်းကင် တည့်တည့်တွင်ရှိသည်။ အကယ်၍ သင်သည် သစ်ပင်၏ အရိပ်အောက်၌ ၎င်း၊ ရေကန် နံဘေး၌၎င်း၊ အေးအေးဆေးဆေး ထိုင်ပြီးလျှင် ရေခဲများ စိမ်သော အဖျော် ယာမကာများ သောက်သုံး နေလျှင် နေပူ၏ ဒဏ်အား မခံရသဖြင့် မည်သို့မှ မထောင်း သာသော်လည်း....၊

အကယ်၍ သင်သည် တယောက်တည်းခြစ်ခြစ်ပူလောင်သော ကျောက်တုံးများ ခင်းထားသော လမ်းပေါ်တွင် လမ်းလျှောက် နေရပါမူ မည်မျှ ဒုက္ခ ရောက်မည်ဟု တွေးကြည့်နိုင်ပါသည်။

စုစုသည် ဒေါသ ပြေသွားတော့မှ မိမိမှာ အလွန် ပင်ပမ်းသည်။ ပူလောင်လာသည်။ ရေငတ်လာသည်။ ဗိုက်ဆာလောင်လာသည်ကို သတိရလာလေတော့သည်။

သူမ လျှောက်နေသော လမ်းသည် ရှေ့သို့ ဆန့်တန်းကာ အဆုံးမရှိသည့်အလား ရှည်လျားလှပေသည်။

ကျောက်တုံး ကလေး များသည် နေပူရောင် အောက်တွင် အရောင်တောက်ပပြီး ပြုတ်ထားသော ကြက်ဥကလေးများနှင့် တူလှပေသည်။ သူမသည် အတန်ကြာ လျှောက်လာသောအခါ လမ်းဘေးရှိ ကြီးမားသောသစ်ပင်တပင် အောက်တွင် ဈေးဆိုင်တဆိုင် တွေ့လိုက်ရသည်။

လူ လေး ငါးယောက်သည် ဝိုင်းဖွဲ့ ထိုင်ကာ အရက်များသောက်နေသည်။ သူတို့ ရှေ့ရှိ စားပွဲပေါ်တွင် ဟင်းလျာများ စုံလင်နေသည်။

ခါတိုင်းဆိုလျှင် စုစုသည် ထိုဟင်းလျာမျိုးအား စားနိုင်မည် မဟုတ်ပါ။ သူမ အိမ်မှာ ခွေးအား ကျွေးရသော ထမင်းဟင်းများပင် ယခုထက် သာလွန်သည်သာ ဖြစ်သည်။

ယခုမှာမူ သူမ၏ နှုတ်ခမ်းများသည် အက်ကွဲမတတ် ခြောက်သွေ့နေ၏။

သူမသည် ထိုအရက်များနှင့် ဟင်းလျာများအား စားလိုက်ရလျှင် မည်မျှ အရသာ ရှိလိမ့်မည်ဟု တွေးမိသည်။

သို့သော် အရက်များ၊ ထမင်း ဟင်းများသည် ငွေဖြင့် ဝယ်ရမည်သာ ဖြစ်သည်။





စုစုသည် သူဌေးသမီးဖြစ်ပြီး လမ်းမထွက်ဘူးခဲ့ပေမယ့် ဤအကြောင်းတော့ သိထားပါသည်။

ယခု သူမသည် စားလိုသော်လည်း သူမမှာ ငွေစများ တပြားတချပ်မှ မရှိပါချေ။

ခါတိုင်းဆိုလျှင် သူမသည် လိုအပ်သော ပစ္စည်းများ အစားအသောက်များ အလိုရှိလျှင် ပါးစပ် ဟလိုက်ရုံနှင့် အားလုံးသည် သူမရှေ့မှောက်သို့ အဆင်သင့် ရောက်ရှိလာသည်ချည်းဘဲဖြစ်သည်။

ထို့ကြောင့်လည်း သူမသည် ငွေ၏ တန်ဖိုးကို လုံးဝမသိခဲ့ပါ။ ယခု သူမသည်ငွေမရှိလျှင် အငတ်ခံရမည်ဟု နားလည်လာပြီ မဟုတ်ပါလော။

× × ×

သူမသည် ဈေးဆိုင်သို့ ရောက်ရှိလာသောအခါ ခြေလှမ်းများသည် အလိုအလျောက် ရပ်တန့်သွားသည်။

"ခေါင်းကြီး ဉာဏ်ကျယ်မှာတော့ ငွေရှိမှာဘဲ၊ ငါ့ကို နည်းနည်းချေးရင် ကောင်းမှာဘဲ"

သူမသည် ဤသို့ တွေးမိသော်လည်း တကယ်တော့ သူမက ပြောဝံ့မည် မဟုတ်ပါ။

သစ်ပင်အောက်မှာ ထိုင်နေကြသော လူများ၏ မျက်လုံးများသည် သူမထံသို့ ရောက်ရှိလာကြသည်။

သူမသည် ခေါင်းငုံ့သွားသည်။ ယန်းဝှာ ခုထိ လိုက်မလာသေးသည်ကို ဒေါသ ထွက်မိသည်။

သူမသည် နောက်သို့ လှည့်ကြည့်လိုက်ရာ မြင်းလှည်းတစီးသည် ဖြေးညှင်းစွာ လာနေသည်ကို တွေ့လိုက်ရသည်။ မြင်းလှည်းပေါ်တွင် ယန်းဝှာတယောက် အေးဆေးစွာဖြင့် မြင်းအား မောင်းနှင်လာနေသည်ကို တွေ့လိုက်ရလေသည်။

စုစုသည် ဒေါသ ချောင်းချောင်း ထွက်လာလေတော့သည်။

ဤမြင်းလှည်းသည် သူမ စီးလာလောအဖိုးအို၏ မြင်းလှည်းဖြစ်သည်။

သူမအိမ်မှ ထွက်လာတုံးစဉ်က မြင်းလှည်းသည် အိမ်ရှေ့တွင် ရပ်နေသည်ကို သူမ တွေ့ခဲ့ရသည်။

ထိုအချိန် သူမသည် မြင်းလှည်းစီးရန် အဘယ်ကြောင့် စိတ်ကူးမရခဲ့သည်ကို ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။

ယခု ယင်းမြင်းလှည်းသည် ခေါင်းကြီး ဥာဏ်ကျယ်က အချောင်ရသွားခြင်း ဖြစ်သည်။ မည်သို့ ဆိုစေ သူမသည် မြင်းလှည်းဖြင့် သွားရလျှင် ကောင်းလေစွဟု တွေးမိလေသည်။

သူမသည် ယန်းဝှာက သူမအား ခေါ်လိမ့်မည်ဟု ထင်မိသည်။

သို့သော် မြင်းလှည်းသည် သူမအနားမှ ဖြတ်သာသွားသည်။

ယန်းဝှာသည် သူမအား လုံးဝ ဖိတ်ခေါ်ခြင်း မရှိပါ။ သူမသည် မနေနိုင်တော့ပါ။

"ဟေ့"

ဟု အော်လိုက်လေသည်။

ယန်းဝှာ၏ မြင်းလှည်းသည် ရုတ်တရက် ရပ်တန့်သွားလေသည်။





သူသည် စုစုအား မကြည့်ဘဲ မြင်းလှည်းပေါ်မှ ဆင်းလာပြီး ဈေးဆိုင်မှ အရက်တအိုး ဝယ်ကာ မြင်းလှည်းပေါ်သို့ တက်သွားပြန်သည်။

"ဟေ့....ကျမ ခေါ်နေတာ မကြားဘူးလား ရှင်က နားပင်းနေသလား"

စုစုက စိတ်မရှည်ဘဲ ပြောလိုက်သည်။

ယန်းဝှာသည် မျက်မှောင် ကုတ်သွားသည်။

"ခင်ဗျားက ဘယ်သူနဲ့ စကားပြောနေတာလဲ"

"ရှင့်ကို ပြောနေတာပေါ့၊ ဘာလဲ မြင်းကို ပြောနေတယ် များ အောက်မေ့နေသလား"

"ဘယ်သိမလဲဗျာ၊ ကျုပ်နာမည်က 'ဟေ့'မှ မဟုတ်ဘဲ"

"ဒါဖြင့် ကျမက ဘယ်လို ခေါ်ရမလဲ"

"အကိုကြီး ယန်းလို့ခေါ် ပေါ့"

"အောင်မယ် ကြီးကြီးကျယ်ကျယ် ကျမက ဘာဖြစ်လို့ ရှင့်ကို အကိုကြီး ယန်းလို့ ခေါ်ရမှာလဲ"

"ခေါ်သင့်လို့ ခေါ်ခိုင်းတာပေါ့ဗျာ၊ ပထမ ကျုပ်က ယန်းမျိုး၊ ဒုတိယ ကျုပ်က ခင်ဗျားထက် အသက်ကြီးတယ်၊ တတိယ ကျုပ်က ယောကျ်ားမို့ မမယန်းလို့ ခေါ်လို့ ဘယ်ဖြစ်မလဲ ဒါကြောင့် အကိုကြီး ယန်းလို့ခေါ်ဖို့ သင့်တယ်လို့ ပြောတာပါ"

"ရှင်က ဝက်နဲ့တူလို့ ဝက်လို့ဘဲ ခေါ်မယ်၊ အကိုကြီးလို့ မခေါ်နိုင်ပါဘူး"

ယန်းဝှာသည် ပခုံးတချက် တွန့်လိုက်ပြီး မြင်းဇက်ကြိုးကို အား လျှပ်လိုက်သည်။

မြင်းသည် ခြေလှမ်းမှန်မှန်ဖြင့် ထွက်သွားပြန်လေသည်။

စုစုသည် မနေနိုင်တော့ပါ။ မြင်းလှည်းသာ ထွက်သွားရင် သူမတယောက်တည်း မည်သည့်အချိန်ထိ လျှောက်ရမည် မသိ ဖြစ်မည် မဟုတ်ပါလော။

"ခေါင်းကြီးယန်း ခဏစောင့်ပါအုံး"

စုစုသည် ခေါင်းကို အသံတိုးတိုးဖြင့် ခေါ်ပြီး ကြီးယန်းကို အသံကျယ်လောင်စွာဖြင့် ခေါ်လိုက်လေသည်။

ယန်းဝှာသည် မြင်းလှည်းအားရပ်တန့်လိုက်လေတော့သည်။

သူသည် စုစုအား လှည့်ကြည့်ကာ ပြုံးလိုက်ပြီး၊

"ဘာလဲ ညီမစုစု"

စုစုသည် ခိုကနဲ ရယ်မောလိုက်သည်။

ဤတကြိမ် သူမသည် အသာရသည် မဟုတ်ပါလော။

သူမသည် ပြုံးလိုက်ပြီး။

"ရှင်မြင်းလှည်းထဲမှာ လူမှ မရှိဘဲ၊ ကျမကို စီးခွင့်ပြုပါ လားလို့"

ယန်းဝှာက ရယ်မောလိုက်သည်။

"ရပါတယ်ဗျာ၊ ရပါတယ်၊ တက်ခဲ့ပါဗျာ"

"ရှင်က ကျမကိုစီးခွင့်ပြုပြီးမှကျမကိုမောင်းမချရဘူးနော်"

• "အို....စိတ်ချပါ ကျုပ်က ကတိတည်ပါတယ်"

ယန်းဝှာ၏ စကားမဆုံးမီ စုစုသည် မြင်းလှည်းပေါ်သို့ ရောက်ရှိနေပြီး ဖြစ်လေသည်။





မြင်းလှည်းသည် ဆက်၍ သွားနေလေသည်။

စုစုသည် မြင်းလှည်း၏ ပြတင်းပေါက်မှ ခေါင်းပြူလိုက်ပြီး တခိခိ ရယ်မောကာ၊

"ခုနက ကျမ ခေါ်တာကို ရှင်က သေသေချာချာ နားမကြားလို့ပါ။ ကျမက အကိုကြီး ယန်းလို့ ခေါ်တာ မဟုတ်ဘူးရှင့် ခေါင်းကြီးယန်းလို့ ခေါ်လိုက်တာ။ရှင့်ရဲ့ ခေါင်းဟာ သူများထက် သုံးဆ ကြီးတာကိုး"

သူမသည် ယန်းဝှာအား ဒေါသ ထွက်လာအောင် ဆွပေးလိုက်ခြင်း ဖြစ်သည်။

သို့သော် ယန်းဝှာသည် ဒေါသ မထွက်သည့်ပြင် ပြုံးလိုက်သည်။

"ခေါင်းကြီးတယ် ဆိုတာ ဥာဏ်ကောင်းတဲ့ သဘောပေါ့ဗျာ၊ကျုပ်ကိုယ်ကျုပ် ဥာဏ်ကောင်းတယ်ဆိုတာ သိပါတယ်ဗျာ ညီမက ချီးကျူးစရာ မလိုပါဘူး"

စုစုသည် နှုတ်ခမ်းဆူလိုက်ပြီး၊

"စိုး...."

ပြတင်းပေါက် တံခါးအား တအား ပိတ်လိုက်သည်။

"ဟား....ဟား....ဟား"

ယန်းဝှာသည် တဟားဟား ရယ်မောလိုက်လေတော့သည်။

### ငွေ၏တန်ဘိုး

ညနေ။ မြင်းလှည်းသည် မြို့ကလေး တမြို့သို့ စတင် ဝင်ရောက် လာလေသည်။ လမ်းမပေါ်တွင် လူသွားလူလာများသည် အလွန် စည်ကားနေ၏။ အချို့ လူငယ်များ၏ လက်မောင်းပေါ်၌ ပုဝါနီဖြင့် ချည်နှောင်ထားသည်ကိုတွေ့ရသဖြင့် သူမသည် ချင်းကိုးအား သတိရလာလေတော့သည်။

သို့သော် သူမသည် ချင်းကိုးအား ကြာကြာ စဉ်းစားနေ၍ မရပါ။

သူမ၏ ဝမ်းဗိုက်သည် အလွန် ဆာလောင်လာနေပြီ ဖြစ်ပါသည်။

သူမသည် ပြတင်းပေါက်မှ ခေါင်းပြူလိုက်ပြီး၊

"ရှေ့က ဘာမြို့လဲရှင့်"

ဟု ယန်းဝှာအား လှမ်း၍ မေးလိုက်သည်။

"မသိဘူး၊ ဒါပေမယ့် ကျန်းနန်ရောက်ဖို့တော့ လိုသေးတယ်"

"ကျမတို့ ခဏ နားလိုက်ရရင် မကောင်းဘူးလား၊ ကျမ နည်းနည်း ဗိုက်ဆာနေပြီ"

"ခင်ဗျားက ထမင်းစားချင်ပြီ ဟုတ်လား"

စုစုသည် တံတွေးတချက် မျိုချလိုက်ပြီး၊

"စားလဲရတယ်၊ မစားလဲ ရပါတယ်၊ သိပ်အရေးမကြီးပါဘူး"





"သိပ် အရေးမကြီးလဲ စားမနေနဲ့တော့ပေါ့"

သူသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"မိန်းမများဟာ ယောကျ်ားထက် တော်တယ်၊ တနေ့လုံး ထမင်းမစားရတာတောင် အရေးမကြီးဘူးတဲ့၊ ကျုပ်ကတော့ ဆာလို့ သေမှာဘဲ"

စုစုသည် မနေနိုင်တော့ပါ။

"ကျမလဲ ဆာလို့ သေတော့မယ်ရှင့်"

ယန်းဝှာက ရယ်မောလိုက်သည်။

"ဒါဖြင့် စားကြတာပေါ့၊ အော်....ဒါနဲ့ ထမင်းစားရင် ငွေပေးရမယ်၊ ခင်ဗျားမှာ ငွေရှိလို့လား"

"ကျမ ကျမမှာ မရှိဘူး"

"ငွေမရှိရင် ထမင်းစားလို့ ဘယ်ရမလဲဗျ"

စုစုသည် မျက်နှာတခုလုံး နီရဲသွားသည်။

အတန်ကြာမှ သူမသည် အားတင်းလိုက်ပြီး၊

"ရှင်....ရှင့်မှာ ငွေရှိသလား"

"ရှိတာပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားက ကျုပ်ရဲ့ မိန်းမမှ မဟုတ်ဘဲ ကျုပ် မကျွေးနိုင်ပါဘူး"

"ရှင့်ကို ဘယ်သူက ကျွေးခိုင်းလို့လဲ"

"ကျုပ်ကလဲ မကျွေးဘူး၊ ခင်ဗျားကလဲ ငွေမရှိဘူး၊ ဘာသဲ ခင်ဗျားက ကျန်းနန်အထိ အငတ်ခံသွားမလို့လား"

စုစုသည် ငိုင်သွားသည်။

"ကျမ....ကျမ၊ ငွေရှာမှာပေါ့"

"ဟ....သိပ် ကောင်းတာပေါ့၊ ဒါပေမယ့် ခင်ဗျားက ငွေ ဘယ်လို ရှာမလဲ"

စုစုသည် ငိုင်သွားပြန်လေသည်။

သူမသည် တသက်တာတွင် ငွေတပြားတချပ်မှ မရှာဘူး ခဲ့ပါ။ ငွေကို ဘယ်လို ရှာရမည်ဆိုတာလဲ နားမလည်ပါ။

အတန်ကြာမှ သူမသည် စူးစမ်းသော အနေဖြင့်၊

"ရှင်ငွေ ဘယ်က ရလာတာလဲရှင့်"

"ရှာလို့ ရထားတာပေါ့"

"ဘယ်လို ရှာလာသလဲ ဟင်"

"ငွေရှာတဲ့ နည်းလမ်းကတော့ အမျိုးမျိုးပေါ့လေ၊ ဥပမာ ငါးဖမ်းတယ်၊ လယ်လုပ်တယ်၊ အရောင်းအဝယ်လုပ်တယ်၊ သူ များရဲ့ အလုပ်ကို လုပ်ပေးတယ်၊ အများကြီးပေါ့၊ ကျုပ်လဲ နည်းအမျိုးမျိုးနဲ့ ရှာရတာပေါ့"

သူသည် ပြုံးလိုက်ပြီး၊

"လူတယောက်ဟာ အငတ်မခံချင်ရင်တော့ ကိုယ်အားကိုယ် ကိုးပြီး ငွေရှာရလိမ့်မယ်၊ ကိုယ့်လုပ်အားနဲ့ ရတဲ့ငွေဟာ ဘယ်လို အလုပ်မျိုးဘဲ လုပ်ရလုပ်ရ ရှက်စရာ မဟုတ်ပါဘူးဗျာ၊ အဲ.... ညီမက ဘာပညာများ တတ်သလဲ"

စုစုသည် ပါးစပ် ပိတ်ထားလိုက်သည်။

သူမသည် မည်သည့်ပညာမှ မတတ်ပါ။ သူမတတ်သော ပညာများသည် တခုမှ ငွေရှာရမည့် ပညာမျိုး မဟုတ်ပါ။

ယန်းဝှသည် သက်ပြင်းတချက် ချလိုက်ပြီး။

"တချို့လူတွေဟာ ငွေကိုသာသုံးတတ် ဖြုန်းတတ်တယ်၊





ငွေကိုတော့ မရှာတတ်ဘူး၊ ဒီလိုလူမျိုးဟာ ငတ်ပြီးသေသွား တာတောင် ဘယ်သူမှ သနားမှာ မဟုတ်ဘူး"

စုစုသည် နှုတ်ခမ်းစူသွားသည်။

"ဘယ်သူက ရှင့်ကို သနားခိုင်းနေလို့လဲ"

"ကောင်းတယ်၊ မာနရှိတယ်၊ ဒါပေမယ့် မာနရှိတဲ့လူလဲ အငတ်မခံနိုင်ဘူးဆိုတာ သတိထားပါ"

စုစုသည် အံကိုတင်းတင်း ကြိတ်လိုက်သည်။ မျက်ရည်များ ကျမလာစေရန် မနည်းကြိုးစား၍ ထိန်းထားသည်။

ယန်းဝှသည် ပြုံးလိုက်ပြီး၊

"ညီမငွေရဖို့ ကျုပ်အကြံတခုတော့ ရှိတယ်"

"ဘယ်လိုအကြံလဲ"

"ညီမ ကျုပ်ကို မြင်လှည်း မောင်းပေးလေ၊ တနာရီ ငွေ တကျပ်ပေးမယ် ဘယ်နှယ့်လဲ"

"ငွေတကျပ်"

"ဟုတ်တယ်၊ တကျပ်ကို နည်းတယ်လို့ မထင်နဲ့၊ တချို့က တကျပ်တောင် မရဘူးဗျ"

"ကောင်းပြီလေ၊ တကျပ်ဆို တကျပ်ဘဲပေါ့ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျုမက မြင်းလှည်း တခါမှ မမောင်းဘူးဖူး"

"ဒါ အရေးမကြီးပါဘူး၊ ဘယ်ဟာမျိုးမဆို မွေးကထဲက တတ်လာကြတာမှ မဟုတ်ဘဲ၊ ကြိုးစားရင် ဘာမဆို တတ်လာ ရမှာပေါ့ဗျာ"

× + ×

စုစုသည် သူမ၏ တသက်တာတွင် ပထမဆုံး ငွေတကျပ်အား ကိုယ့်အားကိုယ်ကိုးပြီး ရလာလေသည်။

ဤငွေတကျပ်သည် ရယူရန် လွယ်ကူသည် မဟုတ်ပါ။

မြင်းလှည်းအား တနာရီကြာ မောင်းနှင်ပြီးနောက် သူမသည် ခါးညောင်းလာသည်။ ခြေညောင်းလာသည်။ လက်နှစ်ဘက် ထုံကျင်လာသည်။

မြင်းကြိုး ဆုပ်ကိုင်ထားသော လက်ဖဝါး များမှာလည်း သွေးပင် ထွက်လုမတတ် နီရဲလာလေသည်။

သူမသည် ယန်းဝှာလက်ထဲမှ ငွေတကျပ်ကို ရရှိလာသော အခါ သူမ၏ မျက်ရည်များသည် စီးဆင်းကျလာမတတ် ဖြစ်ခဲ့သေးသည်။

ဝမ်းနည်း၍ မျက်ရည်ကျခြင်း မဟုတ်ပါ။

ဝမ်းသာ၍ ကျလာသော မျက်ရည်ဟု ဆိုရမည်ဖြစ်ပါသည်။

ဤငွေတကျပ်သည် သူမတသက်တာတွင် ပထမဆုံး ကိုယ့်ချွေးနှင့် အားကိုရင်း၍ ရရှိသော အးဖိုအခပင် မဟုတ်ပါလော။

ယန်းဝှာသည် သူမအားကြည့်ကာ မျက်လုံးအစုံသည် ဝင်းလက် တောက်ပနေလေသည်။

"ကဲ အခု ခင်ဗျား ငွေရှိပြီ၊ စားချင်တာ စားနိုင်ပြီလေ"

စုစုသည် ရင်ကို ကော့လိုက်ပြီး အသံ ကျယ်လောင်စွာဖြင့်၊

"ကျမ သွားစားမှာပေါ့၊ ရှင် ပြောစရာမလိုဘူး"

သူမ၏ လက်ထဲတွင် ငွေတကျပ်အား ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။





ယခု သူမသည် ထိုငွေတကျပ်မှာ ယခင် သူမ ပိုင်ဆိုင်သမျှသော ရွှေငွေရတနာထက် ပို၍ တန်ဖိုးရှိသည်ဟု ထင်မှတ် မိလေသည်။

သူမသည် ပထမဆုံး အကြိမ် ငွေ၏ တန်ဖိုးကို နားလည်လာလေတော့သည်။

× × ×

ဤမြို့သည် မကြီးလှပါ။ စုစုသည် အနီးဆုံး ထမင်းဆိုင်တဆိုင်သို့ ဝင်သွားသည်။ ရင်ကော့ပြီး ဝင်သွားသည်။

သူမ လက်ထဲတွင် ငွေတကျပ်သာ ရှိနေသော်လည်း၊

သူမသည် ကိုယ့်ကိုယ်ကို သိန်းတရာ ချမ်းသာသော သူကြွယ်တယောက်ပမာဟု ထင်နေ၏။

စားပွဲ တလုံး ရှိရာသို့ သွားရောက်ကာ ထိုင်ချ လိုက်သောအခါ ဆိုင်လုပ်သည် သူမထံသို့ ရေနွေးကြမ်းအိုးနှင့် ပန်းကန်လုံးများ လာရောက်ချပေးပြီး၊

သံသယ ဖြစ်နေသော မျက်လုံးအစုံဖြင့် သူမအား အကဲခတ်ရင်း၊

"အမလေးက ဘာများ သုံးဆောင်မှာလဲ"

ဟု မေးလိုက်လေသည်။

စုစုသည် ရေနွေးကြမ်း တပန်းကန် ပြည့်ပြည့် ငှဲ၍ သောက်လိုက်ပြီးမှ၊

"ရှင်တို့မှာ မှိုရှိသလား၊ ရှိရင် မှိုဟင်းနဲ့ ထမင်းပေးပါ"

မည်သည့်အချိန်၊ မည်သည့်နေရာမဆို မှိုဟင်းသည် ချမ်းသာသော လူများကသာ စားသောက်နိုင်သော ဟင်းလျာ ဖြစ်ပါသည်။

ဆိုင်လှင်သည် သူမအား ခြေဆုံး ခေါင်းဆုံး သေသေချာချာ အကဲခတ် ကြည့်လိုက်ပြီး၊

"မှိုရှိတာပေါ့၊ ဒါပေမယ့် မှိုက အဝေးကြီးက မှာယူထားရတဲ့အတွက် ဈေးကြီးတယ်ဗျာ"

စုစုသည် လက်ထဲမှငွေတကျပ်အား စားပွဲပေါ်သို့ချလိုက်ပြီး၊

"ကိစ္စ မရှိဘူး၊ မှိုဟင်းနဲ့ ဝက်ခြေထောက် ယူခဲ့၊ နောက်ပြီး ကြက်သားဟင်းလဲ တပွဲပေး"

သူမသည် အရသာရှိရှိ စားလိုက်မည်ဟု ဆုံးဖြတ် ထားသည်။

ဆိုင်လှင်သည် စားပွဲပေါ်မှ ငွေတကျပ်အား တချက် ဝေ့ကြည့်လိုက်ပြီး၊

"မှိုဟင်း တပွဲက ငါးကျပ် ပေးရမယ်ဗျ"

စုစုသည် ရုတ်တရက် ငိုင်သွားလေသည်။

အတန်ကြာမှ သူမသည် စားပွဲပေါ်မှ ငွေတကျပ်အား လက်ဖြင့် အုပ်ထားလိုက်သည်။

သူမသည် ငွေတကျပ်က မည်မျှရှိသည်ဟု နားမလည်သေးပါ။ ဆိုင်လှင်က ပြုံးလိုက်ပြီး၊

"ကျုပ်တို့ဆီမှာ ငွေတကျပ်နဲ့ ထမင်းအဝစားလဲ ရပါတယ်၊ ဟင်းတခွက်၊ ဟင်းချိုတခွက် ပါတယ်၊ ထမင်းကတော့ အဝစားနိုင်ပါတယ်"





ငွေတကျပ်သည် ဤမျှသာ စားနိုင်သည်ဟု သူမ သဘောပေါက် နားလည် လာလေသည်။

"ကောင်းပြီလေ၊ ငွေတကျပ် ထမင်းဘဲ ယူခဲ့ပါ"

သူမသည် ငွေတကျပ် ယူ၍ ပေးလိုက်လေသည်။

ထိုစဉ် သူမ အနီးမှ အသံ တခု ထွက်လာသည်ကို ကြားလိုက်ရသည်။

"ဟေ့၊ မှိုဟင်းတခွက် ကြက်ကြော်တပွဲ၊ အကြော် လေးပွဲနဲ့ အရက် တပိုင်သာ ယူခဲ့"

သူမ လှည့်ကြည့်လိုက်ရာ ယန်းဝှာပင် ဖြစ်ပါသည်။ သူသည် မည်သည့်အချိန်က ရောက်ရှိပြီး သူမနှင့် အနီးဆုံး စားပွဲ တခုတွင် ထိုင်နေသည်မှန်း မသိလိုက်ရချေ။

စုစုသည် နှုတ်ခမ်း ကိုက်ထားသည်။

သူမသည် တဖက်သို့ လှည့်လိုက်ပြီး ယန်းဝှာအား မကြည့်ဘဲ နေလိုက်သည်။

ထမင်းဟင်းများ ရောက်လာပြီဖြစ်၍ သူမသည် ခေါင်းငုံ့ကာ စားနေလေသည်။

အနီးရှိ စားပွဲမှ မှိုဟင်းများ၊ ကြက်ကြော်များ၏ မွှေးကြိုင်သော အနံ့များသည် သူမ၏ နှာခေါင်းသို့ တိုးဝင်လာလေတော့သည်။

စုစုသည် နှုတ်ခမ်းမဲ့လိုက်ပြီး၊

"ဝက်လောက် ဝနေတာတောင် အစား ဒါလောက်တောင် ပုတ်ရသလား၊ နှစ်သစ်ကူး ဝက်ပေါ်တဲ့ အချိန်အခါမှာ အချိန်မပြည့်မှာ ကြောက်နေတာ ကျနေတာဘဲ"

ယန်းဝှာသည် စုစု၏စကား ကြားလိုက်ရသော်လည်း ဒေါသ မထွက်ပါ။

"ကျုပ်က ခင်ဗျားထက် ပညာရှိတယ်၊ အလုပ် ပိုလုပ်နိုင်တယ်၊ ငွေပိုရှာနိုင်လို့ ကျုပ်က ခင်ဗျားထက် ကောင်းကောင်း စားနိုင်တာပေါ့၊ အဲဒါဟာ တရားပါတယ်၊ ဘယ်သူမှ စိတ်ဆိုးစရာ မလိုပါဘူးဗျာ"

စုစုသည် ထမင်းကိုသာ အဝ စားနေလေတော့သည်။

× + ×

ဤမြို့သည် မကြီးလှသည် ဖြစ်သော်လည်း ဤထမင်းဆိုင်သည် မသေးငယ်လှပါ။

ရိုးရိုး စားသောက်ရန် စားပွဲများ ရှိသည့်အပြင် သီးသန့် အခန်းလည်း ရှိပါသည်။ သီးသန့်ခန်း တခန်းတွင် အမျိုးသမီး တယောက်သည် ယိမ်းကာနွဲ့ကာ ထွက်လာသည်။

သူသည် ငွေသိမ်းစားပွဲသို့ လျှောက်သွားပြီး လက်ဖြန့်လိုက်သည်။

"သူဌေးသား ယူက ငွေတဆယ် ပေးလိုက်ပါတဲ့"

ငွေသိမ်းသူက ပြုံးလိုက်သည်။

"ဟုတ်တယ်၊ သူဌေးသားယူက မှာထားပြီးပါပြီ"

သူသည် ငွေတဆယ်အား ပေးလိုက်ပြီး၊

"အင်း၊ အမျိုးသမီးများက ငွေရှာလို့ တယ်လွယ်ပါလားဗျ၊ ခဏလေး ထိုင်တာနဲ့ ငွေတဆယ်တောင် ရပါလားဗျ"

အမျိုးသမီးသည် ငွေယူလိုက်ပြီး ယိမ်းနွဲ့ကာ ခြေသုံးလေးလှမ်း လျှောက်သွားပြီးမှ ပြန်လှည့်ကြည့်ပြီး၊





"ကျမ ငွေရှာလို့ လွယ်တယ်ထင်ရင် ရှင့်သမီးနဲ့ မိန်းမကိုလဲ ငွေရှာခိုင်းလိုက်ပါလားရှင့်"

ဟု ပြောပြီး ခေါင်းပင်မလှည့်ဘဲ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

ငွေသိမ်းသူသည် မျက်နှာတခုလုံး မဲမှောင်သွားသည်။

သူ၏ မျက်လုံးအစုံသည် ဆိုင်ထဲမှ ထွက်သွားသော အမျိုးသမီး၏ နောက်ကျောအား အခဲမကျေသော အကြည့်ဖြင့် ကြည့်နေလေသည်။

စုစုသည် သူတို့အချီအချပြောနေသောစကားများ နားကိုစွင့်နေ၏။

ယန်းဝှာက ပြုံးလိုက်သည်။

"မြင်းလှည်းကို တနာရီလောက် မောင်းပြီးမှ ငွေတကျပ် ရတယ်၊ ခဏလေး ထိုင်လိုက်တာနဲ့ ငွေတဆယ်ရတယ်၊ အင်း.... တရားမျှတမှု မရှိဘူးလို့ ထင်ရတယ်၊ ဒါပေမယ့်"

သူသည် ပခုံးတချက် တွန့်လိုက်ပြီး၊

"သူတို့က နှုတ်ခြင်းနဲ့ အရှက်အကြောက် နဲ့တာကို ရောင်းချတဲ့ လူစားတွေဘဲ ဒီလိုလူစားတွေဟာ ငွေရလွယ်ပေမယ့်...."

သူသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"ရင်နာစရာကောင်းတယ်၊ ဘဝဆိုးတယ်၊ မိမိရဲ့ခွန်အားနဲ့ ဦးဏှောက်စွမ်းက ရလာတဲ့ ငွေမှသာ သုံးတဲ့နေရာမှာ စိတ်ပျော်တယ် မဟုတ်လား"

စုစုသည် ခေါင်းညိတ်လိုက်သည်။ သူမသည် ယန်းဝှာ၏

စကားများမှာ အလွန်သဘာဝ ကျသည်ဟု လက်ခံလာလေသည်။

သူမသည် ပထမဆုံး ‘ဝက်ပုတ်ကြီး’ကို သူမ ထင်သကဲ့သို့ နုံနုံအအ မဟုတ်ဘဲ ဉာဏ်ပညာ ထက်မြက်သော လူတယောက်ဟုဖြစ်သည် တွေ့ရှိလာလေတော့သည်။

●

## ငွေကို ရေလိုသုံးသော ဘွန်းတောင်

ထမင်းဆိုင် လုလင်၏ ထမင်းဆိုင်သို့ အပြင်မှ လာရောက်စားသောက်ကြသော ဧည့်သည်များအား နှစ်မျိုး နှစ်စား ခွဲထားလေသည်။

စုစုကဲ့သို့ တကျပ်တန်သော ထမင်းအဝစားသူ ဧည့်သည်သည် အနိမ့်ဆုံးအဆင့်ရှိသော ဧည့်သည်မျိုးဖြစ်သည်။

ယင်းကဲ့သို့ ဧည့်သည်မျိုးသည် အထူး ဧည့်ခံစရာ မလိုပါ။ မျက်နှာပင် ပြုံးပြရန် မလိုပါချေ။

ယန်းဝှာကဲ့သို့သော ဧည့်သည်မျိုးမှာမူ အဆင့်တော်တော်မြင့်နေသည်။

အဖိုးတန်ဟင်းလျာ အကောင်းဆုံး အရက်များ မှာနိုင်သဖြင့် သူတို့သည် အထူး ဧည့်ခံရသည့်ပြင် မျက်နှာတခုလုံးမှာလည်း ပြုံးရွှင်ကာ ပြနေရသည်။





ဤကဲ့သို့ ဧည့်သည်မျိုးသည် အရက်များများ သောက်လေလေ ဆုငွေများများ ပေးတတ်လေလေ မဟုတ်ပါလော။

အထူးသဖြင့် လူတယောက်တည်းနှင့် ဟင်းလျာ ၄-၅-မျိုး မှာစားခြင်းမှာ ဟင်းလက်ကျန်များ ရှိမည်မှာ သေချာသည်။

အရက်ကလည်း တပိသာ မှာထားသဖြင့် အရက်ကလည်း ပိုလာအုံးမည် ဖြစ်သည်။

ထို့ကြောင့် သူတို့သည် ယန်းဝှာအပေါ် အစစအရာရာ လိုလေသေးမရှိအောင် ပြုစုကြလေသည်။

တခုတော့ သူတို့ တွေးရခက်နေသည်။

အကြောင်းမှာ ယန်းဝှာနှင့် စုစုတို့သည် အဆင့်အတန်း လုံးဝ မတူသော လူစားနှစ်မျိုး ဖြစ်သည်။ သူတို့ နှစ်ယောက်သည် တယောက်နှင့် တယောက် သိကျွမ်းကြဟန်ရှိသည်။

သို့သော် အဘယ်ကြောင့် စားပွဲ နှစ်ဝိုင်းခွဲ၍ ထိုင်ရမည်နည်း။

တယောက်နှင့် တယောက် စကားပြောဆိုနေကြသည် ဖြစ်သော်လည်း တယောက်မျက်နှာ တယောက် မကြည့်ပါ။

ကိုယ့်ကိုယ်ကို တယောက်တည်း စကား ပြော နေ သည်နှင့် တူလှပေသည်။

သူတို့သည် ရန်ဖြစ်နေကြသော ဇနီးမောင်နှံပေလော။

ဆိုင်လုလင်သည် ဤသို့ တွေးမိလိုက်သဖြင့် စုစုအပေါ် အထင်သေးသော မျက်လုံးများဖြင့် မကြည့်တော့ပါချေ။

× × ×

ဆိုင်လုလင်များသည် စုစုနှင့် ယန်းဝှာတို့အား အကဲခတ်ကြည့်နေရင်းမှာပင် နောက်ထပ် ဧည့်သည်များ ဝင်လာလေတော့သည်။

ဝင်လာသူမှာ လုလင် နှစ်ယောက်ဖြစ်သည်။ သူတို့ စီးလာသော မြင်းများသည် အလွန် တန်ဖိုးရှိသော မြင်းမျိုးများဖြစ်သည်။ သူတို့၏ ဝတ်စား ဆင်ယင်မှုသည် ရောမ ရာထူးကြီးသော မင်းမှုထမ်းများ၏ လူများနှင့် တူလှပေသည်။

"ဟော့....ဒီဆိုင်ဟာ ဒီမြို့မှာ အကြီးဆုံး ထမင်းဆိုင် ဟုတ်လား"

လုလင် တယောက်သည် ဆိုင်လုလင် တယောက်အားကြည့်ကာ မေးလိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျား"

"မင်းတို့ ဆိုင်ထက် ကြီးတဲ့ဆိုင် တကယ်မရှိဘူးလား"

"ဟုတ်ပါတယ်၊ မယုံရင် တခြားဧည့်သည်ကို မေးကြည့်နိုင်ပါတယ် ခင်ဗျာ"

ဆိုင်လုလင်က ပြုံး၍ ပြန်ပြောသည်။ လုလင်သည် မျက်မှောင် ကုတ်လိုက်ပြီး၊

"မင်းတို့ အကောင်းဆုံး ထမင်းပွဲတပွဲ ဘယ်လောက်လဲဗျ"

ထိုစဉ် ငွေသိမ်းသော အဖိုးအိုသည် ကပျာကယာ ထွက်လာပြီး ဆိုင်လုလင်အား ဖယ်ရှားကာ မျက်နှာ အတတ်နိုင်ဆုံး ပြုံးထားလိုက်သည်။

"လူကြီးမင်း ကြိုက်သလိုမှာနိုင်ပါတယ်၊ ၁၀တန်-၂၀ တန် ရပါတယ်"





လုလင်သည် မျက်မှောင် ကုတ်သွားပြန်သည်။

"အေးလေ ဒီလို နေရာမျိုးမှာတော့ ၂၀ တန်ဘဲ မှာရမှာပေါ့ဗျာ"

သူသည် ပြောရင်း ငွေတုံးတတုံးယူ၍ စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။

"ကဲ.... ၂၀-တန် ထမင်းပွဲတပွဲ လုပ်ထားပါ၊ ပန်းကန်နဲ့ ဇွန်းတို့ တူတို့ အားလုံး အသစ်နဲ့ သုံးပါ"

ငွေသိမ်းအဖိုးအိုသည် ခေါင်းတညိတ်ညိတ်ဖြင့်ညိတ်လိုက်ပြီး၊

"ကောင်းပါပြီ ခင်ဗျား၊ အားလုံး စိတ်ကြိုက် ဖြစ်ပါရစေမယ်"

လုလင်သည် လက်တချက် ဝေ့ယမ်းလိုက်သည်။

"ကဲ....မြန်မြန်သာ လုပ်ထားပေတော့"

ဟု ပြောပြီး သူတို့သည် မြင်းပေါ်သို့ ခုန်တက်ကာ ထွက်ခွာသွားလေတော့သည်။

ထိုစဉ်၊ လူတယောက်၏ အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ဘယ်က အရာရှိလဲ မသိဘူး၊ တော်တော် ချမ်းသာပုံရတယ်"

စကား ပြောသူမှာ ကိုယ်လုံးကိုယ်ထည် ထွားကြိုင်းပြီး အသက် ၄၀-ကျော်ခန့် ရှိသော လူတယောက် ဖြစ်သည်။

သူတို့၏ စားပွဲတွင် လူ သုံးယောက် ဝိုင်းဖွဲ့ကာ စားသောက်နေ၏။

၎င်းလူ အနီးမှ ထိုင်နေသော လူသည် ပြုံးလိုက်ပြီး၊

"ဒီတခါ အဲကိုကြီး ယူ လဲ့သွားပြီဗျ"

အကိုကြီး ယူဆိုသူသည် သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ဒါဖြင့် မင်းသားလေး ကိစ္စက သိနေလို့လား"

အကိုကြီးယူ၏ ဝဲဘက်မှာ ထိုင်နေသော ပိန်ပိန် ရှည်ရှည် လူတယောက်က ရယ်မောလိုက်ပြီး၊

"မင်းသားလေးကို မပြောနဲ့ ကျုပ်တောင် သိတယ်"

အကိုကြီးယူက သူ့အား လှည့်ကြည့်ကာ မျက်မှောင်ကုတ်သွားသည်။

"တယ်ဟုတ်ပါလား၊ ဆရာအိုယန်းလဲ သိတယ် ဟုတ်လား"

ဆရာ အိုယန်းက ပြုံးလိုက်ပြီး၊

"သိတာပေါ့ဗျာ"

အကိုကြီးယူ၏ မျက်ခုံးမွေး အစုံသည် နဖူးပေါ်သို့ မြင့်တက်သွားသည်။

"ဒါဖြင့် သူတို့ ဘယ်က ပုဂ္ဂိုလ်ကျော်ကြီးတွေလဲ"

ဆရာအိုယန်းက မဲ့ပြုံး ပြုံးလိုက်ပြီး၊

"ဘယ်က ပုဂ္ဂိုလ်ကျော်မှမဟုတ်ဘူး၊ ကြေးတန်း မယ်ပါဗျား"

"ဗျာ ကြေးတန်းမယ် ဟုတ်လား"

အကိုကြီး ယူက အံ့ဩသွားသည်။

"ကြေးတန်းမယ်က ဘယ်လို လူစားလဲဆိုတာ ခင်ဗျား မသိဘူးလား"

"သိတော့ သိပါတယ်ဗျာ၊ ဒါပေမယ့် ကြေးတန်းမယ်





တယောက်ဟာ ဒါလောက်တောင် ခန်းနား ကြီးကျယ်လွန်းလို့ အံ့ဩနေတာပါ၊ ခင်ဗျား မှားများ မှားနေသလား"

"မမှားပါဘူးဗျာ၊ ဒါပေမယ့် ဒီကြေးတန်းမယ်က ပိုပြီး ထူးခြားနေလို့ပါ"

"ဘယ်လို ထူးခြားတာလဲ"

"တခြား ကြေးတန်းမယ်ဆိုရင် သူတို့တောင်းတဲ့ ငွေပေးလိုက်ရင် အရောင်းအဝယ် ဖြစ်တယ်၊ သူကျတော့ ဒီလိုမရဘူး"

အကိုကြီးယူက စိတ်ဝင်စားလာသည်။

"ဆိုစမ်းပါအုံး၊ သူက ဘယ်လိုလဲ"

"သူက သူသဘောကျမှ လက်ခံတယ်ဗျ"

သူတို့သည် ယင်းသို့ပြောဆိုနေသည်ကို စုံစုက နားမလည်ပါ။

သူမသည် ယန်းဝှာအား တိုးတိုးဖြင့် မေးလိုက်သည်။

"ကြေးတန်းမယ်ဆိုတာ ဘာလဲရှင့်"

ယန်းဝှာက ပခုံး တချက် တွန့်လိုက်ပြီး၊

"ကြေးတန်းမယ်ဆိုတာ၊ အဲ.... သတို့သမီးဆိုပါတော့ဗျာ"

"ဘယ်သူ့ရဲ့ သတို့သမီးလဲ"

"လူအများကြီးရဲ့ သတို့သမီးပေါ့"

စုစု၏ မျက်ခုံးမွေး အစုံသည် အပေါ်သို့ မြောက်တက်သွားသည်။

"ကျမ အကောင်းမေးနေတာရှင့်"

"ဟောဗျ၊ ကျုပ်လဲ အကောင်း ပြောနေတာပါ"

"သတို့သမီးတယောက်က သတို့သား အများကြီးနဲ့ ဘယ်လို လုပ် ဖြစ်မှာလဲ"

ယန်းဝှာသည် သက်ပြင်း တချက် ချလိုက်ပြီး၊

''ဒီသတို့သမီးက သတို့သားကို တနေ့ တယောက် လဲတယ်ဗျာ၊ ကဲ....နားလည်ပြီ မဟုတ်လား''

× + ×

ထမင်းဆိုင်မှ လူများသည် ဥပဒေသ တခု ရှိသည်။ ယင်းဥပဒေသမှာ ငွေရှိတဲ့ လူဟာ သခင် ဖြစ်ပါသည်။

ညွှသည်သည် ကြေးတန်းမယ်ဘဲ ဖြစ်ဖြစ် သူတောင်းစားဘဲ ဖြစ်ဖြစ် ထမင်းပွဲတပွဲကို ငွေနှစ်ဆယ်တန် မှာယူနိုင်လျှင် သူတို့က ကိုယ့်ဘိုးဘွားကဲ့သို့ သဘောထားပြီး ပြုစုမည်သာ ဖြစ်ပါသည်။

ယခု ဆိုင်မှာ ရှိသော လူများသည် အလုပ်ရှုပ်နေကြလေသည်။

ဟင်းချက်သူများက ဟင်းချက်သည်။

ပန်းကန်များ၊ တူများ၊ ဟင်းပန်းကန်များ ပြင်သူက ပြင်ကြသည်။

ထိုင်ခုံများအား သန့်ရှင်းသော သူက သန့်ရှင်းနေကြသည်။

စားပွဲခင်းများပင် သစ်လွင်သော အနီရောင် လဲထားလိုက်လေတော့သည်။

\+ + +

စုစု၏ မျက်နှာသည် အနီရောင် စားပွဲခင်းထက် ပို၍ နီရဲနေ၏။

ယခု သူမသည် ကြေးတန်းမယ်၏ အဓိပ္ပာယ်ကို ကောင်းစွာ သဘောပေါက် နားလည်လာပြီး ဖြစ်ပါသည်။





တဆက်တည်းမှာ သူမသည် ယန်းဝှာက အဘယ်ကြောင့် ဤဝေါဟာရအား နားလည်သည်ကို သံသယ ဖြစ်လာသည်။

ယန်းဝှာလည်း သည်ပုတ်ထဲက သည်ပဲပင် ဖြစ်နေမည်လော။

''ချန်ဟောင်''ဆိုသော ကြေးတန်းမယ်သည် အဘယ်ကဲ့သို့ မိန်းမမျိုးနည်း။

သူမသည် 'ချန်ဟောင်'ဆိုသူ အမျိုးသမီးအား တွေ့လိုသော ဆန္ဒများ ပေါ်ပေါက် လာတော့သည်။

\+ + +

မြင်းလေးကောင် ဖြင့် ဆွဲရသော ရထားလုံးတစီးသည် ထမင်းဆိုင်ရှေ့သို့ ရပ်တန့်လိုက်သည်။

ဆိုင်ထဲမှာ စားသောက် နေကြသော လူများမှ မျက်လုံးပေါင်းများစွာတို့သည် မြင်းလှည်းထံသို့ ရောက်ရှိကုန်ကြလေသည်။

ငွေသိမ်းနှင့် ဆိုင်လုလင်များသည် ဆိုင်ရှေ့သို့ ပြေးထွက်လာကာ ရိုရိုသေသေဖြင့် ကြိုဆိုကြလေသည်။

အတန်ကြာမှ မြင်းလှည်းတံခါး ပွင့်သွားသည်။ ပန်းရောင်နုနု ဝတ်ဆင်ထားသော မိန်းကလေး တယောက်အား အစိမ်းရောင် ဝတ်ဆင်ထားသော မိန်းကလေး သုံးလေးယောက်က ခြံရံ၍ ဆင်းလာသည်။

မိန်းကလေး အရံများအပြင် လုလင်အရံများလည်း ပါသေးသည်။

စုစုက မျက်မှောင် ကုတ်သွားသည်။

ကြေးတန်းမယ် တယောက်က ဤမျှ ခန့်နား ကြီးကျယ်သည်ကို သူမ အံ့ဩမိသည်။

စုစုသည် ချန်ဟောင်အား အတန်ကြာ အကဲခတ်မိသည်။

ချန်ဟောင်သည် ရုပ်ချောသည်ဟု ဆိုရပေမယ့် ထူးထူးချွန်ချွန် ချောသည် မဟုတ်ပါ။

သူမ၏ မျက်နှာသည် အလွန်အကျွံ အလှပြင်ထားသဖြင့် အရုပ်နှင့် တူလှပေသည်။

သို့သော် ဆိုင်ထဲမှ ယောကျ်ားသားများ၏ မျက်လုံးများသည် သူမအား ငေး၍ ကြည့်နေကြလေသည်။

ချန်ဟောင်၏ လမ်းလျှောက်ပုံမှာလည်း နွဲ့နှောင်း ပျော့ပြောင်းပြီး ဆိုင်ဝမှ သူမထိုင်ရမည့် စားပွဲသို့ပင် အတော်ကလေး ကြာကြာ လျှောက်နေရသည်။

ချန်ဟောင်သည် မည်သူ့ကိုမှ မကြည့်ပါ။

စားပွဲသို့ ထိုင်ချလိုက်သည်နှင့် ဆိုင်လုလင်များသည် ဟင်းလျာများ အသင့်ဖြင့် ရောက်ရှိလာကြလေတော့သည်။

စုစုသည် ကြည့်ရင်း ကြည့်ရင်း မျက်လုံးများ ပြူးသွားသည်။

၂၀-တန် စားပွဲတပွဲလုံးသည် သူတယောက်တည်း အတွက်သာ ဖြစ်သည်။

"ချန်ဟောင် ဟုတ်လား"

ချန်ဟောင်သည် သူ့အား မော့ကြည့်လိုက်ပြီး၊

"ဟုတ်ပါတယ်"

သူမ၏ လေသံသည် အေးတိအေးစက် နိုင်လွန်းသည်။





"ကျုပ်က ကိုကြီးယူလို့ ခေါ်ပါတယ်"

"အော်....ကိုကြီးယူကိုး ထိုင်ပါရှင်"

ကိုကြီးယူက ပြုံးလိုက်ပြီး သူ့အဖော်ဘက်သို့တချက် ကြည့်လိုက်သည်။ သူ၏ အကြည့်ကား ကြွားဝါသော အကြည့်မျိုး ဖြစ်သည်။

သူသည် ချန်ဟောင်နှင့် မျက်နှာချင်းဆိုင် ထိုင်ချမည်အပြုတွင် ချန်ဟောင်က လက်ကာပြလိုက်သည်။

သူမ၏ လက်ဝါးကလေးမှာလည်း ဖြူဖွေးပြီး နူနယ်နေ၏။

"ခဏ"

ကိုကြီးယူသည် ကုန်းကုန်းကွကွ ဖြစ်သွားသည်။

"ဗျာ"

ချန်ဟောင်က ပြုံးလိုက်ပြီး၊

"ကျမကို ရှင်သိဘူးသလားရှင့်"

သူမ၏ စကားကြောင့် ကိုကြီးယူက ကြောင်အအ ဖြစ်သွားသည်။

"ဟင့်အင်း ကနေ့မှ သိရပါတယ်ဗျ"

"ဒီလိုဆိုရင် ရှင်က ကျမကို မသိဘူးပေါ့"

ကိုကြီးယူက ခေါင်းညိတ်လိုက်သည်။

ချန်ဟောင်ကလည်း ခေါင်းညိတ်လိုက်ပြီး၊

"ကျမလဲ ရှင့်ကို မသိဘူး ဟုတ်လား"

ကိုကြီးယူက ခေါင်းညိတ်လိုက်ပြန်သည်။

ချန်ဟောင်က ထပ်မံ ပြုံးလိုက်ပြီး၊

"ရှင်က ကျမကိုမသိ၊ကျမလဲ ရှင့်ကိုမသိဘူး၊ ရှင်က အခုလို ထိုင်မှာကို အားမနာဘူးလား"

ကိုကြီးယူ၏ မျက်နှာ တခုလုံးသည် ရှက်လွန်းသွားသဖြင့် နီရဲလာလေသည်။

သူသည် မချိသွားဖြဲ ရယ်မောကာ၊

"ဟဲ....ဟဲ၊ ဒါကတော့ ခင်ဗျားက ထိုင်ခိုင်းလို့ ထိုင်တာပေါ့ဗျ"

ချန်ဟောင်သည် အေးတိအေးစက်ဖြင့်၊

"ဒါကတော့ လူမှုရေးအရ ပြောတာပါ၊ တကယ် ထိုင်ခိုင်းတာမှ မဟုတ်တဲ"

သူမသည် ပြောရင်း ပြုံးလိုက်ပြီး၊

"ကျမက ရှင့်ကို ကျမကို ကန်တော့ပါလို့ ပြောရင် ရှင်က တကယ် ကျမကို ကန်တော့မှာလား"

ကိုကြီးယူသည် ဒေါသ ထွက်လွန်း၍ မည်သို့ ပြန်ပြောရမှန်း မသိဘဲ ငိုင်နေလေသည်။

ကိုကြီးယူ တယောက် ထိုင်ရခက်၊ ရပ်ရခက် အဖြစ်မျိုး ဖြစ်နေသည်ကို တွေ့လိုက်ရသော အိုယန်းသည် ကြိတ်၍ ရယ်မောမိလေသည်။

သူသည် လက်ထဲမှ ယပ်တောင်အား ခေါက် လိုက်ပြီး၊ ထိုင်ရာမှ ထလိုက်လေသည်။

သူသည် ခြေလှမ်းပေါ့ပါးစွာဖြင့် ချန်ဟောင်ထံသို့ လျှောက်လာသည်။





ကိုကြီးယူသည် သူ့အား လှည့်၍ အကဲခတ် ကြည့်နေ၏။

အိုယန်းသည် စကားတခွန်းမှ မပြောပါ။ အိတ်ထဲမှ ရွှေတုံးတတုံး နှိုက်ယူလိုက်ပြီး စားပွဲပေါ်သို့ တင်ထားလိုက်သည်။

အိုယန်းသည် မိန်းမနှင့် ပတ်သက်၍ ဝါရင့်သူ တယောက်ဖြစ်သည်။

သူသည် မိန်းမနှင့် စကား ပြောရမည့်အစား ရွှေတုံးနှင့် စကား ပြောလျှင် ပို၍ ထိရောက်မည်ဟု နားလည် ထားသည်။

သူသည် ရွှေတုံးအား လက်ချောင်းဖြင့် တောက်လိုက်သည်။

သူထင်သည့်အတိုင်း ချန်ဟောင်သည် ခေါင်းမော့လာကာ သူ့အား ကြည့်နေလေသည်။

အိုယန်းသည် ကျေနပ်စွာ ပြုံးလိုက်သည်။

သူ၏ နည်းဗျူဟာသည် အလွန် ထိရောက်သည်ဟုလည်း သဘောကျနေ၏။

သို့သော် ချန်ဟောင်သည် သူ့အား တချက် မော့ကြည့်ပြီးနောက် တဘက်သို့ မျက်နှာ လွှဲသွားသည်။

အိုယန်းသည် မျက်မှောင် အနည်းငယ် ကုပ်သွားသည်။

"ဒီရွှေတုံးကလေး ပြောတဲ့ စကားကို ခင်ဗျား မကြားဘူးလား...."

ချန်ဟောင်က သူ့အား ကြည့်လိုက်ပြီး၊

"သူက ဘာတွေ ပြောနေတာလဲရှင်"

အိုယန်းသည် ယပ်တောင်အား ဖြန့်လိုက်ပြီး ခတ်ရင်း ပြုံးလိုက်သည်။

"သူက ညီမလေး ခေါင်းညိတ်ရင်၊ သူဟာ ညီမလေး ပိုင်လိမ့်မယ်လို့ ပြောနေပါတယ်"

ချန်ဟောင်သည် မျက်တောင်တဖျတ်ဖျတ် ခတ်လိုက်သည်။

"ဟဲ့....သူက စကား ပြောနေတယ် ဟုတ်လား၊ ကျမက ဘာလုပ် မကြားတာလဲ"

အိုယန်းသည် ငိုင်သွားလေသည်။

အတန်ကြာမှ ပြုံးလိုက်ပြန်သည်။

"အင်း....သူ့အသံက တိုးတိုးကလေး ဖြစ်နေတယ် ထင်ပါတယ်...."

သူသည် ပြောရင်း အိတ်ထဲမှ ရွှေတုံးကလေး တတုံးထုတ်၍ စားပွဲပေါ်သို့ ချလိုက်ပြန်သည်။

ထို့နောက် လက်ချောင်းကလေးဖြင့် ခေါက်လိုက်ပြီး၊

"အခုကော ညီမက ကြားရပြီလို့ ထင်ပါတယ်"

ချန်ဟောင်က ခေါင်းခါယမ်းလိုက်သည်။

"ကျမဖြင့် ဘာမှ မကြားရဘူးရှင့်"

ဤတကြိမ် အိုယန်း၏ မျက်ခုံးမွှေးအစုံသည် အလယ်သို့ စုရုံးသွားသည်။ မထူးတော့၊ သူသည် ရွှေတုံးနှစ်တုံး ထပ်မံထုတ်လိုက်သည်။

"အခုလောက်ဆိုရင် ညီမက ကြားပြီ မဟုတ်လား"

"မကြားဘူး"

ချန်ဟောင်၏ အသံသည် ပြတ်သားလှပေသည်။

အိုယန်း၏ မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။





"ဗျာ....မကြားဘူး ဟုတ်လား၊ ရွှေတုံးလေးတုံးက ပြောတဲ့ စကားကို နားပင်းတဲ့လူတောင် ကြားနိုင်တယ်ဗျ"

ချန်ဟောင်သည် လက်ချောင်း လေးချောင်း ထောင်လိုက်သည်။

သူမနောက်မှ ရပ်နေသော မိန်းကလေး တယောက်သည် ရွှေတုံးလေးတုံးယူ၍ စားပွဲပေါ်သို့ ချထားလိုက်သည်။

ထိုရွှေတုံး လေးတုံးသည် အိုယန်း၏ ရွှေတုံးထက်ပင် ကြီးနေ၏။

ချန်ဟောင်သည် အိုယန်းအား ပြုံး၍၊

"ရှင်က နားပင်းသလား"

အိုယန်းက ခေါင်းခါ ပြလိုက်သည်။

"ကျုပ်က ဘာလုပ် နားပင်းရမှာလဲ"

"နားမပင်းရင် ရွှေတုံးလေးတုံး ပြောတဲ့ စကားကို ရှင် ဘာလုပ် မကြားရတာလဲ"

"ဒါဖြင့် သူက ဘာတွေ ပြောနေတာလဲ"

"သူက ပြောနေပါတယ်ရှင်၊ ရှင်က ဒီအနားက မြန်မြန် ထွက်သွားရင် သူတို့ကို ရှင်အပိုင် ရနိုင်ပါတယ်လို့"

အိုယန်း၏ မျက်နှာသည် ညိုမဲသွားလေတော့သည်။

ကိုကြီးယူသည် တဟားဟား ရယ်မောလိုက်လေတော့သည်။

"ဟား....ဟား....ဟား ကောင်းကွ၊ သိပ်ကောင်း"

"ချမ်း...."

အိုယန်းသည် ဒေါသ ထွက်လာသဖြင့် ခါးမှ ဓား ဆွဲထုတ်လိုက်သည်။

"မင်းက ဘယ်လို မိန်းမစားမို့ ဒါလောက် ခေါင်းမာနေရတာလဲ"

သူသည် ပြောရင်း ဓားမြှောက်လိုက်သည်။

"အား...."

အော်လိုက်သူမှာ အိုယန်းပင် ဖြစ်ပါသည်။

အကြောင်းမှာ ချန်ဟောင်သည် လက်ထဲမှ တူဖြင့် ပစ်လိုက်သဖြင့် တူတချောင်းသည် အိုယန်း၏ လက်ဖမိုးပေါ်သို့ ထိမှန်သွားသောကြောင့် ဖြစ်ပါသည်။

အကိုကြီးယူသည် မျက်လုံးပြူးသွားသည်။

ဆိုင်ထဲမှာရှိသော လူများသည် ချန်ဟောင်အား ပါးစပ်ဟောင်းလောင်းဖြင့် ငေး၍ တအံ့တဩ ကြည့်နေ၏။

စုစုကလည်း အံ့အားသင့်သွားသည်။

ချန်ဟောင်သည် တကယ်ပင် ထူးခြားသော အမျိုးသမီးတယောက်ပါပေ။

သူမသည် နွဲ့နှောင်းပျော့ပြောင်းသည်ဟုသာ တွေ့မြင်နေရသော်လည်း အမှန်မှာ သိုင်းပညာ အလွန်တတ်သော မိန်းကလေး တယောက် ဖြစ်နေလေသည်။

စုစုသည် ချန်ဟောင် အပေါ် အထင်သေးသော စိတ်များ လုံး၀ ပျောက်ကွယ်သွားသည့်ပြင် ကြည်ညိုလေးစားသော စိတ်များပင် တဖွဖွ ပေါ်ပေါက်လာလေတော့သည်။

× × ×





ဤထမင်းဆိုင်သည် ဤမြို့တွင် အကြီးကျယ်ဆုံး အခန်းနားဆုံး ဖြစ်နေ သကဲ့သို့ ဤမြို့တွင် တခုတည်းသော တည်းခိုခန်းလည်း ဖြစ်သည်။

ချန်ဟောင်၏ အခန်းသည် စုစု နေထိုင်သော အခန်းနှင့် လေးခန်းကျော်တွင် ရှိသည်။ စုစု၏ အခန်းသည် ယန်းဝှာက ငှားရမ်းပေးခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင် ယန်းဝှာသည် သူမ အပေါ် မဆိုးလှပါဟု ဆိုနိုင်မည် ဖြစ်ပါသည်။

စုစုသည် ယန်းဝှာအား တွေးမိသည်နှင့် စင်းစင်းအားလည်း သတိရလာလေသည်။

"ဟဲ ဟဲ ဟဲ စင်းစင်းနဲ့သာ ပေးစားလိုက်ရရင် တယောက်က ခေါင်းကြီး၊ တယောက်က ကြက်ဖင်"

သူမသည် နှုတ်ခမ်းစူနေသော စင်းစင်း၏ ပုံပန်းအား မြင်ယောင် လာလေတော့သည်။

သို့သော် စင်းစင်းသည် မည်သည့် နေရာသို့ ရောက်သွားနေပါလိမ့်။

သူမသည် တယောက်တည်း အိပ်ရာထဲ၌ လဲလျောင်းကာ ထွေရာလေးပါးများ တွေးနေလေတော့သည်။

× × ×

အလွန်ပူအိုက်နေသဖြင့် သူမသည် ချက်ခြင်း အိပ်၍ မရပါ။

အခန်းတွင် ပူလောင်သဖြင့် သူမသည် အခန်းတံခါးဖွင့်ကာ အပြင်သို့ ထွက်လာလေသည်။

မူလ ပထမတွင် သူမသည် ယန်းဝှာ၏ အခန်းသွားပြီး စကားပြောရန် ဖြစ်သည်။

သို့သော် အခန်းမှ ထွက်လာပြီးမှ မိန်းကလေး တယောက်က ယောကျ်ား တယောက်၏ အခန်းသို့ သွားရန် မသင့်ဟု သတိရလာကာ ခြေလှမ်း တုံ့ကနဲ ရပ်သွားသည်။

ထိုအချိန်မှာပင် ချန်ဟောင်၏ အခန်းမှ မီးရောင်များသည် အပြင်သို့ ဖြာထွက်နေသည်ကို တွေ့လိုက်ရလေသည်။

သူမသည် စူးစမ်းလိုသောဆန္ဒက ပြင်းပြလာသဖြင့် ချန်ဟောင် အခန်းရှိရာသို့ ခြေဖျားထောက်ကာ လျှောက်သွားလေသည်။

သူမသည် ချန်ဟောင်အခန်းသို့ မရောက်မီမှာပင် ချန်ဟောင်သည် အခန်းဝ၌ ထွက်၍ ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

စုစုသည် ခြေလှမ်း တုံ့ကနဲ ရပ်သွားသည်။

ချန်ဟောင်အား မသိမသာ စေ့၍ ကြည့်လိုက်လေသည်။

မီးအိမ်မှ မီးရောင်များသည် ချန်ဟောင်၏ မျက်နှာအား ပီပီပြင်ပြင် ဖော်ပြနေလေသည်။

"ညီမလေးက ဘယ်သူ့ကို လိုက်ရှာနေတာလဲ"

ချန်ဟောင်က စတင် မေးလိုက်ခြင်း ဖြစ်သည်။

စုစုက ကြောင်အအ ဖြစ်သွားသည်။

"ကျမ....ကျမ"

သူမသည် မည်သို့ ပြောရမှန်းမသိဘဲ ဖြစ်နေစဉ်မှာပင်၊

"ယန်းဝှာကို လိုက်ရှာနေတယ် ဟုတ်လား"

ချန်ဟောင်က ထပ်မံ မေးလိုက်သဖြင့် စုစုသည် အံ့အား သင့်သွားလေသည်။





"ရှင် မမက ယန်းဝှာကို သိလို့လား"

ချန်ဟောင်က ခေါင်းညိတ်လိုက်သည်၊ တဆက်တည်း အခန်းထဲသို့ လှည့်လိုက်ပြီး၊

"ယန်းဝှာ ဟောဒီမှာ ရှင့်အမျိုးသမီးကလာခေါ်နေတယ်"

ချန်ဟောင်၏ စကားကြောင့် စုစုသည် မျက်လုံး ပြူးကျယ်သွားသည်။

ယန်းဝှာသည် ချန်ဟောင်နှင့် မည်သို့ သိကျွမ်းခဲ့သနည်း။

ချန်ဟောင်သည် ကြေးတန်းမယ် တယောက် ဖြစ်သည်မှန်သော်လည်း လူတိုင်းအား လက်ခံခြင်း မရှိသည်ကို သူမ မျက်မြင် ကိုယ်တွေ့ ဖြစ်သည်။

ဤသို့ဆိုလျှင် ငွေလည်းပေါ ရုပ်လည်းမလှသော ယန်းဝှာအား အဘယ်ကြောင့် လက်ခံနေရသနည်း။

သူမသည် ဤသို့ တွေးနေစဉ်မှာပင် ယန်းဝှာသည် အခန်းထဲမှ ထွက်လာလေတော့သည်။

စုစုသည် ဒေါသ ချောင်းချောင်း ထွက်လာသည်။

"ရှင် ရှင်က ညဉ့်နက်သန်းခေါင် ဒီမှာဘာလာလုပ်တာလဲ"

သူမသည် လွှတ်ကနဲ ပြစ်တင် ပြောဆိုလိုက်လေတော့သည်။

ယန်းဝှာသည် သူမအား အံ့သြစွာ ကြည့်နေသည်။

အတန်ကြာမှ သူသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"ကျုပ်တို့ ကတိရှိနေကြတယ် မဟုတ်လား၊ တယောက်ကိစ္စကို တယောက်က ဝင်မစွက်ရဘူးလို့"

စုစုသည် ပါးစပ် ပိတ်ထားလိုက်လေတော့သည်။

ချန်ဟောင်သည် ရယ်မောလိုက်ပြီး ယန်းဝှာအား မော့ကြည့်ကာ၊

"သူက ရှင့်ဇနီးလောင်း ဟုတ်လား"

စုစုသည် ခြေတဖက်ဆောင့်လိုက်ပြီး၊

"ကျမကသာ ဇနီးလောင်း ဖြစ်နေရင် ရှင်အခုလောက်ဆို ပါးရိုက်ခံရပြီသာမှတ်"

ချန်ဟောင်၏ မျက်ခုံးမွေး အစုံသည် နဖူးပေါ်သို့ ခုန်တက်သွားသည်။

"ညီမက သူ့ရဲ့ ဇနီးလောင်း မဟုတ်ဘူးမဟုတ်လား"

"ဟုတ်တယ်၊ လောကပေါ်မှာ ရှိသမျှ ယောက်ျားတွေ အားလုံး သေသွားတာတောင် ကျမ သူ့ကို မယူသေးဘူးရှင့်"

သူမသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"သူ့လို ခေါင်းကြီး ဝက်ပုတ်နဲ့ တူတဲ့ လူကို ကြိုက်မယ့် မိန်းမတွေလဲ ရှိသေးတာကို ကျမဖြင့် အံ့သြလို့ မဆုံးပါဘူးရှင်"

ယန်းဝှာသည် သူတို့အား တချက်ကြည့်လိုက်ပြီး၊

"ကဲ....ခင်ဗျားတို့ စကားပြောနေကြပါ၊ ကျုပ်သွားအိပ်တော့မယ်"

သူသည် ဤသို့ပြောပြီး သူ့အခန်းရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားလေတော့သည်။

× × ×

"ဒါနဲ့ ညီမ နာမည်က"

ချန်ဟောင်သည် ပြုံး၍ မေးလိုက်သည်။

"စုစုပါ"





"စုစု ဟုတ်လား နာမည်က တော်တော်ကို လှသည်။ ညီမက ယန်းဝှာနဲ့ အတူလိုက်လာတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်သွားကြမလို့လဲ"

"ကျန်းနန်ပါရှင်"

"ကျန်းနန် ဟုတ်လား၊ ဘာကိစ္စနဲ့ ကျန်းနန်သွားတာလဲ၊ အလည်သက်သက်ဘဲလား"

"မဟုတ်ပါဘူး လူတယောက်နဲ့ သွားတွေ့မလို့ပါ"

"ဘယ်သူများပါလိမ့်၊ ကျန်းနန်မှာ နာမည်ရှိတဲ့ လူမှန်သမျှ မမက မသိတဲ့လူ အရှားသားကလား"

ချန်ဟောင်၏ စကားကြောင့် စုစု စိတ်ဝင်စားသွားသည်။

"မမ လူတော်တော်များများ သိတယ်ဆိုရင် ချင်းကိုးကော သိသလား"

"ချင်းကိုးက နာမည်ကြီးတဲ့ ပုဂ္ဂိုလ် တယောက်ဘဲ၊ မသိတဲ့လူ ခပ်ရှားရှားပါဘဲ၊ ညီမ သိတာပေါ့"

ထိုစကား ကြားလိုက်ရသည်နှင့် စုစု၏ မျက်ဝန်းအစုံသည် တောက်ပ ဝင်းလက်သွားသည်။

"ဒီလူက ဟိုသွား ဒီလာနဲ့ သူ့ကိုတွေ့ဖို့ မလွယ်ဘူးလို့ ကြားတယ်၊ ဟုတ်သလားဟင်"

"ညီမက ကျန်းနန်သွားတာသူ့ကို တွေ့ချင်လို့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ညီမက မမနဲ့ တွေ့လို့ ကံကောင်းသွားတယ် ဆိုရမှာပေါ့။ နို့မဟုတ်ရင် ခရီးပန်းနေအုံးမယ်"

“ဘာဖြစ်လို့လဲရှင့်”

ချင်းကိုးက ကျန်းနန်မှာ မရှိဘူး၊ ကျုံဝမ်း ရောက်နေပြီ”

“ဟင်....မမက သူဘယ်မှာ ရှိတယ်ဆိုတာ သိသလား”

ချန်ဟောင်က ခေါင်းညိတ်လိုက်သည်။

“မမ တနေ့ကတောင် သူ့ကို တွေ့ခဲ့သေးတယ်”

သူမ၏ ပြောပုံ ဆိုပုံမှာ ချင်းကိုးနှင့် ရင်းနှီးပုံ ရှိသည်ဟု ထင်ရသည်။

စုစုသည် သူမအပေါ် အဘယ်ကြောင့်မှန်းမသိ မနာလိုဝန်တို စိတ်များ တဖွဖွ ပေါ်ထွက်လာလေသည်။

အတန်ကြာမှ သူမသည် နှုတ်ခမ်း ကိုက်လိုက်ပြီး၊

“သူအခု ဘယ်မှာလဲ”

“သိပ်မဝေးဘူး”

“သူ ဘယ်မှာရှိတယ်ဆိုတာ ကျမကို ပြောပြပါလား မမရယ်”

ချန်ဟောင်က ခေါင်းခါ ရမ်းလိုက်သည်။

“ဝမ်းနည်းပါတယ်၊ မမ ပြောမပြနိုင်ပါဘူး”

စုစု ဒေါသထွက်လာသည်။ ချာကနဲ လှည့်လိုက်ရာ၊

“အို....စကားလဲ ဆုံးအောင် နားထောင်ပါအုံး”

ချန်ဟောင်၏ စကားကြောင့် စုစုသည် ချန်ဟောင်ဘက်သို့ လှည့်လိုက်ပြန်သည်။

ချန်ဟောင်က ပြုံးလိုက်ပြီး၊

“ညီမက တွေ့ချင်တယ်ဆိုရင် မမ လိုက်ပို့မှာပေါ့”

“တကယ်”





စုစုသည် ဝမ်းသာလွန်း၍ ထခုန်မတတ် ဝမ်းသာသွားသည်။

“တကယ်ပေါ့၊ ညီမကို ဘာလုပ် လိမ်ရမှာလဲ”

ချန်ဟောင်သည် သူမအား ကြည့်၍ ပြုံးကာ ပြောလိုက်ရာ စုစုသည် ချန်ဟောင်၏ လက်အား ဆွဲလိုက်ပြီး၊

“မမက သိပ်ပြီး ချစ်စရာ ကောင်းတယ်၊ ကျမဖြင့် ကျေးဇူး တင်လိုက်တာ”

ချန်ဟောင်က ပြုံးလိုက်ပြီး၊

“ညီမကိုလဲ မမက မြင်မြင်ချင်း ခင်နေတာပါ”

“မမက ဘယ်တော့ လိုက်ပို့မှာလဲ”

“အချိန်မရွေး လိုက်ပို့နိုင်ပါတယ်၊ ဒါပေမယ့်”

“ဒါပေမယ့် ဘာဖြစ်သလဲ”

“ညီမကို မလွှတ်ချင်တဲ့ လူက ရှိနေတယ်”

“ဘယ်သူလဲ”

“ညီမပြောတဲ့ ခေါင်းကြီး ဝက်ပုတ်ပေါ့”

စုစုက ခိကနဲ ရယ်မောလိုက်ပြီး၊ နှုတ်ခမ်းစူကာ၊

“သူက ဘာဆိုင်လို့ ကျမကို ချုပ်ချယ်နိုင်တာလဲ”

“ညီမက သူ့ကို မကြောက်ဘူးလား”

“မကြောက်ပါဘူး၊ ဘာဆိုင်လို့ ကြောက်ရမှာလဲ”

“ညီမက တကယ် ပြောနေတာလား”

“တကယ်ပေါ့၊ မမရဲ့”

“ဒီလိုဆိုရင် အခုသွားကြမယ်လေ၊ ညီမ သွားရဲပါ့မလား”

“မသွားရဲတဲ့ လူက ခွေးကလေး၊ ကျမသွားမယ်”

ချန်ဟောင်သည် မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်ပြီး၊

"ဒီလိုဆို ဒီအခုဘဲ သွားကြမယ်၊ တော်ကြာ ခေါင်းကြီးက ညီမကို ရှာမတွေ့လို့ ငိုနေပါအုံးမယ်"

"သူ့ဟာသူ ငိုချင်ငို မငိုချင်နေ ညီမကတော့ သွားမှာဘဲ"

"ဒါဖြင့် သွားကြစို့"

●

## သစ်လွင်သော ခရီးလမ်း

ယခု အချိန်က စပြီး မြို့စားကြီး၏ ချွေမင်းသမီးလေး စုစုသည် သူမ၏ ခရီးလမ်းသစ်ကို စတင် ပြန်လေသည်။

လမ်းပေါ်၌ အေးစက်နေ၏။ အပြင် ရောက်လာတော့မှ မိမိ အဝတ်အစား မလဲခဲ့သည်ကို သတိရလာသည်။

"ဟင်....ကျမ အဝတ်အစား မလဲခဲ့မိဘူး"

စုစုသည် ကိုယ့်ကိုယ်ကို ကြည့်ပြီး ပြောလိုက်သည်။

"အို....ကိစ္စမရှိပါဘူး၊ ဟိုရောက်တော့ လိုချင်တဲ့ အဝတ်အစားတွေ တပုံကြီး ရှိတယ်၊ ဘာမှ မစိုးရိမ်နဲ့"

ချန်ဟောင်က အားပေးစကား ပြောသည်။

စုစုသည် ဝန်းကျင်သို့ တချက်ကြည့်လိုက်ပြီး၊

"မမ"

ဟု ခေါ်လိုက်သည်။





လင်းစာပေ

"ဘာလဲ ညီမ"

"ကျ....ကျမတို့ လမ်းလျှောက်သွားရမှာပါ၊ ဘယ်လောက်ဝေးသလဲဟင်"

ချန်ဟောင်က ပြုံးလိုက်သည်။

"အို....လမ်းလျှောက်သွားဖို့ မဟုတ်ပါဘူး၊ မြင်းလှည်းရှိတဲ့ နေရာ သွားပြီး မြင်းလှည်းငှားပြီး သွားမှာပေါ့"

သို့သော် သူတို့သည် သွားငှားရန်ပင် မလိုတော့ပါ။

မြင်းလှည်း တစီးသည် သူတို့ထံ မောင်းနှင်လာလေတော့သည်။

\+ + ×

အချို့လူသည် အထူးကံကောင်းတတ်ကြလေသည်။

ယခု လာနေသော မြင်းလှည်းသည် ခရီးသည် မပါသည့်ပြင် အလွန်လှပ၍ ခန့်ညားသော မြင်းလှည်းတစီး ဖြစ်နေပါသည်။

မြင်းလှည်း မောင်းသူသည် လုင် တယောက် ဖြစ်ပြီး သူ၏ လက်မောင်းတွင် ပုဝါနီတထည်ပင် ချည်နှောင်ထားသေး၏။

နီရဲသော ပုဝါသည် ညလေ၏ တိုက်ခတ်မှုကြောင့် တလွင့်လွင့် ဖြစ်နေသည်။

စုစုသည် ထိုပုဝါနီအား တွေ့လိုက်ရသည်နှင့် ချင်းကိုးအား သတိရလာပြန်လေသည်။

လှည်းမောင်း လုင်သည် စုစုက စိုက်ကြည့်နေသည်ကို ရှက်သွားဟန်ရှိသည်။ သူသည် ပြုံးလိုက်ပြီး၊

"ကဲ....မြင်းလှည်းပေါ် တက်ကြပါခင်ဗျား"

ဟု စတင် ဖိတ်ခေါ်လိုက်လေသည်။ စုစုသည် ပြုံး၍၊

"ရှင့်မှာလဲ ပုဝါနီတွေ ချည်ထားလို့ပါလား၊ ချင်းကိုးကို သိတယ်နဲ့ တူတယ်"

မြင်းလှည်းမောင်း လုင်က ပြုံးလိုက်ပြီး၊

"ချင်းကိုးလို သူ့ရဲကောင်းကို မသိတဲ့ လူတော့ ခပ်ရှားရှားပါဘဲဗျာ"

"ရှင်က သူ့ကို တွေ့ဘူးလို့လား"

မြင်းလှည်းမောင်း လုင်က သက်ပြင်း ချလိုက်သည်။

"ကျနော့်လို အောက်တန်းလွှာက လူ တယောက် ဟာ ချင်းကိုးကို တွေ့ဖို့ ဘယ်လွယ်ပါ့မလဲဗျာ"

"ရှင်က သူ့ကို တွေ့ချင်တယ်ပေါ့"

"ဟုတ်ပါတယ်၊ သူ့ကိုသာ တွေ့ရရင် ကျနော့်ကို သုံးရက်လောက် ထမင်းမစားဘဲ နေပါဆိုလဲ ကျနော် နေမှာဘဲဗျ"

စုစုသည် ကျေနပ်စွာ ပြုံးလိုက်လေသည်။

ချင်းကိုးအား ချီးကျူးသော စကားများ ကြားလိုက်ရသည်နှင့် သူမ ဝမ်းသာ ပီတိ ဖြစ်သွားလေသည်။

သူမသည် ခဏနဲ ရယ်မောလိုက်ပြီး၊

"ကျမလဲ သူ့ဆီသွားမလို့ပါ၊ သူ....သူက....ကျမ....ကျမရဲ့ မိတ်ဆွေပါ"

သူမ လိမ်ပြောနေခြင်း မဟုတ်ပါ။

အမှန်မှာ သူမ၏ အသဲနှလုံးထဲ၌ ချင်းကိုးအား သူမ၏ မိတ်ဆွေသာ မက ခင်ပွန်းအဖြစ် အသိအမှတ်ပင် ပြုထားသည် မဟုတ်ပါလော။

●





တလိမ် နှစ်လိမ်

မြင်းလှည်းသည် ရပ်တန့်သွားချေပြီ။

မြင်းလှည်း ရပ်တန့်သွားသောအခါ အရှေ့ဖက် ကောင်းကင်၌ မီးခိုးရောင်များ သမ်းနေလေတော့သည်။

စုစုသည် အလွန် ကြည်နူးဖွယ်ရာ အိပ်မက်များ မက်နေ၏။

အိပ်မက်ထဲ၌ သူမသည် ချင်းကိုးနှင့် ပခုံးချင်းယှဉ်၍ လမ်းလျှောက်နေသည်။

ချန်ဟောင်က သူမ၏ ပခုံးအား လှုပ်နိုးတော့မှ သူမသည် မျက်လုံးများ ပွတ်ကာ နိုးလာလေတော့သည်။

မြင်းလှည်း၏ ပြတင်းပေါက်မှ ကြည့်လိုက်သောအခါ နီရဲသော တံခါးနှစ်ချပ် ရှိသော အဆောက်အဦ တခုအား တွေ့လိုက်ရသည်။

ထိုတံခါးရှေ့တွင် ကျောက်ဖြင့် ထုလုပ်ထားသော ခြင်္သေ့နှစ်ကောင်ရှိသည်။

"ရောက်ပြီ၊ ဟုတ်လား"

စုစုက မျက်လုံးများ ပွတ်ကာ မေးသည်။

"ဒါ....မမတို့ အိမ်ပါ"

"ဟား....ဟား....ဟား၊ မမတို့ အိမ်က ဝန်ကြီးအိမ် ကျနေတာဘဲ ခန့်ညားလိုက်တာ"

စုစုံသည် ပြောရင်း မြင်းလှည်း တံခါး တွန်းဖွင့်ပြီး ဆင်းလိုက်လေတော့သည်။

× × ×

ချန်ဟောင်သည် စုစုအား အလွန် သန့်ရှင်းပြီး သပ်ယပ်သော အခန်းတခုသို့ နေရာချထားခဲ့သည်။

အခန်းတွင် အင်္ကျီ အဝတ်အစား များ၊ ဘိနပ်များ၊ စုံစုံလင်လင် ရှိသည်။

"ကဲ....ညီမကိုယ်နဲ့ နင့်မမကိုယ်ဟာ သိပ်မကွာဘူး၊ မမ အဝတ်အစားနဲ့ ဘိနပ်တွေကို ကြိုက်တာ ယူဝတ်၊ အားမနာနဲ့နော်...."

ချန်ဟောင်သည် ဤသို့ ပြုံး၍ ပြောပြပြီး အခန်းထဲမှ ထွက်သွားလေသည်။

စုစုသည် များပြားလှသော အဝတ်အစား များအား ကြည့်ကာမည်သည့် အဝတ်အစားအားရွေးရန်ပင် တွေးရခက်နေ၏။

"ဒေါက်....ဒေါက်....ဒေါက်"

ရုတ်တရက် တံခါးခေါက်သံ ကြားလိုက်ရသည်။

"ဝင်ခဲ့ တံခါးစေ့ထားတယ်"

စုစုက လှမ်းပြောလိုက်ရင်း လှည့်ကြည့်လိုက်သည်။

သူမသည် တံခါးတွန်း၍ အဝတ်အစားများ တထပ်ကြီး ယူလာသော မိန်းကလေးအား တွေ့လိုက်ရသောအခါ မျက်လုံးပြူးကျယ်သွားသည်။

ထိုမိန်းကလေးသည် နှုတ်ခမ်းသေးသေး မျက်လုံးဝိုင်းစက်သည်။ ·





"ဟင်....စင်းစင်း"

စုစု လွတ်ကနဲ ခေါ်လိုက်ပြီး သူမထံ ပြေးသွားသည်။

"ကြည့်စမ်း၊ ဒီကောင်မလေးက ဘယ်ပျောက်နေပါလိမ့်၊ ဘယ့်နှယ် ဒီရောက်နေတာလဲ"

သူမသည် ဤသို့ပြောရင်း တအား လှမ်းဖက်လိုက်ရာ မိန်းကလေးလက်မှ အဝတ်အစားများသည် ကြမ်းပေါ်သို့ လွင့်စင်ကျသွားလေသည်။

မိန်းကလေးသည် မျက်လုံး ပြူးကျယ်ပြီး ထိတ်လန့်ကာ၊ စုစုအား အံ့သြစွာ ငေးကြည့်ရင်း၊

"ကျမ စင်းစင်း မဟုတ်ဘူး၊ ကျမနာမည် ရှောက်လန်ပါ"

စုစုက မဲ့ပြုံးပြုံးလိုက်သည်။

"လာလာသေးတယ်၊ ညီးက ငါ့ကို လိမ်လို့ ရမယ်တဲ့လား၊ ပြောစမ်း၊ ညီး ဒီရောက်နေတာ ဘယ်လောက် ကြာပြီလဲ"

ရှောက်လန်သည် ထစ်ထစ်ငေါ့ငေါ့ဖြင့်၊

"နှစ်နှစ်ရှိပါပြီရှင့်"

စုစုသည် ဗိုက်နှိပ်ကာ ရယ်မောလိုက်သည်။

"သေတော့မှာဘဲ၊ ငါကညီးကို မမှတ်မိဘူးများ ထင်နေသလား၊ ဘာတွေ လျှောက်ကြောင် နေတာလဲ"

ရှောက်လန်သည် မျက်တောင်များ တဖျတ်ဖျတ်ခတ်ရင်း၊

"မမက ကျမကို တွေ့.... တွေ့ဘူးလို့လား"

စုစုသည် ခါးထောက်လိုက်သည်။

"ညီးက ငါ့ကို မတွေ့ဘူးဖူးလို့ ပြောမလို့လား"

"ဟုတ်ကဲ့၊ ကျ....ကျမက မမကို တခါမှ မတွေ့ဘူးဖူးရှင့်"

စုစုသည် မျက်မှောင် ကုတ်သွားသည်။
"ဘာလဲ၊ ညီးက ငါ့ကို မမှတ်မိဘူး ဟုတ်လား"
"ဟုတ်ကဲ့ မမက ဘယ်သူလဲ"
ခက်ချေပြီ။ ရှောက်လန် ဆိုသူ မိန်းကလေးသည် စင်းစင်းမှ စင်းစင်း အစစ်ဟု သူမမှတ်မိသည်။
သို့သော် သူမသည် ရှောက်လန်ပါဟု ပြောနေသည့် သူမ၏ ဟန်မူရာမှာလည်း လိမ်လည်ပြောဆိုနေပုံ မရှိပါ။ စုစုသည်စတင် အံ့သြလာလေတော့သည်။
"ညီး....ညီးက စင်းစင်း မဟုတ်ဘူး"
"မဟုတ်ပါဘူး၊ ကျမနာမည် ရှောက်လန်ပါ"
စုစုသည် သူမအား ငေး၍ကြည့်နေသည်။ ခြေဆုံးခေါင်းဆုံး အကဲခတ်နေသည်။
ရှောက်လန်သည် ခေါင်းငုံ့သွားသည်။
"မမက တခြားမှာစရာ မရှိရင် မမရေချိုးဖို့ ပြင်ပေးရအုံးမယ်"
သူမသည် ဤသို့ပြောပြီးသည်နှင့် အခန်းထဲမှ ထွက်သွားလေတော့သည်။

× × ×

စုစုသည် အတန်ကြာ ငေး၍ ရပ်နေသည်။
ထို ရှောက်လန်ဆိုသော မိန်းကလေးသည် အဘယ်ကြောင့် စင်းစင်းနှင့် ချွတ်စွတ် တူနေပါသနည်း။
လောကကြီးမှာ ဤမျှ ရုပ်ချင်းတူသော လူ ရှိနိုင်၍လော။ သူမသည် မယုံကြည်ပါ။ သို့သော် မယုံ၍လည်း မဖြစ်ပါ။





ထိုစဉ်မှာပင် အသက်လေးဆယ်ခန့်ရှိ အမျိုးသမီးတယောက်သည် ရေချိုးခွက်တလုံး သယ်ယူလာသည်။
ရှောက်လန်သည် ရေပုံးတပုံး ဆွဲကာ နောက်မှ လိုက်လာနေသည်။ ရေပုံးထဲမှ ရေများသည် အငွေ့တထောင်းထောင်းဖြင့် ပူလောင်သည်။
စုစုသည် ရှောက်လန်အား စေ့စေ့ကြည့်လိုက်ပြီး၊
"ညီးက စင်းစင်း မဟုတ်ဘူးဆိုတာ တကယ်ဘဲလား"
ဟု အော်၍မေးလိုက်သည်။
ရှောက်လန်သည် ထိတ်လန့်သွားသည်။ ခေါင်းကို တသွင်သွင်ခါပြပြီး ရေပုံးထဲမှ ရေနွေးများအား ရေချိုးခွက်ထဲသို့ လောင်းထည့်လိုက်ပြီး အခန်းထဲမှ ခြေလှမ်း သုတ်သုတ်ဖြင့် လျှောက်သွား လေတော့သည်။

× + ×

ရေသည် နွေးနွေးထွေးထွေးရှိသည်။ မအေးမပူဖြစ်နေသည်။
၃-၄ ရက်မျှ ရေမချိုးခဲ့ရသော စုစုသည် အတွင်းခံအင်္ကျီနှင့် ဘောင်းဘီများ ဝတ်ဆင်လျက် ရေခွက်ထဲ၌ တကိုယ်လုံး စိမ်၍ ထားလိုက်သည်။
ရေနှင့် ထိတွေ့ လိုက်ရသောအခါ သူမသည် သွက်လက်ပေါ့ပါး လန်းဆန်းလာလေတော့သည်။
ရေချိုးခွက်ရှေ့တွင် ကြီးမားသော ကြေးမုံပြင် တချပ်ရှိသည်။
သူမသည် ကိုယ့်ကိုယ်ကို မှန်ထဲကြည့်ကာ သဘောကျနေ၏။

ရုတ်တရက် သူမ၏ တကိုယ်လုံးသည် တောင့်တင်း သွားသည်။

သူမ နောက်မှ အင်္ကျီလဲရန် အကာအကွယ်ပြုလုပ်ထားသော သစ်သားလိုက်ကာပေါ်တွင် အပေါက်ကလေး ၂ ပေါက်ရှိနေသည်ကို တွေ့လိုက်မိသည်။

ထူးခြားသည်မှာ ထိုအပေါက်ကလေး ၂ ပေါက်မှ မျက်လုံးအစုံများ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"အမလေး"

သူမသည် ထိတ်လန့် တုန်လှုပ်သွားကာ ကပျာကယာထလိုက်ပြီး ထိုလိုက်ကာအား တွန်းလှဲလိုက်လေသည်။

လိုက်ကာလဲကျသွားသောအခါ လူတယောက်အား တွေ့လိုက်ရသည်။

ထိုလူအား တွေ့လိုက်ရသည်နှင့် စုစုသည် တကိုယ်လုံး မလှုပ်မယှက် မှင်သက်မိသွားလေသည်။

သူမသည် ကြောက်၍ လန့်း၍လားမသိ အော်ရန်ပင် အသံမထွက်တော့ပါ။

ထိုလူကား ဆရာကိုးပင် ဖြစ်ပါသည်။

သို့သော် ဆရာကိုးသည် မလှုပ်မယှက် ဒူးထောက်လျက်နေသည်။

သူ၏ မျက်လုံးအစုံသည် ရှေ့သို့ တည့်တည့်မတ်မတ် ကြည့်နေသည်။

အတန်ကြာသည့်တိုင် ဆရာကိုးသည် မလှုပ်မယှက် ဒူးထောက်နေတုံးပင်။





စုစုသည် စိတ်ထဲ၌ သံသယ ဖြစ်ပေါ်လာသည်။

ရုတ်တရက် သူမသည် အနီးရှိ ဆပ်ပြာခွက်တခု လှမ်းယူလိုက်ပြီး ပစ်ပေါက်လိုက်သည်။

"ခွပ်...."

ဆပ်ပြာခွက်သည် ဆရာကိုး၏ ခေါင်းပေါ်သို့ တည့်တည့်ထိမှန်သွားသည်။ သို့သော် ဆရာကိုးသည် မလှုပ်မယှက်ပင်။

"ဟင် သူသေများ သေနေသလား"

သူမ၏ စိတ်ထဲ၌ မေးခွန်းတခု ဖြစ်ပေါ်လာသည်။

သူမသည် ရှေ့သို့ ခြေတလှမ်း တိုးလိုက်သည်။

"ဟေ့....ရှင် သေသွားပလား"

ဟု အော်၍ မေးလိုက်လေသည်။

x + x

"ဟား....ဟား....ဟား"

အခန်းဝမှ ချိုလွင်သော အသံနှင့်အတူ ချန်ဟောင်သည် ရယ်မောကာ ဝင်လာလေသည်။

"သူ မသေသေးပါဘူးကွယ်၊ ဒါပေမယ့် ညီမပြောတဲ့စကားကို သူမကြားနိုင်တော့ဘူး"

စုစုသည် မျက်မှောင်ကုတ်သွားသည်။

"သူ ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး၊ သွေးကြော ပိတ်ထားလိုက်လို့ပါ"

"မမက သူ့ကို သွေးကြော ပိတ်ထားတယ် ဟုတ်လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"ဘယ်သူရှိရအုံးမှာလဲ ချင်းကိုးပေါ့"

"ချင်းကိုး ဟုတ်လား"

စုစု၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

"ဟုတ်ပါတယ် သူလာတဲ့အခါမှာလူတယောက်ကဒီအခန်းရဲ့ ပြတင်းပေါက်က တိတ်တဆိတ် ခိုးဝင်နေတာကို တွေ့ရလို့ လိုက်လာပြီး သူ့ကို သေးကြော ပိတ်ထားလိုက်တယ်လေ"

စုစု၏ မျက်နှာတခုလုံး နီရဲသွားသည်။

သူမသည် ခေါင်းငုံ့လိုက်ပြီး၊

"အခု သူ ဘယ်မှာလဲ"

"ရှိပါတယ်၊ ဧည့်ခန်းထဲမှာပေါ့"

"ဒါဖြင့် ကျမ သွားတွေ့မယ်လေ"

ချန်ဟောင်က ရယ်မောလိုက်သည်။

"ကြည့်စမ်း....၊ တကိုယ်လုံး ရေစိုကြီးနဲ့ ဧည့်သည် တွေ့ဖို့ ကောင်းသလား"

ချန်ဟောင်၏ စကားကြောင့် စုစုသည် မိမိတကိုယ်လုံး ရေတွေ စိုရွှဲနေမှန်း သတိရလာလေတော့သည်။

× × ×

ဆရာကိုးသည် မူလနေရာတွင် ဒူးထောက်လျက်ရှိနေ၏။

စုစုသည် သူမ အနှစ်သက်ဆုံး အဝတ်အစားများ ဝတ်ဆင်ပြီးလျှင် ကြေးမုံပြင် ရှေ့တွင် ကိုယ့်ကိုယ်ကို အပြန်ပြန် အလှန်လှန် ကြည့်နေ၏။





ယခု သူမသည် သတို့သမီး တယောက်ပမာ သစ်လွင်သော အဝတ်အစားများ ဝတ်ဆင်ပြီး အစွမ်းကုန် အလှပြင်ထားလေသည်။

သူမသည် ဤသို့ ကိုယ့်ကိုယ်ကို အတန်ကြာ ပြုပြင်ပြီးမှ အခန်းထဲမှ လှမ်းထွက်လိုက်လေတော့သည်။

ချင်းကိုး၊

သူမသည် အနှစ်နှစ် အလလမှာ ရင်ထဲ၌ မျှော်တလင့်လင့် တွေ့လိုသော ချင်းကိုးအား ယခု မျက်နှာချင်းဆိုင် တွေ့နိုင်မည် မဟုတ်ပါလော။

အဘယ်ကြောင့်မှန်း မသိ၊

သူမသည် ရင်တဒိတ်ဒိတ် ခုန်နေလေတော့သည်။

သူမသည် ချင်းကိုးအား တွေ့ရတော့မည် မဟုတ်ပါလော။

× × ×

ချင်းကိုး၊ ချင်းကိုးသည် သူမ တွေးထင်သည့်အတိုင်းပင်ဖြစ်ပါသည်။ သူ၏ အရပ်အမောင်းသည် အခြားလူထက် အနည်းငယ် မြင့်သည်။

သို့သော် အလွန် ကျုံ့မြင့်ခြင်းမျိုး မဟုတ်ပါ။

သူ၏ ပခုံး၊ ရင်၊ အလွန်ကျယ်သည်၊ ခါးမှာမူ သေးသည်၊ တကိုယ်လုံး ခြုံကြည့်လိုက်သောအခါ အလွန် သန်မာ ထွားကြိုင်းသည်။

အထူးသဖြင့် တကိုယ်လုံး အနက်ရောင် ကိုယ်ကြပ် အင်္ကျီများ ဝတ်ဆင်ထားသည့် အတွက် ပို၍ ယောကျ်ားပီသပုံ ရလေသည်။

သူ၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြီး တောက်ပနေသည်။ နီရဲသော ပုဝါတထည်သည် သူ၏ လည်ပင်းတွင် ခပ်ပွပွ စည်းထားသဖြင့် တမျိုး ကျက်သရေ ရှိနေလေသည်။

ချင်းကိုးသည် စုစုအားတွေ့လိုက်ရသည်နှင့် ထိုင်ရာမှ ထလိုက်လေသည်။

သူ၏ မျက်လုံး အစုံသည် ပြုံးနေသော အရိပ်အရောင်များ သမ်းနေသည်သာမက သူ၏ မျက်နှာမှာလည်း တည်ကြည်ခန့်ညားသော အပြုံးဖြင့် ပြုံးနေ၏။

သူသည် စုစုအား နှစ်သက်နေသည်မှာ ပေါ်လွင်နေ၏။

စုစုသည် အိန္ဒြေရစွာဖြင့် သူ့ထံသွားရန် ဖြစ်သည်။

သို့သော်၊ သူ၏ ခြေလှမ်းသည် အခန်းဝတွင် ရပ်တန့်သွားသည်။

သူမသည် တစုံတခု သတိမေ့နေသောကြောင့်ပင် ဖြစ်ပါသည်။

သူမသည် ချင်းကိုး၏ သတင်းများ ကြားမိလိုက်သောနေ့ကစပြီး အမျိုးမျိုးစိတ်ကူးယဉ်ခဲ့သည်။ သူမသည် ချင်းကိုးနှင့် လက်ထပ်ပြီးသည်နှင့် နှစ်ယောက်တွဲကာ မြင်းစီးကြမည်။ နယ်အရပ်ရပ်သို့ ခရီးထွက်မည်။ နေ့စဉ် နေ့တိုင်း နံနက်ချိန်မှာ သူမသည် သူ့အတွက် သန့်ရှင်း စင်ကြယ်သော ပုဝါနီ တထည် လဲပေးသည်အထိ စိတ်ကူးယဉ်ခဲ့လေသည်။

သို့သော် ယခုကဲ့သို့ မျက်နှာချင်းဆိုင် တွေ့မြင်ရသောအခါ သူမသည် မည်သို့စ၍ ပြောရမည်ကို သတိမရပါတော့ချေ။





ချင်းကိုးမှာလည်း စကားမည်သို့ စရမည်မသိ ဖြစ်နေလေသည်။

သူသည် ယဉ်ကျေးစွာဖြင့် ပြုံးပြပြီး၊

"ထိုင်ပါ"

စုစုသည် ထိုင်ချလိုက်လေသည်။ သူမသည် မည်သို့ စကားပြောရမှန်း မသိပါ။

သူတို့သည် တယောက်နှင့်တယောက် မျက်နှာချင်းဆိုင် ထိုင်နေကြပြီး စကားတခွန်းမှ မပြောကြပါ။

ချန်ပောင်လည်း စကားမပြောဘဲ အခန်းဝတွင် ရပ်၍ သူတို့အား ပြုံး၍ ကြည့်နေ၏။

ထိုစဉ်၊ ရှောက်လန်သည် လင်ဗန်းဖြင့် လက်ဖက်ရည်နှစ်ခွက် ယူလာပြီး သူမတို့ ထိုင်နေသော အနီးရှိ စားပွဲကလေးပေါ် ချထားလိုက်လေသည်။

ထို့နောက် သူမသည် စုစုအနီးသို့ ချဉ်းကပ်ကာ စကားတိုးတိုး ပြောလိုက်သည်။

သို့သော် စုစုသည် ရှောက်သန် မည်သည့်စကား ပြောသွားသည်ကို သတိမပြုမိပါ။

သူမသည် ချင်းကိုးအား မည်သို့ စကား စတင်ပြောရမည်ကိုသာ တွေးနေ၏။ ရှောက်လန်သည် သူမအား တချက် ကြည့်လိုက်ပြီး ထွက်သွားလေသည်။

သူမ ထွက်သွားသောအခါ နှုတ်ခမ်းကလေးသည် စူထားလေသည်။

သူမ၏ ပုံဟန်မှာ ဒေါသထွက်ခြင်း စိုးရိမ်ခြင်း စသည့် ဟန်မူရာများ ဖြစ်ပေါ်နေသည်ကို စုစုက မသိလိုက်ရပါချေ။

\+ + +

အခန်းတခုလုံးသည် တိတ်ဆိတ်၍ နေသည်။ စုစုသည် ခေါင်းငုံ့မြဲ ငုံ့နေသည် ချန်ဟောင်သည် မနေနိုင်တော့ပါ။ သူမသည် သူတို့ထံသို့ လျှောက်လာပြီး တခိခိ ရယ်မောကာ၊

"ဟဲ....ဟဲ....ဟဲ ရှင်တို့က ပါးစပ် မပါကြဘူးလား"

ချင်းကိုးသည် ရယ်မောလိုက်သည်။ သူသည် ပြတင်းပေါက်ဘက်သို့ လှည့်ကြည့်လိုက်ပြီး၊

"ကနေ့ ရာသီဉတု သာယာလိုက်တာ"

"ဟား....ဟား....ဟား"

ချန်ဟောင်က တဟားဟား ရယ်မောလိုက်သည်။

ချင်းကိုးက မျက်မှောင် ကုပ်သွားသည်။

"ဟား....ဟား....ဟား ဆိုတာ ဘာသဘောလဲ"

"ဟား....ဟား....ဟား ဆိုတာ စကား ပြောပေမယ့် မပြောတာနဲ့ အတူတူဘဲလို့ ပြောတာ"

"ကျုပ်က ဘာကို ပြောရမှာလဲ"

"ရှင်က သူ့ကို နာမည် ဘယ်လို ခေါ်သလဲ၊ ဘယ်မှာနေလဲ၊ နောက်ပြီး ဘယ်ကို သွားမလို့လဲ၊ အဲဒါတွေလဲ ကျမကလိုက်ပြီး သင်ပြပေးရအုံးမှာလား"

ချင်းကိုးသည် ချောင်း တချက် ဟန့်လိုက်သည်။

သူသည် စုစုဘက်သို့ လှည့်၍ ပြုံးပြလိုက်ပြီး၊





"ညီမ နာမည် ဘယ်လို ခေါ်သလဲ"

ဟု မေးလိုက်လေသည်။ စုစုသည် ခေါင်းငုံ့လျက်၊

"စု...စု....ပါ"

ချန်ဟောင်သည် မျက်မှောင် ကုပ်သွားသည်။

"ဒီမှာ စကား ပြောနေတာလား၊ ခြင်တွေ အော်နေတာလား...."

စုစုသည် မနေနိုင်တော့ဘဲ ခိကနဲ ရယ်မော လိုက်သည်။

ချင်းကိုးကလည်း ရယ်မောလာလေသည်။

သူသည် စကားဆက်ရန် ဟန်ပြင်လိုက်ရာတွင် ရှောက်လန်က ရောက်ရှိလာပြန်လေသည်။

သူမသည် လင်ဗန်း ထဲမှ ခရားအား ယူ၍ လက်ဖက်ရည်ကြမ်းများ ငှဲ့ပေးသည်။ မည်သို့ကြောင့်မှန်း မသိ။ သူမ ငှဲ့နေသော လက်ဖက်ရည်ကြမ်းသည် စုစု၏ အဝတ် ပေါ်သို့ ဖိတ်စင်သွားလေတော့သည်။

ရှောက်လန်သည် ကပျာကယာ လိုက်ပြီး သုတ်ပေးရင်း၊

"အို....အားနာလိုက်တာရှင်၊ မတော်လို့ပါ"

ဟု တောင်းပန်နေ၏။

စုစုသည် ရှောက်လန်၏ ဟန်မူရာအား ကြည့်ကာ စိတ်ထဲ၌ အံ့သြနေ၏။

ချန်ဟောင်မှာမူ မျက်နှာ မဲမှောင်သွားသည်။

"ညီးက ဘာ ကိစ္စ ခဏ ခဏ ဝင်ရှုပ်နေတာလဲ"

ဟု ကြိမ်းမောင်းလိုက်လေသည်။

"ကျမ....ကျမ....ရေနွေးအပူ ထပ်ပြီး ထည့်ရမလားလို့ လာကြည့်မိတာပါ"

"မလိုဘူး ထွက်သွားစမ်း၊ ကျုပ်က မခေါ်ရင် ဘယ်တော့မှ ဝင်မလာနဲ့"

"ဟုတ်....ဟုတ်ကဲ့ပါ၊ မမ"

ရွှောင်လန်သည် ခေါင်းငုံ့ကာ ထွက်သွားလေတော့သည်။ သူမသည် ထွက်သွားမည်အပြုတွင် စုစု၏ ကိုယ်ပေါ်သို့ တချက်ကြည့်လိုက်သေးသည်။ စုစုသည် ရွှောင်လန်အပေါ် အနည်းငယ် အံ့သြသည်မှအပ ရွှောင်လန်သည် သူမအား တစုံတခု ပြောရန် ကြိုးစားနေခြင်း ဖြစ်သည်ကို မတွေးမိပါချေ။

× × ×

စုစုသည် အင်္ကျီများ ရေနွေးကြမ်း ဖိတ်စင်၍ စိုရွဲသွားသဖြင့် ဆက်၍ ထိုင်နေရန် မဖြစ်တော့ပါ။ သူမသည် ထိုင်ရာမှ ထလိုက်ပြီး၊

"ကျမ အဝတ်အစား သွားလဲ လိုက်အုံးမယ်"

ချင်းကိုးသည်လည်း ထိုင်ရာမှ ထလိုက်ပြီး၊

"ဟုတ်ကဲ့၊ ကျနော်လဲ သွားလိုက်ပါအုံးမယ်"

သူသည် ပြောပြီးသည်နှင့် နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

ချင်းကိုး ထွက်သွားပြီးနောက် ချန်ဟောင်က စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်သည်။

"အင်း၊ ညီမက ချင်းကိုးနဲ့ တွေ့ချင်ပါတယ်ဆိုလို့ မမက ကြိုးစားလိုက်တာ မော်နေတာဘဲ၊ အခု လူချင်းတွေ့အောင်





ဖန်တီးပေးတော့မှ ညီမက အခွင့်အရေး လက်လွှတ်ခံလိုက်တာ၊ မမဖြင့် ကြိုးစားသမျှ သဲထဲရေသွန်ပစ်တာနဲ့ တူနေပြီ"

စုစုသည် ခေါင်းငုံ့သွားသည်။

"ကျမလဲ ကြိုးစားပြီး စကားပြောပါတယ်၊ ဒါပေမယ့် ဘာကို ပြောရမှန်း မသိလို့ပါ"

ချန်ဟောင်သည် သက်ပြင်း တချက် ချလိုက်သည်။

"အင်း၊ ညီမက သူ့ကို အမိဖမ်းနိုင်ရင်တော့"

စုစုသည် ခေါင်းငုံ့သွားသည်။

"ကျမ....ကျမ"

"ကျမ လုပ်မနေနဲ့၊ မမ တခု မေးပါမယ်"

"ဘာများလဲ"

"ညီမက သူ့ကို တကယ်ယူမှာလား"

စုစုသည် ခေါင်းငုံ့သွားပြန်သည်။ စကားမပြောတော့ပါ။

ချန်ဟောင်သည် သူမအား စေ့စေ့ကြည့်လိုက်ပြီး၊

"ညီမက မှန်မှန်ပြောမှ ဖြစ်မယ်၊ ယူချင်လဲ ယူမယ်ပြော၊ မယူချင်ဘူးဆိုရင် မမလဲ ကြိုးစားမနေတော့ဘူး"

စုစုသည် သူမအား မော့ကြည့်လိုက်သည်။

"ကျမ...."

"လာပြန်ပြီ ဒီကျမ၊ ပြောစရာရှိရင် ဘွင်းဘွင်းပြောပါ၊ ညီမက သူ့ကို ခင်ပွန်းအဖြစ် ယူမှာလား"

စုစုက ခေါင်းညိတ်လိုက်သည်။

ချန်ဟောင်က ပြုံးလိုက်ပြီး၊

"ဒီလိုဆို ဒီနှစ်ရက်အတွင်း ကိစ္စကို ပြီးအောင် ကြိုးစားရမယ်"

စုစုသည် သူမအား မျက်လုံးပြူး၍ ကြည့်နေသည်။

"နှစ်ရက်အတွင်း ဟုတ်လား"

"ဟုတ်တယ်၊ နှစ်ရက်ဆိုတဲ့ အချိန်ဟာ မနဲဘူး၊ တော်ကြာ သူ ဒီက ထွက်သွားရင် သူ့ကိုထပ်ပြီး တွေ့ဖို့ဟာ လွယ်မှာ မဟုတ်ဘူး"

"ကျမ...ကျမ၊ ဘာလုပ်ရမလဲ"

ချန်ဟောင်သည် အဓိပ္ပာယ်ပါသော မျက်လုံးအစုံဖြင့် သူမအား စေ့စေ့ကြည့်လိုက်ပြီး၊

"သူ့ကို ညီမ ဘက်ပါအောင် ပြောပေါ့၊ ဖြစ်နိုင်ရင် သူ ခေါ်ရာ လိုက်သွားရုံပေါ့"

\+ + +

ညှော်ခန်းတွင် တိတ်ဆိတ်၍ နေသည်။ လူတယောက်မှ မရှိပါ။

ထို ချောမော လှပသော ရှောက်လန်သည် ညှော်ခန်းထဲသို့ ဝင်လာပြန်သည်။

သူမသည် စုစုထိုင်ခဲ့သော ကုလားထိုင်အောက်၌ စက္ကူလိပ်ကလေး တလိပ်အား တွေ့လိုက်ရသဖြင့် သူမ၏ မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။

ကပျာကယာ ကောက်ယူလိုက်သည်။ သူမ၏ မျက်နှာပေါ်တွင် ဒေါသထွက်ခြင်း၊ ခံပြင်းခြင်း၊ စိုးရိမ်ခြင်းစသည့် အရိပ်အယောင်များ တပြိုင်နက် ထွက်ပေါ်လာလေသည်။ သူမသည် နှုတ်ခမ်းကလေး စူထားပြန်သည်။





ထိုအချိန်မှာပင် အခန်းတခုမှ စူးရှသော အော်သံ ကြားလိုက်ရလေတော့သည်။

\+

အခန်းတွင်းမှာ ဝှက်ထားသော ဆရာကိုးသည် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားသည်။

စုစုသည် ဆရာကိုးအား လုံးဝ သတိမရတော့ပါ။

သူမသည် ချင်းကိုးအား တွေ့မြင်လိုက်သည်နှင့် မည်သည့် ကိစ္စမဟူ အားလုံး မေ့သွားကုန်သည်။

သူမသည် အခန်းတွင် တယောက်တည်း ထိုင်၍ ထွေရာလေးပါး တွေးတော နေရာမှ ရုတ်တရက် ဆရာကိုးအား သတိရလာလေသည်။

သူမသည် ဆရာကိုးအား ဝှက်ထားသော နေရာသို့ သွားရောက် ကြည့်လိုက်ရာ၊

ဆရာကိုးကို လုံးဝ မတွေ့ရတော့သဖြင့် ထိတ်လန့်တုန်လှုပ်ကာ ယခုကဲ့သို့ အော်ဟစ်လိုက်ခြင်း ဖြစ်လေသည်။

သူမ၏ အော်သံကြောင့် ပထမဆုံး အခန်းထဲသို့ ပြေးဝင်လာသူမှာ ချန်ဟောင် ဖြစ်ပါသည်။

ချန်ဟောင်သည် စုစု၏ တုန်ခါနေသော ခန္ဓာအား တင်းကြပ်စွာ ဖက်ထားလိုက်ပြီး၊

"ပျောက်သွားလဲ အေးတာဘဲ၊ ဘာကြောက်စရာ ရှိသလဲ၊ မမတယောက်လုံးလဲ ရှိသေးတယ်၊ မကြောက်ပါနဲ့ ညီမရယ်"

ဟု နှစ်သိမ့် နေလေသည်။

ဒုတိယ ရောက်ရှိလာသူမှာ ချင်းကိုးပင် ဖြစ်ပါသည်။

သူသည် ချိုလွင်ပြတ်သားသော အသံဖြင့်၊

ရ "စိတ်ချ မပူပါနဲ့ ညီမရယ်၊ သူ မလာရဲတော့ပါဘူး၊ လာရဲရင်တော့ အကိုက သူ့ကို အပြတ်ဆုံးမပစ်မယ်"

ချန်ဟောင်က မဲ့ပြုံးပြုံးလိုက်ပြီး၊

"ရှင်က သိပ်မကြွားနဲ့၊ ရှင်က သူ့ကို သွေးကြောပိတ်ထားခဲ့တယ်ဆို အခုတော့"

"အို....ကျုပ်က ခပ်ပေါ့ပေါ့ ဖြစ်သွားလို့ပါ၊ နောက်တခါတွေ့ရင်တော့"

ချန်ဟောင်က နှုတ်ခမ်းမဲ့လိုက်သည်။

"တော်ပါ၊ ကျမ သတိပေးပါရစေ၊ နောက် ညီမတခုဖြစ်ရင်တော့ ရှင့်တာဝန်ဘဲ"

ချင်းကိုးသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"အင်....ကျုပ် တာဝန် ယူချင်ပါတယ်၊ဒါပေမယ့်ဘယ်လိုတာဝန် ယူရမှာလဲ"

"ရှင် မသိဘူးလား"

"ကျုပ်က ဒီမှာနေပြီး ညီမလေးကိုစောင့်ရှောက်ရမှာလား"

"အေး....ရှင့်ဥာဏ် မဆိုးဘူး"

စုစုသည် ယခုမှ ချန်ဟောင်၏ ဆိုလိုသော သဘောကို နားလည် လိုက်သဖြင့် စိတ်ထဲမှ ကြိတ်၍ ရယ်ချင်လာလေသည်။

ချန်ဟောင်သည် သူတို့ နှစ်ယောက် နီးစပ်စေရန် ဖန်တီးပေးနေသည် မဟုတ်ပါလော။





ထိုစဉ် ချန်ဟောင်၏အသံ ထပ်မံ ထွက်ပေါ်လာသည်။

"ဒီမှာ ချင်းကိုး အခုအချိန်ကစပြီး ကျမ ညီမကို ရှင်က တာဝန်ယူပြီး စောင့်ရှောက်ရမယ် ဟုတ်လား"

"ဆရာကိုးက မလာရင်ကော"

"သူမလာရင် ရှင်က တသက်လုံး စောင့်ရှောက် ရမှာဘဲ"

ချန်ဟောင်၏ စကားသည် ရှင်းလှသည်။ မည်သူမဆို သူမ ဆိုလိုသော သဘောကို နားလည်ကြမည် ဖြစ်သည်။

ထို့ကြောင့် စုစု၏ မျက်နှာတခုလုံးသည် ရှက်သွေးများ ဖြာကနဲ ဖြစ်သွားရုံ မကဘဲ ချင်းကိုး၏ မျက်နှာလည်း အနည်းငယ် နီရဲလာသည်ဟု ထင်ရလေသည်။

ချန်ဟောင်သည် ထိုင်ရာမှ ထလိုက်ပြီး စုစု၏ ပခုံးအား အသာအယာ ကိုင်လိုက်ပြီး၊

"ကဲ....ညီမကဘာမှ ကြောက်စရာ မလိုတော့ဘူး၊ ချင်းကိုး တယောက် လုံးက စောင့်ရှောက်မယ့် တာဝန် ယူထားလေတော့ မမလဲ စိတ်ချသွားပြီ၊ ကဲ ညီမတို့ စကားပြောနေခဲ့ကြ၊ မမ အလုပ်တွေရှိသေးလို့ သွားလိုက်အုံးမယ်"

သူမသည် ပြောပြပြီး ချာကနဲလှည့်ကာ အခန်းထဲမှ ထွက်သွားလေတော့သည်။

## တခုခုတော့ မှားနေပြီ

အခန်းတခုလုံးသည် တိတ်ဆိတ်၍ နေလေသည်။ အခန်းမှ လေများပင် ခဲသွားသည်ဟု ထင်မှတ်ရ၏။ စုစု၏ နှလုံးသည် တဒိတ်ဒိတ် ခုန်နေသည်။ ချင်းကိုးမှာမူ သူမအား ပြုံး၍ ကြည့်နေ၏။

ချန်ဟောင်အခန်းမှ ထွက်သွားစဉ်တုံးက အခန်းတံခါးအား ပြန်လည် ပိတ်သွားသည်ကို ယခုမှ စုစု သတိပြုမိသည်။

စုစုသည် ချင်းကိုးအား မကြည့်ရဲပါ။ မျက်လုံးများ မှိတ်ထားရန်လည်း မဖြစ်ပါ။

သူ၏ မျက်လုံး အစုံသည် **သူမ**၏ လက်ကလေးများကိုသာ ကြည့်နေရသည်။

စုစုသည် သူမ၏ လက်ကလေးများ ဝှက်ရန် စိတ်ကူးမိလာသည်။

သို့သော် မည်သည့် နေရာသို့ ဝှက်ရမှန်းမသိ ဖြစ်နေ၏။ ချင်းကိုးသည် ထိုင်ရာမှ ထလာလေသည်။

သူသည် သူမထံသို့ လျှောက်လာပြီး သူမ၏ လက်ကလေးများအား ဆုပ်ကိုင်လိုက်သည်။

စုစု၏ နှလုံးသည် ပို၍ ခုန်လာလေသည်။ သူမ၏တကိုယ်လုံးလည်း ပူထူသွားသည်။ တကိုယ်လုံး၏ သွေးများသည် ငယ်ထိပ်သို့ ရောက်လာသည်ဟု ထင်ရ၏။ ချင်းကိုးသည် သူမ၏အနားသို့ ကပ်၍ စကားပြောနေသည်။ သူ၏ အသံသည် ပျော့ပြောင်းသည်။ နားဝင် ချိုလှသည်။





သူသည် မည်သည့်စကား ပြောသွားသည်ကိုမူ စုစုက လုံးဝ မကြားလိုက်ရပါ၊ အသံတိုးနေ၍ မဟုတ်ပါ၊ သူမသည် တကိုယ်လုံး ပူထူ၍ မကြားလိုက်ရခြင်း ဖြစ်သည်။

ချင်းကိုး၏ အသံများသည် ကမ္ဘာပေါ် ရှိရှိသမျှသော တေးဂီတထက် ပို၍ သာယာဘွယ် ကောင်းနေ၏။

သူမသည် အိပ်မက်တခု မက်နေသည့်အလား ငေး၍ ငေး၍ နေ၏။

မည်မျှ ကြာသွားမှန်းမသိ၊ ချင်းကိုး၏ လက်များသည် သူမ ခါးဆီသို့ ရောက်လာသည်။

ထို့နောက်သူမ၏ခန္ဓာကိုယ်တခုလုံးသည်ထိုင်ရာမှအပေါ်သို့ ကြွလာသည်။

ယခု သူမသည် ချင်းကိုး၏ ရင်ခွင်ထဲသို့ ရောက်နေသည်ဟု ခံစားလိုက်ရလေသည်။

သူ၏ လက်များသည် သူမအား တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်လေတော့သည်။

သူမသည် တကိုယ်လုံး တုံခါသွားသည်။ တခုခုတော့ မှားနေပြီဟု သူမ သတိရလာသည်။ သူမသည် စတင် ရုန်းကန်လိုက်သည်။

သို့သော် သူမ၏ ခွန်အားများသည် မည်သို့လွင့်စင် ပျောက်ကွယ်သွားမှန်းမသိ၊ တကိုယ်လုံး အားအင်များ ချိနဲ့နေသည်ဟု သူမ ခံစားလိုက်ရသည်။

ရုတ်တရက် သူမ၏ ခန္ဓာကိုယ်သည် ချင်းကိုး၏ ရင်ခွင်မှ ခုတင်ပေါ်သို့ ရောက်သွားသည်ဟု သိလိုက်လေသည်။

သူမသည် ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်နေစဉ်မှာပင်၊

"ဝုံး...."

အခန်းတံခါးအား တစုံတယောက်က တွန်း ဖွင့် လိုက်လေတော့သည်။

●

## နှုတ်ခမ်းစူသော ရှောက်လန်

အခန်းတံခါး တွန်းဖွင့်ဝင်ရောက်လာသူမှာ နှုတ်ခမ်း အမြဲစူတတ်သော ရှောက်လန်ပင် ဖြစ်ပါသည်။

ရှောက်လန်သည် သူတို့အား ပြုံးပြပြီး၊

"အော်.... တံခါး စေ့ထားလို့ ကျမက ဘာများ စားကြအုံးမလဲလို့ ဝင်ခဲ့တာပါရှင်"

ချင်းကိုးသည် ဒေါသ အမျက် ချောင်းချောင်း ထွက်နေလေသည်။

"ဘာမှ မစားဘူး၊ မင်းဘာလာရှုပ်တာလဲ အခုထွက်သွား"

သူ၏ အသံသည် တခန်းလုံး ဟိန်းထွက်သွားသည်။

ချင်းကိုး၊





သူသည် ပျော့ပြောင်း၍ နူးညံ့သိမ်မွေ့သော အသွင်မှသည် ဘီလူးတယောက်၏ ကြမ်းတမ်းသော ဟန်မူရာအဖြစ်သို့ တဒင်္ဂအတွင်း ပြောင်းလဲ သွားလေတော့သည်။

သူသည် ယင်းသို့ အော်ပြောရင်း ရှောက်လန်ထံသို့ လျှောက်သွားကာ သူမအား အခန်းအပြင်ဘက်သို့ တွန်းထုတ်လိုက်ပြီး တံခါး ပြန်လည် ပိတ်လိုက်မည်အပြုတွင်၊

"ဝုံး...."

ရုတ်တရက်၊ သူမ ခန္ဓာကိုယ်အား စုစုက တွန်းထုတ်လိုက်ပြီး တံခါး ပိတ်ထားလိုက်လေတော့သည်။

ချင်းကိုးသည် ထိတ်လန့် အံ့ဩသွားသည်။ သူသည် တံခါးအား တအား ခေါက်လိုက်ပြီး၊

"ဟေ့ ညီမ၊ ဒါဘာလုပ်တာလဲ တံခါးဖွင့်"

စုစုသည် တံခါးအား ကိုယ်ခန္ဓာဖြင့် ပြန်လည် ကျားကန်ထားလိုက်ပြီး အံကို တင်းတင်း ကြိတ်ထားသည်။ ချင်းကိုးသည် တံခါးအား အတန်ကြာ ဖွင့်ခိုင်းနေသော်လည်း စုစုက တံခါးဖွင့်မပေးမှန်း သိလိုက်ရသဖြင့်၊

"အင်း၊ ဒီကောင်မလေးက စိတ်မှ ကောင်းရဲ့လား"

ဟု ညည်းညူလိုက်ပြီး ထွက်သွားလေတော့သည်။

●

မမက ချက်ခြင်း လက်ထပ်ပေးမယ်

"ဟုတ်တယ်၊ ငါ စိတ်မှ ကောင်းရဲ့လား"

ဤမေးခွန်းသည် စုစုက ကိုယ့်ကိုယ်ကို ပြန်မေးလိုက်သော မေးခွန်းဖြစ်သည်။ သူမသည် ချင်းကိုးအား မိမိ၏ မျှော်မှန်းထားသော ချစ်သူတယောက် ဖြစ်သည်။

တခါတရံ အိပ်မက်ထဲမှာပင် မက်ခဲ့သည် မဟုတ်ပါလော။

သူမသည် နေ့စဉ်နှင့်အမျှ ချင်းကိုးနှင့် တွေ့ဆုံပြီး လှပသော တောတောင်ကြားမှာ မြင်းချင်း ယှဉ်၍ စီးနေသည်ကို စိတ်ကူးယဉ်ခဲ့သည် မဟုတ်ပါလော။

ယခုမှာမူ မိမိနှစ်ရှည်လများ မျှော်လင့် တောင့်တသော လူနှင့် နဖူးတွေ့ဒူးတွေ့ တွေ့ဆုံခွင့်ရလာသောအခါ မိမိက အဘယ်ကြောင့် သူ့အား ယခုကဲ့သို့ ငြင်းပယ်လိုက်ရသနည်း။

"အင်း၊ ဒီတခါတော့ သူက ငါ့ကို စိတ်ပျက်သွားပါပြီလေ...."

သူမသည် သက်ပြင်း ချကာ ညည်းညူနေလေသည်။

ထိုစဉ်၊

ခြေသံများ ကြားလိုက်ရသည်။

"ဟင်....သူ....သူ....ပြန်လာပြီ"

သူမသည် ဝမ်းသာ လာပြန်သည်။

"ဒေါက်....ဒေါက်....ဒေါက်"

တံခါး ခေါက်သံ ကြားလိုက်ပြီး၊





"ညီမ တံခါးဖွင့်"

ချန်ဟောင်၏ အသံ ဖြစ်သည်။ စိတ်မရှည်သော အသံဖြစ်ပါသည်။

သူမသည် တံခါး ဖွင့်ပေးလိုက်သည်။

ချန်ဟောင်၏ မျက်နှာတခုလုံးသည် မကျေနပ်သော ဟန်မူရာ အတိုင်းသား ပေါ်လွင်နေ၏။

သူမသည် အခန်းထဲသို့ ဝင်ရောက်လာသည်နှင့် ကုလားထိုင်ပေါ်သို့ ဆောင့်ကြီး အောင့်ကြီးဖြင့် ထိုင်ချလိုက်သည်။

သူမသည် စုစုအား မျက်လုံးများ ပြူးကျယ်ပြီး ကြည့်ကာ၊

"ညီးက ဘာဖြစ်နေတာလဲ၊ စိတ်မှ ကောင်းရဲ့လား"

စုစုသည် ခေါင်းခါ ယမ်းလိုက်သည်။ သူမသည် ကုလားထိုင်တလုံးပေါ်သို့ ထိုင်ချလိုက်ပြီးမှ ပြန်ထရပ်လိုက်သည်။

ချန်ဟောင်သည် စုစု၏ပုံဟန် တွေ့လိုက်ရသဖြင့် သူမအား ကြိမ်းမောင်းလိုသော စိတ်များ လျော့ချလိုက်ရလေသည်။

"ညီးကို မမက အခြေအနေ ဖန်တီးပေးခဲ့တယ်၊ ညီးက ဘာလုပ် သူ့ကိုမောင်းထုတ် လိုက်ရတာလဲ"

စုစုသည် ခေါင်းငုံ့သွားသည်။

"ကျမ....ကျမ၊ ကြောက်လို့ပါ"

"ဟား....ဟား....ဟား၊ ညီးက ရှက်နေတယ် ဟုတ်လား"

စုစုက ခေါင်းညိတ်လိုက်သည်။

ချန်ဟောင်သည် သူမအား စေ့စေ့ ကြည့်လိုက်သည်။

"မမတခု မေးမယ်၊ ညီမက သူ့ကို တကယ်မေတ္တာ ရှိသလား"

စုစုက ခေါင်းငုံ့လျက်။

"သူကော"

"သူ့ကို မမေးနဲ့၊ မမမေးတာသာ ဖြေပါ၊ ညီမက သူ့ကို ယူမလား"

စုစုသည် အတန်ကြာမျှ ချီတုံချတုံ စဉ်းစားလိုက်ပြီးမှ၊

"ကျမ....ကျမက ယူ....ယူမယ် ဆိုရင်ကော ဘယ်လိုလုပ်မလဲ"

"ညီမက သဘောတူမယ်ဆိုရင် ကနေ့ညဘဲ မမကိုယ်တိုင် လက်ထပ်ပေးမယ်"

စုစုသည် ထိတ်လန့်သွားသည်။

"ရှင်....မမြန်လွန်းဘူးလား မမ"

"မြန်နေ မနက်ဖန် သူကခရီး ထွက်သွားတော့မယ်၊ ညီမက သူ့ကိုယူဖို့ သဘောတူရင် ကနေ့ည လက်ထပ်လိုက်၊ မနက်ဖန်ဆိုရင် ညီမနဲ့ သူနဲ့တာ အကြင်လင်မယား ဘဝနဲ့ အတူယှဉ်တွဲပြီး သွားလာနိုင်မယ် မဟုတ်လား"

"ဒါပေမယ့် ကျမ ဖေဖေက"

"ဒီမှာညီမ၊ ညီမက ချင်းကိုးလို ပုဂ္ဂိုလ်မျိုးကို ယူလိုက်လို့ ညီမရဲ့အဖေဟာ ညီမကို အပြစ်မဆိုတဲ့အပြင် ဝမ်းတောင်သာမယ် မဟုတ်လား စဉ်းစားပါ"

စုစုသည် အတန်ကြာ ငြိမ်သက် သွားပြန်သည်။ မည်မျှကြာသွားမှန်း မသိ။

"ကဲ....ညီမ စဉ်းစားချင်သေးသပဆိုရင်အေးအေးဆေးဆေး





သာ အိပ်နေပေတော့ မမလဲဒီကိစ္စကို လက်လျှော့လိုက်တော့မယ်"

ချန်ဟောင်သည် ဤသို့ပြောပြီး ထိုင်ရာမှ ထလိုက်လေသည်။

သူမသည် တံခါးဖွင့်၍ အခန်းထဲမှ လှမ်းထွက်မည် အပြုတွင် စုစု၏ ကျယ်လောင်သော အသံအား ကြားလိုက်ရလေတော့သည်။

"ကျမ သဘောတူပါတယ်၊ မမကသာ ကြည့်ပြီး စီစဉ်ပေတော့"

●

**မင်္ဂလာမရှိသော ကိစ္စပေလော**

သတို့သမီး၏ အဝတ်အစားများသည် အနီရောင်ဖြစ်သည်။ စုစု၏မျက်နှာမှာမူ ပို၍နီရဲနေ၏။

သူမသည် ကြေးမုံပြင်မှ မိမိ၏မျက်နှာအား တွေ့လိုက်ရသောအခါကိုယ့်ကိုယ်ကိုပင် ချီးကျူးမိနေ၏။ ချန်ဟောင်သည် သူမအား ပြင်ဆင်နေရင်း၊

"အင်း၊ ညီမက တော်တော်ကိုလှတယ်၊ ချင်းကိုးက မယားရကံကောင်းတယ်လို့ ဆိုရမှာဘဲ"

ဟု ချီးကျူးထောပနာ ပြုနေလေသည်။ စုစုသည် ဝမ်းသာပီတိ ဖြစ်နေ၏။

သူမ မျှော်လင့် တောင့်တသော ဆန္ဒတခု ပြည့်ဝတော့မည် ဖြစ်၍ သူမ ဝမ်းသာပီတိ ဖြစ်နေမည်မှာ မဆန်းပါ။

အကယ်၍ စင်းစင်းသာရှိလျှင် စုစုသည် မဆီမဆိုင် စင်းစင်းအား သတိရလာလေသည်။ စင်းစင်းအား သတိရလာသည်နှင့် ချန်ဟောင်၏ အိမ်ဖော်မလေး ရှောက်လန်အား သတိရလာလေသည်။

"အော်....ဒါနဲ့၊ မမရဲ့ အိမ်ဖော်မလေး ရှောက်လန်ကော"

သူမသည် လွတ်ကနဲ မေးလိုက်ခြင်းဖြစ်သည်။

ချန်ဟောင်က မျက်မှောင် ကုတ်သွားသည်။

"ဟုတ်တယ်၊ ညီမမေးမှဘဲ သူ့ကို သတိရလာတယ်၊ သူ ဘယ်ရောက်နေမှန်း မသိဘူး၊ ကနေ့မနက်ထဲက သူ့ကို မတွေ့ဘူး...."

"ကျမမှာလဲ အိမ်ဖော်တယောက် ရှိတယ်၊ သူ့နာမည်က စင်းစင်းလို့ ခေါ်တယ်၊ ရှောက်လန်နဲ့ ချွတ်စွတ်တူတယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ ပြောပြရင် မမက ယုံမှာမဟုတ်ဘူး၊ ကျမက သူ့ကို စတွေ့တုံးက စင်းစင်းနဲ့တောင် လူမှားခဲ့သေးတယ်"

"ဒီလိုဆိုရင် သူ့ကို ညီမနောက် ထည့်ပေးလိုက်မယ်လေ ဘယ့်နှယ့်လဲ"

စုစုသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"ကျေးဇူးပါဘဲ၊ စင်းစင်းတယောက် ဘယ်ရောက်နေမှန်း မသိရလို့ ကျမဖြင့် စိတ်မကောင်းဘူး"

"သူက ဘယ်သွားနေလို့လဲ"





"မသိပါဘူးရှင် သူနဲ့ကျမ အတူတူ အိမ်ကထွက်လာပြီး အမကြီးဝမ်အိမ် ရောက်မှဘဲ ကွဲသွားကြတယ်လေ"

ချန်ဟောင်သည် သူမအား စေ့စေ့ကြည့်လိုက်ပြီး၊

"ကဲ....သိပ်လဲ စိတ်မကောင်း မဖြစ်ပါနဲ့၊ ရှောက်လန်ကို အစားထည့်ပေးပါမယ်ကွယ်"

သူမသည် ပြောရင်း စုစုအား ပြင်ဆင်ရာမှ ထလိုက်ပြီး၊

"ကဲ....ပြောနေကြာတယ်၊မမသူ့ကိုလိုက်ရှာလိုက်အုံးမယ်"

သူမသည် ပြောပြီးသည်နှင့် ချာကနဲ လှည့်ကာ အခန်းမှ ထွက်သွားလေတော့သည်။

× × ×

ချန်ဟောင်သည် အခန်းဝသို့ ရောက်ရှိလာသည်နှင့် တပြိုင်နက် သူမ၏ မျက်နှာတခုလုံးသည် မဲမှောင်သွားသည်။

သူမသည် အပြင်သို့ ထွက်လာပြီးနောက် ဥယျာဉ်ထဲသို့ လျှောက်သွားသည်။ ပန်းဥယျာဉ်ထဲ၌ လူရိပ်တခု ရုတ်တရက် ပေါ်ထွက်လာသည်။

"ရှောက်လန်ကော"

သူမသည် ထိုလူရိပ်အား မေးလိုက်သည်။

"သူ့ကို ကျုပ်လူတယောက် လွှတ်ပြီး ကြည့်ခိုင်းပြီးပါပြီ"

လူရိပ်က တိုးတိုးဖြင့် ပြန်ပြောသည်။

"ရှောက်လန်ကို ဂရုစိုက်ပါ၊ စုစုနဲ့ အတွေ့မခံနဲ့ စကားအပြော မခံနဲ့ သိလား"

လူရိပ်က ပြုံးလိုက်ပြီး၊

"ကောင်းပြီလေ ကျုပ်က သူ့ကို ဘယ်တော့မှ စကားမပြောအောင် လုပ်ပါ့မယ်လေ စိတ်ချ"

\+ + +

ညှော်ခန်းတွင် အရက်ခွက်သံများ၊ စားသောက်နေကြသော အသံများ စကား ပြောဆိုနေသော အသံများသည် မင်္ဂလာပွဲ၏ အသွင်လက္ခဏာများ ဖြစ်သည် မဟုတ်ပါလော။

စုစုနှင့် ချင်းကိုးတို့၏ မင်္ဂလာပွဲသည် ကမန်းကတန်း ပြင်ဆင်ရခြင်း ဖြစ်သော်လည်း ညှော်သည်များကလည်း မနည်းလှပါ။

စုစုသည် သူမ၏ မင်္ဂလာ လက်ထပ်ပွဲအတွက် ဝမ်းသာ ပီတိဖြစ်နေသော်လည်း သူမ၏ ရင်ထဲ၌ တစုံတခုသော ခံစားမှုကို ခံစားလိုက်ရလေသည်။

အဘယ်ကြောင့်မသိ။

ဤမင်္ဂလာပွဲသည် မင်္ဂလာမရှိသော မင်္ဂလာပွဲဟုပင် ထင်မှတ်မိနေတော့သည်။

× × ×

ဗျောက်အိုးသံများသည် အဆက်မပြတ် ထွက်ပေါ်လာသည်။

ဗျောက်အိုးသံ ကြားပြီးနောက် သတို့သားနှင့် သတို့သမီးတို့သည် အစီအစဉ်အရ ရိုးရာအား ဦးချ ကန်တော့ရန် ဖြစ်ပါသည်။





"အစီအစဉ် သုံးအရ သတို့သမီးနှင့် သတို့သားတို့ ရိုးရာကို ဦးချ ကန်တော့ရန် ဖြစ်ပါတယ်၊ သတို့သား သတို့သမီးတို့ လက်အုပ်မိုး၍ ဦးချပေတော့"

အခန်းအနား ကျေညာသူ၏ အသံသည် ကျယ်လောင်လှပေသည်။

သို့သော် စုစုသည် ရင်ထဲ၌ တခုခု လိုနေသည်ဟု ခံစားနေရသဖြင့် ဦးချခြင်း မပြုသေးဘဲ ငေးငိုင်၍ ရပ်နေလေသည်။

သူမအား တွဲထားသော သတို့သမီး ဖော် သည် သူမ ၏ တတောင်ဆစ်ဖြင့် တွက်လိုက်ပြီး သတိ ပေးလိုက်လေသည်။

စုစုသည် နှုတ်ခမ်း တချက် ကိုက်လိုက်ပြီး၊

"ခဏ နေပါအုံး"

ဟု အော်ဟစ်လိုက်လေသည်။

သူမ၏ အော်ဟစ်လိုက်သော အသံကြောင့် ညှော်ပရိသတ်များသည် ပထမ အံ့ဩသွားပြီး နောက် ဝါးကနဲ ရယ်မောကြကုန်လေတော့သည်။

သတို့သမီးက ယခုကဲ့သို့ လူဘုံ အလယ်မှာ အော်ဟစ်ခြင်းမှာ ဤတကြိမ်သည် ပထမဆုံး အကြိမ် ကြုံတွေ့ခဲ့ရသောကြောင့် သတို့သမီးဖော်များပင် ထိတ်လန့်တုန်လှုပ်သွားကာ ကြက်သေသေ ဖြစ်သွားကြလေတော့သည်။

ချွန်ဟောင်သည် အချိန်မီ ရောက်ရှိလာသည်။

"ဟော့ ညီမ၊ ဘာဖြစ်တာလဲ၊ ရှက်စရာကြီး"

ဟု တိုးတိုးတိတ်တိတ် သတိပေးလိုက်လေသည်။

"ကျမ....ကျမ....သတို့သား ကြည့်ချင်လို့"

စုစု၏စကားကြောင့် ချန်ဟောင် မျက်လုံးများ ပြူးကျယ်သွားသည်။

"သတ္တိုသားက ချင်းကိုးလေ၊ ညီမ တွေ့ခဲ့ပြီ မဟုတ်လား"

"ဟုတ်ပါတယ် မမ၊ တော်ကြာ ဆရာကိုး ဖြစ်နေမှာ ကျမ ကြောက်လို့ပါ"

ချန်ဟောင်သည် ခေါင်းခါယမ်းလိုက်သည်။

"ဘာဖြစ်လို့ ဆရာကိုး ဖြစ်ရမှာလဲ"

"ဟို....ဟိုတခါ ကျမကြုံတွေ့ခဲ့ရလို့ စိတ်မချ ဖြစ်နေတာပါ မမ...."

စုစု၏ စကားကြောင့် ချန်ဟောင်သည် ပခုံးတချက် တွန့်ပြလိုက်ပြီး၊

"ကဲပါလေ၊ ညီမ စိတ်ချသွားအောင် ကြည့်ရစေမယ်"

ချန်ဟောင်သည် သူမခေါင်းပေါ်မှ အုပ်ထားသော အနီရောင်ပုဝါအား လှန်လိုက်လေသည်။

× × ×

စုစုသည် ညှော်ပရိသတ်များ၏ ရယ်မောနေသော အသံများကြားမှ သတ္တိုသား မျက်နှာအား တွေ့မြင်လိုက်ရ လေတော့သည်။

ဟုတ်ပါ၏။ မမှားပါ။ ချင်းကိုးပင် ဖြစ်ပါသည်။

ကနေ့ ချင်းကိုးသည် သတ္တိုသား၏ အဆောင်ယောင်များ ဝတ်ဆင်ထား၍ လားမသိ ပို၍ခန့်ညားပြီး ချောနေ၏။

စုစုသည် သက်ပြင်းရှည်တချက် ချလိုက်သည်။

သူမသည် စိတ်ချသွားပြီ ဖြစ်ပါလေတော့သည်။





ချန်ဟောင်ကလည်း စိတ်ချသွားကာ ပြုံးနေ၏။

"ကဲ....သတ္တိုသမီး သတ္တိုသားတို့ ရိုးရာဦးချ ကန်တော့ကြ"

အခန်းအနားမှူး၏ အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာပြန်လေတော့သည်။

× × ×

ထိုစဉ်မှာပင် မိန်းကလေး တယောက်သည် လင်ဗန်းတခုကိုင်ဆောင်ကာ လူပုံကြားမှ တိုးထွက်လာပြီး သတ္တိုသမီးရှေ့သို့ ရောက်ရှိသွားသည်။

ထိုမိန်းကလေးသည် လင်ဗန်းအား ရှေ့သို့ တိုးပေးလိုက်ပြီး....၊

"မမ ရေနွေးကြမ်း သောက်လိုက်ပါအုံး"

ဤကဲ့သို့ အချိန်မျိုးမှာ သတ္တိုသမီးအား ရေနွေးကြမ်း လာရောက် ပို့သည်မှာ ရယ်ဖွယ်ရာပင် ဖြစ်လေသည်။

ထို့ကြောင့် ညှော်ပရိသတ်များ၏ ရယ်မော သံများသည် ညှော်ခန်းတခုလုံး ဟိန်းထွက်သွားလေသည်။

စုစုသည် အံ့အားသင့်သွားသည်။ သို့သော် ယင်းအသံသည် သူမ ကျက်မှတ်မိနေသော အသံဖြစ်၍ သူမသည် ပုဝါနီအား အသာကလေး လှပ်၍ ကြည့်လိုက်သည်။

မိန်းကလေး တယောက်က သူမအား ပြုံးပြနေသည်ကို တွေ့လိုက်ရလေသည်။

မျက်လုံး ဝိုင်းစက်ပြီး နှုတ်ခမ်း သေးသေး ရှိနေသော မိန်းကလေး ဖြစ်သည်။

သူမကားရှောက်လန်လော၊ သို့မဟုတ်စင်းစင်းပေလော၊ စုစုသည် ဝေခွဲ၍ မရပါ။

ချန်ဟောင်မှာမူ မျက်နှာတခုလုံးညိုမဲနေ၏။ ဒေါသချောင်းချောင်း ထွက်နေ၏။

"ညီးကို ဘယ်သူက လာခိုင်းလို့လဲ သွားစမ်း"

သူမသည်အသံတိုးတိုးဖြင့်ကြုံးဝါးလိုက်သည်။ မိန်းကလေးသည် ခေါင်းခါရမ်းလိုက်သည်။

"ကျမ မသွားနိုင်ဘူး"

ဟု ပြန်ပြောလေသည်။

"အောင်မယ် ညီးကဘာဖြစ်လို့ မသွားဘူးလို့ ပြောတာလဲ"

"အကိုကြီး တယောက်က ကျမကို ဒီမှာ နေရမယ်လို့ ပြောလိုက်လို့ပါ"

"ဘယ်သူလဲ ဘယ်က အကိုကြီးလဲ"

"ကျမလဲ သူ့ကို မသိဘူး၊ သူက ချင်းကိုးလို့ ပြောပါတယ်"

ချန်ဟောင်၏ မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။

"ညီး ရူးနေသလား ချင်းကိုးက ဒီမှာ ရှိတယ်ဆိုတာ ညီး မတွေ့ဘူးလား"

"ကျမ မရူးပါဘူး၊ ဟိုအကိုကြီးက ဒီလိုဘဲ ပြောလိုက်လို့ပါ"

သတို့သား၏ မျက်နှာသည် ဒေါသ ထွက်လာသည်။

"သူက ဘယ်မှာလဲ"





မိန်းကလေးက အဖြေမပေးမီမှာပင် လူတယောက်၏ အသံသည် ထွက်ပေါ်လာလေသည်။

"ကျုပ် ဒီမှာပါဗျာ"

× + ×

စကားပြောလိုက်သော လူမှာ ခေါင်းအလွန်ကြီးပြီး မျက်လုံးပေါက် ကျဉ်းကျဉ်းရှိသော လူတယောက်ပင် ဖြစ်ပါသည်။

"ယန်းဝှာ"

စုစုသည် လွတ်ကနဲ မအော်မိရန်ကိုယ့်ပါးစပ်ကိုယ် ပိတ်ထားပြီး မျက်လုံးပြူး၍ ကြည့်နေသည်။

သူမသည် ယန်းဝှာက ဤနေရာသို့ လိုက်လာလိမ့်မည်ဟု မထင်ပါ။

သူမ ပို၍ အံ့သြနေသည်မှာ ယန်းဝှာသည် ဤနေရာသို့ လာရောက် နှောင့်ယှက်နေခြင်းပင် ဖြစ်ပါသည်။ ချန်ဟောင်သည် ယန်းဝှာအား တွေ့မြင်လိုက်ရသောအခါ မျက်နှာ ကွက်ကနဲ ပျက်သွားသည်။ သူမသည် မချီ သွားဖြဲ ပြုံးပြပြီး၊

"ရှင့်ကို ရှင်က ဘာလို့ သူများရဲ့ မင်္ဂလာပွဲကို လာပြီး နှောင့်ယှက်ရတာလဲရှင့်"

ယန်းဝှာက ပြုံးလိုက်ပြီး၊

"ဒါဟာ ကောင်းတဲ့ မင်္ဂလာပွဲမှ မဟုတ်ဘဲ"

သတို့သားသည် ဒေါသထွက်လွန်း၍ မျက်နှာတခုလုံး နီရဲလာလေတော့သည်။

"ဒီမင်္ဂလာပွဲ မကောင်းဘူးလို့ ဘယ်သူက ပြောတာလဲ"

ယန်းဝှာသည် သူ၏ နှာခေါင်းအား ညွှန်ပြလိုက်ပြီး၊

"ကျုပ် ပြောတာ"

"မင်းက ဘာကောင်လဲ"

"ကျုပ်ကလဲ မင်းလိုဘဲပေါ့၊ ဘာကောင်မှ မဟုတ်ဘူး"

စုစုသည် သူတို့နှစ်ယောက်၏ စကားကို ကြားလိုက်ရသဖြင့် အံ့ဩနေသည်။

သူမ ပို၍ အံ့ဩ နေသည်မှာ ခေါင်းကြီး ယန်းဝှာသည် လူတိုင်းလေးစားနေရသော ချင်းကိုးကဲ့သို့ ပုဂ္ဂိုလ်မျိုးအား ခံ၍ ပြောရဲနေခြင်း ဖြစ်သည်။

ချင်းကိုးသည် အတော် စိတ်တိုသွားသည်။

"ဒီမှာ ကျုပ်က ဘယ်သူလဲဆိုတာ သိသလား"

"မသိဘူး"

ယန်းဝှာ၏ အသံသည် အေးဆေးနိုင်လွန်းသည်။

ချင်းကိုးသည် အသံကျယ်လောင်စွာဖြင့်၊

"ကျုပ်က ချင်းကိုးကွ၊ သိလား"

ယန်းဝှာ၏ ကျဉ်းမြောင်းသော မျက်လုံးများသည် ပြူးကျယ်လာသည်။

"ခင်ဗျားက ချင်းကိုး၊ ဟုတ်လား"

"ဟုတ်တယ်"

ယန်းဝှာသည် မျက်မှောင် ကုပ်သွားသည်။

"ဟင်၊ ကျုပ်တော့ အံ့ဩသွားပြီ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ် ရမှာလဲ ကျုပ်ကလဲ ချင်းကိုးဘဲဗျ"





ယန်းဝှာ၏ စကားကြောင့် ချန်ဟောင်သည် ရယ်မောလိုက်ပြီး၊

"ကဲပါရှင်၊ မင်္ဂလာ အချိန်သမယမှာ ကျီစားမနေစမ်းနဲ့ရှင်၊ ကဲ....ဟိုမှာထိုင်ပြီး အရက်သောက်ပါအုံးရှင်"

ယန်းဝှာ၏ မျက်နှာသည် တည်ကြည် လေးနက်သွားသည်။

"ကျုပ်က ကျီစားနေတာ မဟုတ်ဘူး၊ တကယ်ပြောနေတာဗျ"

ချန်ဟောင်က ခေါင်းခါယမ်းလိုက်သည်။

"ရှင်က ယန်းဝှာဆိုတာ လူတိုင်းသိပါတယ်ရှင်"

ယန်းဝှာသည် လက်ကာပြလိုက်သည်။

"နေအုံးလေ၊ သူက ချင်းကိုးလို့ ပြောနိုင်ရင် ကျုပ်ကလဲ ချင်းကိုးလို့ ပြောနိုင်တာပေါ့"

သူသည် အနီး၌ ရပ်သော မိန်းကလေးအား ကြည့်လိုက်ပြီး....၊

"ညီမလေး၊ မင်းနာမည် ဘယ်လိုခေါ်သလဲ"

မိန်းကလေးက တခိခိရယ်မောလိုက်ပြီး၊

"ကျမနာမည်လဲ ချင်းကိုးလို့ ခေါ်ပါတယ်ရှင်"

ယန်းဝှာက ခေါင်းညိတ် လိုက်သည်။ သူသည် သတို့သားအား ညွှန်ပြလိုက်ပြီး၊

"ဟုတ်တယ်၊ သူက ချင်းကိုးလို့ ခေါ်နိုင်ရင် လူတိုင်းဟာ ချင်းကိုးလို့ ခေါ်နိုင်တာပေါ့ဗျာ"

ချင်းကိုး၏ မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။

ချန်ဟောင်၏ မျက်နှာသည် ဖြူဖတ်ဖြူလျော် ဖြစ်သွားသည်။

သူတို့နှစ်ယောက်သည် အချင်းချင်း မျက်ရိပ်တချက် ဖလှယ်လိုက်ပြီးနောက် ရုတ်တရက် ချင်းကိုး၏ အင်္ကျီလက်ထဲမှ မီးခိုးလုံးများ ထွက်လာပြီး ယန်းဝှာ၏ မျက်နှာဆီသို့ ဦးတည်သွားလေတော့သည်။

လင်ဗန်း ကိုင်ထားသော မိန်းကလေးသည် နှာခေါင်းကလေးအား လက်ဖြင့် ပိတ်လိုက်ပြီး နောက်သို့ ခုန်ဆုတ်ကာ ရှောင်တိမ်း သွားလေသည်။ ယန်းဝှာသည် လှုပ်ပင်မလှုပ်ပါ။ နေရာလည်း မရွှေ့ပါ။

သူသည် ရုတ်တရက် ခါးမှထိုးထားသော ခေါက်ယပ်တောင်အား ဖွင့်ဖြန့်လိုက်သည်။

ထို့နောက် သူ့ထံသို့ ဦးတည်လာသော မီးခိုးလုံးများအား ပြန်လည် ယပ်ခပ်လိုက်သည်။

မီးခိုးလုံးများသည် ယပ်တောင်က ယပ်ခတ် လိုက် သောကြောင့် လမ်းကြောင်းများ ပြောင်းသွားကာ မျက်နှာဆီသို့ ပြန်လည် ဦးတည်သွားလေတော့သည်။

× × ×

ချင်းကိုးသည် ရုတ်တရက် ခံလိုက်ရသဖြင့် သူ၏ နှာခေါင်းသည် အဆက်မပြတ် ချီလာပြီးနောက် သူ၏ ကိုယ်ခန္ဓာသည် ပျော့ခွေသွားကာ မြေပေါ်သို့ လဲကျသွားလေသည်။

ယန်းဝှာသည် မိန်းကလေးအား ပြုံး၍ မေးလိုက်သည်။

"ဒါဟာ ဘာမီးခိုးလဲဆိုတာ သိသလား ညီမ"

မိန်းကလေးက ပြုံးလိုက်ပြီး၊





"အိပ်ဆေ့ချတဲ့ မီးခိုးပါရှင့်"

ယန်းဝှာက ခေါင်းညိတ်လိုက်သည်။

"ညီမ မဆိုးဘူး၊ အဲဒီလို အိပ်ဆေ့ချတဲ့မီးခိုးဟာ ဘယ်လိုလူမျိုးက အသုံးပြုတတ်သလဲ"

မိန်းကလေးသည် နှုတ်ခမ်း မဲ့လိုက်ပြီး၊

"ခွေးသူခိုးနဲ့ တူတဲ့ အောက်တန်းစား လူမျိုးကသာ ဒီလို အိပ်ဆေ့ချ မီးခိုးကို သုံးတာရှင့်"

ယန်းဝှာက ရယ်မောလိုက်သည်။

"အင်း....ညီမက အသက်ငယ်ငယ်နဲ့ ဗဟုသုတ ကြွယ်ဝသားဘဲ"

မိန်းကလေးက မျက်မှောင် ကုတ်သွားသည်။

"ဒါပေမယ့် ချင်းကိုးဟာ ဒီလို အိပ်ဆေ့ချတဲ့ အလုပ်မျိုးလုပ်တဲ့ လူစားမျိုးမှ မဟုတ်ဘဲရှင့်"

"ဟုတ်တယ်၊ ချင်းကိုးက ဒီလိုလူစားမျိုး မဟုတ်ဘူးဆိုတာ ကျုပ်ပြောရဲတယ်"

မိန်းကလေးသည် မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်ပြီး၊

"ဒါဖြင့် ဒီသတ္တိသားဟာ ချင်းကိုး မဟုတ်ဘူးပေါ့"

ယန်းဝှာက မဲ့ပြုံး ပြုံးလိုက်သည်။

"ဒီလူကို ချင်းကိုးလို့ ပြောတဲ့လူဟာ ခွေးဝဲစား ဖြစ်ရမယ်"

"ဒါဖြင့် သူက ဘယ်သူလဲ"

"ဘယ်သူလဲ ဆိုတာ သူ့ရဲ့ လက်မောင်းကို ကြည့်ရင် သိမှာပေါ့"

မိန်းကလေးသည် သတိလစ် မေ့နေသော သတို့သား၏ အင်္ကျီလက်အား ပင့်ကြည့်လိုက်သည်။

ထိုလူ၏ လက်မောင်းပေါ်တွင် မှင်ပြာဖြင့် လိပ်ပြာရုပ်တခု ဆိုးထားသည်ကို တွေ့လိုက်ရလေသည်။

မိန်းကလေးက မျက်လုံး ပြူးကျယ်သွားသည်။

"ဟင်....သူ....သူက ပန်းလိပ်ပြာနဲ့ တူတယ်"

ယန်းဝှာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူက အိပ်မွေ့ချပြီး ပစ္စည်းလိုက်ခိုးနေတဲ့ ပန်းလိပ်ပြာ ဆိုတာပေါ့"

စုစုသည် တိတ်ဆိတ်စွာ နားထောင်နေရာမှ သူမ၏မျက်နှာ တခုလုံးသည် ဖြူဖတ်ဖြူရော် ဖြစ်လာလေတော့သည်။

× × ×

စုစုသည် ရှုံးမတတ် ဒေါသ ထွက်နေ၏။

သန်းကြွယ် သူဌေးမလေး တယောက်က အောက်တန်းစား သူခိုးတယောက်၏ ဇနီးဖြစ်ရန် သီသီကလေး လွတ်မြောက်ခဲ့ရလေသည် မဟုတ်ပါလော။

သူမသည် အံကို တင်းတင်းကြိတ်လိုက်ပြီး ချန်ဟောင်အား မီးတောက် မီးလျှံ ထွက်မတတ် နီရဲလာသော မျက်လုံးအစုံဖြင့် ကြည့်ကာ၊

"ဘယ်လို ရန်ညှိုးရှိလို့ ကျမကို ဒီလို ကြံရတာလဲ"

ဟု မေးလိုက်လေသည်။

ချန်ဟောင်က မချိသွား ဖြဲ၍ ပြုံးပြသည်။

"မမ စိတ်မကောင်းပါဘူး၊ မမလဲ အလိမ်ခံလိုက်ရတာပါ"





သူမသည် ပြောရင်း ကြမ်းပေါ်၌ လဲလျောင်းနေသော ပန်းလိပ်ပြာအား ခြေထောက်ဖြင့် ပြင်းပြင်းထန်ထန် ကန်လိုက်ပြီး၊

"တိရစ္ဆာန်ကောင် မင်းက ဘာလုပ် ဒီလို လာလိမ်ရတာလဲ"

"မမက တကယ် သူ့ကို မသိဘူး ဟုတ်လား"

"မသိပါဘူး ညီမရယ်၊ သူက သူ့ကို ချင်းကိုးဆိုပြီး ပြောတော့ မမက ယုံသွားတာပေါ့"

ယန်းဝှာသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"မင်းကို ငါချီးကျူးပါတယ်"

ချန်ဟောင်က သူ့အား ကြည့်ပြီး နားမလည်နိုင်သော မျက်နှာထားဖြင့်၊

"ဘာကိုလဲရှင်"

"မင်းက လိမ်ရမယ် ညာရမယ်ဆိုရင် ဘယ်သူမှ မမှီလို့ ချီးကျူးနေတာပါ"

မိန်းကလေးက ပြုံးလိုက်ပြီး ယန်းဝှာအား၊

"လောကပေါ်မှာ ရှင့်ကို လိမ်လို့ ရမယ့်လူ မရှိပါဘူးရှင်"

ယန်းဝှာက ပြုံးလိုက်ပြီး၊

"ရှိတယ်"

"ဘယ်သူလဲ"

"ကျုပ် ကိုယ်တိုင်ပေါ့"

× ÷ ×

ညှော်ခန်းတခုလုံးတွင် တိတ်ဆိတ်၍ နေ၏။

ညှော်ပရိသတ်များသည် အရက်များ၊ စားသောက်ဖွယ်ရာများပင် မစားနိုင်ကြတော့ပါ။

သူတို့သည် မင်္ဂလာ လက်ထပ်ပွဲကို မကြည့်ရဘဲ၊ ကာလိမ်စေ့ဥာဏ်ဆင်သော ပွဲကြီးပွဲကောင်း တခုအား ငေး၍ ကြည့်နေကြသည်။

စုစုသည် တွေးရင်း တွေးရင်း ဒေါသ ထွက်လာကာ၊

"ဖြန်း...."

သူမ၏ လက်ဝါးသည် ချန်ဟောင်၏ ပါးပြင်သို့ ရိုက်ချလိုက်လေတော့သည်။

ချန်ဟောင်၏ ဖြူဖွေးနေဧသာပါးပြင်ပေါ်၌ နီရဲသော လက်ချောင်းရာများ ထင်းကနဲ ပေါ်သွားလေသည်။

ချန်ဟောင်သည် မည်သို့မှ တုန့်ပြန်ခြင်းမရှိဘဲ မလှုပ်မယှက်ပင် ရပ်နေ၏။

မိန်းကလေးသည် သဘောကျစွာ ရယ်မောလိုက်ပြီး၊

"ကောင်းတယ်၊ ထပ်ရိုက်စမ်းပါအုံး"

ယန်းဝှာက ပြုံးလိုက်သည်။

"ဒီလို လူမျိုးရဲ့ မျက်နှာဟာ နံရံထက်တောင် ထူသေးတယ်၊ ဘယ်လိုဘဲ ရိုက် ရိုက် နာမှာ မဟုတ်ဘူး"

မိန်းကလေးက မျက်မှောင် ကုပ်သွားသည်။

"ဒါဖြင့် သူ့ကို ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ မလုပ်ဘူး"

မိန်းကလေးက မျက်မှောင် ကုပ်သွားပြန်သည်။





"ဘယ်လိုမှ မလုပ်ဘူး၊ ဟုတ်လား"

"ဟုတ်တယ်"

"အို....ဘယ်ဖြစ်မလဲ၊ သူ့ကို နည်းနည်းတော့ ဆုံးမရမှပေါ့ရှင့်...."

ယန်းဝှာက ပြုံးလျက်၊

"သူ့လို လူမျိုးဟာ လိမ်ညာပြီးမှ ထမင်းစားရတဲ့ လူမျိုးပါ၊ သူက ဒီလို မလိမ်ရင်လဲ ထမင်း စားရမှာမှ မဟုတ်ဘဲ၊ ဒါကြောင့်...."

"ဒါကြောင့် ဘာဖြစ်သလဲ"

"ဒါကြောင့် ဒီလိုလူမျိုးနဲ့တွေ့ရင် အဝေးကသာ ရှောင်ရှားပါ၊ ကိုယ်က မရှောင်ရှားဘဲ အလိမ်ခံရရင် ကိုယ့်အပြစ်ဘဲ ဖြစ်မှာဘဲ"

စုစုသည် ယန်းဝှာ၏ စကား ကြားလိုက်ရသည်နှင့် ဒေါသ ထွက်လာသည်။

"ကျမ .... အလိမ်ခံရတာ ကိုယ့် အပြစ်လို့ ရှင်က ပြောချင်တာပေါ့၊ ဟုတ်လား"

ဟု ရန်တွေ့လိုက်လေသည်။

ယန်းဝှာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

စုစုသည် ဒေါသ ပို၍ ထွက်လာသည်။ သူ့အား စေ့စေ့ကြည့်လိုက်ပြီး၊

"ဘာဖြစ်လို့လဲ"

ယန်းဝှာက ပခုံးတချက် တွန့်လိုက်ပြီး၊

"နေပါအုံး၊ သူက မင်းကို အတင်း ဆွဲခေါ်လာသလား၊ မင်းကို ရိုက်နှက်ပြီး အဓမ္မ လက်ထပ် ပေးသလား၊ ပြောစမ်းပါ"

စုစုသည် ပါးစပ် ပိတ်ထားလိုက်ရလေသည်။

ဟုတ်ပါ၏။ ချန်ဟောင်သည် သူ့အား အတင်း အဓမ္မ ပြုလုပ်ခိုင်းခြင်း မရှိသည်မှာ **အမှန်ပင်** ဖြစ်ပါသည်။

ယန်းဝှာသည် အေးဆေးသော လေသံဖြင့်၊

"လူတယောက်ဟာ ကိုယ့်ကိုယ်ကို သတိ မထားနိုင်ရင် အကောင်းဆုံးကတော့ သူများကို အပြစ်မတင်ပါနဲ့၊ ကိုယ့်ကိုယ်ကိုသာ အရင်ဆုံး ပြစ်တင် ဝေဖန်ပြီးမှ ကိုယ့်အမှား မဟုတ်မှ သူများကို အပြစ်တင် ရမယ်၊ ဒီလိုမှ မလုပ်နိုင်ရင် ဒီလူဟာ လူကြီးမဖြစ်သေးတဲ့ ကလေးငယ် တယောက်နဲ့ တူတယ်လို့ဆိုရမှာဘဲ မဟုတ်လား"

စုစုသည် ထိုစကား ကြားလိုက်ရသည်နှင့် ခြေထောက် တချက် ဆောင့်လိုက်ပြီး ချာကနဲ လှည့်ကာ အိမ်အပြင်ဘက်သို့ ပြေးထွက်သွားလေတော့သည်။

× × ×

ယန်းဝှာသည် မိန်းကလေးအား တချက် ကြည့်လိုက်သည်။

မိန်းကလေးသည် ပြုံး၍ စုစု နောက်သို့ ပြေးလိုက်သွားလေတော့သည်။

ချန်ဟောင်သည် ယန်းဝှာအား ကြည့်လိုက်ပြီး သက်ပြင်းချလိုက်သည်။

"ဒီကိစ္စ အားလုံး ရှင်က သိပြီးပြီပေါ့"





ယန်းဝှာက ခေါင်းညိတ်လိုက်သည်။

ချန်ဟောင်သည် ခေါင်းငုံ့သွားသည်။

"ဒါဖြင့် ရှင်က ကျမကို ဘယ်လို သဘောထားသလဲ"

"မင်းဘဲ ပြောစမ်း၊ ကျုပ်က ဘာလုပ်ရမလဲ"

"ဒီကိစ္စမှာ ကျမက တစ်တရားခံ မဟုတ်ပါဘူး"

"ဒါလဲ ကျုပ် သိတယ်"

"ဆရာကိုးပါရှင်၊ ဒီကိစ္စမှာ သူက ခိုင်းလို့ပါ"

"သူက ခိုင်းလို့ မင်းက လုပ်ရမှာလား"

ချန်ဟောင်သည် နှုတ်ခမ်း တချက် ကိုက်လိုက်ပြီး၊

"ကျမ ကတိ ပေးပါတယ်၊ နောက်နောင်ကျမ ဘယ်သူဘဲ ခိုင်းခိုင်း မလိမ်တော့ပါဘူးလို့၊ ရှင်ယုံပလား ဟင်"

"ကျုပ်ယုံတယ်"

ချန်ဟောင်သည် ရွှင်လန်း သွားလေတော့သည်။ သူမသည် ပြုံး၍၊

"ရှင်....ရှင်က တော်တော် သဘောထား ကြီးတဲ့ လူတယောက် ထူးဆန်းတဲ့ လူတယောက်ပါရှင်"

\+ \+ \+

အမှန်မှာ။

ယန်းဝှာသည် ထူးဆန်းသော လူတယောက်ကား မဟုတ်ပါ။ သူသည် ရိုးရိုးမှန်မှန်ရှိသော လူတယောက်သာ ဖြစ်သည်။ သာမန် လူတယောက်ဆိုလည်း မမှားပါ။

သူသည် တခြားလူများနှင့် မတူသည်မှာ သူသည် လူများကို ယုံကြည်သည်။ ကိုယ့်ကိုယ်ကိုလည်း ယုံကြည်လေသည်။

မည်သည့် ကိစ္စရပ်များမဆို သူသည် သူ၏ နည်းဟန်များကိုသာ အသုံးပြုတတ်သည်။

သူ၏ နည်းဟန်မှာလည်း အလွန်ရိုးနေသော နည်းဟန်များ ဖြစ်ပါသည်။

တရားမျှတခြင်း၊ သဘောထားကြီးခြင်း၊ ခွင့်လွှတ်တတ်ခြင်းစသည် နည်းဟန်များ ဖြစ်ပါသည်။

သူသည် မည်သည့် ကိစ္စများမဆို ပေါ့ပေါ့တန်တန် မလုပ်ပါ။

သို့သော် ပြင်းပြင်း ထန်ထန်လည်း မပြုလုပ်ပါ။

သူသည် မလျော့မတင်း စောင်းကြိုး တင်းသော နည်းကို နှစ်သက်လေသည်။

× × ×

ည။

အေးချမ်း၍ သာယာသောည ဖြစ်ပါသည်။

စုစုသည် အခန်းထဲမှ ပြေးထွက်လာပြီးလျှင် ဥယျာဉ်ထဲမှ သစ်ပင်တပင် အောက်သို့ ပြေးလာပြီးသည့်နောက်။

သူမ၏ မျက်ရည်များသည် ထိန်းမနိုင် သိမ်းမရဘဲ တသွင်သွင် စီးကျလာလေတော့သည်။

အတန်ကြာမှ သူမသည် ယန်းဝှာ၏ စကားကြောင့် ခံပြင်းသည်။ ဒေါသလည်း ထွက်လာသည်။

"ခေါင်းကြီး ဝက်ပုတ် သေပါစေ"

သူမသည် ယင်းသို့ ကျိန်တွယ်၍ နေလေသည်။





သို့သော် အကယ်၍ ခေါင်းကြီး ဝက်ပုတ်နှင့်သာ အချိန်မီ မရောက်လာပါက သူမ၏ဘဝသည် တွေးဝံ့ဖွယ်ရာ မရှိဟုလည်း ဆင်ခြင်မိလေသည်။

လူတယောက်သည် ကိုယ့်ကိုယ်ကို ပထမဆုံး အပြစ်တင် ဝေဖန်ပြီးမှ တခြားလူကို ဝေဖန်ပါ။

စုစုသည် ခေါင်းအေး သွားသောအခါ ယန်းဝှာ၏ စကားများ ပြန်လည်သတိရလာလေတော့သည်။

"အင်း....ခေါင်းကြီးရဲ့ စကားကလဲ မမှန်ဘူးလို့ ပြောလို့ မရပါလား"

သူမသည် ဤသို့ ကိုယ့်ကိုယ်ကို ဆင်ခြင်မိသည်။

ထိုစဉ် သူမရှေ့သို့ ရေနွေး ပန်းကန်တလုံး ရောက်ရှိလာသည်။

"သခင်မလေး ရေနွေးကြမ်းတခွက် သောက်လိုက်ပါအုံး"

ရှောက်လန် အမည်ရှိသော မိန်းကလေးပင် ဖြစ်နေပါသည်။

စုစုသည် မျက်မှောင် ကုတ်သွားသည်။

"ညီမက ဘယ်သူလဲ၊ ရှောက်လန်လား၊ စင်းစင်းလား၊ မှန်မှန်ပြောစမ်း"

ရှောက်လန်က ပြုံးလိုက်ပြီး၊

"ကျမ စင်းစင်းဘဲပေါ့၊ ဒီရောက်တော့လဲ ရှောက်လန်လို့ ခေါ်တယ်လေ"

"ကြည့်စမ်း ခွေးမလေး၊ ညီးက စင်းစင်းပေါ့"

"ဟုတ်ပါတယ် သခင်မလေး၊ စင်းစင်း မဟုတ်ဘူး ပြောတဲ့လူဟာ ခွေးဝဲစား"

"တော်စမ်းပါ၊ ညီးက ခေါင်းကြီး ဝက်ပုတ်နဲ့ ပေါင်းတာနဲ့ လေသံလဲ သူ့အတိုင်း ဖြစ်လာပြီ"

စုစုသည် စကားဆက်လိုက်သည်။

"နေပါအုံး၊ ညီးက သတို့သားဟာ ချင်းကိုမဟုတ်မှန်းကြိုသိလို့လား"

စင်းစင်းက ခေါင်းညိတ်လိုက်သည်။

"သိတာပေါ့ သခင်မလေး"

"ခွေးလေး၊ သိလျက်နဲ့ ဘာလုပ် ငါ့ကို မပြောလဲ"

စင်းစင်းက သက်ပြင်းတချက် ချလိုက်သည်။

"ပထမ ကျမ **အဝတ်အစား** လာပို့တုန်းက ဆရာကိုးပုန်းနေမှန်းသိလို့ ကျမမပြောရဲဘဲ၊ သခင်မလေးက စင်းစင်းမဟုတ်လားလို့ မေးလာတော့ ကျမက အတင်း ငြင်းလိုက်တယ်"

သူမသည် တချက်ပြုံးလိုက်ပြီး စကားဆက်လိုက်သည်။

"နောက်တော့ ကျမက ရေမွှေးကြမ်း လာပို့ရင်း သခင်မလေးရဲ့ ကိုယ်ပေါ်မှာ ရေမွှေးတွေ ဖိတ်လိုက်ပြီး စက္ကူလိပ်တလိပ် ထိုးထားခဲ့တယ်၊ သခင်မလေးက အကင်းမှ မပါးဘဲ"

စုစုက သက်ပြင်းတချက် ချလိုက်ပြီး၊

"အခုထိ သူတို့က ဘာဖြစ်လို့ ငါ့ကို မကောင်းကြံကြသလဲဆိုတာ စဉ်းစားလို့ကို မရသေးဘူး"

စင်းစင်းက ပြုံးလိုက်ပြီး၊

"သူတို့က မကောင်းကြံနေတာ မဟုတ်ပါဘူး၊ သခင်မလေးကို လက်ထပ်ချင်လို့ပါ"





"ဒီအကြံဟာ ဘယ်သူ့ အကြံလဲဆိုတာ ညီး သိသလား"

"ဆရာကိုးဘဲ ဖြစ်မှာပေါ့၊ သူက သခင်မလေးကို မရမက လက်ထပ်ဖို့ ကြံစည်နေတယ် မဟုတ်လား၊ အမှန်မှာ ဆရာကိုးက ချန်ဟောင်နဲ့ ပန်းလိပ်ပြာတို့က ပူးပေါင်းပြီး ကြံစည်တဲ့ အကြံအစည်တွေဘဲ"

"နေပါအုံး ညီးက **အမကြီး** ဝမ်ဆီကနေ ပျောက်သွားလိုက်တာ ခေါင်းကြီးနဲ့ ဘယ်လိုလုပ် တွေ့ကြသလဲ"

"ကျမကို ယန်းဝှာက ကယ်ပြီး သခင်မလေးက ချန်ဟောင်နဲ့ လိုက်သွားတာ သိလိုက်ရတော့ ကျမက ရှောက်လန်လို့ အမည်ပြောင်းပြီး လိုက်ခဲ့ရတယ်၊ ကျမရဲ့ တာဝန်က ချန်ဟောင်ရဲ့ လှုပ်ရှားမှုကို အကဲခတ်ပြီး ယန်းဝှာဆီ သတင်းပို့ပေးဖို့ပါဘဲ"

"အင်း....ခေါင်းကြီးကို ပြောသာပြောနေရတယ်၊ တကယ်တော့ သူက မဆိုးပါဘူး"

"သူက မဆိုးရုံ ဘယ်ကမလဲ အင်မတန်တော်တဲ့လူ တယောက်ပါ"

"အောင်မယ် ညီးကပါ ခေါင်းကြီးကို သဘောကျနေတယ်ပေါ့၊ ဒီလိုဆိုရင် ညီးနဲ့ ပေးစားလိုက်မယ်လေ ဘယ့်နှယ့်လဲ"

"ကျမ အနေနဲ့ ငြင်းစရာ မရှိပါဘူး၊ ဒါပေမယ့် သူက ကျမကို ချစ်တာမှ မဟုတ်ဘဲ"

"ဒါဖြင့် သူက ဘယ်သူ့ကို ချစ်နေတာလဲ"

ထိုစဉ် အသံတခု ထွက်ပေါ်လာသည်။

"ကျုပ်က ကျုပ်ကိုယ်ဘဲ ကျုပ်ချစ်တယ်ဗျ"

ယန်းဝှာ ဖြစ်ပါသည်။

သူသည် ပြုံးဖြဲဖြဲဖြင့် စုစုထံသို့ လျှောက်လာလေသည်။ စင်းစင်းသည် ခေါင်းငုံ့သွားသည်။

ယန်းဝှာသည် တချက် အပျင်းဆန့်လိုက်ပြီး၊

"ကဲ....သွားကြပါစို့"

စုစုက မျက်မှောင် ကုတ်သွားသည်။

"ရှင် သွားကြမယ် ဟုတ်လား"

"ဟုတ်တယ်လေ ဒီမှာမှ အသုပ်မရှိတော့ဘဲ"

"ချန်ဟောင်ကော"

"အခန်းထဲမှာ ရှိတာပေါ့"

"သူ့ကို ဘာမှ မဆုံးမဘူးလား"

"ကျုပ်က ဆုံးမရမယ် ဟုတ်လား၊ ဘယ်လို ဆုံးမရမှာလဲ သူ့ကို သတ်ပစ်ရမလား ဒါမှမဟုတ် ကြိမ်လုံးနဲ့ ရိုက်ရမှာလား"

စုစုသည် အံကိုတင်းတင်း ကြိတ်လိုက်ပြီး၊

"အနည်းဆုံးတော့ သူ့ကို ဒဏ်ခတ်ရမှာပေါ့"

ယန်းဝှာက သူမအား စေ့စေ့ ကြည့်လိုက်သည်။

"ဘယ်လို ဒဏ်ခတ်ရမှာလဲ ကဲ....ဆိုစမ်းပါအုံး၊ သူက မင်းကို ရိုက်သလား"

"မရိုက်ပါဘူး"

"မင်းကို ဆဲဆိုသလား"

"ဟင်အင်း"

"သူက မင်းကို ဒီခေါ်လာပြီး ဘာတွေ လုပ်သလဲ၊ ပြော ပြစမ်းပါ"





စုစုက နှုတ်ခမ်း ကိုက်လိုက်သည်။

"သူက ကျမကို ဒီခေါ်လာပြီး ရေချိုးခိုင်းတယ်၊ အဝင အစား အသစ်တွေ လဲခိုင်းတယ်၊ နောက်....နောက်"

သူမသည် ဆက်ပြောရမှာ ရှက်သွားသည်။

ယန်းဝှာက စကားဆက်လိုက်သည်။

"နောက်မင်းကိုထမင်းကျွေးတယ်၊ နောက်ပြီးချောမောတဲ့ ယောကျ်ား တယောက်နဲ့ ပေးစားတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ၊ မင်းက သူ့ကို ဒဏ်ခတ်ချင် သေးတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကဲ....ဒါဖြင့် သူ့ကို ရေချိုးခိုင်းမယ်၊ အဝတ်အစား အသစ် တွေ လဲပေးမယ် နောက်ပြီး သူ့ကို ထမင်းကျွေးလိုက်ပြီး ရုပ် ချောတဲ့ ယောကျ်ားတယောက် ရှာပြီး ပေးစားရမလား"

စုစုသည် ဆတ်ကနဲ ထခုန်လိုက်သည်။

"ရှင်....ရှင်က သူ့ဘက်ကို ကူနေသလား ကျမကို ကူညီ နေတာလား ရှင်းစမ်းပါအုံး"

ယန်းဝှာက ပြုံးလိုက်သည်။

"ကျုပ်က ဘယ်သူ့မှ မကူဘူး၊ လမ်းကျတဲ့ လူကိုသာ ကူမယ်"

စုစုက နှုတ်ခမ်းစူသွားသည်။

"ဘာလဲ၊ ကျမက လမ်းမကျဘူးလို့ ထင်သလား၊ သူက ဘာဖြစ်လို့ ကျမကို လိမ်တာလဲ၊ ဘာဖြစ်လို့ ဟိုလူနဲ့ ပေးစားတာလဲ ဒါ တရားသလား"

ယန်းဝှာက အေးစက်စွာဖြင့်၊

"ဒါကတော့ မင်းက ရုပ်ချောလို့ ဖြစ်နေမှာပေါ့၊ မင်းက သိပ်ချောလို့ မင်းကို လိုချင်တဲ့လူတွေက ပေါလွန်းနေတာပေါ့၊ တကယ်လို့ မင်းက ငါ့လို ရုပ်ဆိုးနေမယ်ဆိုရင် ဘယ်သူက မင်းကို ဒါလောက်တောင် လိုချင်နေမှာလဲဗျ"

စုစုသည် ဒေါသထွက်လွန်း၍ ခြေဆောင့်လိုက်သည်။

"သူတို့က ကျမကို ယူမယ်ဆိုတာ အကြံအစည်တခု ရှိနေတယ်ဆိုတာ ရှင် နားမလည်ဘူးလား"

ယန်းဝှာသည် အပျင်းတချက် ဆန့်လိုက်ပြန်သည်။

"ကဲ….ကျုပ်သွားတော့မယ်၊ မင်း လိုက်ချင်လိုက် မလိုက်ချင်လဲ နေပေါ့၊ ဒါ မင်းသဘောဘဲ"

စုစုသည် အသံကျယ်လောင်စွာဖြင့်၊

"ကျမသဘော မဟုတ်လို့ ရှင်ပြောတိုင်း ကျမက နားထောင်ရမှာလား"

ယန်းဝှာသည် ပြုံး၍ ခြေလှမ်း မှန်မှန်ဖြင့် အေးဆေးစွာ လျှောက်ထွက် သွားရင်း၊

"ကဲ….ဒီလိုဆို ကျုပ်သွားပြီ၊ အဲ….မင်းက ဆရာကိုးကို တွေ့ရင် ကြောက်မနေစမ်းပါနဲ့ဗျာ၊ သူက မင်းကို ချစ်လို့ လက်ထပ်မလို့ပါဘဲ၊ မင်းကို ကိုက်စားမပစ်ပါဘူး"





သူ၏စကား မဆုံးမီမှာပင်။

စုစုက သူ့နောက်သို့ ပြေးလိုက်လာလေသည်။

"ရှင်..ရှင် ဘာပြောတယ်၊ ဆရာကိုး ဒီမှာဘဲ ရှိနေသေးလို့လား"

ယန်းဝှာက ပခုံးတချက် တွန့်ပြလိုက်သည်။

"ဒါတော့ ကျုပ်ဘယ်သိမလဲ၊ သူဘယ်မှာဘဲရှိရှိ ကျုပ်နဲ့ ဘာဆိုင်လို့လဲ"

"သူ့ကို ရှင်တွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ရှင်က သူ့ကို ဘာဖြစ်လို့ ဖမ်းမထားလိုက်တာလဲ"

ယန်းဝှာက မျက်မှောင် ကုတ်သွားသည်။

"မင်းကလဲ သူ့ကို ခဏခဏ တွေ့ခဲ့သားဘဲ၊ ဘာဖြစ်လို့ သူ့ကို ဖမ်းမထားသလဲ"

"ကျမက သူ့ကို ဘယ်ဖမ်းလို့ရမှာလဲ"

"ကျုပ်လဲ ဒီလိုဘဲပေါ့"

"ရှင်….ရှင့် သိုင်းပညာက သူ့ထက်မသာလို့လား"

ယန်းဝှာက သက်ပြင်းတချက် ချလိုက်သည်။

"အမှန်ပြောရရင် ကျုပ်ရဲ့ သိုင်းပညာလဲ ဒါလောက် မဟုတ်ပါဘူး၊ မင်းက ငါ့ကို အရမ်း အထင်ကြီးနေတာကိုး"

"ဒါဖြင့် သူက ရှင့်ကို တွေ့ရင် ဘာဖြစ်လို့ ထွက်ပြေးနေရတာလဲ"

ယန်းဝှာသည် အတန်ကြာ စဉ်းစားလိုက်ပြီး၊

"အင်း....ကျုပ် စဉ်းစားမိတာက တရားတဲ့လူကို မတရားလုပ်တဲ့လူက ဘယ်တော့မှ မနိုင်လို့နဲ့ ထင်ပါတယ်ဗျာ"

ဟု မှတ်ချက် ချလိုက်လေတော့သည်။

× + ×

လမ်းတလျှောက်လုံး တိတ်ဆိတ်၍ နေသည်။

မလင်းတလင်း တောက်ပနေသော ကြယ်ကလေးများ၏ အရောင်များသည် ကျောက်ပြားများဖြင့် ခင်းကျင်းထားသော လမ်းပေါ်သို့ ကျရောက်နေသည်။

ယန်းဝှာသည် အရှေ့မှ လျှောက်သွားသည်။

စုစုနှင့် စင်းစင်းတို့သည် နောက်မှ လိုက်နေကြသည်။

"ခေါင်းကြီး ဝက်ပုတ်က အမြင်ကပ်စရာ ကောင်းပေမယ့် ဆရာကိုးနှင့် နှိုင်းစာရင် တော်သေးတယ်"

စုစုသည် ဤသို့ စိတ်ထဲ၌ ကြိတ်၍ မှတ်ချက်ချနေ၏။

စင်းစင်း၏ မျက်လုံးအစုံသည် စုစုအားတလှည့် ယန်းဝှာအားတလှည့် ကြည့်နေ၏။

"ဟေ့....စင်းစင်း၊ သူ့ကို မေးကြည့်စမ်း၊ ဘယ်ကို သွားမှာလဲလို့"

စုစုက ပြောလိုက်သည်။

စင်းစင်းက မျက်တောင် တဖျတ်ဖျက် ခတ်လိုက်သည်။

"သခင်မလေး ကိုယ်တိုင် မေးကြည့်ပါလား"

စုစုသည် သူမအား မျက်လုံးတချက် ပြူး ကြည့် လိုက် ပြီး ပါးစပ်ပိတ်ထားသည်။

စင်းစင်းက ပြုံးလိုက်ပြီး၊





"ချန်ဟောင် လိမ်ပြောတဲ့ စကားထဲမှာ စကားတခွန်းတော့ မှန်တယ် သခင်မလေး"

"ဘယ်စကားလဲ"

"ချင်းကိုး ဒီမြို့မှာ ရောက်နေပြီဆိုတာလေ"

စုစု၏ မျက်ဝန်းအစုံသည် ရွှန်းလဲ့ တောက်ပလာလေသည်။

"ဟင် ဟုတ်လား၊ ဒါဖြင့် သူ အခု ဘယ်မှာရှိသလဲ ဆိုတာ သိသလားဟင်"

စင်းစင်းက ခေါင်း ခါယမ်းလိုက်သည်။

"ကျမ ဘယ်သိမလဲ၊ သခင်မလေးရဲ့"

ယန်းဝှာသည် သူမတို့ ဘက်သို့ လှည့်ကြည့်လိုက်ပြီး၊

"ချင်းကိုးက ဒီမြို့ရောက်နေတာမှန်ရင်တော့ သူ ဘယ်မှာ ရှိတယ်ဆိုတာ ကျုပ်သိတယ်"

စုစုက နှုတ်ခမ်း တချက် ကိုက်လိုက်ပြီး၊

"သူ....သူ... ဘယ်နေရာမှာ ရှိသလဲ"

ယန်းဝှာသည် အေးစက်သော လေသံဖြင့်၊

"တကိုယ်ရေ တကာယ သမားများ သွားတတ်တဲ့ နေရာမျိုးပေါ့ဗျာ"

●

## ယောကျ်ားသားများ နှစ်သက်သောနေရာ

ယောကျ်ားသားများသည် အချုပ်အချယ် လွတ်ကာ တရွာတကျေးသို့ ရောက်ရှိသောအခါ သူတို့သည် မည်သည့်နေရာမျိုးသွားတတ်ပါသနည်း။

မည်သည့်နေရာမျိုးမှ နှစ်သက်တတ်ပါသနည်း။

အဖြေကား ရှင်းလှပေသည်။

အရက်ရယ် အစားအသောက်ကောင်းသော နေရာ၊ မိန်းမလှလှ ရှိသောနေရာနှင့် လောင်းကစားသော နေရာမျိုး ဖြစ်ပါသည်။

ယောကျ်ားသား ဆယ်ယောက်တွင် ကိုးယောက် တို့သည် လောင်းကစားများ နှစ်သက်ကြသည် မဟုတ်ပါလော။

\+ \+ \+

ဤနေရာသည် လှပသော ရှုခင်း မရှိပါ။

သာယာ ကြည်နူးဘွယ်ရာများလည်း မရှိပါ။

ဤနေရာသည် မြို့ရိုးတံခါးနှင့် တခေါ်ခန့် ဝေးသောနေရာဖြစ်သည်။

အဆောက်အဦသည် ယိုယွင်းပျက်စီးနေပြီ ဖြစ်သည်။

တချိန်က အနီရောင် ဆေးများ ခြယ်သ ထားသော တံခါးများသည် နှစ်ပရိစ္ဆေဒကြာမြင့်ပြီးခဲ့ရာ ဆေးများသည် ကွာကျကုန်လေသည်။





သို့သော် ထို ရုပ်ပျက်ဆင်းပျက် နေသော တံခါး နှပ်ချပ်သည် စေ့၍ ပိတ်လျက်၊

ထို့ပြင် အဆောက်အဦ ရှေ့မှာလည်း အမှိုက်ပုံများ စုပုံနေ၏။

စုစုသည် ထိုအနီးသို့ ရောက်လာသောအခါ ဆိုးဝါးသော အနံ့အသက်များသည် သူမ၏ နှာခေါင်းသို့ စူးဝင်လာလေသည်။ သူမသည် နှာခေါင်း ရှုံ့သွားသည်။

"ရှင်....ကျမကို ဘာလို့ ဒီကို ခေါ်လာတာလဲ"

ယန်းဝှာသည် သူ့အား ကျဉ်းမြောင်းသော မျက်လုံးများဖြင့် ပြုံးကြည့်လိုက်ပြီး၊

"ဒါနဲ့ မင်းက ချင်းကိုးကို တွေ့ချင်တယ်ဆို"

"ရှင်....ဒီလိုနေရာမျိုးကို ချင်းကိုးက လာပါ့မလား"

"သိပ် လာတာပေါ့ဟာ၊ သူလာတဲ့ အပြင် ဒီကို ရောက်မိတာနဲ့ တော်တော်နဲ့ ပြန်မသွားဘူး"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတာ မင်း တဖြေးဖြေးတော့ သိလာမှာပေါ့...."

"သူ....သူ....ဒီမှာ ဘာလာ လုပ်တာလဲ"

"အလှူလာလုပ်တာ"

"အလှူ လာလုပ်တယ် ဟုတ်လား၊ ကျမ နားမလည်ပါလား...."

"အလှူလုပ်တယ်ဆိုတာကိုယ့်အိတ်ထဲမှာရှိတဲ့ ငွေကိုထုတ်ပြီး သူများကို ပေးလိုက်ရတယ်လေ"

သူသည် ပြုံးလိုက်ပြီး စကား ဆက်လိုက်သည်။

"မင်းက သူများကို ငွေအလှူပေးချင်ရင် ဒီနေရာထက် မြန်တဲ့နေရာ မရှိဘူးဆိုတာ ကျုပ် ပြောရဲတယ်"

စင်းစင်းသည် မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်ပြီး၊

"ကျမ နားလည်ပြီ၊ ဒီနေရာဟာ အလောင်းအစားဂေဟာ ဟုတ်လား...."

ယန်းဝှာက ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ဘာဘဲဖြစ်ဖြစ် မင်းက ပိုပြီး ဥာဏ်ကောင်း တယ်...."

စုစုသည် နှုတ်ခမ်းကလေး စူထားလိုက်လေတော့သည်။

"ဟင်၊ ဒီလောက် စုတ်ပြတ်တဲ့နေရာလာတဲ့ လူကတော့ ငွေများများ လောင်းကစားနိုင်မှာ မဟုတ်ဖူး"

"မင်းက နားမလည်ပါဘူး၊ တကယ် ကစားသမားဟာ ငွေ များများ လောင်းကစားရရင် ကျေနပ်မှာဘဲ၊ နေရာစုတ်တာ တို့ ဘာတို့ကို သူတို့က သိပ်အရေးထားတာမှ မဟုတ်ဘဲ"

စုစုသည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး၊

"ရှင်က ဒါလောက် ကျွမ်းနေတော့ ရှင်က မကြာခဏ ရောက်လာဘူးတယ် ဟုတ်လား"

"ကျုပ်က မလာဘူးရင် မင်းကို ဘယ်လိုလုပ် ခေါ်လာ နိုင်မှာလဲ"

စုစုက မဲ့ပြုံး ပြုံးလိုက်ပြီး၊

"လက်စသတ်တော့ ရှင်က အရက်သမားနဲ့ ဖဲသမား တယောက်ကိုး၊ အခုမှဘဲ ကျမ သိရတော့တယ်"





ယန်းဝှာက ပြုံးလိုက်ပြီး၊

"အရက်သမား ဖြစ်မှတော့ ဖဲသမား ဖြစ်မယ်ဆိုတာ မင်း စောစောက စဉ်းစားမိဖို့ ကောင်းတယ်"

စုစုသည် နှုတ်ခမ်း စူထားလိုက်ပြန်လေသည်။

\+ \+ \+

အခန်းထဲသို့ ဝင်လိုက်မိတော့မှ ဤ အဆောက်အဦသည် အတွင်းနှင့်အပြင် လုံးဝ ဆန့်ကျင်နေမှန်း သိလိုက်ရလေသည်။

အဆောက်အဦ အတွင်း၌ နေရာ တကာတွင် လူများဖြင့် ပြည့်ကျပ်နေသည်။

ဆေးလိပ်၏ အခိုးအငွေ့များသည် အခန်းတခုလုံးအား လွှမ်းမိုးထားသဖြင့် မြင်ကွင်းသည် ပီပီပြင်ပြင် မရှိလှပါချေ။

ယန်းဝှာတို့သည် အခန်းထဲသို့ ရောက်ရှိလိုက်သည်နှင့် ပိုး အဝတ်အစား ဝတ်ဆင်သော လူတယောက်က သူ့အား ပခုံး ဖက် ဝမ်းသာအယ်လဲ ကြိုဆိုလိုက်လေသည်။

"ဟော့....ကနေ့ဘ ာလေတိုက်လို့ မင်းကရောက်လာတာလဲ"

"မကောင်းဆိုးဝါးပါတဲ့ လေတိုက်လို့"

ယန်းဝှာက ထိုလူ၏ မေးခွန်းအား ပြန်လည် ဖြေကြားလိုက် သည်။

ထိုလူသည် မျက်မှောင် ကုတ်သွားသည်။

"ဗျာ....မကောင်းဆိုးဝါးလေတဲ့ ဟုတ်လား"

ယန်းဝှာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ မကောင်းဆိုးဝါးကသာ မင်းတို့လို မကောင်း ဆိုးဝါးနေရာကို ပို့လိုက်တာပေါ့ဗျာ"

"ဟား....ဟား....ဟား"

ထိုလူက သဘောကျစွာဖြင့် အားရပါးရ ရယ်မောလိုက်သည်။

"ကဲ....ဘာဘဲဖြစ်ဖြစ် ရောက်လာမှတော့ သဘောရှိ ကစားသွားပေါ့ဗျာ၊ ကျုပ်က အလုပ်ရှိသေးလို့ ခွင့်ပြုပါအုံး"

ထိုလူသည် ဤသို့ ပြောပြီး သူတို့အား ထားပြီး ထိုနေရာမှ အခြားနေရာသို့ ထွက်သွားလေတော့သည်။

"သူက ဘယ်သူလဲ"

စင်းစင်းက မေးလိုက်ခြင်း ဖြစ်သည်။

"သူက ဒီလောင်းကစားဂေဟာရဲ့ပိုင်ရှင်ပေါ့၊ သူ့နာမည်က ရွှေမုတ်ဆိတ်တဲ့"

စုစုက မဲ့ပြုံး ပြုံးလိုက်ပြီး၊

"ရွှေမုတ်ဆိတ်ကလဲ မုတ်ဆိတ် မပြောနဲ့ နှုတ်ခမ်းမွေးတောင် တပင်မှ မရှိပါလား"

ယန်းဝှာက ပြုံးလိုက်သည်။

"သူက မုတ်ဆိတ် အများကြီးရှိတယ်၊ သူ့မုတ်ဆိတ်တွေက ရွှေရောင်ဖြစ်နေလို့ ရွှေမုတ်ဆိတ်လို့ ခေါ်ကြတာပေါ့၊ ဒါပေမယ့် သူအခု မယားငယ် တယောက် ယူလိုက်တာမကြာသေးလို့ပါ"

သူ့မယားငယ်က သူ့ကို မုတ်ဆိတ်ရိတ်ခိုင်း လိုက်လို့လား"

"ဟုတ်တယ်၊ ဒီတခါတော့ မင်းလဲ ဉာဏ်ကောင်းလာပြီ"

စုစုက ရယ်မောလိုက်သည်။

"ဟား .. ဟား....ဟား၊ ဒီလူက မယားငယ်ကို ကြောက်ရတဲ့ လူကိုး"





ယန်းဝှာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မယား ကြောက်တဲ့ လူဟာ ဘာသာမရွေး လူမျိုးမရွေး ရှိတတ်ကြတယ်၊ သူလဲဘဲ လောကသားပေမို့ မယားကြောက်လာတာ ဘယ်ဆန်းမလဲ"

စုစု ရယ်မောလျက်၊

"ဒီလိုဆိုရင် မယားကြောက်တဲ့ ကိစ္စဟာ မဆန်းဘူးလို့ ဆိုတာပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ရှင်ကော မယားကြောက်တတ်သလား"

"ဒါတော့ ကျုပ်က မိန်းမမှ မယူသေးဘဲ ဘယ်ပြောနိုင်ပါ့မလဲဗျာ"

ထိုစဉ် စင်းစင်း၏အသံသည် ထွက်ပေါ်လာလေတော့သည်။

"ဟိုမှာ ချင်းကိုး မဟုတ်လား"

× × ×

အခန်း၏ ဝဲဘက်ထောင့်တွင် လူတစု လောင်းကစား နေကြသည်။

ထိုလူစုများသည် အခြား လောင်းကစားဝိုင်းထက် ပို၍ လူများသည်။ တချက်တချက်ထွက်ပေါ်လာသော အော်ဟစ်သံများသည် အခန်းတခုလုံးအား ဟိန်းထွက် သွားစေလေသည်။

လူအုပ်ကြားမှလူတယောက်သည် အသံအကျယ်ဆုံး လောင်းကြေးအများဆုံးဖြင့် လောင်းကစားနေ၏။

ထိုလူ၏ လည်ပင်းတွင် ပုဝါနီ တထည်သည် ကျက်သရေရှိစွာဖြင့် စည်းထားသည်။

ထိုလူသည် ချပ်ချောသည် မဟုတ်ပါ။ မျက်နှာ ပေါ်တွင်လည်း အမာရွတ် တခု ရှိနေ၏။

သူသည် ငွေလွှဲ လက်မှတ် တထပ်ကြီးအား ယူ၍ မြှောက်ပြလိုက်ပြီး၊

"ကဲ.... နည်းနည်းတော့ မလောင်းကြပါနဲ့ဗျာ၊ ကျုပ်ကတော့ များလေ အားရလေဘဲ"

ဟု ပြောပြီး စားပွဲပေါ်သို့ ချထားလိုက်လေသည်။

"ချင်းကိုးကွ၊ ချင်းကိုး"

သူ့အား ဝိုင်းရံထားသော လူစုတို့သည် အော်ဟစ်ကာ အားပေးနေကြသည်။

စုစုသည် ချင်းကိုးအား တွေ့လိုက်ရသောအခါ ရင်ထဲ၌ တဒိတ်ဒိတ် ခုန်လာလေတော့သည်။

သူမသည် ယန်းဝှာအား တချက် ကြည့်လိုက်ပြီး၊

"ရှင်....သူနဲ့ သိသလား"

ဟု အသံတိုးတိုးဖြင့် မေးလိုက်သည်။

ယန်းဝှာက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

"ဟင်၊ ဒါနဲ့ ရှင်က သိုင်းလောကသား တယောက်ဖြစ်ရက်နဲ့ ချင်းကိုးလိုပုဂ္ဂိုလ်မျိုးနဲ့တောင် မသိတာ အံ့ပါတယ်ရှင်"

"ကျုပ်က ပုဂ္ဂိုလ်ကြီးမှ မဟုတ်ဘဲ၊ ဒါကြောင့် ပုဂ္ဂိုလ်ကြီးနဲ့ အသိမဖြစ်တာပေါ့ဗျ"

"ရှင်က သူနဲ့သိအောင် ဘာလို့မကြိုးစားလဲ"





"ကျုပ်က ဘာလို့ သူနဲ့သိချင်ရမှာလဲဗျ"

"ကျမ....ကျမက သူနဲ့ သိချင်လို့ပေါ့ရှင့်"

"ဒါက မင်းအလုပ်ဘဲ၊ မင်းကိုခေါ်လာဖို့က ငါ့တာဝန်၊ သူနဲ့သိဖို့ကတော့ မင်းဟာမင်း ကြိုးစားပေါ့"

"ရှင်....တခုခုတော့ ကြံပေးပါလား"

"ကျုပ်က ဘယ်လို ကြံရမှာလဲ"

"ချင်းကိုးနဲ့ ကျမ သိကျွမ်းအောင် မိတ်ဖွဲ့ပေးဖို့ပေါ့"

"ကျုပ် ပြောပြီးပြီကော၊ ဒါက ကျုပ် အလုပ် မဟုတ်ဘူး"

"ဒါဖြင့်...."

စုစုသည် မျက်လုံးတချက် ဝေ့ကြည့်လိုက်ပြီး အကြံ တခု ရလာလေတော့သည်။

"ရှင်....ရှင်....ကျမ လက်ကို ဆွဲထားစမ်းပါ"

ယန်းဝှာသည် မျက်မှောင် ကုတ်သွားသည်။

"ကျုပ်က ဘာဖြစ်လို့ မင်းလက်ကို ဆွဲထားရမှာလဲ၊ မင်းလက်က ဘာဖြစ်နေလို့လဲ"

"ဘာဘဲ ဖြစ်ဖြစ် ကျမ လက်ကို ဆွဲထားစမ်းပါ"

သူမသည် ဤသို့ပြောပြီး သူမသည် ယန်းဝှာ၏ လက်အား ဖမ်းဆွဲလိုက်ပြီး သူမ၏ လက်ကောက်ဝတ်သို့ ဖမ်းဆုပ်ထားစေလေသည်။

ယန်းဝှာသည် သူ၏ ကြီးမားသော ဦးခေါင်းအား လက်တဖက်ဖြင့် ကုတ်ကာ နားမလည် နိုင်သော မျက်လုံးများဖြင့် စုစုအား ကြောင်ကြည့်နေလေသည်။

"ဟောဒီမှာ ကျမ လက်ကို အတင်းဆွဲနေပါတယ်၊ ကယ်တော်မူကြပါ"

စုစု၏ စူးရှသော အသံသည် အခန်းတခုလုံးသို့ ပဲ့တင်ထပ်သွားလေတော့သည်။

လူအများသည် သူမတို့အား လှည့်၍ အံ့ဩစွာ ကြည့်လိုက်ကြလေသည်။

စုစုသည် အသံ ကျယ်လောင်စွာ အော်ဟစ်ရင်း ချင်းကိုးအား အသာကလေး ခိုးကြည့်လိုက်သည်။

သို့သော် ချင်းကိုးသည် သူမ၏ အော်သံများ လုံး၀ မကြားရသည့်အလား လောင်းကစားမပျက် လောင်းကစား နေလေသည်။

"ကယ်ကြပါရှင်၊ ကျမ သေရပါတော့မယ်"

ဤတကြိမ် သူမသည် ချင်းကိုးတို့ဘက်သို့ လှမ်း၍ အော်ဟစ်လိုက်ခြင်း ဖြစ်ပါသည်။

အခန်းရှိ လူများသည် သူမအား လူထူး လူဆန်း သဖွယ် ကြည့်နေကြသည်။

ယန်းဝှာမှာမူ ပခုံးတချက် တွန့်လိုက်ပြီး သူမ၏ လက်အား လွှတ်ချလိုက်သည်။

ချင်းကိုးမှာမူ အိန္ဒြေမပျက် ကစားဝိုင်းကိုသာ အာရုံရောက်နေ၏။

စုစုသည် နှုတ်ခမ်းတချက် ကိုက်လိုက်ပြီး ချင်းကိုးထံသို့ ပြေးသွားလေသည်။





သူမသည် ချင်းကိုး အနီးသို့ ရောက်တော့မှ ချင်းကိုး၏ နားသို့ ကပ်ကာ စူးရှစွာ သံကုန်ဟစ်အော် လိုက်ပြန်လေသည်။

"ကယ်ကြပါရှင်၊ ကျမကို သတ်မလို့တဲ့"

× × ×

ယခုအကြိမ် ချင်းကိုးက ကြားလိုက်မိလေတော့သည်။ သူသည် သူမအား လှည့်ကြည့်လိုက်ပြီး မျက်မှောင် ကုပ်သွားသည်။

"ဘာတွေ ဖြစ်နေကြတာလဲ"

ဟု စိတ်မရှည်စွာဖြင့် မေးလိုက်သည်။

စုစုသည် ယန်းဝှာအား ညွှတ်ပြလိုက်ပြီး၊

"သူ....သူက ကျမလက်ကို ဆွဲတယ်"

ချင်းကိုးသည် မျက်မှောင်ပို၍ ကုတ်သွားသည်။

"သူက မင်းလက်ကို ဘာလုပ်ဆွဲတာလဲ"

"ဒါတော့ ဘယ်သိမလဲရှင်၊ သူက ကျမကို ရောင်းစား မလို့လားမှ မသိဘဲ"

ချင်းကိုးသည် ယန်းဝှာအား တချက် လှမ်းကြည့်လိုက်ပြီး၊

"သူက မင်းနဲ့ ဘာတော်သလဲ"

စုစုသည် ခေါင်းငုံ့သွားသည်။ သူမ၏မျက်နှာသည် ညှိုးငယ်နေ၏။

"သူနဲ့ကျမ ဘာမှ မတော်ပါဘူး"

ချင်းကိုးသည် စားပွဲအား ပြင်းထန်စွာတချက် ပုတ်ချလိုက်သည်။

"ဒါတော့ မတရားသက်သက်ဘဲ၊ ဘာလဲ ဒီနေရာမှာ ဥပဒေ မရှိဘူးလို့ ထင်နေကြသလား"

သူသည် ဤသို့ပြောပြီး ယန်းဝှာထံသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားသည်။

"ဒီမှာမိတ်ဆွေ မင်းက ဘာဖြစ်လို့ ဒီမိန်းကလေးကို ရောင်းစားချင်ရတာလဲ ပြောစမ်း"

ယန်းဝှာသည် သက်ပြင်းတချက် ချလိုက်ပြီး၊

"ကျုပ်က ကစားသမား တယောက်ပါ၊ ငွေတွေရှုံးသွားလို့ ကြံမိရာကြံလိုက်တာပါ"

ချင်းကိုးသည် ကရုဏာသက်သွားသည်။

"အင်း....ဒါကြောင့်ကိုး၊ ဒီလိုဆို မိတ်ဆွေကို ကျုပ် ဘာမှ မပြောတော့ပါဘူး၊ အခုမင်း ငွေဘယ်လောက် လိုနေလို့လဲ"

ယန်းဝှာက ပြုံးလိုက်ပြီး၊

"ခင်ဗျားလို ပုဂ္ဂိုလ်မျိုးက ဒီကိစ္စကို သိသွားတော့ ကျုပ်လဲ ငွေကို မလိုချင်တော့ပါဘူး"

သူသည် ဤသို့ပြောပြီး ထိုင်ရာမှ ထလိုက်သည်။

ထို့နောက် အဝတ်အစားများမှ ဖုံများအား ပုတ်ခါလိုက်ပြီး ခေါင်းပင် မလှည့်ဘဲ ထိုနေရာမှ ထွက်သွားလေတော့သည်။

× + ×

ယန်းဝှာ ထွက်သွားသည်ကို တွေ့လိုက်ရသောအခါ စုစုသည် အဘယ်ကြောင့်မှန်းမသိ စိတ်မကောင်း ဖြစ်နေလေသည်။

"ဘာဘဲဖြစ်ဖြစ်၊ ဒီခေါင်းကြီး ဝက်ပုတ်ဟာ လူကောင်း တယောက်ပါ၊ ငါ့ကိုလဲ အကြိမ်ကြိမ် ကူညီခဲ့တယ်၊ အေးလေ





မတတ်နိုင်ဘူး၊ နောက်အခွင့်ကြုံရင်တော့ သူ့ရဲ့ ကျေးဇူးများကို ဆပ်တာပေါ့လေ"

သူမသည် စိတ်ထဲ၌ ဤသို့ ကိုယ့်ကိုယ်ကို ဆင်ခြေပေးလိုက်လေသည်။

သူမသည် ရုတ်တရက် စင်းစင်းအား သတိရလာသည်။ စင်းစင်းအား ဤခေါင်းကြီး ဝက်ပုတ်နှင့် လက်ဆက်လိုက်လျှင် ဟုလည်း တွေးမိလေသည်။

သို့သော် စင်းစင်းသည် မည်သည့်အချိန်မှ ပျောက်ကွယ်သွားသည်ကို သူမ မသိနိုင်ပါတော့ချေ။

သူမသည် စိတ်ပျက်စွာဖြင့် သက်ပြင်းတချက် ချလိုက်ပြီး နောက်ပြန်လှည့်လိုက်တော့မှ ချင်းကိုးသည် သူ့အား ပြုံးစိစိဖြင့် ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

စုစုသည် ပြုံးလိုက်ပြီး၊

"အခုလို ကျမကို ကူညီလိုက်တာ ကျေးဇူးတင်ပါတယ်ရှင်"

ချင်းကိုးသည် သူမအားပြုံး၍၊

"ညီမက ကျုပ်ကိုသိတယ် ဟုတ်လား"

"သိတာပေါ့ရှင်"

သူမသည် ချင်းကိုး လည်ပင်းမှ ပုဝါနီအား တချက် ဝေ့ကြည့်လိုက်ပြီး၊

"ရှင့်ကို မသိတဲ့လူ ရှားသားဘဲ"

ချင်းကိုးသည် သူမအား ပြုံးစိစိဖြင့်၊

"ညီမက ဘာကြောင့် ဥာဏ်ဆင်လိုက်ရတာလဲ"

"ရှင်...."

ချင်းကိုး၏ စကားကြောင့် စုစုသည် အံ့အားသင့်သွားသည်။

ချင်းကိုးက ပြုံးလိုက်ပြီး၊

"ဒီလိုဘဲ ဉာဏ်ဆင်ပြီး ကျုပ်ဆီ အကူအညီ တောင်းတဲ့ မိန်းကလေးများဟာ အနည်းဆုံး ဆယ်ယောက်လောက် ရှိသွားပါပြီ ဒါကြောင့်"

စုစုသည် သူ့အား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး၊

"ရှင်....ရှင်၊ သိတယ် ဟုတ်လား"

ဟု လွှတ်ကနဲ မေးမိလိုက်လေသည်။

ချင်းကိုးက ရယ်မောလိုက်ပြီး၊

"ဒါတွေ ထားလိုက်ပါတော့ ညီမက တခြားမိန်းကလေး ထက် လှတယ် ယဉ်တယ်၊ ဒါကြောင့် ကဲလဲ ပိုကောင်းမယ်၊ ကဲ....ဟိုဘက်ဝိုင်းမှာ သွားလောင်းလိုက်ရအောင်"

ချင်းကိုးသည် ဤသို့ပြောပြီး သူမ၏လက်ကို ဆွဲကာ အခြား လောင်းကစားဝိုင်းဘက်သို့ ခေါ်ဆောင် သွားလေတော့သည်။

●

**မိတ်ဆွေ**

ရင်းနှီးသော မိတ်ဆွေများသည် ကောင်းသော မိတ်ဆွေ များ ဖြစ်သည်ဟု မဆိုနိုင်ပါ။

ဥပမာ အရက်နဲ့ လောင်းကစားမှုတို့မှာ အလွန် ရင်းနှီး သော မိတ်ဆွေများ ဖြစ်ကြလေသည်။





မည်မျှ ရင်းနှီးပါသနည်းဟု မေးလျှင် ခွဲမရအောင် ရင်းနှီး သည်ဟုသာ ဖြေရလိမ့်မည် ဖြစ်ပါသည်။

သို့သော် ထိုရင်းနှီးသော မိတ်ဆွေများသည် အလွန် ဒုက္ခ ပေးတတ်ပါသည်။

ရှင်းအံ့၊

အချို့သော လူများသည် အရက်သောက်လိုက်သည်နှင့် လောင်းကစားရန် စိတ်ဆန္ဒ ပေါ်ပေါက် လာတတ်ပေသည်။

အချို့လူမှာမူ လောင်းကစားလိုက်သည်နှင့် အရက်သောက် ချင်လာတတ်သည်။

ရလဒ်ကား ရှုံးလေ သောက်လေ၊ သောက်လေ ရှုံးလေ၊ မဟုတ်ပါလော။

ထို့ကြောင့်၊

လောင်းကစား ဂေဟာတွင် အရက်များ ဖောဖောသီသီ ထားရှိတတ်ကြပါသည်။

ယင်းအရက်များမှာလည်း အဖိုးအခ မယူဘဲ နှစ်သက် သလောက် သောက်နိုင်ရန် ထားရှိခြင်း ဖြစ်ပါသည်။

လောင်းကစား ဂေဟာ ပိုင်ရှင်သည် အရက်အား ယခုကဲ့သို့ လောင်းကစား သူများအား သဒ္ဓါတရား ပွားများနေခြင်းမှာ စေတနာရင်းဟုတ်မည် မထင်မှတ်ပါ။

အကြောင်းမှာ အရက်များများ သောက်လာလေလေ၊ လောင်းကစားရာ၌လည်း များများ ရှုံးလေလေ ဖြစ်မည် မဟုတ် ပါလော။

ယခုချင်းကိုးသည် အရက်အား အလွန်အကျွံ သောက်နေပြီမဟုတ်ပါလား။

ထို့ကြောင့်လည်း သူသည် အရှုံးကြီး ရှုံးနေလေပြီ။

မှတ်ဆိတ်များ ပြောင်နေအောင် ရိတ်ထားသော ရွှေမှတ်ဆိတ်က သူ့အနားသို့ ရောက်လာပြန်သည်။

"ကနေ့ မိတ်ဆွေကြီးက လာဘ်မကောင်းဘူး ထင်တယ်"

သူသည် ချင်းကိုးအား ဂရုဏာ သက်နေသော မျက်နှာထားဖြင့် မေးလိုက်သည်။

ချင်းကိုးက ရယ်မောလိုက်သည်။

"ဟား....ဟား....ဟား၊ ယောကျ်ားဘဲဗျာ၊ တသောင်းကိုးထောင် ရှုံးတာဘဲ ကျုပ် ဘာမှ မမှုပါဘူးဗျာ"

"ဟ....ဒါကြောင့် ချင်းကိုး ချင်းကိုးနဲ့ နာမည် ကြီးနေတာလားဗျာ"

သူသည် ပြောပြီး လက်တချက် ဝှေ့ရမ်းလိုက်သည်။

"ဟော့....ချင်းကိုး ငွေငါးသောင်းလောက် ပေးလိုက်ပါအုံးဗျ"

ကစားဝိုင်းမှ တာဝန်ခံသည် ချက်ခြင်းပင် ငွေငါးသောင်းနှင့် ညီမျှသော ကောင်တာ ပြားကလေးအား ချင်းကိုးရှေ့သို့ ထိုးပေးလိုက်လေသည်။

ချင်းကိုးက မျက်မှောင် ကုတ်သွားသည်။

"အင်း....ခင်ဗျား အခုလို အလိုက်သိတတ်လို့ ကျုပ်က





ခင်ဗျားတို့ဆီဘဲ လာနေတာပေါ့ဗျာ၊ ကဲ....ငွေငါးသောင်းအတွက် ကျုပ်က အာမခံတွေ ပေးရအုံးမှာလား"

ရွှေမှတ်ဆိတ်က ပခုံးတချက် တွန့်ပြလိုက်ပြီး၊

"ဒါကတော့ ကျုပ်တို့ ကစားဝိုင်းရဲ့ စည်းကမ်း ဖြစ်နေတော့၊ ဟဲ....ဟဲ....ဟဲ"

ချင်းကိုးသည် ရင်ကို ကော့လိုက်ပြီး၊

"ကဲ....ကျုပ်က တခြား အာမခံ ပစ္စည်းတော့ မရှိဘူး၊ ကျုပ်ကိုယ်ပေါ်မှာငါးသောင်းလောက် တန်တာရှိရင်ပြောပါ"

ရွှေမှတ်ဆိတ်က ပြုံးလိုက်သည်။

"ဒီလိုဆို လွယ်ပါတယ်"

သူသည် အသံတိုးတိုးဖြင့်၊

"ဟိုဘက် ထောင့်မှာ လူသုံးယောက် တွေ့သလား"

ချင်းကိုးသည် ရွှေမှတ်ဆိတ် ညွှန်ပြရာသို့ လှည့်ကြည့်လိုက်သည်။

ကစားဝိုင်း တခုတွင် ဘုန်းကြီးတပါး၊ စာပေသမားတယောက်နှင့် ရသေ့ တယောက် ပေါင်း သုံး ယောက်တို့သည် ဝိုင်းဖွဲ့၍ ထိုင်နေကြသည်။

ဘုန်းကြီးသည် တရားစာ ရွတ်နေ၏။

စာပေ သမားသည် စာအုပ်အား မျက်နှာအပ်၍ စူးစိုက်စွာ ကြည့်နေ၏။ ရသေ့မှာမူ မျက်လုံးမှိတ်ထားကာ စိတ်ပုတီး စိတ်နေ၏။

သူတို့ သုံးယောက်သည် ကစားဝိုင်း စားပွဲ တခုအား နေရာ

ယူထားကြသဖြင့် ထိုလောင်းကစားဝိုင်းမှ လူများသည် ရှောင်ဖယ်ကြရလေသည်။

ထိုလူ သုံးယောက် အား တွေ့မြင်လိုက်ရသည်နှင့် ချင်းကိုး မဆိုထားဘိ၊ စုစုကပင် ထိုလူ ၃-ယောက်မှာ အနှောင့်အယှက်ပေးရန်လာခြင်း ဖြစ်သည်ကို နားလည်လိုက်လေသည်။

ချင်းကိုးသည် မျက်မှောင်ကုတ်သွားသည်။

"ကျုပ်က သူတို့ကို မောင်းထုတ်စေချင်လို့လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ခင်ဗျား ကိုယ်တိုင် ဘာဖြစ်လို့ မောင်းမထုတ်တာလဲ"

"ဒီနေရာမှာ လောင်းကစားတဲ့လူ မဟုတ်ရင် မဝင်ရလို့မှ စည်းကမ်းမထားဘဲ ကျုပ်က သူတို့ကိုမောင်းထုတ်လို့ ဘယ်ဖြစ်မလဲဗျ"

"သူတို့ ဘယ်တုံးက ရောက်လာကြတာလဲ"

"လွန်ခဲ့တဲ့ ၃-၄ ရက်လောက်က ရောက်လာကြပါတယ်။ သူတို့က လာချင်တဲ့အခါမှ လာပြီး ထွက်ချင်တဲ့အခါ ထွက်သွားပြန်တယ်။ ဒါကြောင့် ကျုပ်တို့က စိတ်အနှောင့်အယှက် ဖြစ်နေပါတယ်ဗျာ"

"နေပါအုံး....၊ ခင်ဗျားတို့က ဘာလုပ် သူတို့ကို အဝင်ခံတာလဲဗျ"

"ပြဿနာက ဒီကစတာဘဲပေါ့၊ ကျုပ်တို့က သူတို့ကို မဝင်ရအောင် စောင့်ကြပ်ကြတယ်၊ ဒါပေမယ့် အံချိန်တန်ရင် သူတို့က ဘယ်လိုလုပ် အခန်းထဲရောက်နေမှန်း မသိဘူးဗျာ"





ချင်းကိုး၏ မျက်လုံးများသည် ဝင်းလက် တောက်ပ လာသည်။

"အင်း....ဒီလိုဆိုရင် ဒီလူတွေဟာ ခေတ္တလူတွေ မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ဒါကြောင့် ဒီကိစ္စမှာ ခင်ဗျား ဝင်စွက်မယ်ဆိုရင် အန္တရာယ်ရှိတယ်ဆိုတာ ကျုပ် ကြိုတင်သတိပေးပါရစေ"

ချင်းကိုးသည် ပြုံးလိုက်သည်။

"ခက်တာက ကျုပ်ဟာ အန္တရာယ်နဲ့ ရင်ဆိုင်ရမှ ထမင်းစားချင်တဲ့ လူတယောက် ဖြစ်နေလို့ပါ"

ရွှေမုတ်ဆိတ်က ဝမ်းသာသွားသည်။

"ဒီလိုဆို ဒီငွေ ငါးသောင်းက ကျုပ် လက်ဆောင်ပေးခဲ့တဲ့ သဘော ထားလိုက်ပါဗျာ"

"ဟား....ဟား....ဟား"

ချင်းကိုးသည် အားရပါးရ ရယ်မောလိုက်ပြီး စားပွဲပေါ်မှ အရက်ခွက်ကိုယူ၍ မော့ချလိုက်သည်။

ထို့နောက်၊

ခြေလှမ်းကျဲကျဲဖြင့် ထိုလူ ၃-ယောက်ထံသို့ လျှောက်သွားလေတော့သည်။

●

## မဖိတ်ဘဲ ရောက်လာနေသော ဧည့်သည်များ

စုစုသည် စိတ်ထဲ၌ ဟာတာတာဖြင့် ခံစားလိုက်ရသည်။

အကြောင်းမှာ ချင်းကိုးသည် နာမည်ကျော် သူရဲကောင်း တယောက် ဖြစ်သည်။

ယင်း သူရဲကောင်း တယောက်သည် ငွေငါးသောင်းအတွက် ဖြင့် လောင်းကစား ဂေဟာပိုင်ရှင်၏ အလုပ်လုပ်ပေးသည်မှာ မသင့်လျော်ဟု သူမက ထင်မိသည်။

သို့သော် သူရဲကောင်း ဟူသည် ထမင်းစားရမည်၊ အရက် သောက်ရမည်၊ လောင်းကစားမှုလဲ အခြားလူထက် များများ လောင်းရသည်။

သူသည် ငွေလိုလာမည် ဖြစ်သည်။

ငွေလိုလျှင် မည်သည့် အလုပ်မဆို လုပ်ရမည်မဟုတ်ပါလော၊

ဤသို့ဆိုလျှင် ချင်းကိုးက ယခုကဲ့သို့ ငွေရှာရသည်မှာ မှန်ကန်သည်ဟုလည်း စုစုက ဆင်ခြင်မိလေသည်။

စုစုသည် သူအလိုရှိသော ဘက်မှနေ၍ဆင်ခြေပေးတတ်သည်မှာ သူမ၏ ဝါသနာဖြစ်သည် မဟုတ်ပါလော။

× + ×

ယခု သူသည် ထိုမဖိတ်ဘဲ ရောက်ရှိလာသော ဧည့်သည်များ ထံသို့ ဖြည်းညှင်းစွာ လျှောက်သွားသည်။

ထိုစဉ် အခန်းတခုလုံးတွင် ရုတ်တရက်တိတ်ဆိတ်သွားသည်။





မျက်လုံးပေါင်းများစွာတို့သည် သူ့ထံသို့ စုပြုံရောက်ရှိလာကြကုန်လေသည်။

ချင်းကိုးသည် ပြုံးမိလိုက်လေသည်။

ယခုကဲ့သို့ လူတွေ အများက သူ့အား စိတ် ဝင် စား စွာ ကြည့်နေသည်ကို သူ နှစ်သက်လေသည်။

သူသည် စာပေသမား ရှေ့၌ ရပ်တန့်လိုက်သည်။

"မိတ်ဆွေ ခင်ဗျား ဘာတွေ ဖတ်နေတာလဲ"

"ကဗျာ"

စာပေသမားက စာအုပ်ထိုးပြပြီး တိုတိုတုတ်တုတ်ဖြင့် ပြောလိုက်သည်။

"ကဗျာဆိုတာ ဘာလဲ စားလို့ရသလား"

ချင်းကိုး၏ စကားကြောင့် စာပေသမားသည် တကိုယ်လုံး တုန်ခါသွားသည်။ သူသည် စာအုပ်အား ပိတ်လိုက်ပြီး ချင်းကိုး အား အထင်သေးသော မျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး၊

"ကဗျာဆိုတာ"

သူသည် ရှင်းပြရန် ဟန်ပြင်ပြီးမှ ကဗျာကိုပင် မည်သည့်အရာ မှန်းမသိသော လူတယောက်အား ရှင်းပြရသည်မှာ အချိုးနိုးပင် ဖြစ်သည်ဟု သတိရလာကာ စကားတပိုင်းတစ ရပ်တန့်လိုက် လေသည်။

စာပေသမားက၊

"ကဗျာမှန်းတောင် မသိတဲ့ လူက ဘာလာမေးတာလဲ၊ သွား စမ်းပါဗျာ၊ တခြား နေရာ သွားပါ"

သူသည် စက်ဆုတ်သော အသွင်ဖြင့် ပြောလိုက်လေသည်။

ချင်းကိုးသည် မျက်နှာ တည်လိုက်သည်။

"ဘာလဲ၊ ခင်ဗျားက ကျုပ်ကို မောင်းထုတ်တာလား"

"ဟုတ်ပါတယ်"

"ကျုပ်က ခင်ဗျားဆီ ဘာကိစ္စလာတယ်ဆိုတာ သိသလား"

"ကျုပ်က ခင်ဗျားရဲ့ ဗိုက်ထဲက သံကောင်မှ မဟုတ်တဲ့၊ ဘယ်သိပါ့မလဲ"

"ဒါဖြင့် ကျုပ် ပြောပြမယ်၊ ခင်ဗျားကို မောင်းထုတ်ဖို့ ပါတဲ့...."

စာပေသမားက အံ့အားသင့်သွားသည်။

"ကျုပ်ကို မောင်းထုတ်မယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ဒီနေရာက ဘယ်လို နေရာလဲဆိုတာ ခင်ဗျား သိသလား"

"သိသားဘဲ၊ လောင်းကစားဂေဟာလေ"

"ဒါဖြင့် ခင်ဗျားက ဘာလို့လာတာလဲ"

"ဒီနေရာကို လူတွေ အားလုံး လာနိုင်တယ်၊ ကျုပ်က ဘာလို့ မလာနိုင်ရမှာလဲ"

"ခင်ဗျားက ဘာလာလုပ်တာလဲ"

"ကျုပ်က စာလာဖတ်တာလေ၊ စာပေသမား တယောက်ဟာ တနေ့ စာမဖတ်ရရင် မနေနိုင်ဘူး"

သူသည် ပြောရင်း ချင်းကိုးအား မျက်လုံးပြူးကြည့်လိုက်ပြီး၊

"စာပေသမားက စာမဖတ်ရဘူးလား"

ချင်းကိုးက ခေါင်းညိတ်လိုက်သည်။

"ဖတ်ရပါတယ်"





"စာပေသမားက စာဖတ်လို့ရရင် ခင်ဗျားက ဘာလို့ ကျုပ်ကို မောင်းထုတ် နေရတာလဲ ပြောစမ်းပါ၊ ခင်ဗျားက လမ်းကျသလား၊ ကျုပ်က လမ်းကျသလား"

"ခင်ဗျားက လမ်းကျတာပေါ့"

"ကျုပ်က လမ်းကျတယ်ဆိုရင် ခင်ဗျားက ဝေးဝေးရှောင် သွားဖို့ ကောင်းတယ်"

"ကျုပ် မသွားဘူး၊ ခင်ဗျား သွားပါ"

"ဘာဖြစ်လို့"

"ကျုပ်က စာပေသမားကို ကြည့်လို့ မရလို့ပါ"

"ဘာလဲ ခင်ဗျား စကားက ရန်မူတဲ့ သဘော ဟုတ်လား"

"ဒီတခါ ခင်ဗျား ပြောတာ မှန်သွားပြီ"

စာပေသမားက မဲ့ပြုံး ပြုံးလိုက်သည်။

"စာပေသမားက ခင်ဗျားနဲ့ ဘာလို့ ရန်ဖြစ်မှာလဲဗျ"

သူသည် ပြောရင်း စာအုပ်အား ခါးသို့ ထိုးလိုက်ပြီး၊

"ဒီမှာ မိတ်ဆွေ၊ ခင်ဗျား ထွက်သွားရင် ကောင်းမယ်"

ဟု ထပ်မံ ပြောလိုက်လေသည်။

ချင်းကိုးက နှုတ်ခမ်းမဲ့ လိုက်သည်။

"ကျုပ်က ထွက်မသွားဘူးဆိုရင် ခင်ဗျားက ဘာလုပ်မလဲ"

စာပေသမားသည် အင်္ကျီအား ဖုံခါလိုက်ပြီး၊

"ခင်ဗျား ထွက်မသွားရင် ကျုပ် သွားမယ်"

သူသည် ပြောပြီးသည်နှင့် ထိုင်ရာမှ ထလိုက်ပြီး ထွက်ခွာ သွားလေတော့သည်။

× ÷ ×

ချင်းကိုးသည် ရယ်မောလိုက်သည်။

သူသည် ရသေ့ဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားကော"

ရသေ့သည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး၊

"စာပေသမားက လာနိုင်ရင် ကျုပ်လဲ လာနိုင်တာပေါ့"

"ဟုတ်ပါတယ်"

"ဒါဖြင့် ခင်ဗျား ဘာပြောချင်သေးလို့လဲ"

"စာပေသမားကတော့ ထွက်သွားပြီ၊ ခင်ဗျားလဲ သွားသင့်ပြီလို့ ထင်ပါတယ်"

ရသေ့သည် ဘုန်းကြီးဘက်သို့ လှည့်လိုက်ပြီး၊

"ရသေ့က ထွက်သွားရင် ဘုန်းကြီးကလဲ ထွက်သွားဖို့ သင့်တာပေါ့"

ချင်းကိုးက ရယ်မောလိုက်သည်။

"အင်း၊ ရသေ့က သဘောပေါက်သားဘဲ"

ရသေ့ကလည်း အေးဆေးစွာ ပြုံးလိုက်သည်။

"ဒါပေမယ့် ဘုန်းကြီးက ရသေ့လို သဘောမပေါက်ဘူးလား မသိဘူး"

ဘုန်းကြီးသည် လက်အုပ်ချီကာ၊

"ကျုပ်ကတော့ သွားမှာပါ၊ ဒါပေမယ့် ရသေ့က လိုက်လာမှာလား"

ရသေ့က ခေါင်းညိတ်လိုက်သည်။

"လိုက်မှာပေါ့ ဘုရား"





သူတို့သည် လက်အုပ်ချီကာ ခေါင်းပင်မလှည့်ဘဲ ထိုနေရာမှ ထွက်ခွာ သွားလေတော့သည်။

\+

ဘုန်းကြီးနှင့် ရသေ့တို့ ထွက်ခွာသွားပြီးမှ အခန်းတခုလုံးသည် အသံများ ဆူညံစွာ ပြန်လည် ထွက်ပေါ်လာကြ လေတော့သည်။

"ချင်းကိုးနဲ့တွေ့မှတော့ ဘယ်သူက နေရဲမှာလဲဗျာ"

ရွှေမုတ်ဆိတ်က ချင်းကိုး၏ ပခုံးတချက် ပုတ်လိုက်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

ချင်းကိုးသည် အားရပါးရ ရယ်မောလိုက်ပြီး၊

"ကဲ....အားလုံးဘဲ ဆက်ပြီးကစားကြပါ"

သူသည် ပြောပြီး ငွေ ကောင်တာပြားအားယူ၍ လောင်းကစား လိုက်ပြန်လေတော့သည်။

ကစားဝိုင်းများသည် ပြန်လည် ဆူဆူညံညံ ဖြစ်လာပြန်လေတော့သည်။

## အများ မမြင်တွေ့ရသော သူရဲကောင်း၏ ဘဝ

အရက်နှင့် လောင်းကစားမှု များသည် အမှာညီအစ်ကိုနှင့် တူလှပေသည်။

ငွေငါးသောင်း ရှိလာသောအခါ ချင်းကိုးသည် လောင်း

ကစား နေပြန်သည်။ အရက်ကိုလည်း အဆက်မပြတ် သောက်နေသည်။

မကြာလှပါ။ သူ့ရှေ့တွင် ငွေကောင်တာ ပုံများသည် လုံးလုံးပျောက်ကွယ် သွားသည်။

သူသည် ကိုယ့်ကိုယ်ကို မဟန်နိုင်သည်အထိ မူးနေပြီ ဖြစ်လေသည်။

သူသည် လောင်းကစားရန် ငွေကောင်တာများ ကုန်ဆုံးသွားတော့မှ လောင်းကစား ဂေဟာမှ ထွက်လာလေသည်။

သူသည် လူမှန်းသူမှန်း မသိအောင် မူး၍ ဂေဟာမှ ထွက်လာသည့်တိုင်အောင် သူ့အား မည်သူတဦး တယောက်မှ လိုက်ပို့ခြင်း မရှိပါ။

စုစုက မနေနိုင်တော့ပါ။ သူမသည် ချင်းကိုးအား ဖေးမ၍ ထွက်လာသည်။

သူတို့သည် အတန်ကြာ လျှောက်သွားတော့မှ ချင်းကိုးသည် သူ့အား ဖေးမထားသော စုစုအား သတိပြုမိလာလေသည်။

"ဟား... ဟား မင်းလဲ၊ မူးလာတာကိုး"

သူသည် စုစုကို ပြုံး၍ ပြောလိုက်လေသည်။

စုစုက မျက်မှောင် ကုတ်သွားသည်။

"ကျမ အရက်မှ မသောက်ဘဲ ဘာဖြစ်လို့မူးရမှာလဲ"

"ဟဲ....ဟဲ....ဟဲ၊ မင်းက မမူးရင် ကျုပ်က ဘာဖြစ်လို့ မင်းကို ဖေးမနေရတာလဲ"

"ကျမကသာ ရှင့်ကို ဖေးမနေတာပါရှင်၊ ရှင်က ကျမကို ဖေးမနေတာ မဟုတ်ပါဘူး"





"ဟား....ဟား....ဟား"

ချင်းကိုးသည် ရယ်မောလိုက်ပြီး စုစု၏မျက်နှာအား လက်ညှိုးဖြင့် ထိုးကာ၊

"အောင်မယ်၊ မင်းက မမူးဘူးလို့သာ ပြောတယ် မင်းနှာခေါင်း ကြည့်စမ်း၊ ရှဲ့နေတယ်၊ ပါးစပ်ကလဲ နှစ်ခု ဖြစ်နေတယ်...."

စုစုသည် ဒေါသထွက်လာသည်။

"ကဲ....ရှင့်အိမ်က ဘယ်မှာလဲ ပြောပါ"

ချင်းကိုးသည် ဘေးဘီသို့ တချက် ကြည့်လိုက်ပြီးနောက် လမ်း၏နဘေးမှ မြက်ခင်းပေါ်သို့ လှဲချကာ အော့အန်လိုက်လေတော့သည်။

စုစုသည် နှာခေါင်း ရှုံ့လိုက်ပြီး မပ်လှမ်းလှမ်းသို့ သွားရောက်ရပ်နေလိုက်သည်။

သူမသည် ချင်းကိုးက မျှားမျှား အန်လိုက်လျှင် အမူးပြေသွားမည်ဟု မျှော်လင့်သည်။

သို့သော် ချင်းကိုးသည် အောင့်အန်ပြီးနောက် မြက်ခင်းပေါ်တွင် အိပ်ချလိုက် လေတော့သည်။

စုစုသည် မျက်လုံးများ ပြူးကျယ်သွားသည်။

"ဟော့....ရှင် ရှင်၊ ဘာလုပ် ဒီမှာ အိပ်နေတာလဲ"

သူမသည် ကပျာကယာ ပြေးသွားပြီး ဆွဲထူလိုက်သည်။

သို့သော် ချင်းကိုးမှာမူ အိပ်ပျော်သွားပြီ ဖြစ်သည်။ တခေါခေါပင် ဟောက်နေ၏။

သူမသည် ချင်းကိုးအား စိတ်ပျက်လာလေသည်။

သူမ တွေးထင်ခဲ့သည့် စိတ်ကူးယဉ်ခဲ့သော သူရဲကောင်း ချင်းကိုးသည် ယခုမှာ သာမန်လူ တယောက်နှင့် မည်သို့မျှ ထူးခြားခြင်း မရှိသည်ကို နားလည်လိုက်လေတော့သည်။

မိုးလင်းလာပြီ ဖြစ်သည်။

စုစုသည် ကောင်းကင်မှ ပေါ်ထွက်လာသော မီးခိုးရောင်အား မော့ကြည့်မိတော့မှ မိမိသည် မြက်ခင်းပေါ်၌ ထိုင်၍ တခဏမျှ အိပ်ပျော်ခဲ့သည်ကို သတိပြုမိသည်။

ဤကဲ့သို့ နေရာမျိုး၌ မိမိက အိပ်ပျော်သွားနိုင်ခြင်းကိုလည်း ကိုယ့်ကိုယ်ကို အံ့သြမိနေ၏။

ချင်းကိုးသည် အိပ်ပျော်နေတုံး ရှိနေသည်။

သူမသည် ထိုင်ရာမှ ထလိုက်ပြီး အပျင်းတချက် ဆန့်လိုက်သည်။

ရုတ်တရက် သူမသည် ငိုင်သွားသည်။

အကြောင်းမှာ သူမ၏ ခန္ဓာကိုယ်ပေါ်တွင် ဂွမ်းစောင်တထည် ခြုံထားသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

ဤကဲ့သို့ လူသူ အသွားအလာ ကင်းရှင်းသော နေရာတွင် မည်သူက လာရောက်ကာ သူမအား ဂွမ်းစောင် ခြုံပေးခဲ့သနည်း။

ဂွမ်းစောင်ကား မိုးပေါ်က ကျလာမည် မဟုတ်ပါ၊

ချင်းကိုး၊

ချင်းကိုးသည် လူမှန်း သူမှန်းမသိ မူးနေသောလူတယောက် ဖြစ်သည်။

သူလည်း မဖြစ်နိုင်ပါ။





သူမသည် ဤသို့ တွေးတော နေစဉ်မှာပင် ချင်းကိုးသည် အိပ်ရာမှ နိုးလာပြီး ဖြစ်လေသည်။

သူသည် အိပ်နေစဉ်တွင် ပုဇွန်ကွေး ကွေး၍ အိပ်နေရသည် ဖြစ်သော်လည်း မတ်တတ်ရပ်လိုက်သောအခါ မားမားမတ်မတ် ရပ်၍ နေလေသည်။

ယခု၊ ချင်းကိုးသည် မနေ့ညက မူးနေသော အမူးသမား တယောက်နှင့် မည်သို့မျှ ဆက်စပ်၍ မရပါ။

သူသည် အများက လေးစား ကြည်ညိုရသော သူရဲကောင်း အသွင်သို့ ပြန်လည် လန်းဆန်း သစ်လွင်နေလေတော့သည်။

သူသည် ပုဝါနီအား သေသေချာချာ ပြန်လည်ပြင်စည်းပြီး သောအခါ စုစုအား တွေ့လိုက်ရလေသည်။

"ဟေ့....မင်းကိုး....မင်းဘယ့်နှယ့် ဒီကို ရောက်လာတာလဲ"

ဟု အံ့သြစွာဖြင့် မေးလိုက်လေသည်။

စုစုသည် ဒေါသ ထွက်သွားသည်။

"ကျမက အရက်သမား တယောက်နဲ့ တွေ့လို့ပါ"

ချင်းကိုးသည် မျက်လုံးပြူးသွားသည်။

"မင်း....မင်းက ငါ့ကို ဒီခေါ်လာတယ် ဟုတ်လား"

"ကျမက ရှင့်ကို ခေါ်လာတာ မဟုတ်ပါဘူးရှင်၊ ရှင်က ကျမကို ဒီခေါ်လာတာပါရှင့်"

"ဟောဗျာ"

ချင်းကိုးသည် သူ၏ ခေါင်းအား ခါရမ်းလိုက်သည်။

"ကျုပ်လဲ ကြောင်ကုန်ပါပြီ၊ ကဲ ဒါတွေ ထားပါတော့၊ ကျုပ် အရက်သွားသောက်လိုက်အုံးမယ်၊ မင်းကိုလဲ တိုက်မယ်"

စုစုသည် မျက်မှောင်ကုတ်သွားသည်။

"ရှင်....ရှင်က အရက်ကို အလွန်အကျွံ သောက်ခဲ့လို့ မူးလာတယ်၊ အခု ထပ်သွား သောက်မယ် ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်က ခေါင်းကိုက်နေလို့ အရက်ကို ထပ်သောက်ရမှ ခေါင်းကိုက်ပျောက်မှာပေါ့"

စုစုသည် ပါးစပ် ပိတ်ထားလိုက်လေတော့သည်။

× × ×

သူတို့သည် မြို့ဘက်သို့ ပြန်လျှောက်လာကြသည်။

"နေပါအုံး၊ မင်းက ငါ့ကို အနီးကပ်တွေ့ရတော့ ကျုပ်ကို ဘယ်လို မြင်သလဲ"

ချင်းကိုးက လျှောက်ရင်း မေးသည်။

"ရှင့်ကို ကျမ အမှန်အတိုင်း ဝေဖန်ရမယ် ဆိုရင် ရှင်ဟာ အရက်သမားတယောက် တောသားတယောက်လို့ မြင်တယ်"

"ဗျာ....အရက်သမားတော့ ထားပါတော့ တောသားလို့ မြင်ရအောင် ကျုပ်က တောသားနဲ့ တူလို့လား"

"ရှင်က တောသားနဲ့တော့ မတူပါဘူး၊ ဒါပေမယ့် ကဗျာဘာလဲ ဆိုတာတောင် မသိဘူးဆိုတော့"

"ဟား....ဟား...ဟား မင်းက ငါ့ကို ကဗျာတောင် နားမလည်ဘူးလို့ ထင်နေတာကိုး"

"ဒီ မနေ့ညက စာပေသမားက ပြောပြတော့ ရှင်က ကဗျာဆိုတာ စားလို့ရတဲ့ ပစ္စည်းလားလို့ မေးခဲ့တယ် မဟုတ်လား"

"ဟား....ဟား...ဟား ကျုပ်က သိပါတယ်ဗျာ၊ ဒါပေမယ့် မသိချင်ဟန်ဆောင်နေတာပါ"





စုစုက မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့"

"ဒီလိုပါ ညီမ၊ လူခပ်များများဟာ ကျုပ်ကို သူရဲကောင်းလို့ လေးစား ကြည်ညိုပေမယ့် တချို့လူက ကျုပ်ကို စာမတတ်ပေမတတ် ဦးနှောက်ဉာဏ် မရှိဘူးလို့ ထင်ကြတယ်ဗျာ၊ အဲဒီလို ထင်အောင်လဲ ကျုပ်က ဟန်ဆောင်ထားတာကိုး"

"နေပါအုံး၊ ကျမ နားမလည်ပါလား"

"ဒီလိုပါ ညီမ၊ ကျုပ်က လူအများရဲ့ ကြည်ညိုလေးစားခြင်း ခံနေရတော့ တချို့က မနာလို ဝန်တိုဖြစ်တယ်၊ ကျုပ်ကို တနည်းမဟုတ် တနည်းတော့ ကျုပ်ကို နာမည် ပျက်အောင် လုပ်မှာဘဲ၊ ကျုပ်က လူကြမ်းကြီးသမား၊ စာမတတ်ပေမတတ်တဲ့လူလို ဟန်ဆောင်တော့ သူတို့က သူတို့ကိုကျော်မှာ မဟုတ်ဘူး၊ ဘာမှ မှုစရာမလိုဘူးဆိုပြီး စိတ်ချသွားကြမယ် မဟုတ်လား...."

"နေပါအုံး၊ သူတို့ဆိုတာ ဘယ်သူတွေလဲ ရှင့်"

"ငွေရှင် ကြေးရှင် တွေနဲ့ ပညာတတ် လူတန်းစားတွေ ရာထူးခံရှိတဲ့ လူတွေပေါ့ဗျာ"

စုစုသည် သက်ပြင်း တချက် ချလိုက်သည်။

"အင်း၊ ကျမဖြင့် ဘာမှ နားမလည်ပါလား ရှင်"

ချင်းကိုးက ပြုံးလိုက်ပြီး၊

"ဒါတွေကို နားမလည်ရင် ပိုကောင်းပါတယ်ဗျာ"

× × ×

"မင်းက တချိန်တုံးက ငါ့ကို အထင် အတော်ကြီးခဲ့တယ် ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"အခုကော"

"အခုတော့ သူများမမြင်မတွေ့ရဲတဲ့ သူ့ရဲကောင်းတယောက်ရဲ့ ဘဝမှန်တွေ မြင်လိုက်ရတော့"

"အထင်မကြီးတော့ဘူး ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ရှင့်မှာ ချို့ယွင်းချက်တွေတော့ အများကြီးရှိတယ်၊ ဒါပေမယ့် ချစ်စရာကောင်းတဲ့ အကွက်လဲ အများကြီးပါဘဲ"

"တကယ် ပြောနေတာလား"

"ဟုတ်ပါတယ်ရှင်၊ ရှင်က အခြား ယောက်ျားများ ထက် ချစ်စရာ ကောင်းပါတယ်၊ ဒါပေမယ့်...."

"လာပြန်ပြီ ဒါပေမယ့်၊ ဆက်ပြောစမ်းပါ"

"ရှင့်ကို ကျမက မိတ်ဆွေကောင်း တယောက် အနေနဲ့ဘဲ ဆက်ဆံနိုင်တယ်"

"လင် ယောက်ျား အဖြစ်တော့ မစဉ်းစားဘူး ဟုတ်လား"

"အမှန်အတိုင်း ပြောရရင် ကျမ ဒီလိုဘဲ ယူဆပါတယ်"

"အရင်တုံးက မင်းက ငါ့ကို ခင်ပွန်း တယောက် အဖြစ်နဲ့ စိတ်ကူးခဲ့ဘူးတယ် ဆိုပါတော့"

စုစုသည် ခေါင်းငုံ့လိုက်ပြီး၊

"ဟုတ်ပါတယ်"





"အခုကော စိတ်ပျက်သွားတယ် ဆိုပါတော့"

"မဟုတ်ပါဘူးရှင်၊ အခု ကျမက ရှင့်ကို ပိုပြီးနားလည်လို့ပါ"

ချင်းကိုးသည် သက်ပြင်း ချလိုက်သည်။

"အင်း....မိန်းကလေးတွေ များဟာ ဘာဖြစ်လို့ သူနားမလည်တဲ့ ယောက်ျားကို ယူချင်ကြသလဲဆိုတာ မစဉ်းစားတတ်ပါဘူးဗျာ"

စုံစုသည် ပါးစပ် ပိတ်ထားလိုက်လေတော့သည်။

× × ×

စုစုသည် အဘယ်ကြောင့်မှန်းမသိ ခေါင်းကြီး ဝက်ပုတ်အား သတိရလာသည်။

ယခု သူသည် မည်သည့် နေရာသို့ ရောက်နေပြီနည်း။

စင်းစင်းကော၊

သူမသည် ခေါင်းကြီး ဝက်ပုတ်နှင့် အတူရှိနေ၍လော။ အတန်ကြာမှ သူမသည် ဝန်းကျင်အား သတိပြုမိလေသည်။

"ဟင်....ဒီလမ်းကို ကျမ ရောက်ခဲ့ဘူးသလိုဘဲ"

ချင်းကိုးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါလိမ့်မယ်၊ ရှေ့ဆက်သွားရင် ရွှေမုတ်ဆိတ်တို့ လောင်းကစား ဂေဟာကို ရောက်မှာပါ"

စုစုသည် မျက်မှောင် ကုတ်သွားသည်။

"ရှင်က ဟိုကို သွားချင်သေးလို့လား"

"ဟုတ်ပါတယ်"

"ရှင်က ငွေလဲ မရှိတော့ဘူး၊ ဘာနဲ့ လောင်းမလဲ"

"ကျုပ်က လောင်းကစားဖို့ သွားတာ မဟုတ်ပါဘူး၊ ဘုန်းကြီးကို သွားကြည့်ချင်လို့"

"ဘုန်းကြီး ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘုန်းကြီးက ဘာများ ထူးနေလို့ ကြည့်ရမှာလဲ"

"ဒီဘုန်းကြီးက တခြားဘုန်းကြီးနဲ့ ထူးတယ်လို့ ကျုပ်ထင်မိလို့ပါ"

●

ဘုန်းကြီးများ

လမ်းသည် လူသူ ကင်းမဲ့နေသည်။

ထိုစဉ် တိမ်တိုက်များသည် နေဝန်းအား ဖုံးကွယ်ထားလိုက်သည်။

တိမ်တိုက်ကြားမှ မိုးခြိမ်းသံများ သဲ့သဲ့ကြားနေရ၏။

လေပြင်းများသည် တဟူးဟူးတိုက်လာသည်။

ကမ္ဘာမြေတလွှားသည် မဲမှောင်၍ လာလေတော့သည်။

စုစုသည် ကောင်းကင်သို့ မော့ကြည့်လိုက်သည်။

"မိုးရွာတော့မယ် ထင်တယ်"

ချင်းကိုးသည် ခေါင်းညိတ်လိုက်သည်။





"ဟုတ်တယ်၊ လောင်းကစား သမားများ သိပ်ကြိုက်တဲ့ ရာသီဥတုမျိုးပါဘဲ"

သူတို့သည် စကား ပြောနေစဉ် မှာပင် ရွှေမုတ်ဆိတ်၏ လောင်းကစား ဂေဟာသို့ ရောက်လာကြလေတော့သည်။

ရုတ်တရက် တလိပ်လိပ် ဖြစ်နေသော အရာများသည် လေထဲ၌ ဝဲပျံ၍ နေလေသည်။

စုစုသည် မျက်မှောင် ကုတ်သွားသည်။

"ဟင်....ဒါတွေ ဘာများလဲ"

"ချင်းကိုးသည် ခေါင်းခါယမ်းလိုက်ပြီး သူ၏ခြေလှမ်းသည် ပို၍ လျင်မြန် လာလေတော့သည်။

လေထဲ၌ လွင့်ပျံ နေသော အလိပ်လိပ် အရာများအား လက်ဖြင့် ဖမ်းဆုပ်လိုက်သည်။

"ဟင်....ဆံပင်များလား"

စုစုသည် အံ့သြစွာဖြင့် လှတ်ကနဲအသံ ထွက်လာသည်။

ချင်းကိုးသည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဆံပင်တွေပါ"

"ဆံပင်တွေက များလှချည်လားရှင်"

"ဘုန်းကြီးက အထဲမှာ ရှိသေးသလား မသိဘူး"

ဟု ပြန်ပြောလိုက်သည်။

စုစုက အံ့သြသွားသည်။

"ရှင်က ဘာသုပ် ဘုန်းကြီးကိုဘဲ မေးနေရတာလဲ"

ချင်းကိုးသည် ပခုံးတချက် တွန့်ပြလိုက်ပြီး၊

"မင်းမေးတဲ့ မေးခွန်းကို သူမှ ဖြေနိုင်မှာမို့ပါ"

သူသည် ဤသို့ပြောပြီး အခန်းတံခါးအား တွန်းဖွင့်လိုက်လေသည်။

သူသည် တံခါးတွန်းဖွင့် လိုက်သည်နှင့် ကြက်သေသေ ဖြစ်သွားသည်။

စုစုကလည်း ကြက်သေသေ ဖြစ်သွား လေတော့သည်။

ဘုန်းကြီးသည် အခန်းတွင်း၌ ရှိနေပါသည်။

သို့သော် ဘုန်းကြီးတပါးတည်း မဟုတ်ပါ။

အခန်းတခုလုံးတွင် ဘုန်းကြီး အများအပြား ရှိနေသောကြောင့် ဖြစ်ပါလေတော့သည်။

× + ×

အကယ်၍ ဘုန်းကြီး ကျောင်းထဲတွင် သင်သည် ဘုန်းကြီးများများအား တွေ့လျှင် အံ့သြမည် မဟုတ်ပါ။

သို့သော် သင်သည် လောင်းကစား ဂေဟာတွင် ဤမျှများပြားသော ဘုန်းကြီးများအား တွေ့လိုက်ပါမူ ကြက်သေသေ ဖြစ်သွားမည်မှာ မလွဲပါ။

ဤနေရာသည် လောင်းကစားဂေဟာ ဖြစ်သည်။

ယခု လောင်းကစားရန် စားပွဲဝိုင်းများ မရှိတော့ပါ။

လောင်းကစားသော ဧည့်သည်များမှာလည်း တယောက်မျှ မရှိတော့ပါ။

ဤနေရာတွင် ဘုန်းကြီးများသာ ရှိနေလေသည်။

မြောက်မြားလှသော ဘုန်းကြီးများသာ ရှိနေလေသည်။

အသက်အရွယ် အမျိုးမျိုးသော ဘုန်းကြီးများသည် လက်အုပ်ချီပြီး တင်ပလ္လင်ခွေ ထိုင်လျက်နေသည်။

အရှက်ဦးစာပေ



စုစုသည် အဆောက်အဦ၏ အပြင်ဘက်မှ ဆံပင်များအား သတိရလာလေသည်။

"အင်း.... အပြင်မှာတွေ့တဲ့ ဆံပင်များဟာ ဒီလူတွေ့ဆီက ကိုး...."

သူမသည် ဤသို့ မှတ်ချက်ချလိုက်လေသည်။

သို့သော် ဤလူများသည် အဘယ်ကြောင့် ရုတ်တရက် ဘုန်းကြီးဘဝ ကူးပြောင်းသွားကြသည်ကို နားမလည်ပါ။

× × ×

အခန်းတခုလုံးတွင် တိတ်ဆိတ်၍ နေသည်။

လောင်းကစားသံများ မကြားရတော့ပါ။ အော်သံများ မကြားရတော့ပါ။ တရားကျမ်းစာများ ရွတ်ဖတ်သံများလည်း မကြားရပါ။ ဘုန်းကြီးများ ဖြစ်ကုန်ကြသည် မှန်သော်လည်း ဤ ဘုန်းကြီးများသည် တရားစာများ ရွတ်ဖတ်တတ်ကြမည် မဟုတ်ပါ။

ချင်းကိုးသည် သူမနေ့က ဖူးတွေ့ခဲ့ရသော ဘုန်းကြီးအား လိုက်လံ ရှာဖွေကြည့်သည်။ သူသည် ဘုန်းကြီးတပါး ရှေ့သို့ ရောက်ရှိသောအခါ ခြေလှမ်း တုန့်ကနဲ ရပ်သွားသည်။

စုစုကလည်း အံ့သြသွားသည်။ အကြောင်းမှာ ဤဘုန်းကြီးသည် သူမ မြင်ဘူးမည်ဟု ထင်ရသောကြောင့် ဖြစ်ပါသည်။ စုစုသည် အတန်ကြာ စဉ်းစား လိုက်တော့မှ၊

"ဟင်....ရွှေမုတ်ဆိတ်"

ဟု လွှတ်ကနဲ အော်လိုက်မိလေသည်။

ချင်းကိုးသည် မျက်မှောင် ကုတ်သွားသည်။

အရှက်ဦးစာပေ

"ဟုတ်တယ်၊ ရွှေမုတ်ဆိတ်ပါဘဲ၊ ဒီမှာရှိတဲ့ လူတွေ အားလုံးက ဘယ်လို စိတ်ဖောက်ပြီး ဘုန်းကြီး ဝတ်ကုန်ကြသလဲ မသိဘူးဗျ"

သူသည် ပြောရင်း ရွှေမုတ်ဆိတ်၏ ပခုံးအား တချက်ပုတ်လိုက်လေသည်။

"ဟော့....ရွှေမုတ်ဆိတ် မင်းက ဘာစိတ်ကူးပေါက်ပြီး ဘုန်းကြီး ဝတ်ရတာလဲ"

ရွှေမုတ်ဆိတ်က သူ့အားကြည့်ပြီး၊

"တကာကြီးက ဘယ်သူ့ကို မေးနေရတာလဲ"

"ခင်ဗျားနဲ့ စကားပြောနေတာပေါ့ဗျာ၊ ရွှေမုတ်ဆိတ်"

"ကျုပ်က ရွှေမုတ်ဆိတ် မဟုတ်ဘူး၊ စိတ္တ ဘုန်းကြီးပါ"

ချင်းကိုးသည် ပါးစပ် ပိတ်ထားလိုက်လေတော့သည်။

စုစုသည် သူ့အား စေ့စေ့ ကြည့်လိုက်ပြီး၊

"အင်း....ရွှေမုတ်ဆိတ်က ဘုန်းကြီးဝတ်သွားရင် သူ့ရဲ့အသစ်စက်စက် ဇနီးကော"

ဟု ရုတ်တရက် မေးလိုက်သည်။

ယောကျ်ား တယောက်သည် သူ၏ ဇနီးက မုတ်ဆိတ်ရိတ်ခိုင်းသည်ကို တသွေမတိမ်း လိုက်နာပြီး သူ၏ အနှစ်နှစ် အလလ အလှထားသော မုတ်ဆိတ်အား ရိတ်ပစ်လိုက်ခြင်းမှာ သူသည် သူ၏ ဇနီးအား အသက်တမျှ ချစ်နေသည်မှာ ထင်ရှားသည်။

စုစု၏ စကားသည် ရွှေမုတ်ဆိတ်၏ အသဲနှလုံးထဲသို့ နိုက်ဝင်လိုက်သည်နှင့် တူလှပေသည်။ ရွှေမုတ်ဆိတ်သည် အတတ်နိုင်





ဆုံး ထိန်းချုပ်ထားသော်လည်း သူ၏ နဖူးမှ ဇောချွေးများသည် စတင် စီးဆင်း ကျလာလေတော့သည်။

စုစုသည် ချင်းကိုးအား မျက်ရိပ်တချက် ပြလိုက်ပြီး၊

"ဒီလိုဆိုရင် သူ အသစ်စက်စက် ယူထားတဲ့ ဇနီး၊ ဘယ်ရောက်သွားမယ်လို့ ရှင် ထင်သလဲ"

ချင်းကိုးက ပြုံးလိုက်ပြီး

"သူက ဘုန်းကြီးဝတ်သွားမှတော့ သူ့ ဇနီးလဲ နောက်ယောကျ်ား ယူသွားမှာပေါ့ဗျာ"

"ရှင် နောက်ယောကျ်ားတောင် ယူသွားပြီ ဟုတ်လား"

"ဟုတ်တယ်၊ သူ နောက်ယောကျ်ား မယူလို့ ဘယ်သူ့ကို စောင့်ရအုံးမှာလဲ"

"အေးလေ.... ရွှေမုတ်ဆိတ်က ဘုန်းကြီးဝတ်သွားမှတော့ မိန်းမက အားကိုးစရာ မရှိတော့လို့ နောက်ယောကျ်ား ယူရမှာပေါ့လေ"

ရွှေမုတ်ဆိတ်သည် ဆက်၍ ငြိမ်မနေနိုင်တော့ပါ။

သူသည် တချက် အော်ဟစ်လိုက်ပြီး ချင်းကိုးအား ခုန်အုပ်လိုက်လေတော့သည်။

ချင်းကိုးသည် နောက်သို့ ခြေတလှမ်းဆုတ်ကာ ရှောင်တိမ်းလိုက်သည်။

ထိုစဉ်မှာပင်၊

"ဟော့....ရပ်လိုက်"

ဟူသော အသံတခု ထွက်ပေါ်လာသည်။

ရွှေမုတ်ဆိတ်၏ လှုပ်ရှားမှုသည် ချက်ခြင်းပင် ရပ်တန့်သွားလေတော့သည်။

ဘုန်းကြီးတပါးသည် လက်အုပ်ချီကာ ဘုန်းကြီးများကြားမှ ထွက်လာလေသည်။

သူသည် ရွှေမုတ်ဆိတ် ရှေ့သို့ ရောက်လာပြီး၊

"သာသနာ့ဘောင် ဝင်ရောက်ပြီးရင်တော့ သံယောဇဉ်တွေ အားလုံး ပြတ်ရမယ် မဟုတ်လား"

ရွှေမုတ်ဆိတ်၏ တကိုယ်လုံးသည် တုန်ခါနေ၏။

"ကျုပ်က ဘုန်းကြီးမဝတ်ချင်ဘူး၊ ခင်ဗျားက အဓမ္မ ဝတ်ခိုင်းလို့ဝတ်...."

သူ၏ စကားမဆုံးမီ၊

ဘုန်းကြီး၏ လက်ချောင်း တချောင်းသည် ရွှေမုတ်ဆိတ်၏ ခေါင်းပေါ်သို့ တချက် ခေါက်လိုက်လေတော့သည်။

သူ၏ လက်ချောင်းသည် တုတ်တချောင်းထက်ပင် လေးလံသည်။

ရွှေမုတ်ဆိတ်သည် နာကျင်လွန်း၍ မြေပေါ်သို့ ခွေ၍ ကျသွားလေသည်။

ဘုန်းကြီးက သူ့အား စေ့စေ့ကြည့်လိုက်ပြီး၊

"ဘယ်သူက မင်းကို ဘုန်းကြီးဝတ်ခိုင်းတာလဲ"

ရွှေမုတ်ဆိတ်၏ မျက်နှာသည် ရှုံ့မဲ့သွားသည်။

"ဘယ်သူမှ မခိုင်းပါဘူး"

"မင်းက ဘုန်းကြီးဝတ်ချင်တယ် ဟုတ်လား"

"ဟုတ်....ဟုတ်ပါတယ်"





ဘုန်းကြီးသည် ချင်းကိုး ဘက်သို့ လှည့်လိုက်ပြီး၊

"သူပြောတဲ့ စကားကို တကာကြီးက ကြားတယ်မှတ်လား"

"ကြားပါတယ်"

"တကာကြီးကကော ဘုန်းကြီး ဝတ်ချင်သလား"

ချင်းကိုးက ခေါင်း ခါယမ်းလိုက်သည်။

ဘုန်းကြီးသည် ပြုံးလိုက်ပြီး၊

"ဒါဖြင့် တကာကြီးက ဒီမှာ ဘာလို့လာရတာလဲ"

ချင်းကိုးက ပြုံးလိုက်သည်။

"တပည့်တော်ကို မောင်းထုတ်ချင်တယ် ဟုတ်လား"

ဘုန်းကြီးက သက်ပြင်း တချက် ချလိုက်ပြီး၊

"မနေ့တုံးက တကာကြီးက ကျုပ်ကို မောင်းထုတ်ခဲ့တယ်၊ ကနေ့ကျတော့ ဘုန်းကြီးက မင်းကို မောင်းထုတ်တယ်၊ ဒါဟာ တရားမျှတပါတယ်"

"ဟုတ်ပါတယ်၊ တပည့်တော်က သွားရင် ဘုန်းကြီးကို ငွေငါးသောင်း ပေးမယ့်လူ ရှိသလား"

"မရှိပါဘူး"

"ဒါဖြင့် တပည့်တော် မသွားဘူး"

ဘုန်းကြီး၏ မျက်နှာသည် မဲမှောင်သွားသည်။

"ဒီနေရာက ဘာနေရာလဲဆိုတာ သိသလား"

"ဒါဟာ လောင်းကစားဂေဟာဆိုတာ တပည့်တော် သိပါတယ်...."

"မနေ့က လောင်းကစားဂေဟာ ဖြစ်ပေမယ့် ကနေ့တော့ ဘုန်းကြီးကျောင်း ဖြစ်သွားပြီ"

ချင်းကိုးက ရယ်မောလိုက်ပြီး၊

"ဘုန်းကြီးကျောင်း ဖြစ်ရင် ဘယ်သူမဆို လာနိုင်တယ်၊ တပည့်တော်က သာပြီးလာနိုင်တာပေါ့ဘုရား"

\+ + +

ဘုန်းကြီးသည် ချင်းကိုးအား စေ့စေ့ ကြည့်နေ၏။

အတန်ကြာမှ၊

"ကဲ.... ကျုပ် ရှင်းရှင်းဘဲ မေးမယ်၊ မင်း ထွက်သွားမလား မထွက်ဘူးလား"

ချင်းကိုးက ခေါင်းခါယမ်းလိုက်သည်။

"မထွက်ဘူး"

ဘုန်းကြီးသည် နှုတ်ခမ်း တချက် ကိုက်လိုက်ပြီး၊

"မင်း တကယ် မထွက်ဘူးလား"

"မှန်ပါဘုရား၊ တပည့်တော် မထွက်ပါဘူး ဘုရား"

"မင်း မထွက်ရင် ဘုန်းကြီး ထွက်ရမှာဘဲ"

ဘုန်းကြီးသည် ဤသို့ ပြောပြီး ချာကနဲ လှည့်လိုက်သည်။

ရုတ်တရက် သူနင်းနေသော ကျောက်ပြားသည် အောက်သို့ နိမ့်ဆင်း သွားသဖြင့် ဘုန်းကြီးသည် ကျောက်ပြားပေါက်မှ ကျွံ၍ ကျသွားလေတော့သည်။

ဘုန်းကြီး ကျသွားပြီးနောက် ကျောက်ပြားသည် ပြန်လည် ပိတ်သွားလေတော့သည်။

× × ×

ဤလောင်းကစားဂေဟာသည် အလွန် လျှို့ဝှက်သော မြေအောက်ခန်းရှိမည်မှာ မဆန်းပါ။





ယခု ဘုန်းကြီးသည် လျှို့ဝှက်သော မြေအောက်ခန်းသို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ချင်းကိုးသည် ဘုန်းကြီး ကျသွားသော ကျောက်ပြားပေါ်သို့ တက်၍ နင်းကြည့်သည်။

မည်သို့မျှ မထူးခြားပါ။

"ဟေ့ ရွှေမုတ်ဆိတ်၊ မြေအောက်ခန်းကို ဘယ်လို သွားရမှာလဲ"

သူသည် ရွှေမုတ်ဆိတ်ထံ အကူအညီ တောင်းရလေသည်။

ရွှေမုတ်ဆိတ်က ခေါင်း ခါယမ်းလိုက်သည်။

"ကျုပ်လဲ မသိဘူး"

"ဗျာ၊ ခင်ဗျားလဲ မသိဘူး ဟုတ်လား"

"ဟုတ်တယ်"

"ဒါခင်ဗျား နေရာ မဟုတ်လား၊ ခင်ဗျား ဘာလို့ မသိရတာလဲ"

"ကျုပ် နေရာ ဟုတ်ပေမယ့် ကျုပ်က ဒီလို လျှို့ဝှက် မြေအောက်ခန်း ရှိတယ်ဆိုတာ မသိဘူးဗျ၊ ဘာဖြစ်လို့လဲဆိုရင် ဒီအိမ်ကို ကျုပ် ဝယ်တာ သိပ်မကြာသေးလို့ပါ"

စုစုသည် ပြုံးလိုက်ပြီး၊

"ကဲပါရှင် ဘုန်းကြီးကလောင်းကစားဂေဟာကို ဘုန်းကြီးကျောင်းဖြစ်အောင် လုပ်တာဟာ ကောင်းတဲ့ အလုပ်ပါ၊ နေပါစေ၊ ကျမဖြင့် ဝမ်းတောင်သာသေးတယ် နောက်ပြီး...."

သူမသည် အားလုံးသို့ မျက်လုံး တချက် ဝေ့ကြည့်လိုက်ပြီး၊

"သူတို့ကလဲ တရားရကြလို့ ဘုန်းကြီးဝတ်ချင်ကြတာနဲ့တူပါတယ်၊ အဲဒီတော့ သူတို့ ဘုန်းကြီးဝတ်နဲ့ဘဲ နေပါစေ"

သူမ၏ စကား မဆုံးမီ အခန်းတွင်း၌ ရှိသော ဘုန်းကြီးအားလုံးသည် ဆူညံစွာ အော်ဟစ် ကြလေတော့သည်။

"ကျုပ်တို့ ဘုန်းကြီး ဝတ်ချင်လို့ မဟုတ်ပါဘူး ဗျာ၊ ဘုန်းကြီးက အတင်း အဓမ္မ ဝတ်ခိုင်းလို့ ဝတ်ရတာပါဗျာ"

ချင်းကိုးသည် ရယ်မောလိုက်သည်။

"ဒါဖြင့် ခင်ဗျားတို့ ဘာလို့ ဒီမှာ နေကြတာလဲ"

သူ၏ စကား ဆုံးသွားသည်နှင့် တခန်းလုံးမှ ဘုန်းကြီးများသည် အခန်းမှ တဟုန်ထိုး ထွက်ပြေးကုန်ကြလေတော့သည်။

× × ×

အခန်း တခုလုံးသည် ပြန်လည် တိတ်ဆိတ် သွားပြန်သည်။ ဘုန်းကြီး၊ စာခပသမားနှင့် ရသေ့တို့သည် လုံးဝ ထွက်ပေါ်လာခြင်း မရှိပါ။

စုစုက ပြုံးလိုက်သည်။

"သူ့ရဲကောင်း ချင်းကိုးနဲ့ တွေ့မှတော့ ဘယ်သူမှ မထွက်လာရဲတော့ဘူး ထင်တယ်"

ချင်းကိုးသည် မရယ်နိုင်ပါ။ သူသည် စုစုအား လှည့်ကြည့်လိုက်ပြီး၊

"မင်းလဲ ဒီအခန်းက ထွက်သွားရင် ကောင်းမယ်"

စုစုက မျက်လုံးများ ပြူးသွားသည်။

"ရှင်က ဘာဖြစ်လို့ ကျမကို မောင်းထုတ်ရတာလဲ"

ချင်းကိုးက သွားဖြဲ၍ ပြုံးလိုက်သည်။





"ဒီနေရာမှာ သရဲရှိချင်ရှိမှာမို့ပါ"

စုစုသည် မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

သို့သော် သူမသည် ခေါင်း ခါယမ်းလိုက်သည်။

"ကျမ မသွားဘူး"

"ဘာဖြစ်လို့လဲ"

"ကျမဟာ ရှင့်ရဲ့ မိတ်ဆွေဆိုတာ မေ့သွားပြီလား"

"ဒါပေမယ်"

"ဒါပေမယ့် လုပ်မနေပါနဲ့ မိတ်ဆွေဆိုတာ တယောက်ထဲပစ်ထားသွားလို့ ဘယ်ကောင်းမလဲ"

"ကျုပ်က ငရဲပြည်သွားမယ် ဆိုရင်ကော"

"ကျမ လိုက်ရမှာဘဲ"

"ကောင်းပြီ"

ချင်းကိုး၏ စကားမဆုံးသေးပါ။ သူ၏ ခန္ဓာကိုယ်တခုလုံးသည် မြေအောက်သို့ ကျွံ၍ ကျသွားလေတော့သည်။

× × ×

"ဝိုး...."

ချင်းကိုး ကျွံကျသွားပြီးနောက် ကျောက်ပြားသည် ပြန်လည် ပိတ်သွားလေတော့သည်။

စုစုသည် ရင်ထိတ်သွားသည်။ ခြေထောက်ဖြင့် ကျောက်ပြားပေါ်သို့ တအား ဆောင့်လိုက်သည်။

သို့သော် ကျောက်ပြားသည် လှုပ်ပင် မလှုပ်တော့ပါ။

ကျောက်ပြားသည် အလွန်ထူသည် ဖြစ်သဖြင့် မည်သည့်နေရာတွင် ခလုပ်ရှိနေသည်ကို ရှာ၍ မတွေ့နိုင်ပါ။

ထိုစဉ် မိုးများသည် သဲသဲမဲမဲ ရွာသွန်း ချလိုက်လေတော့သည်။

လေပြင်းများသည် တိုက်ခတ်နေသောကြောင့် ပြတင်းပေါက်တံခါးရွက်များ တဂျိန်းဂျိန်းမြည်နေလေသည်။

စုစု၏ မျက်နှာတခုလုံးသည် ထိတ်လန့်လွန်း၍ သွေးများပင် မရှိတော့ပါ။

"ချင်းကိုး....ချင်းကိုး ရှင် ဘယ်မှာလဲဟင်"

သူမသည် သံကုန် ဟစ်ခေါ်လိုက်လေသည်။

မည်သည့် တုံ့ပြန်ချက်မှ မရှိပါ။

သူမသည် ကြောက်ရွံ့ တုန်လှုပ်လာသည်။ နောက်သို့တဖြည်းဖြည်း ဆုတ်သွားသည်။

ရုတ်တရက် သူမသည် ချာကနဲ လှည့်ကာ အခန်းမှ ပြေးထွက် သွားလေတော့သည်။

x + x

အပြင်ဘက်၌ လေများသည် တဟူးဟူး တိုက်ခတ်နေသောကြောင့် ဆံပင်မွှေးများသည် လေထဲ၌ ဝဲပျံ၍နေသည်။

ဆံပင်မွှေး အချို့သည် စုစု၏ မျက်နှာပေါ်သို့ လည်ပင်းပေါ်သို့ ရစ်ပတ်လာလေသည်။

သူမသည် ရင်ထိတ်သွားသည်။ အခန်းသို့ ပြန်လည် ခုန်ဝင်လာပြီး တံခါးအား ပိတ်ထားလိုက်ပြီး သူမ၏ ကိုယ်ခန္ဓာဖြင့် တံခါးအား ကျားကန် ကန်ထားလိုက်လေသည်။

အတန်ကြာမှ သူမသည် အမောပြေကာ သက်ပြင်းတချက် ချလိုက်သည်။



သန်းကြွယ်မလေ... စာကြည့်တိုက်
လှူဒါန်းသူ - တောင်ငူမြို့



"ဝိုး...."

ပြတင်းပေါက် တံခါးရွက်များသည် လေ၏ တိုက်ခတ်မှုကြောင့် ပွင့်သွားသည်။

မိုးသီးမိုးပေါက်များသည် အခန်းထဲသို့ ပက်ဝင်လာလေတော့သည်။

သူမသည် ပြတင်းပေါက်အား သွားရောက်ကာ ဆွဲပိတ်လိုက်သည်။

ပြတင်းပေါက် ပိတ်လိုက်ပြီးမှ အခန်း၏ ဝဲဘက်၌ အခန်းငယ်တခုအား တွေ့လိုက်ရလေသည်။

ထိုအခန်း၏ ခန်းဝတွင် ဝါးယင်းကာတခု ချိတ်ထားသည်။

သူမသည် အခန်းရှိရာသို့ တလှမ်းခြင်း လျှောက်သွားသည်။

"အခန်းထဲမှာ လူရှိသလားရှင်"

သူမသည် အသံကျယ်လောင်စွာဖြင့် ခေါ်လိုက်သည်။

သို့သော် မိုးသံလေသံမှအပ မည်သည့် အသံမှ မကြားရပါချေ။

စုစုသည် အခန်းရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်သွားသည်။

သူမသည် ဝါးယင်းကာအား ဘေးသို့ ဖယ်ရှားလိုက်သည်။

သူမသည် ခေါင်းလျှို၍ အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် သူမသည် တကိုယ်လုံး တောင့်တင်းသွားလေတော့သည်။

အကြောင်းမှာ ကြမ်းပေါ် ကျောက်ပြားမှ ကျွံကျသွားသော ဘုန်းကြီးသည် ခုတင်တလုံးပေါ်တွင် လဲလျောင်းကာ ပျံလွန်တော်မူနေသည်ကို တွေ့လိုက်ရလေတော့သည်။

ဘုန်းကြီး၏ ငယ်ထိပ်ပေါ်တွင် အပေါက်ကလေးတပေါက် ရှိသည်။

သွေးများသည် ထိုအပေါက်မှ စီးဆင်း၍ ခဲပင် ခဲနေသည်။

မည်သူက ဘုန်းကြီးအား သတ်လိုက်သနည်း။

ချင်းဟိုးပေလော၊

စုစုသည် အတန်ကြာ မလှုပ်မရှက် ရပ်နေ၏။

ထို့နောက် သူမသည် သတိရလာကာ တံခါးရှိရာသို့ ပြန်ပြေးလာလေတော့သည်။

မည်သို့ဆိုစေ၊

ဤကြောက်မက်ဘွယ်ရာ အခန်းမှ ပြေးထွက်ရန် သူမ ဆုံးဖြတ်လိုက်သည်။

အခန်း၏ တံခါးသည် အလိုအလျောက် ပိတ်သွားသည်ကို တွေ့လိုက်ရလေသည်။

သူမသည် တံခါးအား ဆွဲဖွင့်လိုက်သည်။

တံခါး ပွင့်မလာတော့ပါ။

ဤအိမ်မှ တခုတည်းသော တံခါးအား တစုံတယောက်က အပြင်မှနေ၍ ကလန့် ထိုးထားလိုက်ခြင်း ဖြစ်ပါသည်။

သူမသည် ခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။

တံခါးသည် တုတ်တုတ်ပင် မလှုပ်ပါ။

သူမသည် မျက်လုံး ပြူးကျယ်သွားသည်။

သူမသည် ကြောက်ရွံ့ တုံလှုပ်လာသည်။ တံခါး အနားမှ နောက်သို့ တလှမ်းခြင်း ဆုတ်လာသည်။





သူမသည် ထောင်ချောက်ထဲသို့ ကျရောက်နေသော သားကောင် တကောင်နှင့် တူနေချေပြီ။

မည်သူက သူမအား လာရောက် ကယ်တင်မည်နည်း။

သူမသည် ရုတ်တရက် ခေါင်းကြီး ဝက်ပုတ်အား သတိရလာသည်။

"အင်း....သူအခု ဘယ်ရောက်နေပါလိမ့်"

"တနေ့ညက ငွမ်းစောင် လာခြုံပေးတာ သူဘဲလား"

"အခု ငါ ဒုက္ခရောက်နေတာကို သူသိမှ သိရဲ့လား"

"သူက သိရင် လာကယ်ပါ့မလား"

"အို....သူကငါ့ကိုကယ်တာ အကြိမ်များလှပါပြီ၊ ဒါပေမယ့် ငါက သူ့ကို တခါမှ အကောင်းမပြောခဲ့ဘူး"

"ဒီတခါတော့ သူ စိတ်ပျက်သွားပြီ ထင်ပါတယ်"

စုစု၏ ရင်ထဲ၌ မေးခွန်း တသီတတန်းကြီး ထွက်ပေါ်လာလေတော့သည်။

× × ×

မိုးသံ လေသံများသည် တိတ်ဆိတ်သွားပြီ ဖြစ်သည်။

အိမ်အခန်းတွင် အလွန် ပူအိုက်လာသည်။

စုစုသည် ရုတ်တရက် အသံတခု ကြားလိုက်ရသည်။ ယင်းအသံသည် မြေအောက်မှ ပေါ်ထွက်လာခြင်း ဖြစ်သည်။

သူမသည် ထိုအသံလာရာသို့ ဂရုတစိုက် နားထောင် နေရာမှာပင် မြေပေါ်မှ ကျောက်ပြားသည် အပေါ်သို့ ထောင်တက်လာပြီး လူတယောက်သည် ထိုကျောက်ပြား ပွင့်နေသော အပေါက်မှ တက်လာလေတော့သည်။

သူမသည် နံရံဘက်သို့ ခုန်၍ ဆုတ်သွားသည်။ မြေအောက်မှ တက်လာသော သူအား မဝံ့မရဲ ငေးကြည့်လိုက်သည်။

"ချင်းကိုး"

စုစုသည် အံ့သြ ဝမ်းသာစွာဖြင့် လွှတ်ကနဲ အော်ခေါ်လိုက်မိလေသည်။

ဟုတ်ပါ၏။ မြေအောက်မှ အပေါ်သို့ တက်ရောက် လာသူမှာ ချင်းကိုး ဖြစ်ပါသည်။

သူသည် စုစုအား တွေ့လိုက်ရသည်နှင့် အံ့အား သင့်သွားသည်။

"ဟေ့....မင်း မသွားသေးဘူးလား"

သူသည် မေးရင်း စုစုထံ လျှောက်သွားသည်။

ရုတ်တရက် သူသည် အခန်းထဲ၌ လဲလျောင်းနေသော ဘုန်းကြီးအား မြင်တွေ့လိုက်ရသောအခါ ပို၍အံ့သြသွားသည်။

"ဟင်....မင်းက ဘာဖြစ်လို့ ဘုန်းကြီးကို သတ်လိုက်ရတာလဲ ဒုက္ခပါဘဲ"

စုစုသည် မျက်မှောင် ကုတ်သွားသည်။

"ကျမက ရှင့်ကို မေးမလို့ဘဲ"

"ဘာများလဲ"

"ရှင်က ဘာဖြစ်လို့ သူ့ကို သတ်ရတာလဲ ဆိုတာလေ"

"ဟောဗျာ"

ချင်းကိုးက အံ့အား သင့်သွားပြန်လေသည်။

"မင်း....မင်းသတ်တာ မဟုတ်ရင် ဘယ်သူက သတ်သွားတာလဲ"





"ရှင်က ကျမကို မေးရသေးလား ဘုန်းကြီး မြေအောက်ကျကျသွားတဲ့နောက် ရှင်လဲ လိုက်သွားတယ် မဟုတ်လား"

"ကျုပ် အောက်ကျသွားတာ မှန်တယ်၊ ဒါပေမယ့် မှောင်အတိ ကျနေတော့ ဘာကိုမှ မမြင်ရဘူး"

"ဒါဖြင့် ရှင်က ဘယ်လိုလုပ် ပြန်တက်လာရတာလဲ"

"ကျုပ်က တဖြည်းဖြည်း စမ်းရင်း လှေကားထစ်ကို စမ်းမိတာနဲ့ ကျောက်ပြားက ပွင့်သွားပြီး တက်လာနိုင်တာပေါ့ဗျာ"

"ဒါဖြင့် ဒီဘုန်းကြီးကို ဘယ်သူက သတ်သွားတာလဲ"

ချင်းကိုးသည် မျက်မှောင် ကုတ်သွားသည်။

"အင်း....သရဲများ သတ်တာလားမှ မသိဘဲ"

"အို....မဆီမဆိုင်တာ ပြောမနေပါနဲ့ရှင်"

"အော်....ဒါနဲ့ မင်းက ငါ့ကို စောင့်နေတယ် ဟုတ်လား"

"မဟုတ်ပါဘူး"

"ဒါဖြင့်"

"အခန်းတံခါး ဖွင့်မရလို့ပါ"

"အခန်း တံခါးက ဘာဖြစ်လို့ ဖွင့်မရတာလဲ"

"တစုံတယောက်က အပြင်ဘက်က ပိတ်သွားလို့ပါ"

"ဘယ်သူလဲ"

"ဒါတော့ ကျမ ဘယ်သိမလဲရှင်"

'မင်းက တအား ဆွဲဖွင့်ကြည့်သေးသလား"

"ဆွဲတာပေါ့ရှင်၊ ရှင်က မယုံရင် ကိုယ်တိုင် သွားဖွင့်ကြည့်ပါလား...."

ချင်းကိုးသည် တံခါးဆီသို့ လျှောက်သွားသည်။

သူသည် တံခါးအား အသာအယာ ဆွဲဖွင့် လိုက်သည်နှင့် တံခါးသည် ပွင့်သွားသည်။

စုစုသည် မျက်လုံးပြူးကျယ် သွားသည်။

သူမသည် ကိုယ့်မျက်လုံးပင် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

အခန်းတံခါးသည် အသာအယာ ဆွဲလိုက်သည်နှင့် ပွင့်သွားသည်။

စုစုသည် အံ့ဩသွားလေတော့သည်။

စုစု ပို၍အံ့ဩသွားသည်မှာ အခန်းတံခါး ပွင့်သွားသည်နှင့် ဆူညံသော အသံများ ထွက်ပေါ်လာခြင်းပင် ဖြစ်ပါသည်။

မည်သည့် အသံများပါလိမ့်။

သူမသည် ဤအသံများအား ကြားရလိမ့်မည်ဟု အိပ်မက်ပင် မမက်သည်မှာ အမှန်ပင်။

●

အိပ်မက်ပမာ

အခန်းတံခါးသည် အနည်းငယ် ဟသွားသည်နှင့် အပြင်မှ အသံမျိုးစုံများ ကြားလိုက်ရလေသည်။

အံစာတုံး ပစ်နေသော အသံများ၊ ဖိုက်ကျူးဖဲများ၏အသံများ၊ ငွေသံများ၊ ရယ်မောသံများနှင့် လောင်းကစား ကရိယာများမှ ထွက်ပေါ်လာသော အသံများ ဖြစ်ပါသည်။





ဤအသံများသည် လောင်းကစား ဂေဟာတခု၏ ကြားလေ့ကြားထရှိသော အသံများ ဖြစ်ပါသည် မဟုတ်ပါလော။

အံ့ဩဖွယ်ရာ မဟုတ်ပါ။

သို့သော် ဤနေရာသည် မကြာသေးမီက ဘုန်းကြီးကျောင်း အဖြစ်သို့ ကူးပြောင်းသွားပြီ မဟုတ်ပါလော။

ထို့ပြင် ဤနေရာမှ ရှိသမျှသော ဘုန်းကြီးများသည် ထွက်ခွာသွားကြပြီ မဟုတ်ပါလော။

သူမသည် ဤအခန်းကလေးသို့ မရောက်မီ ထိုနေရာသည် လူသူတယောက်မှ မရှိသော ညှော်ခန်းကြီးတခု ဖြစ်နေသည်။

ယခု ဤအသံများသည် မည်သို့ ရောက်လာရသနည်း။

စုစုသည် စိတ်မရှည်နိုင်တော့ဘဲ တံခါးအား တအားတွန်းဖွင့်လိုက်လေတော့သည်။

အပြင်ဘက် အခန်းတွင် လောင်းကစား ဝိုင်းများပင် ဖြစ်နေလေသည်။

အခန်း တခုလုံးတွင် မီးများ ထိန်ထိန် လင်းနေသည်။

လောင်းကစား နေကြသော လူများသည် ဟိုတစု သည်တစုဖြင့် မိမိ ဝါသနာပါသော လောင်းကစား ဝိုင်းများတွင် စုရုံးကာ ဆူညံစွာ အော်ဟစ်ကာ လောင်းကစား နေကြသည်ကို တွေ့လိုက်ရလေသည်။

ထို လောင်း ကစား သော လူများထဲတွင် ဘုန်းကြီးဟူ၍ တပါးမှ မတွေ့ရပါချေ။

မည်သို့ ဖြစ်သွားသနည်း။

စုစုသည် မျက်လုံးအစုံအား ပွတ်မိသည်။

သူမသည် ကိုယ့်မျက်လုံးများပင် မယုံကြည်နိုင်အောင် ဖြစ်လာသည်။

သူမသည် အိပ်မက်များ မက်နေ၍လော။

ထိုစဉ် အလွန် သားသားနားနား ဝတ်ဆင်ထားသော လူတယောက်သည် သူမတို့ထံ လျှောက်လာ နေလေသည်။

ထိုလူသည် အရပ် ထောင်ထောင် မောင်းမောင်း ရှိသည်။ မုတ်ဆိတ်မွေးများလည်း အလွန်ရှည်သည်။

သူ့လက်ထဲတွင် ဆေးတံရှည်တလက်ကိုင်ဆောင်ထားသည်။

ထိုလူ၏ လမ်းလျှောက်ပုံ ကြည့်လိုက်သည်နှင့် သိုင်းပညာရှင်တယောက်ဟု သိသာနိုင်လေသည်။

စုစုသည် ထိုလူ သူမထံ မရောက်မီမှာပင် လျှောက်သွားသည်။

"ဒီမှာ ဒီကစားဝိုင်း ဘယ်တုန်းက ဖွင့်လိုက်တာလဲ"

ဟု မေးလိုက်လေသည်။

ထိုလူသည် စုစုအား ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်သည်။

"ကျုပ် ဒီကစားဝိုင်း ဖွင့်တုန်းကဆိုရင် ကလေးမဟာ လမ်းလျှောက်တတ်တဲ့ အရွယ်ဘဲ ရှိနေမှာပေါ့"

စုစုသည် မျက်မှောင် ကုတ်သွားသည်။

"ခုနက ဒီမှာ ကစားဝိုင်းမှမရှိဘဲ ရှင့်၊ ဒါကြောင့် ကျမ မေးနေတာ"

ထိုလူသည် သူမအား လူထူးလူဆန်းသဖွယ် ကြည့်လိုက်ပြီး ခေါင်း ခါယမ်းလိုက်သည်။





"ကျုပ်တို့ ဒီကစားဝိုင်းဖွင့်တာ အနှစ်နှစ်ဆယ် ရှိသွားပြီ၊ ကလေးမက ဘာတွေ လာပြောနေတာလဲ"

"နေပါအုံးရှင့်၊ ရှင်က ဘယ်သူလဲ"

"ကျုပ်က ရွှေမုတ်ဆိတ်ပေါ့"

"ရှင်...."

စုစု၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

သူမ တွေ့ခဲ့ရသော ရွှေမုတ်ဆိတ်မှာ မုတ်ဆိတ်မွေးတပင်မှ မရှိသည့်ပြင် ကတုံးပင် တုံးထားသည်။

ယခု လူမှာမူ မုတ်ဆိတ်မွေးများ ရှည်လျားနေ၏။

သူမသည် အံ့ဩသွားကာ ချင်းကိုးအား လှည့်ကြည့်လိုက်သည်။

"သူ ပြောနေတာ၊ ရှင် ကြားလား" ဟု ပြောလိုက်လေသည်။

ချင်းကိုးသည် ထိုလူအနီးသို့ လျှောက်လာပြီး စေ့စေ့ ကြည့်လိုက်သည်။

"ခင်ဗျား စကား မှန်မှန်ပြောပါ"

ထိုလူသည် ထိတ်လန့် သွားပုံရသည်။

"ကျုပ်က ဘာဖြစ်လို့ လိမ်ပြောရမှာလဲ"

စုစုက ခေါင်း ခါယမ်းလိုက်သည်။

"ရှင်က ရွှေမုတ်ဆိတ် မဟုတ်ဘူး"

ထိုစဉ် လောင်းကစားနေကြသော လူအချို့သည် ဝိုင်းရံလာကြလေသည်။

ထိုလူသည် မျက်နှာ စပ်ဖြဲဖြဲဖြင့် ပြုံးလိုက်ပြီး၊

"ကလေးမက ကျုပ်ကို ရွှေမုတ်ဆိတ် မဟုတ်ဘူးလို့ ဘာလို့ ပြောတာလဲ"

စုစုသည် နှုတ်ခမ်း စူထားလိုက်သည်။

"ရွှေမုတ်ဆိတ်မှာ မုတ်ဆိတ်တပင်မှ မရှိဘဲ"

ထိုလူသည် အားရပါးရ ရယ်မောလိုက်လေတော့သည်။ သူသည် စုစုအား ညွှန်ပြလိုက်ပြီး၊

"ဟား....ဟား....ဟား၊ ဒီကလေးမက ရွှေမုတ်ဆိတ်မှာ မုတ်ဆိတ်တပင်မှ မရှိဘူးလို့ ပြောနေတယ်ဗျ"

"ဝါး....ဟား....ဟား....ဟား"

ကျန်လူများသည် အလွန်ရယ်ဖွယ်ရာ ကောင်းသော စကားများ ကြားလိုက်ရသည့်အလား ခွက်ထိုးခွက်လန် ဝါးလုံးကွဲ ရယ်မော ကြကုန်လေတော့သည်။

လူအုပ်ထဲမှ လူတယောက်၏ အသံသည် စူးရှစွာ ထိုးဖောက် ထွက်ပေါ်လာသည်။

"ဟား....ဟား....ဟား ရွှေမုတ်ဆိတ်က မုတ်ဆိတ် မရှိရင် ဘာဖြစ်လို့ ရွှေမုတ်ဆိတ်လို့ ခေါ်ကြရတာလဲဗျာ"

စုစုသည် ဒေါသထွက်လာလေသည်။ သူမသည် အသံကျယ်လောင်စွာဖြင့်....

"ရွှေမုတ်ဆိတ်မှာ မုတ်ဆိတ် မရှိတဲ့ပြင် ဘုန်းကြီးတောင် ဝတ်ထားတယ်ရှင့်"

သူမ၏ စကားကြောင့် လူအားလုံးတို့သည် ပို၍ အူတက်မတတ် ရယ်မောကြကုန်လေသည်။





"ဟား....ဟား....ဟား ရွှေမုတ်ဆိတ်သာ ဘုန်း ကြီး ဝတ်သွားရင် တလောကလုံးလူများ ဘုန်းကြီးဖြစ်ကုန်ရောပေါ့ဗျာ"

စုစုသည် ပို၍ ဒေါသထွက်လာသည်။

"ရွှေမုတ်ဆိတ်က ဘုန်းကြီးဝတ်သွားတာကို ကျမ ကိုယ်တွေ့မြင်ခဲ့တယ် ရှင့်"

"သူက ဘာဖြစ်လို့ ဘုန်းကြီးဝတ်သွားရတာလဲ"

လူအုပ်ထဲက အသံတသံ ထွက်ပေါ်လာသည်။

"ဘုန်းကြီးတပါးက သူ့ကို ဘုန်းကြီး အတင်းအဓမ္မ ဝတ်ခိုင်းလို့ ရှင့်"

"ဝါး....ဟား... ဟား....ဟား"

လူများသည် ထပ်မံ ဝါးလုံးကွဲ ရယ်မော လိုက်လေတော့သည်။

ထိုစဉ်....၊

အသံတခုသည် ထိုလူအုပ်များ၏ အသံများအား ထိုးဖောက် ထွက်ပေါ် လာသည်။

"ဘုန်းကြီးတပါး ဟုတ်လားတဲ့"

●

## ရှောင်လင်ကျောင်းမှ ဆရာတော်

ထိုအသံသည် အလွန် ကျယ်လောင်သည်ဟု မဆိုသာပါ။

သို့သော် လူအများက ပီပီသသ ကြားလိုက်ရသဖြင့် မူလ ဝိုင်းရံနေကြသော လူအုပ်များသည် အသီးသီး အသံလာရာသို့ လှည့်ကြည့်ကြလေသည်။

စကားပြောသူမှာ ဘုန်းတော်ကြီးတပါးပင် ဖြစ်နေသည်။

အင်မတန် ကျက်သရေရှိသော ဘုန်းကြီးတပါး ဖြစ်သည်။

သူ၏ လက်ထဲတွင် ရွှေရောင် တောက်ပနေသော ပုတီး တကုံး ပါလာသည်။

မည်သို့ကြောင့်မှန်း မသိ၊

မည်သူမဆို ယင်းဘုန်းကြီးအား တွေ့မြင်လိုက်ရသည်နှင့် ကြည်ညိုလေးစားသော စိတ်ဆန္ဒများ တဖွဖွ ပေါ်ပေါက်လာတတ်လေသည်။

စုစုမှာလည်း ဤအတိုင်း ခံစားလိုက်ရသည်။

သူမသည် မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်ပြီး၊

“တပည့်တော်မကို မေးတာလား အရှင်ဘုရား”

ဘုန်းတော်ကြီးက ခေါင်း ညိတ်လိုက်သည်။

“ဟုတ်တယ်၊ တကာမက ဘုန်းကြီးတပါးလို့ပြောသံကြားလိုက်လို့ မေးတာပါ”

“တင်ပါ့ ဘုရား”





“ဘုန်းကြီးက ဘယ်လိုပုံလဲ”

“မျက်နှာဝိုင်းဝိုင်း ပါးမှာ ချိုင့်ရှိသလိုဘဲ ဘုရား”

“ဘုန်းကြီးနဲ့ အတူ စာပေသမားနဲ့ ရသေ့တပါးလဲ ပါသေးတယ်ဟုတ်လား”

“တင်ပါ့ ဘုရား”

“အခု သူတို့ ဘယ်မှာလဲ”

“စာပေ သမားနဲ့ ရသေ့တို့ ဘယ်သွားမှန်း မသိပါဘုရား၊ ဘုန်းတော်ကြီးကိုတော့ တွေ့ပါတယ် ဘုရား၊ ဒါပေမယ့်”

သူမသည် သက်ပြင်းတချက် ချလိုက်ပြီး၊

“အခု သူ နတ်ရွာ စံသွားပါပြီ ဘုရား”

ဘုန်းတော်ကြီး၏ မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။

အတန်ကြာမှ၊

“သူဘယ်မှာ နတ်ရွာ စံသလဲ၊ ဘာကြောင့်လဲ”

စုစုသည် အခန်းဘက်သို့ ညွှန်ပြလိုက်ပြီး၊

“ဘုန်းကြီး အလောင်းတော့ အခန်းထဲမှာ ရှိပါတယ်၊ ဘုရား၊ ဘာကြောင့် နတ်ရွာစံရသလဲဆိုတာ မသိပါဘုရား”

ဘုန်းတော်ကြီးသည် ရုတ်တရက် ခြေလှမ်း ကျဲကျဲဖြင့် အခန်းဘက်သို့ လျှောက်သွားသည်။

သူသည် အခန်းဝ၌ ခေတ္တမျှ ရပ်လိုက်ပြီးနောက် အခန်းထဲသို့ လှမ်းဝင်သွားလေတော့သည်။

လူသတ်တရားခံ မည်သူနည်း

မကြာပါချေ။

ဘုန်း တော်ကြီး သည် အခန်းထဲမှ တဟုန်ထိုး ပြေးထွက်လာသည်။

သူ၏ သင်္ကန်း လှုပ်ရှားမှုမှ တိုက်ခတ်လာသော လေများသည် အခန်းရှိလူများ၏ အဝတ်အစားများပင် လွင့်ပျံသွားသည်။

အချို့လူများ၏ ဦးထုပ်ပင် ခေါင်းမှ လွင့်ကျ သွားလေသည်။

စုစုသည် မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

သူမသည် ချင်းကိုးဘက်သို့ လှည့်ကာ မသိမသာ အကဲခတ်ကြည့်လိုက်သည်။

ချင်းကိုး၏ မျက်နှာမှာလည်း အလွန်လေးနက် တည်ကြည်နေသည်ကို တွေ့ရလေသည်။

"အင်း....ဒီဘုန်းကြီးဟာ တော်တော် အဆင့်မြင့်တဲ့ သိုင်းပညာရှင် တဦးပါလား"

စုစုသည် ရင်ထဲ၌ ဤသို့ မှတ်ချက်ချမိလေတော့သည်။

+ + +

ဘုန်းတော်ကြီး၏ မျက်နှာသည် ဒေါသများအား ထိန်းချုပ်ထားသည့် အသွင်များ ပေါ်လွင်နေသည်။





သူ၏ မျက်လုံးအစုံသည် စူးရှစွာဖြင့် စုစုအား စိုက်ကြည့်လိုက်ပြီး၊

"ဒကာမနာမည် ဘယ်လိုခေါ်သလဲ"

"စုစုပါ"

ဘုန်းတော်ကြီးသည် ချင်းကိုးဘက်သို့ လှည့်လိုက်ပြီး၊

"တကာကြီးကော"

"ချင်းကိုးပါ"

"ပုဝါနီ ချင်းကိုး ဟုတ်လား"

"တင်ပါ့ဘုရား"

ဘုန်းတော်ကြီး၏ မျက်နှာသည် နီရဲ၍ လာသည်။

"တော်တယ်၊ နာမည်ကြီးတယ်ဆိုလဲ ကြီးစရာပါဘဲ၊ သိုင်းပညာက တော်တာကိုး"

စုစုသည် လက်အုပ်ချီလိုက်သည်။

"တပည့်တော်မ လျှောက်ပါရစေ၊ ဘုန်းကြီးကို သူသတ်တာ မဟုတ်ပါဘူး ဘုရား"

ဘုန်းတော်ကြီးသည် သူမအား စေ့စေ့ကြည့်လိုက်ပြီး၊

"ဒါဖြင့် တကာမ သတ်တယ် ဟုတ်လား"

"မဟုတ်ပါဘုရား"

"ဒါဖြင့် ဘယ်သူလဲ"

"တပည့်တော်မ မသိပါ ဘုရား"

"ဒါဖြင့် ဘုန်းကြီးကို ဘယ်သူက တွေ့တာလဲ"

"တပည့်တော်မပါ"

"ဘယ်မှာ တွေ့တာလဲ"

"ဒီအခန်းထဲမှာ တွေ့ပါတယ် ဘုရား"

"အဲဒီ အချိန်မှာ တကာကြီး ဘယ်မှာ ရှိသလဲ"

"သူ....သူ....မြေအောက်က ထွက်လာပါတယ်"

ဘုန်းတော်ကြီးက မျက်မှောင် ကုတ်သွားသည်။

"မြေအောက်က ထွက်လာတယ် ဟုတ်လား"

"တင်ပ့ါပါ ဘုရား"

စုစုသည် သူ တွေ့ကြုံရသော အဖြစ်အပျက် များအား အသေးစိပ် ရှင်းပြလိုက်လေတော့သည်။

ဘုန်းတော်ကြီးသည် စုစု၏စကားများနားထောင်ပြီးနောက် ချင်းကိုး ဘက်သို့ လှည့်လိုက်သည်။

"ဘုန်းကြီးက မြေအောက် ကျံုကျသွားတာ တကာကြီး တယောက်ထဲဘဲ လိုက်သွားတယ်ဆိုတာ မှန်သလား"

ချင်းကိုးက ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ် ဘုရား"

"ဒါဖြင့် တကာကြီးဟာ လူသတ်သမားဘဲ ဖြစ်ရမယ်၊ မှန် မှန်ပြောစမ်း၊ ဘုန်းကြီးကို တကာကြီး သတ်သလား"

"တပည့်တော် မသတ်ရပါ ဘုရား"

ဘုန်းတော်ကြီးသည် ရွှေမုတ်ဆိတ်တို့ လူစုဘက်သို့ လှည့် ကြည့်လိုက်ပြီး၊

"တကာကြီးတို့ ဒီကို ဘယ်တုံးက ရောက်နေကြတာလဲ"

ရွှေမုတ်ဆိတ်သည် လက်အုပ်ချီကာ၊

"တပည့်တော်တို့ တချိန်လုံး ဒီ အခန်းမှာဘဲ ရှိပါတယ် ဘုရား...."





"မင်း စကား မှန်တယ်နော်"

"မှန်ပါတယ် ဘုရား"

သူသည် လောင်းကစားဝိုင်းမှ လူများအား ညွှန်ပြပြီး၊

"မယုံရင် သူတို့ကို မေးနိုင်ပါတယ် ဘုရား"

လူအုပ်ထဲမှ လူတယောက်သည် ရှေ့သို့တလှမ်းတိုးလိုက်ပြီး၊

"ဟုတ်ပါတယ် ဘုရား၊ တပည့်တော်တို့ မနက်ထဲက လာပြီး လောင်းကစား နေကြတာပါ"

ဘုန်းတော်ကြီးသည် စုစုအား ညွှန်ပြလိုက်ပြီး၊

"ဒီတကာမ ပြောတဲ့စကားကို တကာတို့အားလုံး ကြားကြ တယ်ဟုတ်လား"

"ကြားရပါတယ် ဘုရား"

"သူပြောတာ မှန်သလား"

"မမှန်ပါဘူး ဘုရား၊ ဒီအခန်းမှာ မြေအောက်ခန်းဆိုတာ မရှိပါဘူး ဘုရား"

"ဟုတ်ပါတယ် ဘုရား၊ ရွှေမုတ်ဆိတ်ပြောတာ မှန်ပါတယ် ဘုရား"

"ဒီ မိန်းကလေးက ဆရာတော်ကို လိမ်ပြောနေတာပါ ဘုရား"

"ဘုန်းတော်ကြီးကို သူတို့ တယောက်ယောက် လုပ်ကြံတာ ဖြစ်ရမယ် ဘုရား"

အခန်းထဲမှာရှိသော လူများသည် သူတခွန်း ငါတခွန်းဖြင့် ဘုန်းတော်ကြီးအား လျှောက်တင်ကြ လေတော့သည်။

ဘုန်းတော်ကြီးသည် လက်ကာပြ၍ ရပ်တန့်စေပြီးနောက် ချင်းကိုးဘက်သို့ မျက်နှာမူလိုက်သည်။

"တကာကြီးက ဘာများ ပြောချင်သေးသလဲ"

စုစုသည် ရှေ့သို့ခြေတလှမ်း တိုးလိုက်သည်။

'အရှင် ဘုရား တခုစဉ်းစားပါ၊ ဘုန်းကြီးနဲ့ ကျမတို့ဟာ ရန်ညှိုးမရှိပါဘူး၊ တပည့်တော်တို့က ဘာဖြစ်လို့ သတ်ရမှာလဲ ဘုရား"

ဘုန်းတော်ကြီးသည် သူမအား အေးစက်စွာ ကြည့်လိုက်ပြီး၊

"ဘုန်းကြီးဟာ ရှောင်လင် ကျောင်းကပါ၊ သူရဲ့ဘွဲ့ဟာ နတ္တိလို့ ခေါ်ပါတယ်၊ သူက ရေစီးကြောင်းထဲ ဝင်တဲ့ လူ တယောက်ဆိုတော့ သူ့ကို သတ်ချင်တဲ့လူဟာအများကြီးပါဘဲ၊ ရန်ညှိုးရှိစရာ မလိုပါဘူး"

"ရေစီးကြောင်း၊ ရေစီးကြောင်းက ဘာလဲဆိုတာ ကျမ မသိတောင် မသိဘူး၊ ဘာလုပ်သူ့ကို သတ်ရမှာလဲ"

"တကာမက သူ့ကို မသတ်ဘူးဆိုတာ ကျုပ်ယုံတယ်"

"ဒါဖြင့်"

ချင်းကိုးက ပြုံး၍ ကြားဖြတ်လိုက်သည်။

"တပည့်တော်က သတ်တယ်လို့ အရှင်ဘုရားက ဆိုလိုတာလား...."

"တကာကြီးက သူ့ကို မသတ်ဘူးဆိုရင် ကျုပ်နဲ့ ရှောင်လင် ကျောင်းကို လိုက်ရှင်းပေါ့၊ တကာကြီးဘက်ကလဲ သက်သေပြနိုင်ဖို့ အရေးကြီးတယ်"

ချင်းကိုးသည် တဟားဟား ရယ်မောလိုက်သည်။





"တပည့်တော်က မလိုက်နိုင်ဘူး ဆိုရင်ကော"

ဘုန်းတော်ကြီးသည် မျက်မှောင် ကုတ်သွားသည်။

"တကာကြီးက လက်ရုံး အားကိုးတဲ့ သဘောလား"

"တပည့်တော်က လူသတ်သမား မဟုတ်လို့ အမှန်အတိုင်း လျှောက်တင်တာ အရှင်ဘုရားက လက်မခံတော့"

"ကောင်းပြီလေ ဘုန်းကြီးကလဲ ကောင်းကောင်း ပြောလို့ မရရင်"

ဘုန်းတော်ကြီးသည် ပြောရင်း သူ၏ လက်ငါးချောင်းသည် သိန်းငှက် ခြေသည်းပမာ ချင်းကိုးအား ခုန်အုပ်လိုက်လေသည်။

ရှုတ်တရက်၊

"ဝုံး"

ခေါင်မိုးပေါ်၌ အပေါက်ကလေးတခု ဖြစ်ပေါ်လာသည်။

လက်တဖက်သည် ထိုအပေါက်ကလေးမှ ထိုးသွင်းလိုက်ပြီး တချက် ဝေ့ရမ်းလိုက်သည်။

"ထောက်....ထောက်....ထောက်"

တဆက်တည်း အသံများ ထွက်ပေါ်လာကာ အခန်းတခုလုံးမှ ထွန်းညှိထားသော ဖယောင်းတိုင် မီးများအား ညှိမ်းလိုက်လေသည်။

ရှုတ်တရက် အခန်းတခုလုံးသည် မှောင်အတိကျသွားသည်။

"ဟော့....ဘယ်သူလဲ"

ဘုန်းတော်ကြီး၏ အသံနှင့်အတူ သူ၏ ခန္ဓာကိုယ်သည်

ခေါင်မိုးမှ ပေါက်သွားသော အပေါက်မှ ထိုးဖောက်ခါ ခုန်ထွက်သွားလေတော့သည်။

× × ×

အခန်းတခုလုံးသည် မှောင်အတိ ကျနေ၏။ တခန်းလုံးရှိ လူများ၏ အော်ဟစ်သံများ၊ ပြေးလွှားသံများ၊ စားပွဲ ကုလားထိုင်များ တိုက်မိ၍ လဲကျသော အသံများသည် ဆူညံစွာ ထွက်ပေါ်လာလေသည်။

"ချင်းကိုး"

စုစုသည် အသံအုပ်အုပ်ဖြင့် ခေါ်လိုက်သည်။

အမှောင် ထုထဲမှ လက်တဖက်သည် သူမ၏ လက်အား ဆွဲလိုက်သည်။

"မြန်မြန် ထွက်သွားကြရအောင်"

ချင်းကိုး၏ အသံသည် သူမ၏ နားထဲသို့ ဝင်ရောက်လာသည်။

ထို့နောက် သူမသည် ဆွဲထားသောလက် ခေါ်ဆောင်ရာသို့ ပြေးလွှားလေတော့သည်။

ခေါင်မိုးပေါ်မှလက်တဖက်ဖြင့်ထိုးဖောက်လာသောလူသည် မည်သူနည်း။

သူက ချင်းကိုးအား အဘယ်ကြောင့် လာရောက် ကယ်တင်ရသနည်း။

မိတ်ဆွေလော၊

ရန်သူပေလော၊

+ + +





သူတို့သည် အတော်ဝေးဝေး ရောက်လာတော့မှ ခြေလှမ်း ရပ်တန့်လိုက်ကြသည်။

ဤနေရာသည် ရှမျှော်ခင်း လှပသော ကျေးရွာတရွာ၏ လယ်ကွင်းများပင် ဖြစ်ပါသည်။

စုစုသည် အတန်ကြာ အမောပြေသွားမှ မေးလိုက်သည်။

"ဒီဘုန်းတော်ကြီးက ရွှောင်လင်ကျောင်းကဆိုတော့ ရှင်က သူ့ကို နိုင်ပါ့မလား"

"ဟား....ဟား....ဟား"

ချင်းကိုးက ရယ်မောလိုက်သည်။

"ဟား....ဟား....ဟား ဆိုတာ ဘာအဓိပ္ပာယ်လဲ"

"ဟား ဟား ဟားဆိုတာ သူမနိုင် ကိုယ်မရှုံးဘူးလို့ ဆိုလိုတာပေါ့"

"ဒါဖြင့် ရှင်က ဘာဖြစ်လို့ ပြေးရတာလဲ"

"ကျုပ်က ဓားစာခံ မဖြစ်ချင်လို့ပေါ့"

"ဓားစာခံ ဟုတ်လား"

"ဟုတ်တယ်၊ ဓားစာခံဆိုတာ သူများက ဘုန်းကြီးကို သတ်ပြီး ကျုပ်ခေါင်းပေါ် အပြစ်ရောက်အောင် လွှဲချတဲ့ သဘောပေါ့"

"နေပါအုံး သူတို့က ရွှောင်လင် ဘုန်းကြီးမှ ဘာဖြစ်လို့ သွားသတ်ရတာလဲ"

"ခုနက ဘုန်းတော်ကြီး ပြောသွားတာ မကြားဘူးလား၊ နတ္တိ ဘုန်းကြီးက ရေစီးကြောင်းထဲ ရောက်နေတယ်လို့ ပြောတယ်လေ"

"ဟုတ်တယ်၊ ဒါပေမယ့် ရေစီးကြောင်းဆိုတာ ဘာလဲ"

"ရေစီးကြောင်းဆိုတာ အဖွဲ့တဖွဲ့ရဲ့ နာမည်ပါ ရည်ရွယ်ချက် တူညီနေတဲ့ လူတစုက ဖွဲ့စည်းထားတဲ့ အဖွဲ့တခုပါ"

"သူတို့က ဘာတွေ ရည်ရွယ်ချက် ရှိလို့လဲ"

"သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ ငရဲပြည် ဆင်းရဖို့ပါဘဲ"

"ငရဲပြည် ဟုတ်လား"

"ဟုတ်တယ်၊ သူ့တို့က ငရဲပြည်ဆင်းပြီး ဒုက္ခဆင်းရဲခြင်းနဲ့ တွေ့ကြုံရတဲ့ လူသတ္တဝါများကို ကယ်တင်ဖို့ပါဘဲ"

"ကျမ သဘောမပေါက်ပါလား"

"ဒီလိုပါ၊ သူတို့ဆိုလိုတဲ့ ငရဲပြည်ဟာ လောင်းကစားမှုကို ဆိုလိုတာပါ၊ သူတို့ဟာ လောင်းကစားမှုရဲ့ ထောင်ချောက်မှာ နစ်မွန်းနေတဲ့ လူတွေကို ကယ်တင်မယ်၊ လောင်းကစားဂေဟာများကို ကျောင်းအဖြစ် ပြောင်းလဲ ပစ်မယ်၊ လောင်းကစားဂေဟာပိုင်ရှင်များနဲ့ လောင်းကစားတဲ့ လူများကို အကျိုးပြု လုပ်ငန်းတွေမှာ ခိုင်းမယ်၊ ဒါတွေဟာ သူတို့ရဲ့ ရည်ရွယ်ချက်တွေပါဘဲ"

"အင်း၊ ဒီလိုဆိုရင် လောင်းကစားမှုနဲ့ စီးပွားရှာတဲ့ လူတွေဟာ သူတို့ကို မုန်းမှာဘဲနော်"

"ဟုတ်ပါတယ်၊ ဒါကြောင့် သူတို့ကို တွေ့ရာ သင်းချိုင်းခါးမဆိုင်းလို့ သဘောထားတဲ့ လူတွေဟာ မနည်းဘူး"

"သိုင်းလောကမှာ ရေစီးကြောင်းဆိုတဲ့ နာမည်ကို လူသိအတော်နည်းတယ်၊ ဘာဖြစ်လို့လဲ"

"သူတို့က အလွန် လျှို့ဝှက်တဲ့ အဖွဲ့အစည်းမို့ပါ"





"သူတို့ လုပ်တဲ့ လုပ်ငန်းဟာ အများအတွက် အကျိုးရှိတဲ့ အလုပ်တွေဘဲ၊ ဘာဖြစ်လို့ လျှို့ဝှက်ရမှာလဲရှင့်"

"တကယ် အကျိုးရှိတဲ့ အလုပ် လုပ်တဲ့ လူတွေဟာ နာမည်ထင်ပေါ် ကျော်ကြားမှုကို မလိုလားပါဘူး"

"အင်း၊ အကျိုးပြု လုပ်ငန်း လုပ်ရတာလဲ မလွယ်ပါလားနော်...."

"ဟုတ်တယ်၊ အကျိုးပြု လုပ်ငန်းများ လုပ်တဲ့ လူတွေဟာ လူဆိုးလူမိုက်များက လိုလားမှာ မဟုတ်ဘူး၊ ဒါကြောင့်..."

စုံစုက ကြားဖြတ်လိုက်သည်။

"ဘုန်းကြီး နတ္တိက လုပ်ကြံခံလိုက်ရတာပေါ့ ရှင်"

"ဟုတ်တယ်၊ ဒါပေမယ့် သူတို့က တယောက် ကျဆုံးသွားတာနဲ့ လက်လျော့ အညံ့ခံတဲ့ လူစားတွေတော့ မဟုတ်ဘူးဆိုတာ ကျုပ်ယုံတယ်"

စုစု၏ မျက်လုံးသည် ဝင်းလက် တောက်ပလာသည်။

"အဲဒီ လူတွေကို ကျမဖြင့် သိချင်လိုက်တာရှင်"

ချင်းကိုးက ခေါင်းခါယမ်းလိုက်သည်။

"သူတို့ကို သိဖို့တော့ မလွယ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့ဆိုတာ ဘယ်သူမှန်း မသိလို့ပေါ့၊ ဥပမာ ကျုပ်လဲ ရေစီးကြောင်းက လူ ဖြစ်နိုင်တယ်၊ မင်းလဲ ရေစီးကြောင်းက လူ ဖြစ်ချင် ဖြစ်နေမှာ"

"အင်း၊ ဒီလိုဆို ရေစီးကြောင်း အဖွဲ့က လူမျိုးစုံတွေပေါ့နော်...."

"ဟုတ်တယ်၊ ဒါပေမယ့် သူတို့က တူညီသော ရည်ရွယ်ချက် ရှိနေလို့ အလွန်ညီညာပြီး ပိသိပ်သည်းတယ်"

စုစုက ပြုံးလိုက်ပြီး ချင်းကိုးအား စေ့စေ့ ကြည့်လိုက်သည်။

"ရှင်ကော ရေစီးကြောင်း အဖွဲ့ဝင် မဖြစ်နိုင်ဘူးလား"

ချင်းကိုးက ရယ်မောလိုက်သည်။

"ကျုပ်က ဟုတ်ရင် မင်းကို ပြောမှာပေါ့ကွာ"

"တကယ်"

"အော်.... ကျုပ်တို့ဟာ အလွန် ရင်းနှီးတဲ့ မိတ်ဆွေဆိုတာ မင်း မေ့နေသလား"

"ဟုတ်ပါတယ်ရှင်၊ ဒါပေမယ့် ရှင်က ရေစီးကြောင်းအဖွဲ့က မဟုတ်လို့ ခက်နေတာပေါ့"

"ဟား....ဟား....ဟား"

သူတို့သည် ပြိုင်တူ ရယ်မော လိုက်ကြတော့သည်။

●

## ခုနစ်ပြားခွဲ

"အော်.... ဒါနဲ့ ရှင့်ကို လာကူညီတဲ့ လူကို ရှင်သိသလား"

"သိတာပေါ့"

"ဟင် ဟုတ်လား၊ သူက ဘယ်သူလဲ"

"ကျုပ် အလွန် လေးစားချစ်ခင်တဲ့ လူတယောက်ပါ"





"လျှဖုံးကု ဟုတ်လား"

ချင်းကိုးက ခေါင်းခါယမ်းပြသည်။

"ဒါဖြင့် ယိုစွမ်းစန် ဟုတ်လား"

ချင်းကိုးက ခေါင်းခါယမ်းပြပြန်ပြီး၊

"မင်း ဗိုက်ဆာပြီလား"

ဟု မေးလိုက်သည်။

ချင်းကိုး မေးလိုက်တော့မှ စုစုသည် ထမင်း ဆာလောင်နေသည်ကို သတိရလာလေတော့သည်။

"ဆာတော့ ဆာတာပေါ့၊ ဒါပေမယ့် အခုလို အချိန်မျိုးမှာ ဘယ်မှာ သွားစားရမှာလဲ"

ချင်းကိုးက ပြုံးလိုက်သည်။

"ဒီလိုအချိန်မျိုးမှာ ဆိုင်ဖွင့်နေတဲ့ နေရာတခုကျုပ်သိတယ်"

"ဘယ်နေရာလဲ"

"ခုနစ်ပြားခွဲ နေရာ"

× × ×

ခုနစ်ပြားခွဲ ဆိုင်သည် ကျယ်ပြန့်သော မြေကွက်တခုပေါ်တွင် တည်ဆောက်ထားသည်။

ဆိုင်ခန်းက မကြီးပါ။

သို့သော် မြေကွက်က ကျယ်ဝန်းလှသဖြင့် စားပွဲကုလားထိုင်များသည် ပြန့်ကျဲစွာ နေရာချထားသဖြင့် အလွန် ကျယ်ဝန်းသည်ဟု ထင်ရလေသည်။

"နေပါအုံး ဒီဆိုင်က ဘာဖြစ်လို့ ခုနစ်ပြားခွဲလို့ ခေါ်ရသလဲ"

"ဆိုင်ရှင်ရဲ့ နာမည်က ခုနစ်ပြားခွဲ ခေါ်လို့ပေါ့"

"ဆိုင်ရှင်ရဲ့ နာမည်က ဆန်းလှချည်လားရှင့်"

"သူများ ဆံပင်ညှပ်ရင် ဆယ့်ငါးပြားကျတယ်၊ ဒီလူက ဆံပင်ညှပ်ရင် ခုနစ်ပြားခွဲဘဲ ပေးလို့ပါ"

"ဘာဖြစ်လို့လဲ"

"သူထိပ်ပြောင်နေလို့ပါ"

စုစုသည် ရယ်မောလိုက်လေသည်။

ချင်းကိုးက ဆက်၍ ရှင်းပြသည်။

"ဒီလူက ခုနစ်ပြားခွဲနဲ့နာမည်ကြီးပြီး နောက် စိတ်ကူးပေါက်ပြီး၊ ဒီမှာလာပြီး ဆိုင်ဖွင့်ထားတယ်၊ သူရောင်းတဲ့ အမဲသားခေါက်ဆွဲဟာ တခွက် ခုနစ်ပြားခွဲဘဲ ရောင်းတယ်"

"တော်တော် ကြံကြံဖန်ဖန် လုပ်တဲ့လူဘဲ၊ ရောင်းကောင်းရဲ့လား"

"ရောင်းကောင်းပါတယ်"

\+ \+ \+

ခုနစ်ပြားခွဲ ဆိုင်သည် အလွန် ရောင်းကောင်းသည်။

စုစုသည် ဤကဲ့သို့ ညဉ့်နက် သန်းခေါင်မျိုးမှာ လမ်းမထွက်ခဲ့ဘူးပါ။

ဤကဲ့သို့ များ ပြားသော လူစုကိုလည်း မမြင်တွေ့ခဲ့ဘူးပါ။

ဤနေရာသည် လူအလွန် စည်ကားသည့်ပြင် လူတန်းစားအလွှာကလည်း စုံလင်လှသည်။

ဤနေရာသို့ လာရောက် စားသောက်ကြသော လူများသည် အချို့က မြင်းစီးလာသည်။အချို့က မြင်းလှည်းဖြင့် လာကြ





သည်။ထို့ကြောင့် မြေကွက်လပ်၏တနေရာတွင် မြင်းများ၊ မြင်းလှည်းများသည် ရပ်နေကြသည်။

အချို့မြင်းလှည်း များသည် အထက်တန်းလွှာက မြင်းလှည်းများ ဖြစ်ကြလေသည်။

စုစုသည် မျက်မှောင် ကုတ်သွားသည်။

ဤမျှ လှပ ခန့်ညားသော မြင်းလှည်းများ ပိုင်ဆိုင်သောလူသည်အဘယ်ကြောင့် ဤနေရာသို့ လာရောက်ပြီး ခုနစ်ပြားခွဲခေါက်ဆွဲအား စားရသည်ကို သူမ နားမလည်ပါ။

ဆိုင်ရှေ့တွင် မီးပုံးအိမ်ကလေး လေးလုံးသာရှိသည်။

ထို့ကြောင့် မီး ရောင် များ မရောက်သည့် နေရာသည် မီးရောက်သည့် နေရာထက် များနေ၏။

မီးရောင် မရောက်နိုင်သော နေရာတွင် ထိုင်၍ စားသောက်နေသော လူများသည် မှောင်ရိပ် ကွယ်နေသဖြင့် သူတို့၏ မျက်နှာများကိုကား မတွေ့ရပါချေ။

ချင်းကိုးနှင့် စုစုသည် အတန်ကြာ ရှာဖွေတော့မှ လွတ်နေသော စားပွဲတလုံး ရရှိလေတော့သည်။

သူတို့သည် ထိုင်ချလိုက်ပြီးသည်နှင့် ဆိုင်လုလင် တယောက်သည် အရက်ခွက်များနှင့် တူများ လာရောက်ချထားပြီး သူတို့အား ကြည့်ပင် မကြည့်ဘဲ အခြားနေရာသို့ ထွက်သွားပြန်လေတော့သည်။

\+ \+ \+

"ဟင်....ဒီဆိုင်က လူတွေက တော်တော် လူပါးဝတယ်" ချင်းကိုးက ပြုံးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ရှင် မတွေ့ဘူးလား၊ သူက ကျမတို့ကို ဘာစားမလဲလို့တောင် မမေးဘူး"

"သူမေးစရာ မလိုပါဘူးဗျာ"

"ဘာဖြစ်လို့"

"ဒီဆိုင်မှာ စားစရာ လေးမျိုးဘဲရှိတာဘဲ၊ မေးဖို့ လိုပါအုံးမလား"

"လေးမျိုးထဲ ဟုတ်လား"

"ဟုတ်ပါတယ်၊အမဲသား ခေါက်ဆွဲ၊ အမဲသားဟင်း၊ ဝက်ခြေထောက် ခေါက်ဆွဲနဲ့ ဝက်ခြေထောက် စွတ်ပြုတ်ပါဘဲ"

ချင်းကိုးသည် ဤသို့ ပြောပြနေစဉ်မှာပင် ဆိုင်လုလင်သည် သေတ္တာဇုန်းတခုဖြင့် ဟင်းခွက် ၄-ခွက်ယူလာပြီး ချသွားလေတော့သည်။

စုစုသည် စကားမပြောတော့ပါ။ ခေါက်ဆွဲခွက် ယူလိုက်ပြီး အားရပါးရ စားလိုက်လေတော့သည်။

× × ×

စုံစုသည် ဗိုက်ဝသွားသောအခါ အဘယ်ကြောင့်မှန်း မသိ သူမသည် ခေါင်းကြီးဝက်ပုတ်အား သတိရလာလေတော့သည်။

"ဒီ ခေါင်းကြီးဝက်ပုတ် တယောက် ဘယ်ရောက်သွားနေပါလိမ့်"

ဟုလည်း စိတ်ထဲ၌ တွေးလာသည်။

ချင်းကိုးသည် သူမအား ပြုံးစိစိဖြင့် ကြည့်လိုက်ပြီး၊

"မင်း ဘာတွေ စဉ်းစားနေတာလဲ"





စုစုသည် ရင်ထဲထိတ်ကနဲ ဖြစ်သွားသည်။ သူမသည် မဲ့ပြုံးပြုံးလိုက်ပြီး၊

"ရှင် လေးစားတဲ့ လူဆိုတာ ဘယ်သူလဲလို့ ကျမ တွေးကြည့်နေတာပါ"

ချင်းကိုးက ပြုံးလိုက်ပြီး၊

"တွေးမနေနဲ့တော့ သူက ရောက်နေပါပြီ"

စုစုက အံ့အားသင့်သွားသည်။

"ဟုတ်လား၊ ဒါဖြင့် သူ ဘယ်မှာလဲ ဟင်"

ချင်းကိုးသည် စုစု၏ နောက်ဘက်သို့ ညွှန်ပြလိုက်သည်။

"မင်း နောက်က စားပွဲမှာ ထိုင်နေတယ်"

စုစုသည် သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

သူမသည် ရင်ထဲ၌ တဒိတ်ဒိတ် ခုန်လာလေတော့သည်။

× × ×

ယန်းဝှာ....

ဟုတ်ပါသည်။ယန်းဝှာသည် ခါတိုင်းကဲ့သို့ပုံဟန်ပင် ဖြစ်ပါသည်။

ခေါင်းကြီးသည် မျက်နှာဝိုင်းသည်။ ဝဝ တုတ်တုတ် ဖြစ်သည်။

စုစုသည် ယန်းဝှာအား တွေ့မြင်လိုက်ရသောအခါ သူမ၏ ရင်ထဲ၌ ထွေးထွေးနွေးနွေး ဖြစ်ပေါ်လာသည်ဟု ခံစားလိုက်ရလေသည်။

သို့သော် သူမသည် ချက်ခြင်းပင် ပြန် လှည့် လိုက် သည်။ မျက်နှာလည်း ခပ်တည်တည် ဖြစ်လာသည်။

အကြောင်းမှာ ယန်းဝှသည် သူမအား လှည့်၍မကြည့်ပါ။ သတိလည်း မထားဘဲ အခြား လူတယောက်နှင့် စကားပြောနေလေသည်။

စုစုသည် မကျေမနပ် မခံချိမခံသာ ဖြစ်လာသည်။

"ခေါင်းကြီး ဝက်ပုတ်။ ရှင်က ငါ့ကို နည်းနည်းမှ ဂရုမစိုက်ဘူး၊ ငါလဲ မင်းကို ဘာလုပ် ဂရုစိုက်ရမှာလဲ"

သူမသည် ရင်ထဲ၌ ကြိတ်၍ ဒေါသ ထွက်နေလေသည်။

ချင်းကိုးသည် ပြုံးလိုက်ပြီး၊

"သူက ဘယ်သူလဲဆိုတာ မင်း သိပြီ မဟုတ်လား"

စုစုသည် မဲ့ပြုံး ပြုံးလိုက်ပြီး၊

"ဒီ ခေါင်းကြီး ဝက်ပုတ်များ ရှင်မို့ လေးစားရတယ်လို့"

ချင်းကိုးသည် ပခုံးတချက် တွန့်ပြလိုက်ပြီး၊

"ဒါတော့ ကျုပ် အမှန်အတိုင်း ပြောနေတာပါ"

"ခုနက ရှင့်ကို ခေါင်းမိုးပေါ်ကနေပြီး ကူညီတာ သူဘဲလား"

"ဟုတ်ပါတယ်၊ မနေ့ညက မင်း အအေးမိမှာစိုးလို့ ငွမ်းစောင် ခြုံပေးတာလဲ သူပါဘဲ"

စုစု၏ မျက်နှာသည် နီရဲလာသည်။

"ရှင် တွေ့တယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်က မတွေ့ချင်ဟန် ဆောင်နေရတာပေါ့"

"ဘာလဲ ရှင်နဲ့ သူဟာ တယောက်နဲ့တယောက် သိကျွမ်းကြတယ် ဟုတ်လား"





"ကျုပ်က သူ့ကို မသိရင် သူ့ကို ဘာဖြစ်လို့ လေးစားနေမှာလဲဗျ"

သူသည် ပြုံးလိုက်ပြီး၊

"လူတယောက်ကို ကြာကြာပေါင်းသင်း ဆက်ဆံလာမှသာ လေးစား သင့်မသင့်ဆိုတာ သိလာမှာပေါ့ ဟုတ်လား"

စုစုသည် ပါးစပ် ပိတ်ထားလိုက်သည်။

သူမသည် သူ၏ ဖခင်က ယန်းဝှာနှင့် လက်ထပ်ရန် စကားကမ်းလှမ်းလာသော အချိန်ကစပြီး၊ သူမသည် ယန်းဝှာနှင့် ပတ်သက်သော အချက်အလက်များ စုံစမ်းပြီး စုဆောင်းထားဘူးခဲ့သည် မဟုတ်ပါလော၊

●

## ယန်းဝှာ၏ ဘဝ

ယန်းဝှာသည် မည်ကဲ့သို့ လူစားမျိုးနည်း။

စုစုက စုံစမ်းပြီးနောက် ယန်းဝှာ၏ အကြောင်းများ စုံစုံလင်လင် သိထားခဲ့ပြီ ဖြစ်သည်။

ယန်းဝှာ။ သူသည် မြို့စားကြီး၏ တဦးတည်းသော သားဖြစ်သည်။

တနည်း ဆိုရသော် ယန်းဝှာသည် သူ၏ ဖခင်၏ များပြားလှသော အမွေများ ဆက်ခံရမည့် လူတယောက်ဖြစ်သည်။

သူ၏ ကံကြမ္မာမှာ တသက်တာ အေးအေး ချမ်းချမ်းဖြင့် စိန်ပေါ်၌ ခံစားရန်သာ ရှိသည်။

သို့သော်၊ ယန်းဝှာသည် ဆင်းရဲဒုက္ခ ဇာတာများ ပါလာသည်လားမသိ သူသည် ငယ်စဉ်ထဲက သူဌေးသား ဘဝကို စွန့်လွှတ်ပြီး သူ၏ ဘဝကို သူ့ကိုယ်သူ ဖန်တီးရန် ထွက်သွားခဲ့သည်။

သူသည် ကျော်ကြားသော သိုင်းဆရာကြီးများစွာထံမှသိုင်းပညာ သင်ကြား လေ့လာခဲ့သည်။

သို့သော် သူသည် သိုင်းပညာ ရပ်များ မည်မျှအထိ သင်ကြား တတ်မြောက်သည်ကိုမူ မည်သူမျှ မသိရပါ။

သူသည် အရက်ကို အလွန်အကျွံ သောက်သည်။

တခါတရံ လောင်းကစားအိမ်၌ သုံးည သုံးရက် တိုင်တိုင် ထိုင်ရာမထ လောင်းကစားခဲ့သည်။

တခါတရံ သူသည် ဘုန်းကြီး ကျောင်းထဲ၌ တလတိတိ အခန်းပိတ်ပြီး ထွက်မလာပါ။

သူသည် အခန်းထဲ၌ အနားယူနေ၍လော၊

သို့မဟုတ် မိမိ၏ မိုက်ပြစ်အား နောင်တ ရနေ၍လော၊ မည်သူမျှ မပြောနိုင်ပါ။

သူ၏ ခေါင်းသည် အလွန်ကြီးသည်။ သူ၏ မျက်လုံးများသည် ကျဉ်းပြီး ရှည်လျားသည်။

သူသည် စားသောက် မူးယစ်ပြီးလျှင်လောင်းကစားသည်။ ထိုအလုပ်မှအပ မည်သည့် လုပ်ငန်းမျှ မလုပ်ပါ။

ဤသည် ယန်းဝှာ ဖြစ်သည်။





စုစု သိထားသော ယန်းဝှာ ဖြစ်ပါသည်။

ယန်းဝှာနှင့် ပတ်သက်ပြီး စုံစုက တော်တော် များများ သိထားပြီး ဖြစ်သည်။

သို့သော် ယခု သူမသည် ယန်းဝှာအပေါ် တဖြေးဖြေး နားမလည်နိုင်တော့သည့် အခြေအနေသို့ ရောက်ရှိလာပြီ မဟုတ်ပါလော။

× × ×

စုစုသည် မျက်လုံးပြူးကာ ယန်းဝှာအား စိုက်ကြည့်လိုက်ပြန်သည်။

ယခု ယန်းဝှာနှင့် စကားပြောနေကြသူများ ထွက်ခွာသွားပြီး ဖြစ်လေသည်။

ထူးခြားသည်မှာ ဤနေရာမှာ ရှိနေကြသော လူများသည် ယန်းဝှာနှင့် ဆက်ဆံသောအခါ အလွန်ရိုသေလေးစားပုံ ရှိသည်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။

စုစုသည် မနေနိုင်တော့ပါ၊

"ဒီမှာ ယန်းဝှာ၊ ဒီကိုခဏ လာပါ"

သူမသည် လှမ်း၍ အော်လိုက်သည်။

ယန်းဝှာသည် လှည့်ကြည့်လိုက်ပြီး သူမအနီးမှ ထိုင်နေသော လူအား ပြုံး၍ တစုံတခု ပြောလိုက်ရာ ထိုလူသည် ရယ်ရယ်မောမောဖြင့် ထိုင်ရာမှ ထလိုက်ပြီး ထွက်ခွာသွားလေတော့သည်။

ထိုလူ ထသွားတော့မှ ထိုလူသည် ခြေတဖက် မသန်သော ဒုက္ခိတ တယောက် ဖြစ်သည်ကို တွေ့လိုက်ရလေသည်။

စုစုသည် နှုတ်ခမ်း စူသွားသည်။

"ဘယ်လိုလူလဲ မသိဘူး၊ ဒုက္ခိတ တယောက်ကို လေမဆုံး မိုးမဆုံး ပြောရတယ်လို့"

သူမ၏ စကားမဆုံး မီမှာပင် ယန်းဝှာသည် သူမထံသို့ လျှောက်သာလေတော့သည်။

"မင်း သူ့ကိုသိသလား"

သူသည် စုစုအား မေးလိုက်သည်။

စုစုက နှုတ်ခမ်းမဲ့လိုက်သည်။

"ဘယ်သိမလဲ"

"ဒါဖြင့် သူက ဘယ်လို လူလဲဆိုတာ မင်း သိသလား"

"ဘယ်သိမလဲ သူက ပုဂ္ဂိုလ်ကျော်ကြီးတော့ မဟုတ်တန်ပါဘူး"

"ပုဂ္ဂိုလ်ကျော်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့်သူနဲ့ စကားပြောရရင် အကျိုးအများကြီး ရှိမယ်ဆိုတာ ကျုပ်ယုံတယ်"

စုစုက မဲ့ပြုံး ပြုံးလိုက်သည်။

"ဘာလဲ သူက ဘယ်မှာ လောင်းကစားအိမ် ကောင်းကောင်း ရှိတယ်ဆိုတာ ပြောပြတယ်၊ ဟုတ်လားဟင် ရှင့်အကြောင်း မသိရင် ခက်မယ်"

ချင်းကိုးသည် တဟားဟား ရယ်မောလိုက်လေတော့သည်။

× × ×

စုစုသည် ချင်းကိုးအား မျက်မှောင် ကုတ်၍ ကြည့်လိုက်သည်။

"ရှင်က ဘာတွေ ရယ်နေတာလဲ"

"မင်းတို့ကို ရယ်မိတာပါ"





"ကျွန်မတို့ ဟုတ်လား"

"ဟုတ်တယ်၊ မင်းနဲ့ သူ့ကို ရယ်မိတာပါ၊ မင်းတို့နှစ်ယောက်ဟာ မျက်နှာချင်းဆိုင် မတွေ့ရရင် တယောက်ကို တယောက် သတိရကြတယ်၊ မျက်နှာချင်းဆိုင်ပြန်တော့ ရန်ဖြစ်ကြတာကို ရယ်မိတာပါဗျာ"

စုစုသည် အသံကျယ်လောင်စွာဖြင့်၊

"ဒီမှာ ကျွမ ရှင်းရှင်း ပြောမယ်၊ ကျွမ သူ့ကို သတိလဲ မရဘူး၊ ဘာမှလဲ မဆိုင်ဘူး၊ နားလည်ပြီလား"

ချင်းကိုးသည် ပါးစပ် ပိတ်ထားလိုက်လေသည်။

ထိုစဉ် ဆိုင်လုလင် ရောက်လာသည်။

ဤတကြိမ် သူ၏ဟန်မူယာမှာ ရိုသေလေးစားသော အသွင်ဖြစ်နေ၏။

"ကနေ့ည ဘာများ သုံးဆောင်မလဲ အကိုကြီး"

"ခါတိုင်းလိုဘဲပေါ့"

"ဟုတ်ကဲ့၊ အရက်ကော လိုသေးသလား"

"နှစ်ပိဿာလောက် ယူခဲ့ပါ"

"ဟုတ်ကဲ့"

ဆိုင်လုလင်သည် ယန်းဝှာအား ဦးညွှတ်ကာ ထွက်သွားလေသည်။မကြာပါချေ။

ဆိုင်လုလင်သည် သေတ္တာဗန်းကြီး တခုအား ခေါင်းပေါ်မှ ရွက်လာလေသည်။

ထို့နောက် စားပွဲပေါ်သို့ ဟင်းလျာများ တခွက်ပြီးတခွက် ချပေးသည်။

ထို ဟင်းလျာများအား တွေ့မြင် လိုက်ရသည်နှင့် စုစု၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

အကြောင်းမှာ ဆိုင်လုလင်သည် ယန်းဝှာအတွက်လာရောက်ချပေးသော ဟင်းလျာများသည် စုံလင်လှပေသည်။

ကြက်သား၊ ဘဲသား၊ ငါး၊ ပုဇွန် စသည်စသည် ဟင်းလျာများ ဖြစ်လေသည်။

စုစုသည်မနေနိုင်တော့ပါ။သူမသည်ဆိုင်လုလင်အားမျက်လုံးပြူးကြည့်လိုက်ပြီး၊

"ရှင်တို့ ဒီမှာ ဟင်း လေးမျိုးဘဲ ရောင်းတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"တခြား ဟင်း မရှိဘူး ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဒီဟင်းတွေ ဘယ်က လာတာလဲ"

"မီးဖို ချောင်ထဲကပေါ့"

"ခုနက ဘာဖြစ်လို့ ကျုပ်တို့ကို မပြောတာလဲ"

"ခင်ဗျားက အကိုကြီးယန်းမှ မဟုတ်ဘဲ"

ဆိုင်လုလင်သည် ဤသို့ ပြောပြီး ချာကနဲ လှည့်ထွက်သွားလေတော့သည်။

စုစုသည် ဒေါသ ထွက်လာပြန်လေသည်။

"တောက်"

သူမသည် တောက်တချက်သာ ခေါက်လိုက်နိုင်တော့သည်။

ဤခေါင်းကြီး ဝက်ပုတ်အား သူများက အဘယ်ကြောင့်ရိုသေလေးစားနေသည်ကို သူမ တွေး၍ မရပါချေ။





သူမသည် အတန်ကြာ ငေးနေရာမှ ခေါင်းငုံ့ကာ စားသောက်နေသော ယန်းဝှာအား စိုက်ကြည့်လိုက်ပြီး၊

"ခုနက ဆိုင်လုလင်က ရှင့်ကို အကိုကြီးယန်းလို့ ခေါ်တယ် ဟုတ်လား"

"ဟုတ်တယ်လို့ ထင်တာဘဲ"

"သူကဘာဖြစ်လို့ရှင်တို့ကအကိုကြီးယန်းလို့ခေါ်ရတာဘဲ"

"သူက ဘာဖြစ်လို့ အကိုကြီးယန်းလို့ မခေါ်နိုင်ရမှာလဲ"

"သူက ရှင့်ရဲ့ ညီအကို ဟုတ်လား"

"မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပေါ့ရှင်၊ ရှင်က ဘယ်လူနဲ့ မဆို မိတ်ဆွေဖြစ်နိုင်တယ်၊ ညီအကိုလဲ ဖြစ်နိုင်တဲ့ လူစားဘဲ"

ချင်းကိုးက ပြုံးလိုက်ပြီး ကြားဝင်ပြောလိုက်သည်။

"ဒါပေမယ့် အရေးကြီးတာက လူပီသရမယ်၊ ဘာဖြစ်လို့လဲဆိုရင် တချို့က လူမပီသဘူးဗျ၊ ဒီလို လူမျိုးကျတော့ ကျုပ်တို့ လှည့်တောင် မကြည့်ဘူး"

စုစုသည် သူ့အား မျက်စောင်းတချက် ထိုးကြည့်လိုက်သည်။

"ရှင်လဲ သူ့ရဲ့ ညီအကို ဟုတ်လား"

ချင်းကိုးက ပြုံးလိုက်ပြီး၊

"မဖြစ်နိုင်ဘူးလား"

စုစုက မဲ့ပြုံး ပြုံးလိုက်ပြီး

"ဖြစ်နိုင်ပါတယ်ရှင်၊ ရှင်စကားပြောတဲ့ လေသံတောင်

တဖြည်းဖြည်း သူနဲ့တူလာပြီ၊ ရှင်က ခေါင်းနည်းနည်း သေးနေလို့၊ နို့မဟုတ်ရင် သူ့သားတောင် ဖြစ်နိုင်သေးတယ်”

ချင်းကိုးက ပြုံးလိုက်သည်။

“ကျုပ် တယောက်တည်း မဟုတ်သေးဘူး၊ အခြားလူ တယောက်လဲ သူ့လေသံမျိုးနဲ့ တဖြေးဖြေး တူလာနေပြီဗျာ”

“ဘယ်သူလဲ”

“မင်းပေါ့”

× + ×

လောကပေါ်မှာ လူတမျိုးရှိသည်။

ထိုလူသည်စကားပြောသည့် လေသံ၊လှုပ်ရှားသည့် ဟန်မူရာတို့သည် ကူးစက် တတ်သော ရောဂါတခုပမာ အခြားလူထံသို့ ကူးစက်သွားတတ် လေသည်။

အကယ်၍ သူနှင့်မကြာခဏ အတူတူ နေထိုင်ဆက်ဆံခဲ့ပါမူ သူ၏ပြောပုံဆိုပုံ လှုပ်ရှားပုံများကို လျင်မြန်စွာ အတုယူမိမည် ဖြစ်ပါသည်။

စုစုသည် မိမိမှာလည်း ပြောင်းလဲနေသည်ကို သတိပြုမိလေသည်။

ယခင်တုန်းကဆိုလျှင် သူမသည် ဤကဲ့သို့ မဟုတ်ပါ။

မိန်းကလေး တယောက်အနေဖြင့် ဤကဲ့သို့ ပြောဆိုခြင်းမှာ မသင့်ဟုလည်း တွေးမိနေ၏။

သို့သော် သူမသည် ဆက်၍ မတွေးနိုင်တော့ပါ။

လူတယောက်သည် ထော့နဲ့ ထော့နဲ့ဖြင့် အမှောင်ထုထဲမှ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေတော့သည်။





စုစုသည် စကားစလာပြန်သည်။

“ဒီခြေကျိုးလဲ ရှင့်ရဲ့ ညီအကို ဟုတ်လား”

ယန်းဝှာက ခေါင်းခါယမ်းလိုက်သည်။

“သူ့နာမည်က ခြေကျိုး မဟုတ်ဘူး၊ ဘယ်သူမှလဲ သူ့ကို ခြေကျိုးလို့ မခေါ်ဘူး”

“ဒါဖြင့် သူ့ကို ဘယ်လိုခေါ်သလဲ”

“မြို့တဝက်လို့ ခေါ်တယ်”

“ရှင်....သူ့နာမည်က ဆန်းလှချည်လား”

“ဆန်းဆို ဒီမြို့ထဲက မြေတွေဟာ သူတဝက်ပိုင်ခဲ့လို့ပါ”

“အခုကော”

“အခုတော့ ဒီမြေကွက်တကွက်ဘဲ ကျန်တော့တယ်လေ”

စုစုသည် ငေးငိုင်သွားသည်။

“ရှင်....ဒီမြေကွက်က သူပိုင်တယ် ဟုတ်လား”

“ဟုတ်တယ်”

“သူက ဒီလောက် ဆင်းရဲနေတာဘဲ ဘာဖြစ်လို့ ဒီကွက်လပ်ကို မရောင်းပစ်တာလဲ”

“သူ မဆင်းရဲပါဘူး”

“ရှင်....သူ မဆင်းရဲဘူး ဟုတ်လား၊ ဒါဖြင့် ဘယ်လိုမှ ဆင်းရဲတယ်လို့ ဆိုမလဲ”

“သူက ဆင်းရဲလို့ မြို့တဝက်ရှိတဲ့ မြေတွေကို အားလုံး ရောင်းပစ်လိုက် သော်လဲ သူ့မှာ မြို့ တဝက်လောက် များတဲ့ မိတ်ဆွေတွေ ရလာတယ်လေ၊ ဒါကြောင့်လဲ အခုထိ သူ့နာမည်ဟာ မြို့တဝက်ဘဲ ခေါ်နေကြတာပေါ့”

ချင်းကိုးက ပြုံးလိုက်ပြီး၊

"ဒါကြောင့် သူက သူများထက် ချမ်းသာ နေပါသေးတယ်...."

အချို့လူများသည် မိတ်ဆွေများခြင်းသည် ငွေများခြင်းထက်ပို၍ ချမ်းသာသည်ဟု ယူဆကြလေသည်။

စုစုသည် သက်ပြင်းတချက် ချလိုက်သည်။

"အင်း....သူက လူထူးလူဆန်း တယောက်ဘဲလို့ ဆိုရမှာဘဲရှင်...."

"ဟုတ်တယ်၊ ဒါကြောင့်လဲ သူ့ဆီကရတဲ့ သတင်းဟာ သူများထက်ပိုပြီး တိကျခိုင်လုံတာပေါ့ဗျာ"

စုစု၏ မျက်လုံးအစုံသည် တောက်ပလာလေသည်။

"ရှင်....ရှင်က သူ့ဆီမှာ သတင်းစုံစမ်းနေတယ် ဟုတ်လား"

"ဟုတ်တယ်၊ မိတ်ဆွေ များတဲ့လူဟာ သတင်းများများ ရနိုင်တာပေါ့"

"ရှင်က ဘာသတင်းများ ကြားခဲ့သလဲ"

"သူက မြို့ပြင်မှာ ဘုန်းကြီးကျောင်း တကျောင်း တွေ့လာတယ်လို့ ပြောပြတယ်"

စုစုက မျက်မှောင် ကုတ်သွားသည်။

"ဘုန်းကြီးကျောင်း တကျောင်း တွေ့တာ ဆန်းသလား ဘာလဲ ရှင်က ဘုန်းကြီးကျောင်း မမြင်ဘူးလို့လား"

ယန်းဝှာသည် သူမ၏အမေးကို မဖြေဘဲ စကားဆက်လိုက်သည်။





"ဘုန်းကြီးကျောင်းထဲမှာ ဘုန်းကြီးသုံးပါးတွေ့ခဲ့တယ်လို့လဲ ပြောပြတယ်"

"ရှင်....ရှင်က ဘုန်းကြီးကိုလဲ မမြင်ဘူးဖူး ဟုတ်လား"

"ဒါပေမယ့် ကနေ့မှာဘဲ ဘုန်းကြီးကျောင်းမှာ ဘုန်းကြီး အပါး နှစ်ဆယ်လောက် ထပ်တိုးလာတယ်လို့ သူက ပြောပြသေးတယ်"

စုစုသည် ရင်ထဲထိတ်သွားသည်။

"ဟင်....ဟုတ်လား ပြောစမ်း၊ ဒီဘုန်းကြီးကျောင်းက ဘယ်မှာလဲ"

ယန်းဝှာသည် သူမအား စေ့စေ့ကြည့်လိုက်ပြီး၊

"ဘာလဲ၊ မင်းကလဲ ဘုန်းကျောင်းကို မမြင်ဘူးသို့လား"

ဟု တသုံးခြင်း မေးလိုက်လေတော့သည်။

× × ×

စုစုသည် စိတ်ဝင်စားလာသည်။

ဘုန်းကြီးအပါးနှစ်ဆယ်ခန့် တိုးလာခြင်းမှာ ရွှေမုတ်ဆိတ်တို့ လူစုများ ဖြစ်နိုင်သည်ဟု သူမ တွေးမိသည်။

ယင်းဘုန်းကြီးများသာ တွေ့ရှိမည်ဆိုပါလျှင် နတ္တိဘုန်းကြီး အသတ်ခံရသည်မှာ ချင်းကိုး မဟုတ်ဟု သက်သေပြနိုင်မည် မဟုတ်ပါလော။

ချင်းကိုးကလည်း စိတ်လှုပ်ရှားလာသည်။

"ဘုန်းကြီးကျောင်းက ဘယ်မှာလဲ"

"မြို့ရဲ့ မြောက်ဘက် တံခါးအပြင်မှာ"

"ဒါဖြင့် ဒီနေရာနဲ့ မခဝးဘူးပေါ့"

"ဟုတ်ပါတယ်"

စုစုသည် ထိုင်ရာမှ ထလိုက်သည်။

"ဒါဖြင့် ဘာဖြစ်လို့ ထိုင်နေကြတာလဲ"

"ကျုပ်က လူတယောက် စောင့်နေရအုံးမယ်"

"ဘယ်သူလဲ"

"လူတယောက်"

"အခုမှ မသွားရင် တော်ကြာ ဘုန်းကြီးတွေ တခြားနေရာ ရောက်သွားမှာ စိုးရိမ်ရတယ်ရှင့်"

"ဒါတော့ ကျုပ်လဲ မတတ်နိုင်ဘူး"

"ရှင့်လူ မစောင့်ဘဲ သွားလို့ မဖြစ်ဘူးလား"

"မဖြစ်လို့ပေါ့"

"ဒီလူက ဒါလောက်ဘဲ အရေးကြီးသလား"

"ဟုတ်တယ်"

စုစုသည် ဒေါသကြီးစွာဖြင့် ပြန်လည် ထိုင်ချ လိုက်သည်။

သူမသည် ယင်းသို့ ဒေါသ ထွက်နေစဉ်မှာပင် ရုတ်တရက် စင်းစင်းအား သတိရလာသည်။

သူမသည် စားပွဲအား တချက်ပုတ်လိုက်ပြီး၊

"ဒီမှာ ကျမလူ ဘယ်မှာထားခဲ့သလဲ"

ဟုမေးလိုက်လေသည်။

"ဘယ်သူလဲ"

ယန်းဝှာက နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်ကာ မေးလိုက်သည်။





စင်းစင်းပေါ့၊ ရှင်က မသိချင်ယောင်ဆောင်နေသလား"

"ဗျာ၊ စင်းစင်းကို ကျုပ်ခေါ်သွားတယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ်၊ တနေ့ထဲက ရှင်နဲ့အတူ ပါသွားတယ်လေ"

ယန်းဝှာ၏ မျက်နှာသည် ကွက်ကနဲ ပျက်သွားသည်။ သူသည် ခေါင်းအား သွင်သွင်ခါရမ်းလိုက်ပြီး၊

"ကျုပ်က သူ့ကို လုံးဝ မတွေ့ရှိး အမှန်ပါဘဲဗျာ"

"ဒါဖြင့် သူ....သူ ဘယ်ရောက်သွားပါလိမ့်"

စုစုသည် ထိုင်ရာ ဆတ်ကနဲ ထလိုက်သည်။

ယန်းဝှာသည် သူမအား မော့ကြည့်လိုက်ပြီး၊

"မင်း ဘယ်သွားမလို့လဲ"

"စင်းစင်းကို သွားရှာမလို့"

"ဘယ်ကို သွားရှာမှာလဲ"

"သူ....သူ....ချန်ဟောင်ဆီမှာဘဲ ရှိမှာဘဲ"

"သူ ဟိုမှာရှိတယ်ဘဲထား၊ သူတို့က မရှိဘူး ပြောရင်ကော"

စုစုသည် ငိုင်သွားလေတော့သည်။

ယန်းဝှာသည် သူမအား စေ့စေ့ကြည့်လိုက်ပြီး၊

"မင်း ထိုင်ပါအုံးကွ၊ အကောင်းဆုံးကတော့ ကျုပ်လူလာတဲ့ အထိ စောင့်ပါအုံး"

"ရှင့် လူက ဘယ်တော့ လာမှာတဲ့လဲ"

"သူလာတဲ့အထိတော့ စောင့်ရမှာပေါ့"

"သူ မလာရင်ကော"

"ဆက်ပြီး စောင့်ရမှာဘဲပေါ့"

စုစုသည် ခြေထောက်တချက် ဆောင့်လိုက်ပြီး၊

"ဘာလဲ သူ့ကို ဒါလောက်စောင့်နေရအောင် သူက ရှင့်အဖေမို့လား"

ထိုစဉ်မှာပင် သူ့မနောက်မှ အသံတခု ထွက်ပေါ်လာသည်။

"သူ့အဖေတော့ မဖြစ်နိုင်ဘူး၊ ဖြစ်ရင်တော့ သူ့အမေလောက်တော့ဖြစ်မယ်"

စုစုသည် အသံလာရာသို့ လှည့်ကြည့်လိုက်ရာ၊

အမျိုးသမီးတယောက်အား တွေ့မြင်လိုက်ရလေတော့သည်။

ထိုအမျိုးသမီးသည် အသက် ၅၀-ကျော်ခန့်ရှိသည်။

သို့သော် အလွန် လှပ ချောမော၍ နုပျိုနေသေးသည်။

ယန်းဝှာ စောင့်နေသော သူသည် ဤအမျိုးသမီးပင် ဖြစ်နေပါလေသည်။

ထို အမျိုးသမီးအား တွေ့မြင်လိုက်ရသည်နှင့် ချင်းကိုးနှင့် ယန်းဝှာတို့သည် ထိုင်ရာမှ ထလိုက်ပြီး ပြုံးပြုံးငှာငှာ ကြိုဆို ကြလေသည်။

နေရာ ထိုင်ခင်းများ ပေးကြသည်။

အမျိုးသမီးသည် အေးဆေးစွာ ထိုင်ချလိုက်ပြီး သူ့ရှေ့မှ ချပေးသော အရက်ခွက်အား ယူ၍ မော့ချလိုက်သည်။

စုစုသည် ထိုင်ရာမှ ထလိုက်သည်။

"ကဲ-ရှင်တို့က အရေးကြီးတဲ့စကား ပြောစရာရှိရင်ပြောပါ"

ဟု ပြော၍ အခြားနေရာသို့ သွားမည်အပြုတွင် ယန်းဝှာက ဟန့်တားလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ဝမ်းစန်းလျှံက အရက်ဝအောင် သောက်ပြီးမှ စကားပြောတတ်တယ်ဗျ"





စုစု၏ မျက်နှာသည် တင်းမာနေ၏။

"သူက ဘယ်တော့မှ အရက်ဝမှာလဲ"

ဝမ်းစန်းလျှံက ပြုံးလိုက်သည်။

"မူးလာသည်အထိပေါ့ကွယ်"

သူမသည် အရက်ခွက်အား တကျိုက် မော့ချလိုက်ပြီး၊

"ကျုပ် ပြောတဲ့ စကားဟာ အရက်မူးတဲ့ စကားပါဘဲ"

စုစုက မဲ့ပြုံး ပြုံးလိုက်သည်။

"မူးတဲ့စကားကို နားထောင်တဲ့လူလဲ ရှိသေးသားဘဲ ရှင့်"

ယန်းဝှာက ပြုံးလိုက်ပြီး၊

"လူ့ဘဝဟာလဲ အရက်မူးတဲ့ စကားတွေ တော်တော်ပြောနေကြ ဆိုနေကြ မဟုတ်လားဗျာ"

ဝမ်းစန်းလျှံက သဘောကျစွာဖြင့် ယန်းဝှာ၏ ပခုံးအား တချက် ပုတ်လိုက်ပြီး၊

"အင်....မင်း မဆိုးဘူး၊ လောကပေါ်မှာ မင်းလို ယောကျာ်းမျိုး တနေ့တခြား ရှားလာပြီ၊ ဒါကြောင့် မနာလို ဝန်တိုတဲ့လူ ရှိနေတာကိုး"

စုစုသည် မျက်လုံး ပြူးကျယ်သွားသည်။

"ဒီမှာ ရှင်က ကျမကို ပြောနေတာလား"

ဝမ်းစန်းလျှံသည် ပြုံး၍ စကားမပြောတော့ပါ။

× × ×

အတန်ကြာမှ ဝမ်းစန်းလျှံသည် သက်ပြင်း တချက် ချလိုက်ပြီး၊

"အရက်မူးပြီး ပြောတဲ့စကားတွေဟာ များသောအားဖြင့်

စစ်မှန်တဲ့ စကားတွေသာ ဖြစ်တယ်။ ဒါပေမယ့်....လူတွေက စကားအမှန်တွေကို နားမထောင်ချင်ကြဘူး”

ယန်းဝှာက ပြုံးလိုက်သည်။

“ကျနော် နားထောင် ချင်ပါတယ်၊ ခင်ဗျား”

ဝမ်းစန်းလျံ၏ မျက်ဝန်း အစုံသည် ရှင်လက်သွားသည်။

“မင်းကြားရတဲ့ စကားဟာ မမှားပါဘူး”

ယန်းဝှာ၏ မျက်နှာသည် အနည်းငယ် ပျက်သွားသည်။

“မမှားဘူးလို့ ခင်ဗျား သိပြီးပြီ မဟုတ်လား”

ဝမ်းစန်းလျံ စကားမပြောတော့ပါ။ သူမသည် အရက်ကိုသာ သောက်နေ၏။

ယန်းဝှာသည် အတန်ကြာ တိတ်ဆိတ်နေပြီးမှ လေပူတချက် မှုတ်လိုက်သည်။

“ကျေးဇူး တင်ပါတယ်”

ဝမ်းစန်းလျံက ပြုံးလိုက်ပြီး၊

“ငါ့ကို ကျေးဇူးတင်ရမယ့် အချိန်တွေ အများကြီး ရှိသေးတယ်၊ အခုတော့ မင်းမိန်းကလေးက စိတ်မရှည်တော့ဘူး၊ သွားစရာရှိရင် သွားကြပါ”

ယန်းဝှာသည် သက်ပြင်းတချက် ချလိုက်သည်။

“ကျနော်တို့ သွားမယ်၊ ခင်ဗျားကော”

ဝမ်းစန်းလျံက ပြုံးလိုက်သည်။

“ကျုပ် တယောက်ထဲ နေတတ်နေပါပြီ၊ တယ်သူမှ အဖော်ပြုစရာ မလိုတော့ပါဘူး”

ချင်းကိုးက သူမအား တချက်ကြည့်လိုက်ပြီး၊





“ကျနော် နေခဲ့မယ်လေ”

ဝမ်းစန်းလျံသည် ခေါင်းခါရမ်းလိုက်သည်။

“ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မလိုပါဘူး၊ မင်းလဲ သွားနိုင်ပါတယ်ကွယ်”

ယန်းဝှာတို့သည် အမှောင်ထဲသို့ လှမ်းဝင်လိုက်သော အခါ လူရိပ်တခုသည် အရိပ်ပမာ ရပ်လျက် စောင့်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူရိပ်သည် ယန်းဝှာအား တွေ့လိုက်ရသည်နှင့် ဦးညွှတ်လိုက်ပြီး လျှပ်တပြက် ကွယ်ပျောက်သွားလေသည်။

ယန်းဝှာသည် ထိုလူရိပ် နောက်သို့ ပြေးလိုက်သွားသည်။

ချင်းကိုးကလည်း ကပျာကယာ လိုက်သွားလေသည်။

စုစုမှာမူ အနည်းငယ် ငေးနေရာမှ သူမသည် ချင်းကိုး နောက်မှ အမှီလိုက်သွားရလေသည်။

●

**လှမ်းပြသမား**

ရှေ့မှ လူရိပ်သည် လေကဲ့သို့ လျင်မြန်သည်။

ယန်းဝှာသည် ထိုလူရိပ်အမှီ လိုက်နေ၏။

ယန်းဝှာနောက်သို့ ချင်းကိုးနှင့် စုစုသည် ပြေးလွှားကာ လိုက်နေရ၏။

"ရှေ့က လူကို ဘာလို့ လိုက်နေရတာလဲ"

စုစုသည် ပြေးလွှားသွားရင်း ချင်းကိုးအားမေးလိုက်သည်။

"သူက လမ်းပြလေ"

"ဘယ်ကိုလဲ ဟင်"

"ဘုန်းကြီးကျောင်းပေါ့"

"သူက ဘယ်သူလဲ"

"မြို့တဝက်ပေါ့"

"ရှင်"

စုစုသည် အံ့အားသင့်သွားသည်။

သူမ တွေ့ခဲ့ရသော မြို့တဝက်မှာ ခြေကျိုးသော ဒုက္ခိတ ဖြစ်သည်။

ယခုမှာမူ ခြေကျိုး ဒုက္ခိတ ဖြစ်သော မြို့တဝက်အား သူမ သည် မောကြီးပန်းကြီးဖြင့် မနည်းလိုက်နေရသည်။

ယန်းဝှာက အဘယ်ကြောင့် မြို့တဝက်အား လေးစားသည် ကို သူမ သဘောပေါက်လာလေသည်။

မြို့တဝက်သည် မိတ်ဆွေ ပေါများသော လူတယောက်ပင် မက ကိုယ်ဖေါ့ပညာတွင်ပြိုင်စံရှားသောသိုင်းသမားတယောက် ပင် ဖြစ်ပါသည်။

ယခု သူမသည် ထိုခြေကျိုးဖြစ်နေသော မြို့တဝက်အား အထင်မသေးဝံ့တော့ပါချေ။

●





ဘုန်းကြီးကျောင်း

တောင်ကုန်း၊ တောအုပ်။

ဘုန်းကြီးကျောင်း တကျောင်းသည် ဤတောင်ကုန်း ပေါ်မှ တောအုပ်ကြားမှာ တည်ဆောက်ထားသည်။

"ဟွာရင်စီ"

ဘုန်းကြီးကျောင်း၏ တံခါးဘောင် ပေါ်တွင် ရွှေစာလုံးဖြင့် ရေးသားထားသော ဆိုင်းဘုတ် တခု ရှိသည်။

နှစ်လရှည်ကြာပြီ ဖြစ်၍ ရွှေစာလုံးများ ပေါ်မှ ရွှေရောင် များသည် ကွာကျနေပြီး အကွက်အကွက် ဖြစ်နေ၏။

မြို့တဝက်သည် ဤနေရာ ရောက်ရှိသည်နှင့် အမှောင်ထု ထဲသို့ ပြန်လည် ဝင်ရောက်ကာ ကွယ်ပျောက် သွားလေသည်။

ညဥ့်နက်ပြီဖြစ်နေသော်လည်း ဘုန်းကြီးကျောင်းထဲ၌မီးများ သည် ထိန်ထိန်လင်းနေသေးချေ၏။

သို့သော် လူသံသူသံဟူ၍ လုံးဝ မကြားရပါ။

အသံ မရှိခြင်းသည် အသံ ရှိသည်ထက် ကြောက်ဘွယ်ရာ ကောင်းသည် မဟုတ်ပါလော။

စုစုသည် ရင်ဖိုလာလေသည်။

ယန်းဝှာ၏ မျက်နှာမှာလည်း လေးနက်နေသည်။

စုစုစိတ်ထဲတွင် ယန်းဝှာသည် မိမိအား အပြင်၌စောင့်ခိုင်းပြီး သူနှဲ့ ချင်းကိုး ဝင်သွားမည်ဟု ထင်မိနေသည်။

သို့သော် ယန်းဝှာသည် မည်သို့မှ စကားမပြောဘဲ ဘုန်းကြီး

ကျောင်းထဲသို့ မားမားမတ်မတ် လျှောက်သွားနေသည်။

"ဒီမှာ"

စုစုက လှမ်းခေါ်လိုက်သောကြောင့် ယန်းဝှာသည် ခြေလှမ်း ရပ်လိုက်ပြီး သူမအား လှည့်ကြည့်လိုက်သည်။

စုစုသည် အသံတိုးတိုးဖြင့်၊

"ရှင်က ဘာလုပ်မလို့လဲ"

"ကျုပ် ဘုန်းကြီးကျောင်းထဲ ဝင်မလို့ပေါ့"

"ဒီလို ဝင်လို့ ဖြစ်မလား"

"ဘာလို့ မဖြစ်တာလဲ"

"သူတို့က ကြိုတင် အစီစဉ် လုပ်ထားမှာပေါ့"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ဒို့ထဲက တယောက်ယောက် အရင် ဝင်ပြီး စုံစမ်းလေ့လာရအုံးမှာပေါ့"

"ဒါဖြင့် ဘယ်သူက အရင် ဝင်ကြည့်မှာလဲ"

စုစုသည် ချင်းကိုးအား လှည့်ကြည့်လိုက်သည်။

ချင်းကိုးသည် ပါးစပ် ပိတ်ထားနေသည်။

စုစုသည် မချိမခံသာ ဖြစ်လာသည်။ သူမသည် ယန်းဝှာအား ကြည့်လိုက်ပြီး၊

"ရှင် ပြောပါ၊ ဘယ်သူ့ကို အရင်လွှတ်ရင် ကောင်းမလဲ"

ယန်းဝှာသည် အေးဆေးသော လေသံဖြင့်၊

"ဒီအကြံက မင်းကပေးတာ အဲဒီတော့ မင်းဘဲ အရင် သွားကြည့်ရင် ကောင်းမှာပေါ့"

စုစုသည် ဒေါသ ထွက်လာသည်။





ဤ ခေါင်းကြီး ဝက်ပုတ်သည် ယောကျ်ား ရင့်မာကြီး တယောက်က မိန်းကလေး တယောက်ကို အန္တရာယ်ရှိနိုင်တဲ့ နေရာသို့ စေလွှတ်နေခြင်းမှာ ရှက်ဘွယ်ရာဟုပင် မသိသလော။

သူမသည် အံတချက် ကြိတ်လိုက်ပြီး၊

"ကောင်းပြီ၊ ကျမက မိန်းမသားဆိုပေမယ့် ရှင့်တို့နဲ့ သတ္တိရှိတယ်၊ သွားဆို သွားတယ်၊ ဘာဖြစ်လဲ"

ယန်းဝှာသည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်း သွားလို့ တခုခုဖြစ်ရင် ကျုပ်တို့ လာပြီး ကူညီနိုင်သေးတယ်၊ ကျုပ်တို့သာ တခုခုဖြစ်ရင် မင်းလဲ ဘာမှ အကူအညီပေးနိုင်မှာ မဟုတ်ဘူး"

စုစုသည် ယန်းဝှာ၏ စကားပင် ဆုံးအောင် နားမထောင်ဘဲ ဘုန်းကြီးကျောင်း ထဲသို့ ခြေလှမ်း ကျဲကျဲဖြင့် လျှောက်သွားလေတော့သည်။

ဘုန်းကြီးကျောင်း၏ တံခါးသည် စေ့ရုံမျှသာ စေ့ထားသည်။

စုစုသည် လှေကားထစ်ပေါ်၌ ရပ်လျက် တံခါးအား အသာအယာ တွန်းကြည့်သည်။

"ကျွီ"

တံခါးသည် အလိုလို ပွင့်သွားလေသည်။ စုစုသည် နောက်သို့ တချက် လှည့်ကြည့်လိုက်သည်။ ယန်းဝှာအား မတွေ့ရတော့ပါ။

"ဝက်ပုတ် ခေါင်းကြီး"

စုစုသည် စိတ်ထဲ၌ ကြိတ်၍ ကျိန်ဆိုမိသည်။

သို့သော် ချင်းကိုးပါ မတွေ့ရသောအခါ သူမသည် ကျိန်ဆဲခြင်းမှ ရပ်လိုက်လေသည်။

သူမသည် အတန်ကြာရပ်တန့်ပြီးမှ ကိုယ့်ကိုယ်ကို အရဲစွန့်ကာ အထဲသို့ ခြေလှမ်းလိုက်လေသည်။

အခန်းတွင် မီးရောင်များ ထိန်ထိန်လင်းနေသည်။

မီးခိုးများ သို့မဟုတ် အငွေ့အခိုး များသည် တခန်းလုံးအား ဝိုးတဝါးဖြင့် လွှမ်းခြုံထားသည်။

သူမသည် အခိုးအငွေ့များကြားမှ သေချာစွာ ကြည့်လိုက်သည်။

ဘုန်းကြီး မဆိုထားဘိ လူသူပင် တယောက်မှ မတွေ့ရပါချေ။

"ဒီမှာ အိမ်ရှင်၊ အဲ....ကျောင်းထိုင် ဆရာတော် မရှိဘူးလား...."

သူမသည် အသံအား တုန်ခါမသွားစေရန် ထိန်း၍ ခေါ်လိုက်သည်။

သို့သော် အခန်း၏ခေါင်မိုးမှ လင်းနို့အချို့သည် လန့်၍ ပျံဝဲကာ ထွက်သွားသည်မှအပ လူသူတယောက်မျှ မရှိပါ။

သူမသည် ဘေးဘီသို့ကြည့်ရင်း ရှေ့သို့ လှမ်းလျှောက် သွားသည်။

ဘုန်း ကြီး ကျောင်း သည် အလွန် ဟောင်းနွမ်း နေသဖြင့် နံရံမှာ ချယ်သထားသော ရုပ်တုများ၊ ဘုရားရုပ်များမှာလည်း ရွှေရောင်ပင် မရှိတော့ပါ။

သူမသည် ကြောက်ရွံ့၍ နေသော်လည်း အံကို တင်းတင်း ကြိတ်ထားသည်။

သူမသည် အခန်းတခုလုံး လှည့်ပတ်ကြည့်လိုက်ရာ လူသူဟူ၍





တယောက်မှ မရှိသည်ကို တွေ့လိုက်ရသဖြင့် သူမသည် ပြန်လည် ထွက်လာရန် ဟန်ပြင်လိုက်သည်။

သူမသည် တံခါးနှင့် လက်တလှမ်း အကွာသို့ ရောက်လာသောအခါ သူမခြေနင်းထားသော ကျောက်ပြားသည် လှုပ်ရှားသွားသည်။

"ဝုန်း...."

ကျောက်ပြားသည် တပတ် လည်သွားကာ အပေါက်ကြီး တခု ဖြစ်ပေါ်လာလေသည်။

စုစု၏ ခန္ဓာကိုယ်သည် ထိုအပေါက်မှ ကျုံကျသွားလေတော့သည်။

× × ×

"အား...."

သူမသည် ထိတ်လန့်စွာ အော်ဟစ်လိုက်သည်။

သို့သော် သူမသည် မြေအောက်ခန်းတခုသို့ ကျရောက်နေသည်ကို တွေ့လိုက်ရလေသည်။ အပေါ်မှ ကျောက်ပြားသည် ပြန်လည် ပိတ်သွားပြီ ဖြစ်သည်။

နံရံပေါ်တွင် မီးအိမ်များသည် စိမ်းဖန့်ဖန့် အရောင်ဖြင့်။ သူမသည် ရှေးဘုရင်များ သင်္ဂြိုဟ်ခဲ့သော ဂူကြီးထဲသို့ ရောက်နေသည်ဟု ခံစားလိုက်ရလေသည်။

သူမသည် မြေပေါ်သို့ ထိုင်လျက် ကျသွားသည်။

သူမသည် ထိုင်ရာမှ ထလိုက်သောအခါ အခန်း၏တနေရာတွင် လူတယောက်သည် မလှုပ်မယှက် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

"ဘယ်သူလဲ"

သူမသည် ဟစ်အော်၍ မေးလိုက်သည်။

"ကျုပ်ပါကွာ"

ထိုလူသည် ပြောရင်း ကုလားထိုင်မှ ထလိုက်သည်။

မှောင်ရိပ်ကျနေသော သူ၏မျက်နှာသည် မီးရောင်နှင့် ထင်ဟပ်ကာ ပီပီပြင်ပြင် မြင်တွေ့လိုက်ရလေသည်။

"ဟင်....ဆရာကိုး"

စုစုသည် ထိတ်လန့် တုန်လှုပ်စွာဖြင့် လွတ်ကနဲ အော်လိုက်သည်။

"ဟုတ်ပါတယ်၊ မင်းက ငါ့ကို လက်ထပ်မယ့် ဇနီးဆိုတာ မေ့နေပလား"

သူသည် ပြောရင်း စုစုထံ လျှောက်လာသည်။

"ရှင်... သွား....သွား၊ ကျမအနား မကပ်နဲ့"

စုစုသည် အော်ဟစ်ရင်း နောက်သို့ ဆုတ်သွားလေသည်။

"ဟဲ....ဟဲ....ဟဲ၊ မင်းဒီမှာအော်လို့ ဘယ်သူ ကြားမှာလဲ ကွာ...."

ဆရာကိုးသည် သူမ၏ ပခုံးနှစ်ဘက်အား ဆုပ်ကိုင်လိုက်ပြီး ပြောလိုက်သည်။

"ရှင်....ရှင်၊ ကျမကို သတ်ပစ်ပါ"

"ကျုပ်က ဘာဖြစ်လို့ မင်းကို သတ်ရမှာလဲ၊ ကျုပ်က မင်းကို မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းမှာပါ"

စုစုသည် နှုတ်ခမ်းအား တင်းတင်း ကိုက်ရလွန်း၍ သွေးများပင် ထွက်လာသည်။





သူမသည် ဆက်၍ ရှန်းကန်နေလျှင် ဒုက္ခရောက်လိမ့်မည်ဟုလည်း ဆင်ခြင်မိလာသည်။

ရုတ်တရက် အတွေးတခုသည် သူမ၏ ဦးနှောက်ထဲသို့ ဝင်လာသည်။

သူမသည် မိန်းမ၏ ပရိယာယ်ဖြင့် အသုံးပြုသင့်ပြီဟုလည်း ဆင်ခြင်မိသည်။

ထို့ကြောင့် သူမသည်ဆက်၍ ရုန်းကန်ခြင်း မပြုတော့ဘဲ သက်ပြင်းတချက် ချလိုက်ပြီး။

"မင်း ဘယ့်နှယ် ပြောပါလိမ့် မင်းကို လိုချင်လို့ ငါ ဘယ်လောက် ကြိုးစားရသလဲဆိုတာ မင်း အသိသားဘဲ"

"ရှင်က ကျမကို တကယ်ချစ်ရင် ဒီလိုမျိုးလုပ်ဖို့ မသင့်ပါဘူး ရှင်"

"ဒါဖြင့် ကျုပ်က ဘာလုပ်ရမလဲ"

"မိဘဆီ တောင်းရမ်းရမှာပေါ့"

"မင်း သဘောက မင်း မိဘဆီကို သွားတောင်းရမှာလား"

"ဟုတ်တာပေါ့ ရှင်"

"ဒါဖြင့် မင်းမိဘက သဘောတူရင် မင်းက ငါနဲ့ လက်ထပ်မယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း ကတိတည်တယ်နော်"

"စိတ်ချပါ၊ ကျမ အဖေက သဘောတူရင် ကျမ ဘာမှ ပြောစရာ မရှိတော့ပါဘူး"

"ဟား....ဟား....ဟား ဒီလိုဆိုကျုပ်တို့ အခုဘဲ မင်းအဖေဆီ သွားတောင်းရမ်းမယ်လေ"

ဆရာကိုး၏ စကားကြောင့် စုစုသည် ကြောင်အအ ဖြစ်သွားလေသည်။

ဆရာကိုးသည် ဤမျှလိုက်လျောနေခြင်းမှာ အဘယ်ကြောင့်နည်း။

သူမ၏ ဖခင်သည် ဆရာကိုးကဲ့သို့ လူမျိုးနှင့် လက်ထပ်ခွင့်ပေးမည်လော။

ထိုစဉ်မှာပင် ဆရာကိုးသည် သူမ၏ လက်ကို ဆွဲကာ၊

"ကဲ....သွားကြမယ်"

စုစုက အံ့သြသွားသည်။

"ဘယ်ကိုလဲရှင့်"

"မင်းအဖေဆီကိုပေါ့"

"ဖေဖေက ဘယ်မှာလဲ"

"မင်းလိုက်ခဲ့ရင် သိမှာပေါ့"

ထို့နောက် ဆရာကိုးသည် စုစု၏ လက်ကိုဆွဲကာ အခန်း၏ ဝဲယာဘက်သို့ လျှောက်သွားသည်။

သူသည် မီးအိမ်ချိတ်ထားသော နံရံဘက်သို့ ချဉ်းကပ်သွားပြီးလျှင် နံရံပေါ်မှ သံကွင်းတကွင်းအား လက်ဖြင့် ဆွဲလိုက်သည်။ ရုတ်တရက်၊

"ဂျိန်း....ဂျိန်း....ဂျိန်း"

အသံများ ထွက်ပေါ်လာပြီး နံရံသည် ရွှေ့လျားသွားပြီး တံခါးပေါက်တခု ပေါ်လာလေသည်။





ဆရာကိုးသည် ထိုတံခါးပေါက်ထဲသို့ ဝင်သွားသည်။

ထိုတံခါးပေါက်သို့ ဝင်ရောက်လာသောအခါ စုစု၏ မျက်လုံးအစုံသည် နှစ်ဆ ပြူးကျယ်သွားလေတော့သည်။

သူမသည် မယုံကြည်နိုင်အောင် ဖြစ်သဖြင့် မျက်လုံးများ ပွတ်သပ်ကာ ကြည့်လိုက်ရလေသည်။

သူမ၏ မျက်နှာ တခုလုံးမှာ အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ မယုံကြည်နိုင် ဖြစ်ခြင်း စသည့် အရိပ်အရောင်များ ပေါ်လွင်နေလေတော့သည်။

× × ×

ဤနေရာသည် လေးထောင့် ပုံသဏ္ဍာန်ရှိသော အခန်းတခန်းဖြစ်သည်။ ပြတင်းပေါက် မရှိပါ။

နံရံမှ အပေါက် ပြန်ပိတ်သွားသောအခါ ယင်းအခန်းသည် သေတ္တာတလုံးနှင့် တူလှပေသည်။

မီးရောင်များသည် မည်သည့် နေရာမှ ထိုးထွက်လာသည် မသိ၊ စိမ်းဖန့်ဖန့် အရောင်ဖြစ်သည်။

ထိုအခန်းတွင် အိမ်ထောင် ပရိဘောဂ စုံလင်လှသည်။

အသက် (၆၀)ခန့် ရှိသော အဖိုးအို တယောက်သည် ကုလားထိုင် တလုံးပေါ်တွင် ထိုင်လျက် သူ၏ လက်ထဲတွင်ရှိ ကျောက်စိမ်း ဆေးတံတလက် ကိုင်ထားသည်။

အဖိုးအို နောက်တွင် အမျိုးသမီးတယောက် ရပ်လျက် သူ့အား နှိပ်နယ်ပေးနေ၏၊ အခြား အမျိုးသမီး တယောက်သည် စက္ကူလိပ် မီးစအား မှုတ်ပြီး အဖိုးအိုအား ဆေးတံမီး ညှိပေးနေ၏။

စုစုသည် တကိုယ်လုံး တောင့်တင်းနေသည်။

ထိုအဖိုးအိုအား သူမ မသိ၍ မဖြစ်ပါ။

အကြောင်းမှာ ထိုအဖိုးအိုသည် သူမ၏ ဖခင်ပင် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ အထူးသဖြင့် သူမ၏ ဖခင် အသုံးပြုလေ့ရှိသော ကျောက်စိမ်း ဆေးတံကိုကောင်းစွာ မှတ်မိနေ၏။

မည်သူမဆို မိမိ၏ ဖခင်အား တွေ့မြင်လိုက်ရသည်နှင့် ပြေး၍ ဖက်ထားမည်သာ ဖြစ်ပါသည်။

သို့သော် စုစုမှာမူ မလှုပ်မယှက် ရပ်နေ၏။

သူမ၏ မျက်လုံး အစုံသည် သူမ၏ ဖခင်အား မီးညှိပေးနေသော အမျိုးသမီးနှင့် နှိပ်နယ်ပေးနေသော အမျိုးသမီးအား တွေ့လိုက်ရသဖြင့် ကြောက်ရွံ့ တုန်လှုပ်နေခြင်း ဖြစ်မိသည်။

ထိုအမျိုးသမီး နှစ်ယောက်သည် အမကြီးဝမ်နှင့် ချန်ဟောင်တို့ဖြစ်ပါသည်။

စုစုသည် ဒေါသ ထွက်လွန်း၍ မျက်ရည်များပင် ကျလာသည်။

မိမိ၏ ဖခင်သည် အဘယ်ကြောင့် ဤအမျိုးသမီးနှင့် မိန်းမရှာတို့နှင့် ရင်းနှီးနေရပါသနည်း၊ သူမ၏ ဖခင် စုအော့သည် စုစုအား တွေ့လိုက်ရသည်နှင့် ဝမ်းသာသွားပုံ ရသည်။ သူသည် ပြုံးလိုက်ပြီး၊

"သမီးလဲ ရောက်လာမှကိုး ကောင်းတယ် ကောင်းတယ်"

စုစုသည် မျက်ရည်များ တသွင်သွင် ကျဆင်းလာသည်။

"သမီးလာမယ်လို့ ဖေဖေက သိနေလို့လား"

စုအော့က ခေါင်းညိတ်လိုက်သည်။





အမကြီး ဝမ်က တခိခိ ရယ်မောလိုက်သည်။

"အတော်ဘဲ၊ ခုနဘဲ ညီးအကြောင်းကိုပြောနေသေးတယ်"

"ကျမအကြောင်း ဟုတ်လား၊ ဘာအကြောင်းလဲ"

"ညီးကို ဆရာကိုးနဲ့ လက်ထပ်ဖို့ ကိစ္စပေါ့"

"ဖေဖေက ဘာပြောသလဲ"

"ဘာပြောရမှာလဲ မိန်းကလေးက အရွယ်ရောက်လာရင် အိမ်ထောင်ချပေးတာ မိဖရဲ့တာဝန်ဘဲမဟုတ်လား၊ညီးအဖေက ခွင့်ပြုလိုက်ပြီလေ"

"ရှင်"

စုစုသည် မျက်လုံးပြူးသွားသည်။ သူမသည် မယုံကြည်စွာဖြင့် စုအော့အား စိုက်ကြည့်လိုက်ပြီး၊

"ဟုတ်လား ဖေဖေ"

"အင်း"

ဆရာကိုးသည် စုစု၏ ပခုံးအား အသာအယာ သိုင်းဖက်ထားသည်။

စုစု၏ မျက်နှာတခုလုံးသည်ဒေါသရောင်များလွှမ်းမိုးနေ၏။

"ရှင့်လက် ဖယ်လိုက်စမ်းပါ"

သူမ၏ အသံမှာလည်း အေးစက် ခက်ထန်လာသည်။

ဆရာကိုးက ပြုံးလိုက်ပြီး၊

"မင်းပေးတဲ့ ကတိအတိုင်း မင်းအဖေလဲ သဘောတူပြီ၊မင်းငြင်းအုံးမလို့လား"

စုစုသည် ဆရာကိုး၏ လက်အား ဖယ်ရှားလိုက်သည်။

သူမသည် ရှေ့သို့ လျှောက်သွားပြီး စုအော့အား သေသေချာချာ ကြည့်နေ၏။

အတန်ကြာမှ သူမသည် ရုတ်တရက် အသံကျယ်လောင်စွာ အော်လိုက်သည်။

"ရှင်က ဘယ်သူလဲ"

အမကြီး ဝမ်က တခိခိ ရယ်မောလိုက်ပြီး၊

"ညီးက မမှတ်မိဘူးလား၊ သူက ညီးရဲ့အဖေ စုအော့လေ"

စုစုသည် စုအော့ရှေ့သို့လျှောက်သွားပြီးစုံအော့အား စေ့စေ့ကြည့်လိုက်သည်။

"ရှင်က ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျမအဖေ ယောင်ဆောင်နေရတာလဲ၊ ကျမအဖေကော ဘယ်မှာလဲ"

ဟု အသံတုန်ရီစွာဖြင့် မေးလိုက်လေသည်။

အမကြီး ဝမ်က အံ့သြသွားသည်။

"ဟင်....ညီးက ညီးအဖေ မဟုတ်မှန်း ဘယ်လိုသိသလဲ"

ထိုစဉ် ဆရာကိုးက ရောက်လာပြီး သူမအား ဆွဲထားလိုက်လေသည်။

စုံစုသည် ရုန်းကန်ရင်း၊

"ကျမအဖေ ဘယ်မှာလဲ၊ကျမအဖေနဲ့ တွေ့ပေးပါ"

အမဝမ်၏ မျက်နှာသည် တင်းမာသွားသည်။

"ဒီမှာ သေချာနားထောင်၊လောကပေါ်မှာ စုအော့ဆိုတာ မရှိတော့ဘူးသာ မှတ်"

"ဖြန်း"





ထိုလူသည် ကပျာကယာ ကုလားထိုင်ပေါ်မှ ထလိုက်လေသည်။

အမကြီး ဝမ်သည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး၊

"ကျုပ်က ဒါလောက် သင်ကြားပေးနေတဲ့ ကြားက မင်းပိပိရိရိ မရှိလို့ အခုလို အလိမ်ပေါ်သွားရတယ်၊ တော်တော် အသုံးမကျတဲ့လူ"

ထိုလူသည်မျက်နှာရှုံ့မဲ့ကာ ပါးပြင်အားလက်နှင့်ပွတ်ရင်း၊

"ကျနော်လဲ အတတ်နိုင်ဆုံး တူအောင် ဟန်ဆောင်နေတာ ဘဲဗျာ"

"ဖြန်း...."

အမကြီး ဝမ်သည် ထပ်ဆင့်ပါးတချက်ရိုက်လိုက်ပြန်သည်။

"မင်းကို စကားမပြောနဲ့လို့ အတန်တန်မှာထားလျက်နဲ့ မင်း ကဘာလုပ် စကားများ နေရတာလဲ"

"ကျနော်က စကားတခွန်းဘဲ ပြောမိတာပါ၊သူက ဘယ်လို လုပ်သိသလဲဆိုတာ ကျနော်လဲ မသိဘူး"

"သွားစမ်း မြန်မြန် တော်ကြာ ကျုပ်သတ်မိလိမ့်မယ်"

ဆရာကိုး၏ အသံ ဟိန်းထွက်လာသည်။

ထိုလူသည် ကပျာကယာ ထိုအခန်းမှ ထွက်သွား လေတော့သည်။

စုံစုသည် အားရပါးရ ငိုကြွေးနေလေသည်။

အမကြီး ဝမ်သည် သူမအား စေ့စေ့ကြည့် လိုက်ပြီး၊

"နေပါအုံး သူက ညီး အဖေ မဟုတ်မှန်း ညီးဘယ်လို သိသလဲ"

စုစုသည် ငိုကြွေးလျက်။

"ကျမ ဖေဖေ ဘယ်မှာလဲရှင် ကျမဖေဖေနဲ့ တွေ့ပါရစေ"

"အေးလေ ညီးကို မေးနေတာလဲ ဖြေအုံးမှပေါ့"

စုစုသည် မျက်ရည်များ သုတ်လိုက်ပြီး။

"ကျမဖေဖေက ကျမ္မာရေးကြောင့် ဆေးတံမသောက်တာ သုံးလမက ရှိသွားပြီးရှင့်၊ နောက်ပြီး သူက ဆေးတံဖွာရာမှာ ဘယ်တုံးကမှ ဆက်တိုက်မဖွာဘူး၊ ကြာကြာမှ တခါဖွာတယ်၊ ကဲ....ရှင်းပြီလား"

စုစု၏ စကားကြောင့် အမကြီးဝမ်နှင့် ချန်ဟောင်တို့သည် အချင်းချင်း ကြည့်ကာ ခေါင်းညိတ်ကြလေတော့သည်။

"ကျမ ဖေဖေကော ကျမကို ဖေဖေနဲ့ တွေ့ပေးပါရှင်"

ဆရာကိုးသည် သူမအား ဆွဲထားရာမှ လွှတ်လိုက် သည်။

"မင်းကသာ ငါ့ကို လက်ထပ်မယ်လို့ ကတိပေးရင် မင်း အဖေဆီ ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးမယ်၊ ဘယ့်နှယ်လဲ"

"ရှင်....ရှင့်လိုလူမျိုးကို ကျမ ဘယ်နည်းနဲ့မှ မယူနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ရှင့်ကိုယ်ရှင် ကြေးမုံထဲမှာ ပြန်ကြည့်ပေါ့၊ ရှင်က လူနဲ့တူ သလားလို့"

ချန်ဟောင်သည် မျက်သုံးတချက် ဝေ့လိုက်ပြီး၊

"ကျုပ်သိပြီ၊ ညီးကသူရုပ်ဆိုးလွန်းလို့ငြင်းပယ်တာနဲ့တူတယ်"

သူမသည် ပြုံးလျက် ဆရာကိုးထံ လျှောက်လာပြီး သူ၏ ပခုံးအား အသာအယာ ပုတ်လိုက်သည်။





"ကဲ....သူကတော့ မင်းရုပ်ဆိုးလို့ မယူနိုင်ဘူးတဲ့၊ မင်းက သူ့ကို လိုချင်ရင်တော့ ရုပ်ချောအောင် လုပ်ပေအုံးတော့"

အမကြီး ဝမ်ကလည်း ရယ်မောလိုက်သည်။

"ဟုတ်သားဘဲ မိန်းကလေးများဟာ အလှကြိုက်ကြတာ သဘာဝ ကျပါတယ်"

ဆရာကိုးသည် သူတို့နှစ်ယောက်အား တလှည့်စီ ကြည့် လိုက်ပြီး၊

"ဘာလဲ ကျုပ်ကို ရုပ်ချောမှ ယူမယ်လို့ ဟုတ်လား"

ချန်ဟောင်က ခေါင်းညိတ်လိုက်ပြီး၊

"ဟုတ်တာပေါ့၊ ရှင့်ရုပ်ကလဲ ဆိုးကို ဆိုးပါတယ်"

ဆရာကိုးက ပြုံးလိုက်သည်။

"ရုပ်ချောဖို့တော့ လွယ်ပါတယ်၊ ကျုပ်တာဝန်ထားပါ"

သူသည် ပြောပြီးသည်နှင့် သူ၏လက်နှစ်ဘက်မှလက်ချောင်း ကလေးများသည် သူ၏ မျက်နှာပေါ်သို့ ရောက်ရှိသွားကာ လှုပ်ရှား၍ နေလေတော့သည်။

●

### ရုပ်ပြောင်း ရုပ်လွှဲ

စုစုသည် ဆရာကိုးအား မည်သည့်အခါမှ မျက်လုံးချင်းဆုံ၍ မကြည့်ခဲ့ပါ၊ ဆရာကိုး၏ မျက်နှာသည် လူ့သဘာအလောင်းပမာ ဟန်မူရာ မရှိ သွေးမရှိဘဲ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

သူ၏ မျက်နှာအား သေသေချာချာ ကြည့်လိုက်လျှင် သူမသည် ကျောအထိ စိမ့်တက်လာတတ်လေသည်။ ကြောက်ရွံ့ဒူးတုန်လာတတ်လေသည်။

ဆရာကိုး၏ ရုပ်သွင်မှာ သက်ရှိ လူတယောက်နှင့် မတူဘဲ လှုပ်ရှားနေသော လူသေအလောင်းနှင့် တူလှပေသည်။

သို့သော် ယခုမှာမူ သူမကြည့်တဲ မနေနိုင်တော့ပါ။

အကြောင်းမှာ ဆရာကိုးသည် မျက်နှာပေါ်မှ အရေပြားတခုအားခွာချလိုက်သောအခါအလွန်ခန့်ချောသောယောကျ်ားတယောက် အသွင်သို့ ကူးပြောင်းသွားသည်ကို အံ့သြစွာ တွေ့ရှိလိုက်ရသောကြောင့် ဖြစ်ပါသည်။

သူ၏ ရုပ်သွင်သည် မည်သည့် မသတ္တဝါမဆို မက်မောသော ရုပ်ရည်ပင်ဖြစ်နေပါလေသည်။

အမကြီး ဝမ်သည် သူမအား စေ့စေ့ကြည့်လိုက်ပြီး၊

"ကဲ....ညီးဘာပြောချင်သေးသလဲ"

ဟုတ်ပါ၏။

ဆရာကိုးသည် ရုပ်ပြောင်းသွားရုံ မကပါ သူ၏ ဟန်မူယာအားလုံးမှာလည်း တမူဟုတ်ခြင်း ပြောင်းလဲသွားလေသည်။

ယခု သူမ တွေ့ရသော ဆရာကိုးသည် ရုပ်ချောသည်၊ ယဉ်ကျေး သိမ်မွေ့သည်။ သူ၏ မျက်နှာပေါ်တွင် ကြည်လင်သော အပြုံးဖြင့် စုစုအား ကြည့်နေလေသည်။

"ကဲ....အခုကော ညီမနဲ့ ရွေ့သွားနောက်လိုက်ညီပြီလား"





သူ၏ အသံတွင် သံလိုက်ဓာတ်ပါသည်ဟု ထင်ရလေသည်။ စုစုသည် စိတ်အနည်းငယ် ပျော့ပြောင်းသွားသည်။ သို့သော် သူမသည် စိတ်ကို တင်းထားလိုက်ပြန်သည်။

"မဖြစ်သေးဘူး"

"ဘာဖြစ်ပြန်ပြီလဲ ညီမ"

"ရှင်က ဘယ်သူမှန်း မသိဘဲ၊ ကျမက ဘယ်လိုလုပ် ယူရမှာလဲ"

"အော်....ဒါလား"

ဆရာကိုးတ ရယ်မောလိုက်ပြီး ချန်ဟောင်ဘက်သို့ လှည့်လိုက်ပြီး၊

"ကဲ....အမကြီးက မိတ်ဆက်ပေးလိုက်ပါအုံးခင်ဗျာ"

ချန်ဟောင်က ရယ်မောလိုက်သည်။

"ဟုတ်သားဘဲ၊ ကဲ....ကျမ မိတ်ဆက်ပေးပါ့မယ်ရှင်"

သူမသည် ဆရာကိုးအား ညွှန်ပြလိုက်ပြီး၊

"သူကတော့ ကျန်နန်းက သူရဲကောင်း သုံးယောက်ထဲက တယောက်ဖြစ်တဲ့ လျူဖုံးကု ပါဘဲရှင်"

ဟု တလုံးချင်း ပြောချလိုက်လေတော့သည်။

× × ×

လျူဖုံးကု၊

ဤအမည်သည် စုစု၏ အသဲနှလုံးကြားမှ အမြဲကိန်းဝပ်နေသော နာမည်သုံးခုအနက် တခု အပါအဝင် ဖြစ်သည်။

သူမသည် လေးစားကြည်ညိုသော သူရဲကောင်း သုံးဦးရှိသည်။

ငှင်းတို့မှာ၊ ချင်းကိုး၊ လျှုဖုံးကု ယိုစွမ်စန်းတို့ ဖြစ်ပါသည်။

ယခု သူမသည် လျှုဖုံးကုဟု ကြားလိုက်ရသောအခါ၊ တကိုယ်လုံး တောင့်တင်းသွားသည်။အံ့အား သင့်သွားသည်။

"ကဲ....ညီမက ဘယ်လို သဘောရသလဲ"

လျှုဖုံးကုက ပြုံး၍ မေးလိုက်သည်။

စုစုသည် သက်ပြင်းတချက် ချလိုက်သည်။

သူမ လေးစားကြည်ညိုသော သူရဲကောင်း လျှုဖုံးကုသည် ယခုကဲ့သို့ ယုတ်ညံ့နေသည်ကို နှမြောမိသည်။

"ရှင့်လို လူတယောက်က အတိအလင်းအိမ်လာပြီး တောင်းရမ်းမယ်ဆိုရင် ကျမ အခုလောက်ဆို ရှင့်ရဲ့ ရင်ခွင်ထဲမှာ ရောက်နေပြီဘဲ၊ ဘာဖြစ်လို့ အခုလို ကလိန်စေ့ ဉာဏ်ဆင်နေရတယ်ဆိုတာ ကျမ နားမလည်တော့ပါဘူးရှင်"

လျှုဖုံးကုက ပြုံးလိုက်ပြီး၊

"အခုလဲ နောက်မကျသေးဘူး မဟုတ်လား"

"အခုတော့ ကျမမှာ ချစ်သူရှိနေပြီရှင့်"

"ညီမရဲ့ ချစ်သူဟာ အခုဆိုရင် လူသတ်တရားခံဖြစ်နေပြီဘဲ၊ ညီမ သူ့ကိုယူရင် ဒုက္ခရောက်သွားမှာပေါ့"

စုစုက ခေါင်းခါ ရမ်းလိုက်သည်။

"ရှင်က ကျမချစ်သူဟာ ချင်းကိုးလို့ ထင်တာ မှားနေတယ်"

"ဒါဖြင့် ဘယ်သူလဲ"

"သူကတော့ ရုပ်မချောပါဘူး၊ ဒါပေမယ့် စိတ်သဘောဖြူစင်တယ်၊ ယောကျ်ားပီသတယ်ရှင့်"





"နေပါအုံး ညီမပြောနေတာ ဘယ်သူလဲဆိုတာ ပြောပြပါအုံး"

"ကျမ ချစ်သူဟာ ယန်းဝှာပါဘဲ"

လျှုဖုံးကုသည် ပါးစပ် ပိတ်ထားလိုက်လေတော့သည်။

စုစုက စကားဆက်လိုက်ပြန်သည်။

"ယန်းဝှာဟာ ကျမဖေဖေ သဘောတူတဲ့ လူလဲဖြစ်ပါတယ်၊ ဒါကြောင့် ရှင် နောက်ကျသွားပါပြီရှင်"

အတန်ကြာမှ လျှုဖုံးကုသည် အေးစက်စွာဖြင့်၊

"တကယ်လို့ ညီမရဲ့ ချစ်သူ ယန်းဝှာက မယူနိုင်ဘူးလို့ ငြင်းရင်ကော"

စုစုသည် မဲ့ပြုံး ပြုံးလိုက်ပြီး၊

"သူကသာ ငြင်းမယ်ဆိုရင်တော့ ရှင့်ကို ကျမ ယူပါ့မယ်"

"ညီမ ဒီတခါ ဂတိမဖျက် ရဘူး နော်"

စုစုသည် ရင်ထိတ် သွားသည်။

ခေါင်းကြီး ဝက်ပုတ်က အဘယ်ကြောင့် ဤနေရာသို့ ရောက်လာရသနည်း၊ သူလည်း မိမိကဲ့သို့ သူတို့ရဲ့ ထောင်ချောက် ထဲသို့ ရောက်နေပြီလော၊ သို့သော် သူမသည် မယုံကြည် နိုင်ပါ။

ခေါင်းကြီးဝက်ပုတ်သည် အခြားလူထက် ခေါင်းကြီးသည်။ ဉာဏ်လည်း ကောင်းသည်၊ မည်သည့် နည်းနှင့် မဆို သူ့အားလိမ်ညာရန်မှာ လွယ်သည် မဟုတ်ပါ။

ထို့ပြင် ချင်းကိုးလည်း သူနှဲ့ အတူ ရှိနေသည်။

သူတို့နှစ်ယောက်၏ သိုင်းပညာက တော်ရုံတန်ရုံလူက သူတို့အား လွယ်လင့်တကူ ဖမ်းဆီးနိုင်ရန်မှာ မလွယ်ပါ။

စုစုသည် ဤသို့ တွေးမိသည်နှင့် ပြုံးမိလာလေတော့သည်။

ထိုစဉ်မှာပင်၊

သူမသည် လူတယောက် ဝင်လာနေသည်ကို တွေ့မြင်လိုက်ရသည်။

ယန်းဝှာ။ ခေါင်းကြီးဝက်ပုတ်သည် တကယ်ပင် ရောက်ရှိလာပြီ ဖြစ်လေသည်။

ယန်းဝှာ၊ သူသည် အေးအေးဆေးဆေး ပြုံးပြုံးရွှင်ရွှင်ဖြင့် ဝင်လာခြင်း ဖြစ်သည်။

စုစုသည် သူ့အား တွေ့လိုက်ရသည်နှင့် ရင်ထဲ၌ ဝမ်းသာပီတိ ဖြစ်လာလေသည်။

"သူက ငါ့ကို လာကယ်နေပြီ" ဟုလည်း ပြုံး၍တွေးမိသည်။

သို့သော် ထူးဆန်းသည်မှာ လျှုဖုံးကုသည် ယန်းဝှာအား တွေ့လိုက်ရသောအခါ အံ့သြခြင်း မရှိဘဲ အေးအေးဆေးဆေးပင် ရှိနေခြင်း ဖြစ်သည်။ ထို့ပြင် သူ၏ ပုံဟန်မှာ ယန်းဝှာလာခြင်းသည် ဝမ်းသာနေသည်ဟု ထင်ရလေသည်။

သူသည် ယန်းဝှာအား လက်ယပ် ခေါ်လိုက်ပြီး။

"မင်း ရောက်လာတာနဲ့ အတော်ဘဲ၊ ဒီကိုလာပါအုံး"

ယန်းဝှာသည် သူ့အား ပြုံးပြပြီး သူ့ထံသို့ လျှောက်လာသည်။





စုစုသည် မျက်မှောင်ကုတ်သွားသည်၊ စိတ်ထဲ၌ သံသယမကင်း ဖြစ်လာသည်။

သို့သော် ခေါင်းကြီး ဝက်ပုတ်မှာ ဥာဏ်အလွန်များသည်၊

သူယခု ဟန်ဆောင်နေခြင်းမှာ အခွင့်အရေးကို စောင့်နေခြင်း ဖြစ်သည်ဟုလည်း သူမက ဆင်ခြင်မိနေ၏။

ထို့ကြောင့်၊ သူမသည် ယန်းဝှာ၏ လှုပ်ရှားမှုအား သတိပြုနေလေသည်။

လျှုဖုံးကုသည် ယန်းဝှာအား စေ့စေ့ကြည့်လိုက်ပြီး၊

"မင်း နောက်ကျနေပါလား"

"ဟုတ်ကဲ့ ဝမ်းနည်းပါတယ်ဗျာ"

"ကဲ....မင်းလာတာ အတော်ဘဲ"

သူသည် စုစုအား ညွှန်ပြလိုက်ပြီး၊

"ဒီမိန်းကလေးကလဲ မင်းကို စောင့်နေတယ်"

"ဟုတ်လား"

သူသည် ယင်းသို့ ပြောပြီး စုစုဘက်သို့ တချက် လှည့်ကြည့်လိုက်ပြီး၊

"ဝမ်းနည်းပါတယ်ဗျာ၊ မင်းက ဒီမှာငါ့ကို စောင့်နေမှန်း မသိလို့ပါ"

"ရှင်....ရှင်မသိဘူး ဟုတ်လား"

ယန်းဝှာက ခေါင်းခါ ရမ်းလိုက်သည်။

"မသိပါဘူးဗျာ"

"ဒါဖြင့် ရှင်က ကျမ ဘယ်မှာရှိတယ်လို့ ထင်သလဲ"

"မင်းဘယ်မှာ ရှိတယ်ဆိုတာ ကျုပ်နဲ့ ဘာဆိုင်လို့လဲ"

"ရှင်၊ ကျမကို ဘယ်သူကဒီကို လာခိုင်းတာလဲဟင်"

"ဒါတော့ ကျုပ် ဘယ်သိပါ့မလဲဗျာ၊ ခြေထောက်ကမင်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ ရှိတဲ့ဥစ္စာဘဲ၊ မင်းလာလို့ ဖြစ်မှာပေါ့"

ယန်းဝှာသည် သူမ ခါတိုင်းတွေ့နေကျနဲ့ မတူဘဲ ဟန်မူယာ ပြောင်းလဲနေသည်။

အဘယ်ကြောင့်နည်း။

သူမသည် စဉ်းစား၍ မရပါ။

လျှူဖုံးကုသည် ကုလားထိုင်ပေါ်မှ ထလိုက်သည်။

သူသည် လက်နှစ်ဖက် နောက်ပစ်ကာပြုံး၍ ယန်းဝှာအား၊

"သူက မင်းနဲ့စကားပြောချင်လို့တဲ့"

"ဘာများလဲ"

"ကျုပ်က သူနဲ့လက်ထပ်ချင်တယ်၊ သူက မင်း မကန့်ကွက် ဖူးဆိုယင် လက်ခံမယ်လို့ ပြောတယ်"

"ကျုပ်က ဘာဖြစ်လို့ ကန့်ကွက်ရမှာလဲ"

"ဒါဖြင့် မင်းက သဘောတူတယ်ပေါ့"

"ကျုပ်က သဘောတူတူ မတူတူ ဘာဆိုင်လဲဗျ၊ ကျုပ်က သူ့အဖေမှ မဟုတ်ဘဲဗျ"

"ဒါပေမယ့် သူက မင်းနဲ့လက်ထပ်မလို့ ပြောထားတယ်ဆို"

"ကျုပ်က ပြောပြီးပြီဘဲ၊ လောကပေါ်မှာ မိန်းမတွေ အားလုံး သေသွားကုန်တောင် သူ့ကိုမယူပါဘူးလို့"

"ဒါဖြင့် သူက ဘာပြန်ပြောသလဲ"





"သူကလဲ လောကပေါ်မှာ ရှိသမျှ ယောကျ်ားတွေ သေ သွားတောင် ကျုပ်ကိုမယူပါဘူးလို့ ပြောတယ်"

လျှူဖုံးကုသည် သူမဘက်သို့ လှည့်၍ပြုံးလိုက်ပြီး၊

"သူပြောနေတာ ဟုတ်ရဲ့လား"

စုစုသည် ဒေါသ ထွက်လွန်း၍ တကိုယ်လုံး တုန်တုန်ရီရီ ဖြစ်နေသည်။ သူမသည် မည်သို့မှ ပြောနိုင်ခြင်း မရှိတော့ပါ။

လျှူဖုံးကုက ပြုံးလိုက်ပြီး၊

"ဒါဖြင့်ကျုပ်တို့ရဲ့မင်္ဂလာကိစ္စကပြဿနာမရှိတော့ဘူးပေါ့"

ယန်းဝှာက ပြုံးလိုက်သည်။

"ဘာပြဿနာမှ မရှိပါဘူးဗျာ"

"ကောင်းတယ်၊ ဟား....ဟား... ဟား အချိန်တန်ကျရင် ဒို့မင်္ဂလာပွဲကို မင်းကို ဖိတ်မှာပေါ့ဗျာ"

"မင်း မဖိတ်လို့ ဖြစ်မလားဗျ၊ ကျုပ်လာခဲ့မှာဘဲ"

လျှူဖုံးကုသည် ရယ်မောခါ သူ၏ ပခုံးအား သိုင်းဖက် ထားလိုက်ပြီး၊

"ဟား....ဟား....ဟား"

သူတို့သည် ပြိုင်တူ ရယ်မောလိုက်ကြလေတော့သည်။

"မင်းက သူ့ကို ယန်းဝှာအစစ်လို့ ထင်ရင် မှားသွား မှာပေါ့"

"ရှင်"

စုစုသည် ဒုတိယမ္ပိ အံ့အားသင့်သွားသည်။ သူမသည် မသိ မသာ နောက်သို့ ဆုတ်သွားသည်။

သူမသည် ယန်းဝှာအား ပြုံး၍ ကြည့်လိုက်ပြီး၊

"ရှင် ယန်းဝှာအစစ် မဟုတ်ဘူး ဟုတ်လား"

ယန်းဝှာက ပြုံးပြုံး၊

"မဟုတ်ပါဘူး"

"ဒါဖြင့် ယန်းဝှာကော"

"သူက ရှောင်လင် ဘုန်းကြီးကျောင်းမှာပါ"

"သူက ဘာလို့ ရှောင်လင် ကျောင်းမှာ သွားနေရတာလဲ"

"သူက ဘုန်းကြီးဝတ်သွားပြီလေ၊ အခုလောက်ဆိုရင် ဆရာတော်လောက် ဖြစ်သင့်နေပြီ"

စုစု မဟန်နိုင်တော့ပါ။ မြေပေါ်သို့ ခွေ၍ ထိုင်ချလိုက်လေတော့သည်။

သူမသည် ယခုတော့ နားလည် သဘောပေါက်လာလေပြီ၊ ယန်းဝှာသည် ဤခေါင်းကြီးဝက်ပုတ် မဟုတ်ပါ။

တကယ့် ယန်းဝှာမှာမူ လွန်ခဲ့သော သုံးနှစ်လောက်က ဘုန်းကြီးဝတ်သွားသည့် သတင်း သူမ ကြားခဲ့သည် မဟုတ်ပါလော။

× × ×

စုစုသည် မြေပေါ်တွင် တိတ်ဆိတ်စွာ ထိုင်နေသည်။

သူမသည် မငိုတော့ပါ၊ မျက်ရည်လည်း မကျတော့ပါ၊ မျက်ရည်လည်း ကုန်ခန်းသွားပြီ ဖြစ်သည်။ သူမအဖို့ လွတ်ရန်လမ်း မမြင်တော့ပါ၊ မျှော်လင့်ချက်လည်း မရှိတော့ပါချေ။ သူမသည် ခေါင်းအေးသွားပြီ ဖြစ်သည်။

ထို့ကြောင့် သူမသည် ငြိမ်သက်စွာ ထိုင်နေခြင်း ဖြစ်လေသည်။





လျူဖုံးကုသည် သူ့အား စေ့စေ့ကြည့်နေပြီးမှ၊

"ဘယ်နှယ်လဲ ဒီတခါ ညီမက ကတိတည်ရမယ်နော်"

"ဟုတ်တယ်၊ ကတိမဖျက်ပါဘူး၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျမ စကားတခွန်း မေးချင်ပါသေးတယ်"

"မေးပါ စကားတခွန်းမပြောနဲ့ အခွန်းတသောင်းဘဲ မေးမေး မေးနိုင်ပါတယ်"

"ကျမ နားမလည်တာ တခုရှိပါတယ်၊ လောကဗေါ်မှာ မိန်းကလေးတွေ အများကြီးပါ၊ ရှင်က ဘာဖြစ်လို့ ကျမ တယောက်ထဲကို သဲသဲမဲမဲ လိုချင်ရတာလဲ"

လျူဖုံးကု၏ အသံသည် ပျော့ပြောင်းလာလေသည်။

"လောကပေါ်မှာ မိန်းကလေး များပေမယ့် စုစုဆိုတာ တယောက်ထဲဘဲ ရှိတာကိုး"

"ကျမ စကားအမှန်ကို သိချင်လို့ပါ။ ဒီလို အခြေအနေရောက်မှတော့ ပြောပြဖို့ ကောင်းပါတယ်"

"မှန်ကန်တဲ့ စကားဟာ နားထောင်လို့ မကောင်းပါဘူး"

"ဒါပေမယ့် ကျမ နားထောင်ချင်တယ်"

လျူဖုံးကုသည် အနည်းငယ် စဉ်းစားလိုက်ပြီး ပြုံးလိုက်သည်။

"လောကပေါ်မှာ ကြွယ်ဝ ချမ်းသာဆုံး လူဟာ ဘယ်သူလဲဆိုတာ ညီမ သိသလား"

"ဘယ်သူလဲ"

"ညီမပါဘဲ၊ ညီမက လောကပေါ်မှာ အချမ်းသာဆုံး သူဌေးမလေးပါဘဲ"

စုစုသည် လျှို့ဖုံးကာ၏ စကားကြောင့် ကြောင်အအ ဖြစ်သွားသည်။

"အော်....ရှင်က ငွေမက်လို့ ကျမကို မရမက လိုက်ယူတာပေါ့၊ ဟုတ်လား"

"ကျုပ်က ပြောပြီးပကော မှန်တဲ့ စကားဟာ နားထောင်လို့ မကောင်းပါဘူးလို့"

"ဒီလိုဆို ရှင်တို့က ကျမကိုသတ်ပြီး ရှိတဲ့ငွေတွေ လုယူသွားရင် မပြီးဘူးလား"

"ဘယ်ဖြစ်မလဲ ပိုဒုက္ခ ရောက်မှာပေါ့"

"ဘာဖြစ်လို့လဲ"

"ညီမရဲ့ ပစ္စည်းဥစ္စာတွေ ဘယ်လောက် များတယ်ဆိုတာ ညီမ သိသလား"

"မသိဘူး"

"ညီမ မသိပေမယ့် ကျုပ်ကတော့ သေသေချာချာ စုံစမ်းပြီးပြီ၊ မြောက်ပိုင်းနယ် ခြောက်နယ်စလုံးမှာ ညီမတို့ရဲ့ သုပ်ငန်းတွေ ရေတွက်လို မကုန်အောင် များပြားနေတယ်၊ ကျုပ်က တခုပြီးတခု သွားလုရင် ကျုပ်ဆံပင် ဖြူသွားတာတောင် ပစ္စည်းတွေ လုလို့ကုန်နိုင်မှာ မဟုတ်ဘူး"

သူသည် ပြုံး၍ စကားဆက်သည်။





"အလွယ်ဆုံး နည်းကတော့ ညီမလို သန်းကြွယ်မလေးကို လက်ထပ်ယူလိုက်ရင် ဒီပစ္စည်း ဥစ္စာတွေဟာ အားလုံး ကျုပ်ရဲ့ လက်ထဲမှာ အလိုလိုရောက်လာမယ် မဟုတ်လား"

"အင်း....ရှင်ပြောမှဘဲ ကျမ သဘောပေါက်လာတော့တယ် ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"ရှင်က ကျမနဲ့ လက်ထပ်ဖို့ ကြိုးစားပြီး ဘာဖြစ်လို့ တခြားလူတယောက်ကို ယန်းဝှာလို ဟန်ဆောင်ပြီး ကျမကို လာကယ်ရတာလဲ"

"အော်....ဒါက ဒီလိုပါ၊ ပထမ အစီအစဉ်ကတော့ ကျုပ်က ယန်းဝှာအတုနဲ့ မင်းနဲ့ လက်ထပ် ပေးဖို့ပါဘဲ၊ ကျုပ်ထင်ထားတာက မိန်းကလေး တယောက်ဟာ သူ့ အသက်ကို အကြိမ်ကြိမ် ကယ်ခဲ့တဲ့လူကို ကျေးဇူးဆပ်တဲ့ အနေနဲ့ ယူလိမ့်မယ်လို့"

"ဒါကြောင့် ရှင်က သူ့ ကို ကျမကို ကယ်တင်ဖို့ အခွင့်အရေးများ ဖန်တီးပေးတယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီနည်းက ရိုးနေပေမယ့် တော်တော် ထိရောက်တယ်"

"ရှင်က တခြားလူကို မရွေးဘဲ ဘာဖြစ်လို့ ခေါင်းကြီးဝက်ပုတ်ကို ရွေးရတာလဲ"

"သူက ကျုပ်ရဲ့ သွေးသောက်လေ၊ သူချမ်းသာရင် ကျုပ်ချမ်းသာရသလို ပေါ့ဗျာ"

"ရှင့်ကို ကျမက ကျေးဇူးတင်အောင်လုပ်ရင် ပိုပြီးမကောင်းဘူးလား၊ ဒီနည်းကို ဘာဖြစ်လို့ မသုံးတာလဲ"

"ကျုပ်ကို အများက သူရဲကောင်းလို့ အသိအမှတ် ပြုထားတယ်ဆိုတာ ညီမလဲ သိမှာပေါ့၊ အဲဒီတော့ ကျုပ်က ဝင်လုပ်လို့ တခုခုဖြစ်ရင် ကျုပ်နာမည် ပျက်သွားမှာပေါ့ ဒါကြောင့်"

"ဒါကြောင့် ရှင်က ယန်းဝှာ အတုကို ဖန်တီးရတာပေါ့ ဟုတ်လား"

"ဟုတ်တယ်ရှင်၊ ကျမ နားလည်သဘော ပေါက်ပါပြီရှင်"

"ကဲ....ညီမ၊ ဘာတွေ မေးစရာရှိသေးလဲ"

"ရှိတယ်"

"ဒါဖြင့်'မြန်မြန်မေးပါ၊ လက်ထပ်ဖို့ကိစ္စကလဲရှိသေးတယ်"

"ဒီအကြံအစည် တခုလုံးဟာ ရှင်က နောက်ကွယ်က နေပြီး ညွှန်ကြားနေတယ်၊ ကိုယ့်ကိုယ်ကို ကိုယ်ဖျောက်ထားတယ်"

"အခု ဘာဖြစ်လို့ ပေါ်လွင် လာချင်ရတာလဲ"

"အော်.... ဒါလား၊ ပထမ ကျုပ်က အချိန် သိပ်မရဘူး၊ ဒုတိယ ညီမက ယန်းဝှာကို လုံးဝ လက်ထပ်ဖို့ စိတ်မကူးခဲ့ဘူး၊ တတိယက ကျုပ်တို့က ငွေကို အရေးတကြီး လိုလာပြီဗျ"

"ဒါကြောင့် ရှင်က စကားအမှန်ကို ပြောပြတာပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ အခုတော့ မထူးတော့ပါဘူး၊ ကျုပ်က ဖွင့်ချလိုက်ရတာပေါ့"

"ကဲ....ထားပါတော့၊ အခုရှင်က ဘယ်လိုလုပ်သလဲ"

"ပထမ ကျုပ်က ညီမနဲ့အတူ အိမ်လိုက်သွားမယ်၊ ဒီမင်္ဂလာပွဲကို စုအေ့ကိုယ်တိုင် ကြီးကြပ်ခိုင်းမယ်"

"ဖေဖေစုအေ့ ဟုတ်လား"

---





"မဟုတ်ပါဘူး၊ ခုနက ညီမဖေဖေလို ဟန်ဆောင်တဲ့ လူပေါ့"

"နောက်ကော"

"အားလုံးက ကျုပ်ဟာ စုအေ့ရဲ့ သားမက်အဖြစ် အသိအမှတ် ပြုလာကြမှာဘဲ"

"နောက်ကော"

"နောက် နောက် သတို့သမီးရဲ့ ပစ္စည်းများဟာ သတို့သားက ပိုင်ဆိုင်သွားတာပေါ့"

× × ×

စုစုသည် မျှော်လင့်ချက် ကင်းမဲ့နေပြီ ဖြစ်သည်။

သူမအားကိုးမည် ထင်နေရသော ယန်းဝှာ အယောင်ဆောင်နေသော မသမာလူတယောက် ဖြစ်နေသည်။

သူမ အထင်ကြီးခဲ့သော လျူဖုံးကုသည် ဤမျှ ယုတ်ညံ့ပြီး အကြံပက်စက်မည်ဟု သူမ အိပ်မက်ပင် မမက်ဝံ့ပါချေ။

ရုတ်တရက် သူမသည် စင်းစင်းအား သတိရလာသည်။

စင်းစင်း မည်သည့်နေရာသို့ ရောက်သွားပါသနည်း။ ယန်းဝှာတို့၏ ထောင်ချောက်ထဲသို့ ကျရောက်နေပြီလော။

သူမသည် စင်းစင်းအား သတိရလိုက်သည်နှင့် ချန်ဟောင်သည် မိန်းကလေး တယောက်အား လက်ဆွဲ၍ ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

---

"ဟင်....စင်းစင်း"

သူမသည် လွတ်ကနဲ အသံထွက်သွားသည်၊

ချန်ဟောင်သည် ပြုံးလိုက်ပြီး၊

"ဟဲ....ဟဲ....ဟဲ၊ သတို့သမီးဖော်တောင် အဆင်သင့် ခေါ်ထားပြီ၊ နေ့ကောင်းရက်သာ ရွေးကြပေတော့"

စုစုသည် စင်းစင်းအား စေ့စေ့ ကြည့်လိုက်ပြီး၊

"ညီးက သတို့သမီးဖော် ဟုတ်လား"

"ဟုတ်ပါတယ်၊ သခင်မလေး"

"ညီးက ဒီမင်္ဂလာပွဲကို ဘယ်လို သဘောရသလဲ"

စင်းစင်းသည် မျက်လုံး တချက် ဝေ့ကြည့်လိုက်ပြီး၊

"အလွန် သင့်မြတ်ပါတယ် သခင်မလေး"

စုစုက မဲ့ပြုံး ပြုံးလိုက်ပြီး၊

"ညီးက သိပ်သဘောကျတယ် ဟုတ်လား"

"ဟုတ်ပါတယ် သခင်မလေး"

စုံစုသည် နှုတ်ခမ်း မဲ့လိုက်သည်။

"ဒါဖြင့် ငါ့ဆီလာပါအုံး၊ ငါ ဆုချရအုံးမယ်"

စင်းစင်းသည် သူမ ထံသို့ ပြုံး၍ လျှောက်လာသည်။

"သခင်မလေး ဘာဆုချမှာလဲ"

စုစုသည် စင်းစင်း၏ ပါးအား တအား ချလိုက်လေတော့သည်။

"ဖြန်း...."





စင်းစင်းသည် သူမ၏ ပါးအား ပွတ်ကာ နောက်သို့ ဆုတ်သွားသည်။

စုစုသည် သူမအား ရှံမုန်းသော အကြည့်ဖြင့် ကြည့်လိုက်ပြီး၊

"မှတ်ထား၊ ကိုယ့်ကျေးဇူးရှင်ကို သစ္စာဖောက်တဲ့ လူဆိုတာ ဒီလိုဘဲ ဆုံးမရမယ်"

× × ×

ယခု ချင်းကိုးသည် မည်သည့်နေရာသို့ ရောက်နေသနည်း။ သူသည် ယန်းဝှာတို့ လူစုနှင့် တစုတဝေး ဖြစ်နေပြီလော။ စုစုသည် ဤသို့ တွေးတောနေစဉ်မှာပင် လျှူဖုံးကု၏ အသံ ကြားလိုက်ရလေသည်။

"ချင်းကိုးကော မင်း ခေါ်မလာဘူးလား"

ယန်းဝှာက ခေါင်းညိတ်လိုက်သည်။

"ကျုပ် ခေါ်လာပါတယ်ဗျာ"

"ဟုတ်ပါ့ ဘယ်ဆိုးလို့လဲ၊ ဒီပုဂ္ဂိုလ်ကို ညှော်ခံရတာ သိပ်မလွယ်ဘူး ထင်တယ်"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူက မမျှော်လင့်ဘဲ ခံလိုက်ရလို့ ဟဲ....ဟဲ....ဟဲ"

"အခုကော သူဘယ်မှာလဲ"

"ရှိပါတယ်၊ အပြင်မှာ ရှိတဲ့ ဒို့လူတွေ လက်ထဲ အပ်ထားခဲ့ပါတယ်"

"ဒါဖြင့် သူ့ကို ခေါ်ခဲ့ပါဗျာ"

ထို့နောက် စုစုသည် ချင်းကိုးအား တွေ့မြင်လိုက်ရပြန်လေတော့သည်။

× + ×

ချင်းကိုးသည် အခန်းထဲသို့ ရောက်ရှိလာပြီ ဖြစ်သည်။

သူတယောက်တည်း လျှောက်လာခြင်း မဟုတ်ပါ။ လူနှစ်ယောက်က သူ့အား ထမ်းခေါ်လာခြင်း ဖြစ်ပါသည်။

သူ၏ ခန္ဓာကိုယ်သည် ပျော့ခွေ၍နေသည်။ ထိုလူနှစ်ယောက်သည် သူ့အား ဖြေပေါ်သို့ ပစ်ချလိုက်ရာ ချင်းကိုးသည် လုံးဝ မထနိုင်ပါ။

သူသည် ဒဏ်ရာ ပြင်းထန်စွာ ရရှိနေပြီး ဖြစ်သည်။

စုစုသည် ချင်းကိုး၏ပုံဟန်တွေ့မြင်လိုက်ရသည်နှင့် ယန်းဝှာ၏ ယုတ်မာခြင်းကို ကောင်းစွာ သဘောပေါက်လာလေသည်။

လျူဖုံးကုသည် သူ့ထံသို့ လျှောက်သွားသည်။

"ဘယ့်နှဲ့လဲ ချင်းကိုး၊ ငါ့ အဖွဲ့ထဲ ဝင်ပါလို့ ခဏ ခဏ ပြောနေတာ မင်းက နားမထောင်ဘူး အခုတော့"

ချင်းကိုးသည် ရှိသမျှအားအင်ကို ညှစ်ထုတ်ကာ လျူဖုံးကု၏ မျက်နှာ ပေါ်သို့ တံထွေး ထွေး ချလိုက်သည်။

"မင်းလို သူရဲကောင်း နာမည်ခံပြီး ယုတ်မာတဲ့ အကြံအစည်များ လုပ်တဲ့ လူက ထောင်တဲ့ အဖွဲ့အစည်းကို ကျုပ်က ဘာဖြစ်လို့ ဝင်ရမှာလဲ"





လျူဖုံးကုသည် အပြုံး မပျက်ပါ။ သူသည် မျက်နှာပေါ်မှ တံထွေးများကို သုတ်လိုက်ပြီး၊

"ဟဲ....ဟဲ....ဟဲ၊ မင်း အခုလို ခေါင်းမာနေတော့ကော ဘာတတ်နိုင်မှာလဲ၊ ငါက မင်းကို မသတ်ပါဘူးကွ၊ အေးရှောင်လင်ကျောင်းက ဆရာတော်ဟာ မင်းက သူ့ရဲ့ ဘုန်းကြီးတပါးကို သတ်သွားတယ်ဆိုပြီး မင်းကို မြေလှန်လိုက်ရှာနေပြီ မင်းဘယ်ပြေးမလဲ"

ချင်းကိုးသည် မဲ့ပြုံးပြုံးလိုက်ပြီး၊

"မင်းတို့လို လူကြီးလူကောင်းဟန် ဆောင်တဲ့ လူတွေသာ တနေ့ ကောင်းကောင်းကြီး ဒုက္ခတွေ့မယ်၊ ကျုပ်ကတော့ အသက်ဘဲသေသေ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့ဘူး"

"ဟား....ဟား....ဟား"

"မင်းလို စာမတတ် ပေမတတ်တဲ့ တောသားက ဘာနားလည်လို့လဲ ဟဲ ဟဲ ဟဲ၊ မင်းရဲ့ သူရဲကောင်းဆိုတဲ့ ဘွဲ့ဟာ ရှောင်လင်ကျောင်းက ဘုန်းကြီးကို သတ်တဲ့အပြစ်နဲ့ လူအများရဲ့ တံထွေးထဲမှာ နစ်မြုပ်သွားတော့ မှာပါကွာ ဟား ဟား ဟား"

သူသည် ပြောရင်း သဘောကျစွာ ရယ်မောလိုက်သည်။

သို့သော် သူ၏ရယ်မောသံသည် ရုတ်တရက် ရပ်တန့်သွားသည်။

အကြောင်းမှာ သူသည် ခြေသံများ ကြားလိုက်ရသောကြောင့် ဖြစ်ပါသည်။

ခြေသံသည် အပေါ်မှ ကြားလိုက်ရခြင်း ဖြစ်သည်။

လျူဖုံးကုသည် မျက်မှောင် ကုတ်သွားသည်။

မြေအောက်ခန်းရှိ အားလုံးသော လူများသည် တိတ်ဆိတ်စွာ နားစွင့်နေ၏။

ထိုခြေသံသည် နှေးကွေးစွာ လျှောက်လာပြီး တဖန် နှေးကွေးစွာ လျှောက်သွားပြန်သည်။

လျှုဖုံးကုသည် အတန်ကြာ နားစွင့်လိုက်ပြီး၊

"မဟုတ်မှလွဲရော ရှောင်လင်ကျောင်းက ဘုန်းကြီးတပါး လာနေပြီ"

ယန်းဝှာက ခေါင်းခါယမ်းလိုက်သည်။

"တပါး မဟုတ်ဘူး သုံးပါး"

"သုံးပါး ဟုတ်လား"

"ဟုတ်တယ်၊ နှစ်ပါးရဲ့ ခြေသံက ပေါ့နေလို့ သတိမထားကြတာပါ"

ချန်ဟောင်သည် ကြောက်ရွံ့လာသည်။

"ဒီဘုန်းကြီးက ဘာလာ လုပ်တာလဲ"

"ဒါ ဒို့ကိုလာ ခြိမ်းခြောက်နေတာပေါ့"

အမကြီးဝမ်က မျက်လုံးများ ပြူးကျယ်သွားသည်။

"သူတို့က ဒို့အောက်မှာ ရှိတယ်ဆိုတာ သိနေလို့လား"

ယန်းဝှာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့ကသိလို့ မြေအောက်ဆင်းဖို့ လမ်းစရှာနေတာနဲ့ တူတယ်"

လျှုဖုံးကုသည် မျက်မှောင် ကုတ်သွားသည်။

"ဒီလိုဆို ဒို့ဘယ်လိုလုပ်မလဲ"





ယန်းဝှာသည် အေးတိအေးစက်ဖြင့်၊

"သူတို့ကိုပါ သတ်လိုက်ရင် ပြီးတာဘဲ"

ချန်ဟောင်က မျက်လုံးများ ပြူးကျယ်သွားသည်။

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

ယန်းဝှာသည် ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

အမကြီးဝမ်သည် လျှုဖုံးကုအား ကြည့်လိုက်ပြီး၊

"သူ....သူ၊ နိုင်ပါ့မသား"

လျှုဖုံးကုသည် အေးစက်စွာဖြင့် ပြုံးလိုက်ပြီး၊

"သူမနိုင်ရင် သူသေသွားမှာပေါ့၊ မင်းသေမှာမှ မဟုတ်ဘဲ၊ ဘာပူစရာလိုသလဲ"

အမကြီးဝမ်သည် ပါးစပ် ပိတ်ထားလိုက် လေတော့သည်။

ရုတ်တရက်မှာမူ သူတို့၏ ပြောဆို နေကြသည့် စကားများကိုသာ ကြောင်၍ နားထောင်နေ၏။

## ရှောင်လင်သိုင်း (၁၀၈)ကွက်

အပေါ်မှ ခြေသံသည် ရုတ်တရက် ရပ်တန့်သွားသည်။

ချန်ဟောင်သည် သက်ပြင်း တချက် ချလိုက်သည်။

"ဟော .... ဘုန်းကြီးက ခြေသံ ရပ်သွားပြီ၊ ဘုန်းကြီးက သူ့ကို တွေ့သွားပြီနဲ့ တူတယ်"

အမကြီးဝမ်က ခေါင်းညိတ်လိုက်သည်။

"ဘုန်းကြီးက ယန်းဝှာကို သိမှာ မဟုတ်ဘူး၊ ဒါကြောင့် မင်း ဘယ်သူလဲလို့ မေးလိမ့်မယ်"

စုစုသည် ဘုန်းကြီးတို့ နိုင်ပါစေဟု စိတ်ထဲ၌ ကြိတ်၍ ဆုတောင်းနေ၏။

စင်းစင်းသည် ရုတ်တရက် လက်ညှိုး တချောင်း ထောင် လိုက်ပြီး၊

"ဟော....နားထောင် သူတို့က တိုက်ခိုက်နေပြီနဲ့ တူတယ်"

ဟုတ်ပါ၏။ သူတို့၏ ခေါင်းပေါ်၌ ခြေသံများသည် ဟိုမှ ဒီမှ ကူးလူးနေသည်ကို ကြားလိုက်ရလေတော့သည်။





ခြေသံများသည် ပို၍ ပြင်းထန်နေလေသည်။

ချန်ဟောင်တို့သည် အတန်ကြာ နားစွင့်နေသည်။

ရုတ်တရက် ခြေသံများသည် တဆက်တည်း ၇-ကွက် နင်း သွားသည်ကို ကြားလိုက်ရသည်။

လျူဖုံးကုက မျက်မှောင်ကုတ်သွားသည်၊

"ရှောင်လင်ကျောင်း ဘုန်းကြီးက သူတို့ ရှောင်လင်သိုင်း ကွက် တရာ့ရှစ်ကွက်ကို အသုံးပြုနေပြီး အခု ခုနစ်ကွက်ဆက် တိုက်ခိုက်သွားတယ်"

ခြေသံများသည် ဆက်ကာ ဆက်ကာ ပေါ်ထွက်လာသည်။

လျူဖုံးကုသည် နားစွင့်၍ ရေတွက်နေသည်။

"ရှစ်-ကိုး-တဆယ်-ဆယ့်တစ်-ဆယ့်နှစ်၊ ဟင်....ဘုန်းကြီးက ဆယ့်နှစ်ကွက် တိုက်သွားတာတောင် ယန်းဝှာက ပြန် မတိုက် သေးပါလား"

ချန်ဟောင်က ပြုံးလိုက်ပြီး၊

"ခေါင်းကြီးက ဥာဏ်များတယ်လေ၊ သူက ဘုန်းကြီး မောလာတဲ့အထိ အခွင့် စောင့်လိမ့်မယ်ထင်တယ်"

လျူဖုံးကုက ခေါင်း ညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီကောင်က ခေါင်းကြီးသလောက် ဥာဏ် များတယ်၊ ဟော.... သူတို့က အကွက်ငါးဆယ်တောင် ကျော် သွားပြီ"

အမကြီးဝမ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီလူက တော်တော်အားကိုးရတဲ့ လူတယောက်ဘဲ ရှင်က သူ့ကို ဘယ်လိုလုပ် စည်းရုံးလာသလဲ"

လျှုဖုံးကုက ပြုံးလိုက်ပြီး၊

"ဒီကောင်က ဝရမ်းပြေး တယောက်ပါ၊ မြောက်ပိုင်းနယ်မှာ ခေါးပြတိုက်တယ်။ လူသတ်တယ်၊ နောက်တော့ နေပြည်တော်က သူ့ကို နှိမ်နင်းဖို့ စစ်သည်တော်များလွှတ်ပြီး တိုက်တယ်၊ ဒါကြောင့် သူ့ကို ဝရမ်းပြေးဘဝနဲ့ တောင်ပိုင်းနယ်ကို ပြေးလာခဲ့ရတယ်လို့ ပြောတယ်၊ကျုပ်ကသူ့ကို အသုံးချချင်တာနဲ့ ခေါ်ထားတာပါ"

"ရှင်က သူ့ရဲ့ အကြောင်းကို သေသေချာချာ စုံစမ်းသေးလား...."

"ဟဲ....ဟဲ....ဟဲ ကျုပ်က လူတယောက်ကို အလွယ်တကူ ယုံကြည်တယ်လို့ ထင်သလား"

"ရှင့် အကြံအစည်တွေကော သူ့ကို အားလုံး ပြောပြထားသလား"

လျှုဖုံးကုက မဲ့ပြုံး ပြုံးလိုက်ပြီး၊

"ကျုပ် အကြံအစည်တွေ မင်းကော အားလုံး သိသလား"

အမကြီးဝမ်သည် ခေါင်းငုံ့ သွားလေတော့သည်။

+ + +





အပေါ်မှ ခြေသံများသည် ပို၍ လေးလံလာသည်။ ပို၍ လျှင်မြန်လာသည်။ လျှုဖုံးကု၏ မျက်နှာသည်လည်း ပို၍ လေးနက်လာလေတော့သည်။

"အင်း....ဒီခေါင်းကြီးကို အထင်သေးလို့ မရဘူး၊ရွှောင်လင်သိုင်း ၁၀၈–ကွက်ကိုတောင် ခံနိုင်ရည်ရှိရင်...."

သူသည် မျက်မှောင်ကုတ်သွားသည်။

"သူ့ကို ထားရင် အန္တရာယ်ဘဲ"

ဟု စကားအဆုံးသတ်လိုက်လေသည်။

ထိုစဉ်မှာပင် အပေါ်မှ လူတယောက် ကျွံကျလာလေတော့သည်။

ကျွံကျလာသူမှာ ဘုန်းကြီးတပါးပင် ဖြစ်သည်။

ထိုဘုန်းကြီးအား စုံစုံနှင့် ချင်းကိုးက မြင်ဘူးသည်။

ဘုန်းကြီးသည် စုစုနှင့် ချင်းကိုးတို့အား လူသတ်တရားခံဟု စွပ်စွဲခဲ့သော ရှောင်လင်ကျောင်းက ဘုန်းတော်ကြီးပင် ဖြစ်နေပါသည်။

ယခု ဘုန်းတော်ကြီးသည် မလှုပ်မယှက် မြေပေါ်တွင် လဲလျောင်းနေသည်။

အနိုင်ရသူမှာ ယန်းဝှာပင် ဖြစ်သည်ကို သံသယမရှိတော့ပါ၊

စုစုသည် ရင်ထဲ၌ ဆို့နစ်သွားသည်။

ထိုစဉ်မှာပင် ယန်းဝှာသည် အပေါ်မှ ပေါ့ပါးစွာ ခုန်ဆင်းလာပြီး ဖြစ်လေသည်။

စုစုသည် ယန်းဝှာ၏ မော်ကြွားနေသော ပုံဟန်အား တွေ့လိုက်ရသောအခါ မျက်လုံးများ ပိတ်ထားလိုက်လေသည်။

အမှန်ပြောရလျှင် ယန်းဝှာနှင့် ဘုန်းတော်ကြီးတို့ယှဉ်ပြိုင်စဉ်က သူမသည် ဘုန်းတော်ကြီးအား နိုင်စေလိုသောဆန္ဒ ရှိသည်။

သို့သော် ယန်းဝှာအား အနိုင်ပေးလိုသော ဆန္ဒသည် ပေါ်ခဲ့သည်။ သူမသည် အဘယ်ကြောင့် ဤကောက်ကျစ် စဉ်းလဲသော ယန်းဝှာအား အနိုင်ရရှိစေသော ဆန္ဒများ ပေါ်လာသည်ကိုပင် သူမ နားမလည်ပါ၊ ကိုယ့်ကိုယ်ကိုလည်း အံ့ဩမိသည်။

ယခုမှာကား သူမ၏ဆန္ဒ ပြည့်ဝပြီ မဟုတ်ပါလော။

သို့သော် သူမသည် ဝမ်းနည်း၍ နေသည်။

တရားမျှတသည့် ဘက်တော်သား ဘုန်းကြီးသည် ကွယ်လွန်ရှာပြီ မဟုတ်ပါလော။

× × ×

လျူဖုံးကုသည် ယန်းဝှာ၏ ပခုံးအား အားရပါးရ သိုင်းဖက်လိုက်ပြီး၊

"ငါ့ညီကို ဒါကြောင့် အကိုက အားကိုးရတာကွ"





"တကယ်ပြောရရင် ကျုပ်ကလဲ ကံက သာနေလို့ပါ"

"အော်....ဒါနဲ့ ကျန်တဲ့ ဘုန်းကြီး ၂-ပါးကော"

"သူတို့ကတော့ ထွက်ပြေးသွားပြီလေ"

"ဟင်....ဒီလိုဆို ဘုန်းတော်ကြီးကို မင်း သတ် လိုက် တယ်ဆိုတာ သူတို့သိသွားမှာပေါ့"

"ကိစ္စမရှိပါဘူး၊ ကျုပ်က ကျုပ်ငွေစုရရင် ဒီနယ်က ချက်ခြင်းသွားမယ့် လူပါဗျာ"

"ဟား....ဟား....ဟား၊ စိတ်ချ ၃-၄ ရက်အတွင်းမှာ မင်း ရစေရမယ်ဗျာ"

ချင်းကိုးသည် တချိန်လုံး တိတ်ဆိတ်နေရာမှ၊

"ကျုပ် သိပြီ၊ မင်းတို့က ငါစုစုနဲ့ လက်ထပ်သွားမှာ စိုးရိမ်လို့ ရှောင်လင် ဘုန်းကြီးနတ္တိကိုသတ်ပြီး ကျုပ်ခေါင်းပေါ်ကို အပြစ်ဖို့တာပေါ့ ဟုတ်လား"

လျူဖုံးကုက ပြုံးလိုက်ပြီး၊

"ဟုတ်တယ်၊ ဘုန်းကြီးနတ္တိက ကျုပ်တို့ လုပ်ငန်းကိုလာပြီး နှောက်ယှက်နေလို့ ကျုပ်တို့က သူ့ကိုဘယ်လိုလုပ်ရမှန်း မသိဘဲ ရှိနေတုံး မင်းကစုစုနဲ့တတွဲတွဲလုပ်နေတော့ ကျုပ်က အကြံရပြီး တချက် တ်နှစ်ချက်ပြတ်ဆိုသလို ဘုန်းကြီးကို သတ်ပြီး မင်း ခေါင်းပေါ် ပုံချတာဘဲ"

ချင်းကိုးက မဲ့ပြုံး ပြုံးလိုက်သည်။

"ဟဲ....ဟဲ....ဟဲ....ကျုပ်တို့ သူရဲကောင်း သုံးယောက်ထဲမှာ ကျုပ်နာမည် အကြီးဆုံးဆိုတော့ မင်းနဂိုကမှမကျေနပ်နေတာနဲ့ အတော်ဘဲပေါ့ ဟုတ်လား"

လျှူဖုံးကုက ပခုံးတချက် တွန့်ပြလိုက်သည်။
ချင်းကိုးက စကားဆက်လိုက်သည်။
"နေပါအုံး မင်းက ဘုန်းကြီးနတ္တိကို ဘယ်လိုလုပ် သတ်တာလဲ"

လျှူဖုံးကုက မဲ့ပြုံး ပြုံးလိုက်သည်။

"ဟဲ....ဟဲ ...ဟဲ၊ ဘုန်းကြီးနတ္တိကကြမ်းပေါ်က ကျွံကျလာအောင်ကျုပ်ကအောက်ကနေပြီးခလုတ်နှိပ်လိုက်တာပါ၊ လူကျွံကျလာတာနဲ့ ကျုပ်က အချိန်မှီ တိုက်ခိုက်လိုက်လို့ သူက ဘယ်လိုမှ မရှောင်သာဘဲ ပုံလွန်တော်မူသွားတာပေါ့"
ချင်းကိုးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ နောက်ကျုပ်ကျွံကျအောင်လုပ်ပြီး မင်းက ဘုန်းကြီးရဲ့အလောင်းကိုအခန်းထဲ သွားပို့ထားတယ်၊စုစုက အခန်းထဲရောက်တဲ့အခါမှ မင်းက အပြင်ကနေတံခါးကန့်လန့် ထိုးထားသေးတယ်၊ အပြင်ကလောင်းကစားဂေဟာဖြစ်အောင် ဖန်တီးပြီးမှ ကျုပ်တို့ကိုတံခါးကန့်လန့်ဖြုတ်ပေးလိုက်တာ ဖြစ်ရမယ်"

လျှူဖုံးကုက ရယ်မောလိုက်ပြီး
"မင်းဉာဏ်မဆိုးဘူး"
ချင်းကိုးက သက်ပြင်းတချက် ချလိုက်သည်။
"မင်းကရှောင်လင်ဘုန်းတော်ကြီးကိုအချိန်မီ ရောက်လာဘို့ သတင်းပို့ခဲ့တယ်၊ နောက်ပြီး မင်းလူတွေကိုလောင်းကစားနေစေတယ်၊ ဧည့်သည်ကို ဟန်ဆောင်ခိုင်းပြီး ရှောင်လင်ဘုန်း





တော်ကြီးကကျုပ်ကို ဘုန်းကြီးနတ္တိ သတ်တဲ့ တရားခံဖြစ်အောင် ဖန်တီးခဲ့တယ်၊ ဟုတ်သလား"

လျှူဖုံးကုသည် တဟားဟားရယ်မောလိုက်သည်။
"ဟား....ဟား....ဟား၊ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် မင်းသိလို့ကော ဘာထူးတော့မှာလဲ"

ချင်းကိုးကမဲ့ပြုံး ပြုံးလိုက်ပြီး။
"အခုကော ဘုန်းတော်ကြီးကိုသတ်တာ ယန်းဝှာဖြစ်တယ်ဆိုတာ သူတို့ သိသွားပြီ အဲဒီတော့"
လျှူဖုံးကုက လက်ကာပြလိုက်သည်။ သူသည် ယန်းဝှာဘက်သို့ လှည့်လိုက်သည်။
"မင်း အပေါ်တက်သွားတုန်းက မင်းနာမည် ပြောခဲ့သေးလား"

ယန်းဝှာက ခေါင်းညိတ်လိုက်သည်။
"ပြောပါတယ်"
"ဘယ်လို နာမည်ပြောထားသလဲ"
"ယန်းဝှာလို့ ပြောခဲ့ပါတယ်"

လျှူဖုံးကုသည် ချင်းကိုးအား ပြုံးပြပြီး၊

"မင်းကြားတယ် ဟုတ်လား၊ မင်းက ဘုန်းကြီးနတ္တိ သတ်တယ်၊ ယန်းဝှာက ဘုန်းတော်ကြီးကို သတ်တယ်၊ နောက်ပြီး မင်းကိုလဲ ယန်းဝှာက သတ်လိမ့်မယ်၊ တခုတော့ ရှိတယ်၊ တကယ့် ယန်းဝှာကကော ရှောင်လင်ဘုန်းကြီးတို့က အပြစ်

ပေးလိမ့်မယ်၊ ဟဲ....ဟဲ....ဟဲ.... အဲဒီတော့ ဒို့ယန်းဝှာကတော့ ဟား....ဟား....ဟား"

ချင်းကိုးသည် ပါးစပ် ပိတ်ထားလိုက်လေတော့သည်။

လျှုဖုံးကုသည် ပခုံးတချက် တွန့်လိုက်ပြီး ယန်းဝှာဘက်သို့ လှည့်လိုက်သည်။

"ကဲ....ယန်းဝှာရေ ဒီသူရဲကောင်းကို...."

သူ၏ စကားမဆုံးမီ ယန်းဝှာက လက်ကာ၍ ဟန့်တားလိုက်သည်။

"ဒါတော့သည်းခံပါ ကျုပ်ကလုံးဝမခုခံနိုင်တဲ့လူတယောက်ကို မသတ်ချင်ဘူး"

ချန်ဟောင်သည် မဲ့ပြုံး ပြုံးလိုက်သည်။

"ဒါဖြင့် ကျုပ်တာဝန်ထား"

သူမသည်ပြောပြီး ဓားမြှောင်တလက်ထုတ်လိုက်ပြီး ချင်းကိုးထံသို့ လျှောက်သွားသည်။

ချင်းကိုးသည် မလှုပ်မယှက် လဲလျောင်းနေသည်။

စုစုသည် မကြည့်ရက်သဖြင့် တဘက်သို့ စောင်းလှည့်လိုက်သည်။

ချန်ဟောင်၏ ဓားမြှောင်သည် ချင်းကိုး၏ရင်ဝသို့ ထိုးစိုက်ချလိုက်သည်။ တဒင်္ဂတွင် ချင်းကိုးသည် ရုတ်တရက် မြေပေါ်မှ ထလာပြီး သူမ၏ လက်ကောက်ဝတ်အား ဖမ်းချုပ်ထားလိုက်လေသည်။





အားလုံးက အံ့အားသင့်သွားသည်။

ထိုစဉ်မှာပင်၊

"ဟဲ....ဟဲ....ဟဲ ကျုပ်တို့ ရှောင်လင်ဘုန်းသတ်ကြီးတဲ့ တရားခံအစစ် ဘယ်သူလဲဆိုတာ ကျုပ်သိပြီ"

ဟူသော အသံတခု ထွက်ပေါ်လာလေသည်။

လျှုဖုံးကုသည် ရင်ထိတ်သွားသည်။

သူသည် အသံလာရာသို့ လှည့်ကြည့်လိုက်ရာ သူ၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်၊ အကြောင်းမှာ၊

မြေပေါ်၌ ဒဏ်ရာများဖြင့် သေဆုံးနေသော ဘုန်းကြီးသည် မြေပေါ်မှ အေးဆေးစွာ ထလာနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

အားလုံးသော လူများသည် ကြက်သေသေ ဖြစ်ကုန်ကြလေသည်။

စုစုကလည်း ဘုမသိဘမသိဖြင့် ကြောင်၍ ကြည့်နေ၏။

လျှုဖုံးကုသည် ယန်းဝှာဘက်သို့ လှည့်လိုက်ပြီး၊

"မင်း....မင်း၊ ဘယ်လို လုပ်လိုက်တာလဲ"

ယန်းဝှာက ပြုံးလိုက်ပြီး၊

"ဝမ်းနည်းပါတယ်၊ ကျုပ်က ဒီလို ဥာဏ်မဆင်ရင် မင်းကို သက်သေနဲ့တကွ ဖမ်းဖို့ မလွယ်လို့ပါ"

လျှုဖုံးကုက မဲ့ပြုံး ပြုံးလိုက်ပြီး၊

"ဒါကြောင့် မင်းက စုစုတယောက်ထဲကို အရင် လွှတ်လိုက်တာပေါ့"

"ဟုတ်ပါတယ်"

"မင်းက ချင်းကိုးကိုလဲ ဒဏ်ရာပြင်းပြင်းထန်ထန်ရသွားတဲ့ပုံကို ဟန်ဆောင်ခိုင်းတာပေါ့"

"ဟုတ်ပါတယ်"

"ဟား....ဟား....ဟား"

လျှူဖုံးကုက ရယ်မောလိုက်သည်။

"မင်းက ဝရမ်းပြေး တယောက်၊ မင်း ငါ့ကို ဖော်ထုတ်လိုက်တော့ မင်း သက်သာလိမ့်မယ်လို့ ထင်သလား၊ မရဘူး၊ မရဘူး၊ မင်း လူသတ်ခဲ့တာတွေကို နေပြည်တော်က အပြစ်လျော့ပေါ့လိမ့်မယ်လို့ မထင်နဲ့"

ယန်းဝှာသည် အေးဆေးစွာဖြင့် ပြုံးလိုက်သည်။

"ကျုပ်က ဝရမ်းပြေးလို့ ဘယ်သူ ပြောတာလဲ"

"မင်းက ဝရမ်းပြေး မဟုတ်ဖူးလို့ ယန်းဝှာကို ပြောချင်သေးလို့လား၊ ဟား....ဟား....ဟား"

"နေပါအုံး၊ ယန်းဝှာကို မင်း မြင်ဘူးလို့လား"

"ကျုပ် မြင်ဖို့တွေ့ဖို့မလိုဘူး၊ မင်းဟာ ယန်းဝှာ မဟုတ်ဘူးဆိုတာ သိရင် လုံလောက်ပြီဘဲ"

ယန်းဝှာသည် ဘုန်းတော်ကြီး ဘက်သို့ လှည့်လိုက်ပြီး၊

"တပည့်တော်က ဘယ်သူလဲဆိုတာ ပြောပြပါ ဘုရား"

ဘုန်းတော်ကြီးက တည်ကြည် လေးနက်သော မျက်နှာထားဖြင့်၊





"သူဟာ ယန်းဝှာ အစစ်ပါဘဲ"

ဘုန်းတော်ကြီး စကားကြောင့် စုစုအပါအဝင် အားလုံးက အံ့အားသင့်သွားလေသည်။

လျှူဖုံးကုက စိတ်မကျေနပ်သေးပါ။

"ဘုန်းတော်ကြီးက ဘယ်လိုလုပ် သိသလဲ"

"ကျုပ် သိတာပေါ့၊ ယန်းဝှာ တကာကြီးဟာ အချိန်ရှိတိုင်း ရှောင်လင်ကျောင်းမှာဘဲ လာနေတာဘဲ၊ ရှောင်လင်ကျောင်းက ဘုန်းကြီးတွေ အားလုံး သူ့ကို မသိတဲ့လူ မရှိဘူး"

လျှူဖုံးကုသည် ပါးစပ်ပိတ်သွား လေတော့သည်။

အတန်ကြာမှ၊

သူသည် ယန်းဝှာအား စေ့စေ့ကြည့်လိုက်ပြီး၊

"မင်းက ဘာဖြစ်လို့ ဝရမ်းပြေး တယောက် အယောင်ဆောင်နေရတာလဲဗျ"

ယန်းဝှာက ပြုံးလိုက်ပြီး၊

"ဒီလိုပါ"

× × ×

"ကျုပ်က ရှောင်လင်ကျောင်းမှာ နေရင်းဘုန်းကြီးနတ္တိနှင့် စကားစပ်လို့ လောင်းကစားမှုနှင့် ပတ်သက်ပြီး ဆွေးနွေးကြတယ်၊ လွန်ခဲ့တဲ့ သုံးလေးရက်ကစပြီး လောင်းကစားမှု တနေ့တခြား ကြီးထွားလာတယ်။

လောင်းကစား ဂေဟာတွေလဲ မှိုလို ပေါက်လာတယ်။ မြို့ကြီးပြကြီးပါ မကဘဲ ကျေးရွာအထိ နယ်ချဲ့လာတယ်။

အဲဒီတော့ လုပ်သားပြည်သူများဟာ ဒုက္ခပင်လယ် ဝေခဲ့ရတယ်။ လယ်သမားတွေဟာ လောင်းကစားမှုကြောင့် နွားတွေရောင်း၊ လယ်တွေ ရောင်းကြတယ်။ အလုပ်သမားတွေဟာ ရသမျှငွေတွေကို လောင်းကစားပစ်လို့ အလုပ်မလုပ်နိုင်ကြဘူး၊ အဲဒီတော့ တဖြေးဖြေးနဲ့ အကျင့်ပါ စာရိတ္တပါ ပျက်ပြားလာတယ်။

တိုင်းပြည်နှင့်အဝှမ်း သီးနှံတွေလဲ အထွက် ဆုတ်ယုတ်လာတယ်။

လူတွေဟာ အလုပ်ကို မလုပ်ကြတော့ဘူး။ လောင်းကစားမှုကိုသာ အချိန်ကုန် နေတော့တာဘဲ။

ဒီလောင်းကစားမှုများ ပပျောက် သွားအောင် ပုဂ္ဂိုလ်အချို့က နေပြည်တော်ကို တင်ပြကြတယ်။

ဒါပေမယ့် နေပြည်တော် မရောက်ဘဲ လမ်းမှာဘဲ အံသတ်ခံရတယ်။ တဖြေးဖြေးနဲ့ လောင်းကစားမှုဟာ ကမ္ဘာကလေးတခု ဖြစ်လာတယ်။

ဒါကြောင့် ကျုပ်နှင့် ဘုန်းကြီးနတ္တိဟာ ရေစီးကြောင်းအမည်ရှိတဲ့ မြေအောက် အဖွဲ့အစည်းတခု ဖွဲ့စည်းပြီး လောင်းကစားဂေဟာတွေကို လိုက်ပြီး ဖျက်ဆီးရတယ်။ ဒါပေမယ့် လောင်းကစားဟာ အားလုံးကို ဦးစီးဦးဆောင်တဲ့ လူကိုတော့





ဘယ်လိုမှ ရှာလို့မတွေ့တာနဲ့ ကျုပ်က ဝရမ်းပြေးလို ဟန်ဆောင်ပြီး လောင်းကစားဂေဟာ မှန်သမျှ ဝင်ထွက်ခဲ့တယ်။

ဒါနဲ့ မင်းနဲ့ ဆက်သွယ်မိခဲ့တယ် ဆိုပါတော့၊ ဒါပေမယ့် မင်းကို ဖမ်းဖို့ မလွယ်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် မင်းဟာ ကျန်းနန်နယ်မှာ သူရဲကောင်း ၃-ယောက်ထဲက တယောက် အပါအဝင် မဟုတ်လား၊ ဒါကြောင့် အထောက်အထား သက်သေပြဖို့ ရှာရအုံးမယ် မဟုတ်လား၊ ဒါပေမယ့် ကျုပ်က တော်တော်နဲ့ ရှာလို့မရခဲ့ဘူး။ အဲ....လောဘ၊ လောဘကြောင့် မင်း အကွက်မှားခဲ့တယ်၊ အဲဒါ ဘာလဲဆိုရင် မင်းက စုစုကို မရမက လက်ထပ်တဲ့ကိစ္စဘဲ၊ မင်းက စုစုမှာ အလွန် ချမ်းသာ ကြွယ်ဝတဲ့ သန်းကြွယ်သူဌေးမလေး ဖြစ်နေမှန်း သိရတဲ့အခါမှာ စုစုကို အပိုင်ကြံဖို့ စီမံကိန်းချတယ်။ တကယ်တော့ မင်းက စုစုအပေါ် မေတ္တာရှိလို့ မဟုတ်ဘူး။ စုစုရဲ့ ပစ္စည်းဥစ္စာတွေ လိုချင်လို့ ကျုပ်နဲ့ တိုင်ပင်ပြီး ကြံစည်ခဲ့တယ်။ ဒီတချက်နဲ့ဘဲ မင်းရဲ့ စိတ်ဓာတ် မင်းရဲ့ အကြံကို ကျုပ်က ရိပ်စားမိလာခဲ့တယ်။ မင်းဟာ ဒီလောင်းကစားဂေဟာများရဲ့ ဦးစီးဦးဆောင်ဘဲ ဆိုတာ ရိပ်မိလာရတယ် အခုတော့”

× × ×

ယန်းဝှာ၏ စကားသည် ဆုံးသွားသောအခါ၊

“ဟား....ဟား....ဟား”

လျူဖုံးကုသည် တဟားဟား ရယ်မောလိုက်သည်။

“မင်း သိပ်တော်ပါပေတယ်ဗျာ၊ ဒါပေမယ့် မင်းတို့ ၃-ယောက်နဲ့ ငါ့ကိုများ မိမယ်များ ထင်သလား။ ဒီအနီးတဝိုက်မှာ

ကျုပ် လူတွေရှိနေတယ်ဆိုတာ မင်း သိသလား၊ ဟား....ဟား....ဟား၊ ယန်းဝှာ မင်းဘယ်လောက် ခေါင်းကြီး ဥာဏ်ကြီးပေမယ့် ဒီနေရာတော့ မင်းခံသွားရပြီ ဟား....ဟား....ဟား"

ယန်းဝှာက အေးတိ အေးစက်ဖြင့် ပြုံးလိုက်သည်။

"ကျုပ် ဒါလောက် မညံ့သေးပါဘူးကွ သူငယ်ချင်း၊ အခု လောက်ဆိုရင် နေပြည်တော်က တပ်တွေဟာ ဒီနေရာတခုလုံး ဝိုင်းထားပြီလို့သာ မှတ်ပါ"

သူ၏ စကားဆုံးသွားသည်နှင့်....

"လျူဖုံးကု မင်း အသာတကြည် အဖမ်းခံလိုက်ပါ၊ ကျုပ်တို့ နေပြည်တော်ကတပ်တွေ ဝိုင်းထားလိုက်ပြီ၊ မင်း လူတွေအားလုံး ဖမ်းထားလိုက်ပြီ"

ဟူသော အသံတခုသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထိုအသံနှင့်အတူ ဗိုလ်မှူးကလေး အဆောင်အယောင်နှင့် လူ တယောက်သည် သူ့နောက်မှ စစ်သည်တော်များနှင့် အတူ အခန်းထဲသို့ ချဉ်းနင်း ဝင်ရောက်လာလေတော့သည်။

ဗိုလ်မှူးကလေးသည် ယန်းဝှာအား တွေ့လိုက်ရသောအခါ ပြုံးလိုက်ပြီး၊

"သူငယ်ချင်း၊ မင်း ပြလိုက်တဲ့ မြေပုံအတိုင်း ကျုပ်တို့ တပ်က သူတို့ရဲ့ လူတွေကို အားလုံး အမိဖမ်းထားပြီ၊ ဒီအခန်း ကိုလဲ ချောချောမောမော ဝင်လာနိုင်ပါပြီ"

ယန်းဝှာသည် ပြုံးလိုက်ပြီး လျူဖုံးကုအား ညွှန်ပြလိုက် သည်။





"ဒီလူဟာ သူရဲကောင်း လျူဖုံးကုပါ"

ဗိုလ်မှူးကလေးသည် တချက် ပြုံးလိုက်သည်။ သူသည် လျူဖုံးကုအား၊

"တွေ့ရတာ ဝမ်းနည်းပါတယ်၊ တာဝန်အရနေပြည်တော်ကို တခေါက်လိုက်ခဲ့ပါ"

ဟု ဖိတ်ကြားလိုက်လေသည်။

ချင်းကိုးသည် တဟားဟား ရယ်မောလိုက်ပြီး စင်းစင်း၏ လက်ကို ဆွဲလိုက်သည်။

"မင်းကော နေပြည်တော်ကို သွားလည်ချင်သလား"

စင်းစင်းသည် သူ့အား မော့ကြည့်လိုက်သည်။

"တယောက်ထဲလား"

ချင်းကိုးက ပြုံးလိုက်သည်။

"မဟုတ်ဘူး၊ ကျုပ်နဲ့ နှစ်ယောက်ထဲ"

စင်းစင်းသည် ခေါင်း မော့လိုက်သောအခါ ခေါင်းကြီး ဝက်ပုတ်သည် သူ့ထံသို့ ပြုံး၍ လျှောက်လာသည်ကို တွေ့လိုက် ရလေတော့သည်။

●

## ကျန်းနန်

ကျန်းနန်မြို့သည် လူ့လောက၏ နိဗ္ဗာန်သဖွယ် ကြည်နူးသာယာနေ၏။

အနောက်ကန်၏ ကန်ဘောင် ဝဲယာတဘက် တချက်တွင် နွယ်ပင်များသည် လှပစွာ ယှက်လျက်ကာရှိနေ၏။

ကန်ရေများသည် အပြာရောင် သန်းနေ၏။

ယန်းဝှာနှင့်စုစုတို့သည် လက်ချင်းတွဲကာ ကန်ဘောင်ပေါ်၌ လမ်းလျှောက်နေကြသည်။

သူတို့အား စုစု၏ ဖခင် စုအော့က ကိုယ်တိုင် လက်ထပ် ပေးလိုက်ပြီး ယခု ပျားရည်ဆမ်း ခရီးထွက်လာခြင်း ဖြစ်သည်။





သူတို့ရှေ့တွင် ချင်းကိုးနှင့် စင်းစင်းတို့ အတွဲလည်း လက်ချင်းတွဲကာ လျှောက်နေသည်။

ချင်းကိုး လည်ပင်းမှ ပုဝါနီသည် လေထဲ၌ လွင့်နေ၏။

ယန်းဝှာသည် ပြုံးလိုက်ပြီး၊

"စင်းစင်းဟာ ညီမအပေါ် တကယ်သစ္စာရှိတဲ့ မိန်းကလေး တယောက် ပါဘဲ၊ ညီမအတွက် ဘာမဆို လုပ်တယ်၊ သူ့ကြောင့်လဲ လျူဖုံးကုကို ဖမ်းဆီးနိုင်ဖို့ အများကြီး ကူညီရခဲ့တယ်...."

စုစုက ပြုံးလိုက်သည်။

"ဟုတ်ပါတယ် အကို၊ ဒါကြောင့်လဲ ဖေဖေက သူ့တို့ကို လယ်အချို့နဲ့ အိမ်တဆောင် လက်ဖွဲ့လိုက်ပြီလေ"

"ဟုတ်လား၊ ညီမရဲ့အဖေဟာ ဘယ်ဆိုးလို့လဲ၊ အော်ဒါနဲ့ ညီမက ဘယ်သူရဲ့ကောင်းကို စိတ်ကူးယဉ်သေးသလဲဟင်"

စုစုက ပြုံးလိုက်သည်။

"စိတ်ကူး ယဉ်တာပေါ့"

"ဒါဖြင့် ဘယ်သူလဲ"

"ခေါင်းကြီး ဝက်ပုတ်"

"ဟား ဟား ဟား"

သူသို့၏ ရယ်မောသံများသည် အနေောက်ကန်ရေပြင်ပေါ်မှ တိုက်ခတ်လာသော လေများနှင့်အတူ လွင့်ပျံ့ သွားလေတော့သတည်း။

ပြီးပြီ။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြလမ်း
ဘောဒိတူမြို့
ဖုန်း ၂-၄၅၅

မိုးကျော်သူ
၁၈၀၊ (A) ဘောင်ဒရီလမ်း၊
ဗဟန်း၊ ရန်ကုန်မြို့။